# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**

၁၃၇၈ ခုနှစ်၊ တပေါင်းလပြည့်ကျော် ၃ ရက် | ၂၀၁၇ ခုနှစ်၊ မတ် ၁၅ ရက်၊ ဗုဒ္ဓဟူးနေ့၊ | အတွဲ (၅၆)၊ အမှတ် (၁၆၆)


### လွတ်မြောက်အောင်အားထုတ်

စိတ်ဟူသည် အဝေးသို့သွား၍ ကြံစည်တတ်သောကြောင့် ထိုစိတ်ကို အဝေးသို့မသွားအောင် ချုပ်တည်းထားအပ်၏။ ချုပ်တည်းနိုင်သူအား မာရ်၏အနှောင်အဖွဲ့မှ လွတ်မြောက်စေ၏။ ထို့ကြောင့် အဝေးသို့တိုင် ပြေးလွှားတတ်သော စိတ်ကိုထိန်း၍ ရာဂ၊ ဒေါသ စသည်တို့မှ လွတ်မြောက်အောင် အားထုတ်ရာ၏။

**စိတ္တဝဂ်(ဓမ္မပဒ - ၃၇)**

# တိုက်ကြီးမြို့အနီး လှုပ်ခတ်ခဲ့သောငလျင်သည် အနောက်ပဲခူးရိုးမပြတ်ရွေ့က လှုပ်ခတ်ခြင်းဖြစ်နိုင်ဟုဆို

**သတင်း-နေလင်း(သတင်းစဉ်)**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့အနီး မတ် ၁၃ ရက် ညပိုင်းက လှုပ်ခတ်ခဲ့သောငလျင်သည် ယခုနှစ်အတွင်း လှုပ်ခတ်ခဲ့သည့် ငလျင်များအနက် အင်အားအသင့်အတင့် ပြင်းထန်သော ငလျင်တစ်ခုဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီနာယက ဒေါ်လှလှအောင်က ပြောကြားသည်။

"ရှေ့ပိုင်းက လှုပ်သွားတာတော့ အဲ့ဒီလောက်ပြင်းတာ မရှိဘူး။ အခုလှုပ်တဲ့ငလျင်ထက် မဂ္ဂနီကျူနည်းတယ်။ ရန်ကုန်ပတ်ဝန်းကျင်ဆို တော်တော်လှုပ်တာများတယ်။ ၅ ဒသမ ၈ ဆိုတာကတော့ လှုပ်ခဲ့တဲ့အထဲမှာ အများဆုံးပါ" ဟု ၎င်းကဆိုသည်။

ငလျင်နှင့်ပတ်သက်ပါက ပြည်သူလူထုအနေဖြင့် သတိထားရန်လိုကြောင်း ရန်ကုန်ပြည်သူလူထုအနေဖြင့် ငလျင်နှင့် ပတ်သက်ပြီး ပိုမိုသတိရှိရန်လိုကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာန မြေငလျင်ဌာနခွဲ(နေပြည်တော်)မှ တာဝန်ရှိသူတစ်ဦးက ပြောကြားသည်။

မြန်မာနိုင်ငံတွင် ယခုနှစ် ဇန်နဝါရီ ၁ ရက်မှစတင်ကာ မတ်၁၃ ရက်အထိ ငလျင် ၁၇ ကြိမ် လှုပ်ခတ်ခဲ့ရာ ဇန်နဝါရီလတွင် ရှစ်ကြိမ်၊ ဖေဖော်ဝါရီလတွင် လေးကြိမ်နှင့် မတ် ၁ ရက်မှ ၁၃ ရက်အထိ ငါးကြိမ်လှုပ်ခတ်ခဲ့ကြောင်း မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနမှ သိရသည်။

*စာမျက်နှာ ၁၁ ကော်လံ ၁* ❐



**တိုက်ကြီးမြို့အနီး လှုပ်ခတ်ခဲ့သော ငလျင်ကြောင့် အဆောက်အအုံများ ပျက်စီးမှုကို တွေ့ရစဉ်** ဓာတ်ပုံ-ဇော်ကြီး(ပဏ္ဍိတ)

# တိုက်ကြီးငလျင် ငမိုးရိပ်ရေလှောင်တမံ ပျက်စီးမှုမရှိ

**သတင်း-မင်းသစ်(သတင်းစဉ်)၊ ဓာတ်ပုံ-နေလင်း**



ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့အနီး၌ မတ် ၁၃ ရက် ညပိုင်းကအင်အားအသင့်အတင့်ရှိသော မြေငလျင်နှင့် အင်အားအနည်းငယ်ရှိသော မြေငလျင်နှစ်ကြိမ် လှုပ်ခတ်ခဲ့မှု ဖြစ်စဉ်အတွင်း ငမိုးရိပ်ရေလှောင်တမံမှာ ပျက်စီးထိခိုက်မှုမရှိဘဲ ပုံမှန်အတိုင်း ရေပေးဝေနေကြောင်း စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာနမှ သိရသည်။

ရန်ကုန်မြို့ကို ရေပေးဝေနေသည့် လှည်းကူးမြို့နယ် ဖောင်ကြီးကျေးရွာအနီးရှိ ငမိုးရိပ်ရေလှောင်တမံမှာ ရေဝင်ဆံ့ဧက ၁၈၀၀၀၀ ခန့်ရှိပြီး လက်ရှိတွင် ဧကပေ တစ်သိန်း ရေထည့်သွင်းသိုလှောင်ထားကြောင်း သိရသည်။

"ငလျင်လှုပ်တယ်ဆိုတာကြားကတည်းက ငမိုးရိပ် ရေလှောင်တမံကို သွားစစ်ဆေးခဲ့တယ်။ ဘာမှ ထိခိုက်ပျက်စီးမှုမရှိဘူး။ ပုံမှန်အတိုင်း ရေပေးဝေနေပါတယ်"ဟု ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီး လက်ထောက်ညွှန်ကြားရေးမှူး ဦးကံချွန်က ပြောသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ●

## နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ (၁)နှစ်တာ အချုပ်ပိုပါရှိ

ယနေ့ထုတ် မြန်မာ့အလင်းသတင်းစာတွင် နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာအဖြစ် စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ စွမ်းဆောင်ရည်ပြည့်ဝစွာ ပိုမိုထွက်ပေါ်လာရေး၊ စာရင်းပညာခေတ်မီဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တစ်နှစ်တာနှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ တစ်နှစ်တာကာလအတွင်း စိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်ခဲ့မှုများ ပထမ (၁)နှစ်တာ ဆောင်ရွက်ချက်များကို အချပ်ပို(၈)မျက်နှာဖြင့် ဖော်ပြထားပါသည်။

# မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူရန် မေတ္တာရပ်ခံချက်

စာ » ၃


KBZ BANK

STRENGTH OF MYANMAR

သန္ဓါထက်သန် မြန်မာအားမာန် ကမ္ဘောဇဘဏ်

မြန်မာ့အလင်း

# ကမ္ဘာ့ဘဏ်၏ ဖွံ့ဖြိုးမှုဆိုင်ရာ ချေးငွေ

ကမ္ဘာ့ဘဏ်က မြန်မာနိုင်ငံသို့ ဖွံ့ဖြိုးမှုဆိုင်ရာချေးငွေ (Development Policy Operation-DPO) ထုတ်ပေးမည်ဟူသော သတင်းသည် ဝမ်းမြောက်ဝမ်းသာကြိုဆိုရမည့် သတင်းဖြစ်ပါသည်။ ဤချေးငွေသည် လက်ရှိအခြေအနေ၌ ဖွံ့ဖြိုးမှုနိမ့်ကျနေသော ကမ္ဘာ့ဘဏ်အဖွဲ့ဝင်နိုင်ငံဖြစ်သော်လည်း အနာဂတ်တွင် ဖွံ့ဖြိုးမှုအလားအလာကောင်းများ ဖန်တီးနိုင်သည့် စွမ်းဆောင်ရည်နှင့် ပတ်သက်၍ ယုံကြည်စိတ်ချရသော နိုင်ငံများကိုသာ ရွေးချယ်ပေးအပ်သော ချေးငွေမျိုးဖြစ်၍ ကမ္ဘာ့ဘဏ်၏ မြန်မာနိုင်ငံအပေါ် ယုံကြည်မှုကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုရမည်ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကမ္ဘာ့ဘဏ်မှ ဖွံ့ဖြိုးမှုဆိုင်ရာချေးငွေ (DPO) ကို တစ်ကြိမ်လျှင် အမေရိကန်ဒေါ်လာ သန်း ၂၀၀ နှုန်းဖြင့် သုံးကြိမ်အထိ ရရှိမည်ဖြစ်ပါသည်။

ပုံမှန်အားဖြင့် နိုင်ငံတကာမှ ပေးအပ်သော ချေးငွေတို့သည် လုပ်ငန်းစီမံကိန်းတစ်ရပ်ရပ်အတွက် ထုတ်ချေးခြင်းမျိုးသာဖြစ်လေ့ရှိပါသည်။ ကမ္ဘာ့ဘဏ်မှ မြန်မာနိုင်ငံသို့ ယခုထုတ်ချေးသော ဖွံ့ဖြိုးမှုဆိုင်ရာချေးငွေ (DPO) သည် နိုင်ငံတော်၏ ဘတ်ဂျက်ထဲသို့ တိုက်ရိုက်ထည့်ဝင်ပေးသော ချေးငွေဖြစ်၍နိုင်ငံတော်အစိုးရက လွတ်လပ်စွာ သုံးစွဲခွင့်ရှိသော ချေးငွေမျိုးဖြစ်ပါသည်။ အဆိုပါချေးငွေ၏ စုစုပေါင်းသက်တမ်းသည် (၃၈)နှစ်ဖြစ်ပြီး ဝန်ဆောင်ခမှာ တစ်နှစ်လျှင် ၀ ဒသမ ၇၅ ရာခိုင်နှုန်းသာ ရှိသောကြောင့် နိုင်ငံတော်အတွက် အကျိုးအမြတ်ဖန်တီးပေးမည့် ချေးငွေအမျိုးအစားဖြစ်သည်ကို ငြင်းချက်မရှိ လက်ခံရမည်သာဖြစ်ပါသည်။ ဤချေးငွေ၏အားသာချက်တစ်ရပ်မှာ နိုင်ငံတော်အတွက် လိုအပ်လျက်ရှိသော်လည်း ဘဏ္ဍာရေးအကန့်အသတ်များအရ မဖော်ဆောင်နိုင်သည့် လုပ်ငန်းစီမံကိန်းများကို ဤချေးငွေဖြင့် ဖော်ဆောင်နိုင်ခြင်းဖြစ်ပါသည်။

အရေးအကြီးဆုံးသောအချက်ကို ထောက်ပြရပါက တိုင်းပြည်၏ စီးပွားရေးပြုပြင်ပြောင်းလဲမှုလုပ်ငန်းစဉ်များကို တွန်းအားပေးနိုင်ရန်အတွက် အဆိုပါချေးငွေနှင့်အတူ Policy Matrix များ ချမှတ်ထားခြင်းဖြစ်ပါသည်။ Policy Matrix များ ချမှတ်ရာ၌လည်း ကမ္ဘာ့ဘဏ်က သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် ညှိနှိုင်း၍ လက်တွေ့ဖော်ဆောင်နိုင်သည့် လုပ်ငန်းစဉ်များကိုသာ ချမှတ်ခြင်းဖြစ်၍ တိုင်းပြည်၏ပကတိအခြေအနေကို ထင်ဟပ်နိုင်စွမ်းရှိမည်ဖြစ်ပါသည်။ ဖွံ့ဖြိုးမှုဆိုင်ရာချေးငွေ (DPO) သည် တိုင်းပြည်၏ ဘဏ္ဍာရေးလိုငွေအား ငွေစက္ကူရိုက်ထုတ်ခြင်းဖြင့် ဖြေရှင်းပေးသည့် နည်းလမ်းကျင့်သုံးနေမှုကို အတိုင်းအတာတစ်ခုအထိ လျှော့ချပေးမည်ဖြစ်၍ တိုင်းပြည်၏ ကုန်ဈေးနှုန်းတည်ငြိမ်ရေးကို အထောက်အပံ့ဖြစ်စေမည်ဖြစ်ပါသည်။ ထိုမျှသာမက အခွန်ရငွေစုစည်းမှုမြှင့်တင်ခြင်း၊ စွမ်းအင်ကဏ္ဍ၏ ဘဏ္ဍာရေးအလားအလာကောင်းများ ဖန်တီးပေးနိုင်ခြင်း၊ နိုင်ငံပိုင် စီးပွားရေးအဖွဲ့အစည်းများ၏ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများဖြန့်ချိနိုင်ခြင်း၊ မူဝါဒကိုအခြေခံ၍ ဘတ်ဂျက်ရေးဆွဲခြင်းစသော Policy Matrix များကို ချမှတ်အကောင်အထည်ဖော်နိုင်မည်ဖြစ်၍ မြန်မာနိုင်ငံသို့ ပေးအပ်သော ကမ္ဘာ့ဘဏ်၏ဖွံ့ဖြိုးမှုဆိုင်ရာချေးငွေ (DPO) ကို ဝမ်းမြောက်ဝမ်းသာ ကြိုဆိုပါကြောင်း အလေးအနက် ထပ်မံဖော်ပြအပ်ပါသည်။ ။

## (၇၂)နှစ်မြောက် တပ်မတော်နေ့ ဦးတည်ချက်

- ❖ နိုင်ငံတော်၏ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး၊ ပြည်သူလူထု၏ အသက်အိုးအိမ် စည်းစိမ်နှင့် အကျိုးစီးပွားများကို ကာကွယ်စောင့်ရှောက်ရေးနှင့် နိုင်ငံတော်အစိုးရ၏ လုပ်ငန်းတာဝန်အရပ်ရပ်ကို ထိပါးလာမှုများအား တပ်မတော်မှ ကာကွယ်စောင့်ရှောက်ရေး။
- ❖ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေး၊ စည်းလုံးညီညွတ်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေး၊ ပြည်သူလူထုက ရွေးချယ်သော ပါတီစုံဒီမိုကရေစီလမ်းကြောင်းပေါ်တွင် ခိုင်ခိုင် မာမာလျှောက်လှမ်းနိုင်ရန် ထိန်းသိမ်းဆောင်ရွက်ရေးတို့အား တပ်မတော်၏ ရပ်တည်ချက်အဖြစ် မြဲမြံစွာခံယူ လုပ်ဆောင်ရေး။
- ❖ ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ချမှတ်ထားသော တပ်မတော်၏ ငြိမ်းချမ်းရေးမူဝါဒ (၆)ရပ် ဖြင့် နိုင်ငံတော်အစိုးရ၏ ဦးဆောင်မှုနှင့်အတူ ပါဝင် ဆောင်ရွက်ရေး။
- ❖ နိုင်ငံတော်ကာကွယ်ရေးနှင့် ဘက်စုံလုံခြုံရေးတာဝန်များကို ကျေပွန်စွာ ထမ်းဆောင်နိုင်ရန် စွမ်းရည်ထက်မြက်သည့် တပ်မတော်တည်ဆောက်ရေး။

# ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်း မြန်မာစီးပွားရေးလုပ်ငန်းရှင်များနှင့် တွေ့ဆုံ

**ရန်ကုန် မတ် ၁၄**

စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကျော်ဝင်းသည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) အစည်းအဝေးခန်းမ၌ မြန်မာစီးပွားရေး လုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေးသည်။

ပြည်ထောင်စုဝန်ကြီးက မိမိအနေနှင့် မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် ဥက္ကဋ္ဌအနေဖြင့် လည်းကောင်း၊ စီးပွားရေးရာ ကော်မတီအတွင်းရေးမှူးအနေဖြင့်လည်းကောင်း မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ်နှင့် ညီနောင်အသင်းများမှ စီးပွားရေးလုပ်ငန်းရှင်များ လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့် အခက်အခဲများ၊ ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စများ၊ ကူညီဆောင်ရွက်ပေးရမည့်ကိစ္စများကို ဖြေရှင်းဆောင်ရွက်ရန် ရည်ရွယ်ချက်ဖြင့် လစဉ်တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်း အဖြေရှာဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ အလားတူပင် ဒုတိယသမ္မတ(၁) ဦးဆောင်သည့် ပုဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ကော်မတီအနေဖြင့်လည်း လစဉ် အစည်းအဝေးများကျင်းပ၍ ဆောင်ရွက်လျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံ ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည့် စီးပွားရေးလုပ်ငန်းရှင်များ၏ အခက်အခဲများ ပံ့ပိုးကူညီရမည့်ကိစ္စများကို အချိန်နှင့်တစ်ပြေးညီ ကူညီဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ **(အောက်ပုံ)**

ဆက်လက်၍ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းတွင် ဥက္ကဋ္ဌ ဦးဇော်မင်းဝင်းက ညီနောင်အသင်းများ၏ အခက်အခဲများ၊ တင်ပြချက်များအပေါ် ဝန်ကြီးဌာန၊ အဖွဲ့အစည်းများနှင့်အတူ UMFCCI အနေဖြင့်လည်း ပူးပေါင်းဖြေရှင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တက်ရောက်လာကြသည့် Myanmar Microfinance Association၊ မြန်မာနိုင်ငံ ငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံ ရေထွက်ပစ္စည်းထုတ်လုပ်သူများနှင့် ပို့ကုန်လုပ်ငန်းရှင်များအသင်း၊ မြန်မာ့မော်တော်ယာဉ် ထုတ်လုပ်ရေးနှင့် ဖြန့်ဖြူးရောင်းချရေးအသင်း၊ AuthorizedAutomobile Dealer Association (ရန်ကုန်)တို့မှ ဥက္ကဋ္ဌ၊ အတွင်းရေးမှူးတို့က လုပ်ငန်းဆောင်ရွက်ရာတွင် တွေ့ကြုံရသည့်အခက်အခဲများ၊ လုပ်ငန်းဆောင်ရွက်ရန် ရင်းနှီးငွေ ချေးငွေရရှိရေးကိစ္စ၊ အခွန်အခကိစ္စ၊ ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ မူဝါဒများနှင့် စပ်လျဉ်းသည့်ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။

ဆွေးနွေးချက်များအပေါ် ပြည်ထောင်စုဝန်ကြီး၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဦးဆက်အောင်နှင့် တက်ရောက်လာကြသည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အဖွဲ့အစည်းများမှ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများက သက်ဆိုင်ရာကဏ္ဍအလိုက် ကူညီဖြေရှင်းရမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးကြသည်။ **(သတင်းစဉ်)**




## ရွှေ၊ ငွေ၊ စက်သုံးဆီနှင့် နိုင်ငံတကာသုံး ငွေကြေးပေါက်ဈေးနှုန်း

၁၄-၃-၂၀၁၇

ခင်ရတနာ-စုစည်းသည်။

**ရွှေဈေးနှုန်း(အောင်သမာဓိရွှေဆိုင်)**

| | | | |
|---|---|---|---|
| ရန်ကုန် | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |
| ရန်ကုန် | ၁၅ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၃၂၉၀၀ |
| မန္တလေး | ၁၆ ပဲရည် | တစ်ကျပ်သား | ကျပ် ၈၈၅၀၀၀ |

**စက်သုံးဆီဈေးနှုန်း (စက်သုံးဆီအသင်း)**

| | | |
|---|---|---|
| ဒီဇယ် | ၇၁၀/၇၂၀ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၂ | ၇၂၀/၇၃၅ ကျပ် | (လက်ကားဈေး) |
| အောက်တိန်း ၉၅ | ၇၆၀/၇၇၀ ကျပ် | (လက်ကားဈေး) |
| ပရီမီယံဒီဇယ် | ၇၃၀/၇၄၅ ကျပ် | (လက်ကားဈေး) |

**နိုင်ငံတကာ ငွေကြေးဈေးနှုန်း (ဗဟိုဘဏ်)**

| | | |
|---|---|---|
| အမေရိကန် | တစ်ဒေါ်လာ | ၁၃၆၂ · ၀ |
| ဥရောပ | တစ်ယူရို | ၁၄၅၃ · ၅ |
| စင်ကာပူ | တစ်ဒေါ်လာ | ၉၆၄ · ၄၉ |
| ထိုင်း | တစ်ဘတ် | ၃၈ · ၅၂ |
| အိန္ဒိယ | တစ်ရူပီး | ၂၀ · ၄၆ |
| တရုတ် | တစ်ယွမ် | ၁၉၇ · ၁၂ |
| မလေးရှား | တစ်ရင်းဂစ် | ၃၀၅ · ၉၆ |

မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။

Myanma Alinn Daily

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - ဝင်းရွှေ
စာတည်းမှူး - မြင့်ဆွေ(သတင်းထောက်ချုပ်)
စာတည်းများ - ထိန်လင်း၊ မြင့်စိုး၊ ကြည်ဝင်း၊ ဝင်းကျော်၊ သက်မွန်ဦး၊ ချိုးစန္ဒီနွေး၊ ကလျာမိုးမြင့်
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

မြန်မာ့အလင်း
mmalin.npt @ gmail.com,
www. facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၄၅၊ ဖက်စ် ၀၆၇-၃၆၁၄၆၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချုပ်(၂)ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။



# ပြန်ကြားရေးဝန်ကြီးဌာနနှင့် သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များဆိုင်ရာ ဆွေးနွေးပွဲကျင်းပ

**နေပြည်တော် မတ် ၁၄**

အမျိုးသားလွှတ်တော်အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီမှစီစဉ်သည့် ပြန်ကြားရေးဝန်ကြီးဌာန၏ ပြန်ကြားရေးနှင့် သက်ဆိုင်သော ဆောင်ရွက်ဆဲ၊ ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များဆိုင်ရာ ဆွေးနွေးပွဲကို ယနေ့မွန်းလွဲ ၁ နာရီခွဲတွင် နေပြည်တော်ရှိ အမျိုးသားလွှတ်တော် ထမင်းစားခန်းမဆောင်၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးအေးသာအောင်က ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် သတင်းအချက်အလက်များကို ထုတ်ပြန်ပေးခြင်း၊ ပြန်ကြားပေးခြင်းသာမက လက်ရှိ အပြောင်းအလဲကာလတွင် အစိုးရ၏ သဘောထား၊ မူဝါဒနှင့် လုပ်ဆောင်ချက်များအား ပြည်သူများသို့ ရှင်းလင်းပြောကြားသွားရမည် ဖြစ်ပါကြောင်း၊ ခေတ်၊ စနစ် ပြောင်းလဲသွားပါက အဆိုပါ အပြောင်းအလဲခေတ်၏ စနစ်များ၊ လုပ်ဆောင်နေမှုများ၊ မူဝါဒများကို ပြည်သူများသိရှိအောင် ပညာပေးသည့် လုပ်ငန်းကလည်း အရေးကြီးပါကြောင်း၊ ထို့ကြောင့် တိုင်းပြည်နှင့် အစိုးရတစ်ရပ်အတွက် သတင်းပြန်ကြားရေးသည် အရေးကြီးပါကြောင်း ပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး ဒေါက်တာဖေမြင့်က ပြန်ကြားရေးဝန်ကြီးဌာန၏ ရည်ရွယ်ချက်၊ လုပ်ငန်းတာဝန်များ၊ သတင်းမီဒီယာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် ဥပဒေများရေးဆွဲနေမှု၊ နိုင်ငံတော်အစိုးရသစ် ပြုပြင်ပြောင်းလဲနေမှုများအား မှတ်တမ်းတင်ဆောင်ရွက်နေမှု၊ ပြည်သူများအတွက် လတ်တလော ဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ဆွေးနွေးပွဲသို့ တက်ရောက်လာကြသည့် လွှတ်တော်ကိုယ်စားလှယ်များက နိုင်ငံတော်ပြန်တမ်းထုတ်ဝေနေမှု၊ ပြည်ထောင်စုတိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်၊ ဒီဂရီကောလိပ်နှင့် ကျောင်းများရှိ စာကြည့်တိုက်များသို့ စာအုပ် စာစောင်များ လှူဒါန်းမှု၊ ကျောင်းသုံးစာအုပ်များ ပုံနှိပ်ထုတ်ဝေမှု၊ စာပေဗိမာန် စာအုပ်အသင်းဖွဲ့စည်းရေး၊ မြန်မာစာ၊ မြန်မာစကားအား အွန်လိုင်းစနစ်ဖြင့် စီစဉ်ထုတ်လွှင့်ရေး၊ သတင်းစာများတွင် ပြည်သူ့အသံကဏ္ဍကို တိုးချဲ့ဖော်ပြပေးရေး စသည်တို့ကို ဆွေးနွေးအကြံပြု မေးမြန်းကြရာ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနဆိုင်ရာ အကြီးအကဲများက ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြသည်။

**သူရဇော်(သတင်းစဉ်)**

## မြန်မာနိုင်ငံပြန်တမ်း

### ဝန်ထမ်းအဖွဲ့အစည်းအကြီးအမှူး ခန့်ထားခြင်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် နိုင်ငံတော်သမ္မတရုံးမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ဌေးကို နိုင်ငံတော်အတိုင်ပင်ခံရုံးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ်အဖြစ် တာဝန်ဝတ္တရားများကို စတင်ဆောင်ရွက်သည့်နေ့မှစ၍ အစမ်းခန့်ထားလိုက်သည်။

## သံအမတ်ကြီး ဦးကျော်စိုးဝင်း ၎င်း၏ခန့်အပ်လွှာကို ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတထံပေးအပ်

**နေပြည်တော် မတ် ၁၅**

ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးကျော်စိုးဝင်းသည် ၎င်း၏ ခန့်အပ်လွှာကို ၂၀၁၇ ခုနှစ် မတ် ၈ ရက်တွင် ဟနွိုင်းမြို့၌ ဗီယက်နမ်ဆိုရှယ်လစ်သမ္မတနိုင်ငံ သမ္မတ မစ္စတာ ကျန်းဒိုက်ကွမ်း ထံ ပေးအပ်ခဲ့ပြီးဖြစ်သည်။ **(သတင်းစဉ်)**

## သံအမတ်ကြီး ဦးမျိုးအေးအား ဘူလ်ဂေးရီးယားနိုင်ငံသံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်

**နေပြည်တော် မတ် ၁၅**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတသည် ဆားဘီးယားသမ္မတ နိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီး ဦးမျိုးအေးအား ၎င်း၏ လက်ရှိတာဝန်ဝတ္တရားများအပြင် ဘူလ်ဂေးရီးယားသမ္မတနိုင်ငံဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်လိုက်ပြီးဖြစ်သည်။ **(သတင်းစဉ်)**

● ရှေ့ဖုံးမှ

"ငမိုးရိပ်ရေလှောင်တမံက စဆောက်ကတည်းက စံချိန်စံညွှန်းနဲ့ တည်ဆောက်ခဲ့တယ်။ ငလျင်ဒဏ်ခံနိုင်အောင်လည်း တည်ဆောက်ထားတယ်"ဟု ၎င်းကဆိုသည်။

ငမိုးရိပ်ရေလှောင်တမံသည် မြေသားတမံအမျိုးအစား ဖြစ်ပြီး ၁၉၉၂ ခုနှစ်တွင် စတင်တည်ဆောက်ခဲ့ကြောင်း၊ တမံမှရေကို ရန်ကုန်မြို့နေလူထု သောက်သုံးရေအတွက် ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီသို့ နေ့စဉ် ဂေါ်လန် သန်း ၉၀ ဖြန့်ဝေပေးလျက်ရှိသည့်အပြင် နွေရာသီတွင် စပါးစိုက်ပျိုးရန်အတွက်လည်း ရေဖြန့်ဝေပေးလျက်ရှိသည်။

ဆည်မြောင်းဦးစီးဌာနအနေဖြင့် ငမိုးရိပ်တမံ ကြံ့ခိုင်မှုရှိစေရန် မိုးရာသီကာလများတွင် လိုအပ်သည့် တိုင်းတာမှုများစစ်ဆေးခြင်း၊ ရေမှတ်များ အမြဲမပြတ် စောင့်ကြည့်ခြင်း၊ ရေစိမ့်ပေါက်များအား တိုင်းတာစစ်ဆေးခြင်း၊ တမံအမြင့် မှန်၊ မမှန်စောင့်ကြည့်စစ်ဆေးခြင်းများကို သက်ဆိုင်ရာဝန်ထမ်းများအနေဖြင့် အချိန်ပြည့် စောင့်ကြည့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

| | |
|---|---|
| **တိမ်** | **နေပြည်တော် မတ် ၁၄** |
| **အသင့်အတင့်** | နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့အနီးတစ်ဝိုက်တွင် |
| **ဖြစ်ထွန်း** | ယနေ့ တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ (မိုး/ဇလ) |

## စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင်ဝါရင့်ဝန်ကြီးနှင့်အဖွဲ့ နေပြည်တော်သို့ ရောက်ရှိ

**နေပြည်တော် မတ် ၁၄**

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီး မစ္စတာဂိုချောက်တောင်နှင့် အဖွဲ့သည် ယနေ့ညပိုင်းတွင် နေပြည်တော်သို့ ရောက်ရှိကြသည်။

စင်ကာပူသမ္မတနိုင်ငံ ဂုဏ်ထူးဆောင် ဝါရင့်ဝန်ကြီးနှင့်အဖွဲ့အား ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဝင်းမော်ထွန်း၊ နိုင်ငံခြားရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန် ဦးကျော်ဇေယျနှင့် တာဝန်ရှိသူများက နေပြည်တော် အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ကြိုဆိုကြသည်။ **(ယာပုံ)**

**(သတင်းစဉ်)**



# မဲဆန္ဒရှင်သက်သေခံလက်မှတ်များ ထုတ်ယူရန် မေတ္တာရပ်ခံချက်

**နေပြည်တော် မတ် ၁၄**

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၁၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင် ကျင်းပပြုလုပ်မည့် ကြားဖြတ်ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအတွက် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို အောက်ပါရည်ရွယ်ချက်များဖြင့် ထုတ်ပေးသွားမည်ဖြစ်သည်-

(က) မဲဆန္ဒရှင်တစ်ဦးသည် မဲဆန္ဒရှင်သက်သေခံလက်မှတ် လက်ဝယ်ရရှိထားခြင်းအားဖြင့် မိမိအမည်မဲစာရင်းတွင်ပါဝင်ပြီး ရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရရှိကြောင်း သေချာခိုင်လုံစေရန်၊

(ခ) မဲဆန္ဒရှင်မှ ဆန္ဒမဲလက်မှတ် လာရောက်ထုတ်ယူရာတွင် မဲလက်မှတ်ထုတ်ပေးသူအနေဖြင့် မဲစာရင်းတွင် လွယ်ကူစွာရှာဖွေနိုင်ပြီး အချိန်ကုန်သက်သာစေရန်၊

(ဂ) မဲဆန္ဒရှင်သက်သေခံလက်မှတ်ပါ မိမိ၏အချက်အလက်များ မှားယွင်းနေပါက သက်ဆိုင်ရာ မဲဆန္ဒရှင်ကိုယ်တိုင် ပြင်ဆင်ပေးနိုင်ရန်၊

(ဃ) သက်ဆိုင်ရာ ရွေးကောက်ပွဲကော်မရှင် အဖွဲ့ခွဲအနေဖြင့် မဲဆန္ဒရှင်၏ မှန်ကန်သောအချက်အလက်များကို မဲဆန္ဒရှင်စာရင်းတွင် ပြန်လည်ပြင်ဆင်နိုင်ရန်။

၂။ ၃-၁-၂၀၁၇ ရက်နေ့တွင် ကျင်းပခဲ့သော ကြားဖြတ်ရွေးကောက်ပွဲဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို နိုင်ငံရေးပါတီများနှင့် လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ ထုတ်ပေးခြင်းမပြုဘဲ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်မှ တာဝန်ခံ၍ထုတ်ပေးရန် ကြားဖြတ်ရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများနှင့် တစ်သီးပုဂ္ဂလ လွှတ်တော်ကိုယ်စားလှယ်လောင်းများမှ သဘောတူခဲ့ကြသည်။

၃။ အပိုဒ် (၁) ပါ ရည်ရွယ်ချက်များဖြင့် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မတ်လ ၁၇ ရက်နေ့မှ ၃၀ ရက်နေ့ နံနက် ၈ နာရီမှ ညနေ ၆ နာရီအထိ နေ့စဉ်ထုတ်ပေးသွားမည် ဖြစ်သည်။ မဲဆန္ဒရှင်များအနေဖြင့် သက်ဆိုင်ရာ ရပ်ကွက်/ကျေးရွာအုပ်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံးများတွင် မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို ကိုယ်တိုင် သို့မဟုတ် မိသားစုတစ်စုလျှင် အိမ်ထောင်ဦးစီး သို့မဟုတ် မိသားစုဝင် တစ်ဦးဦးမှ လာရောက်ထုတ်ယူကြရန်ဖြစ်ပါသည်။

၄။ ရွေးကောက်ပွဲနေ့တွင် မဲဆန္ဒရှင်သက်သေခံလက်မှတ် မပါရှိပါကလည်း မဲစာရင်းတွင်ပါရှိက ဆန္ဒမဲပေးနိုင်ပါသည်။ သို့သော်လည်း မဲဆန္ဒရှင်များက မဲဆန္ဒရှင်သက်သေခံလက်မှတ်များကို လာရောက်ထုတ်ယူခြင်းအားဖြင့် ကူညီဆောင်ရွက်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်**

# ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ စိတ်ဝင်စားသူကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံဆွေးနွေး

**နေပြည်တော် မတ် ၁၄**
ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများနှင့် သက်ဆိုင်သည့် ကိစ္စရပ်များ၊ စိတ်ဝင်စားသူ ကုမ္ပဏီလုပ်ငန်းရှင်များနှင့် တွေ့ဆုံပွဲကို ယနေ့မွန်းလွဲ၁နာရီက နေပြည်တော်ရှိ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ မြန်မာ့အထူးစီးပွားရေးဇုန်ဆိုင်ရာ လုပ်ငန်းအဖွဲ့ဥက္ကဋ္ဌနှင့် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာသန်းမြင့် တက်ရောက် အမှာစကားပြောကြားသည်။



ပြည်ထောင်စုဝန်ကြီးက ကျောက်ဖြူအထူးစီးပွားရေးဇုန်၏ ရင်းနှီးမြှုပ်နှံမှုအချို့၊ စီမံကိန်းတစ်ခုလုံး၏ ကုန်ကျစရိတ်တွက်ချက်ခြင်းတို့အပေါ် တက်ရောက်လာသော ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကျောက်ဖြူဒေသ၏ တည်နေရာအနေအထားအားသာချက်၊ ရေရှည်အကျိုးအမြတ်ရရှိနိုင်မည့် အခြေအနေ၊ ဒေသနေပြည်သူလူထု၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်မှုများ၊ ပတ်ဝန်းကျင်ထိခိုက်နစ်နာမှုဆန်းစစ်ချက်အရ နိုင်ငံတော်အတွက်ရရှိမည့်အကျိုးစီးပွား၊ ဒေသနေပြည်သူလူထုအတွက်ရရှိမည့် ကျွမ်းကျင်မှုဆိုင်ရာ အတွေ့အကြုံများ၊ ဒေသတွင်း တည်ငြိမ်အေးချမ်းရေးနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရရှိရေးတို့အတွက် ထည့်သွင်းစဉ်းစားပြီး၊ ကျောက်ဖြူအထူးစီးပွားရေးဇုန်လုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော်ဆောင်ရွက်သွားစေလိုကြောင်း။

နိုင်ငံတော်၏ စီးပွားရေးမူဝါဒများ၊ နည်းဥပဒေများနှင့် အညီ ဝိုင်းဝန်းပေါင်းစပ်ဆွေးနွေးကြရန်နှင့် ကျောက်ဖြူအထူးစီးပွားရေးဇုန် တည်ဆောက်ရေးလုပ်ငန်းများ အောင်မြင်စွာအကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များမှ ပါဝင်ဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ကျောက်ဖြူအထူးစီးပွားရေးဇုန် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဒေါက်တာစိုးဝင်းနှင့် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ဝင် ဘဏ္ဍာရေး၊ အခွန်၊ စီမံကိန်းနှင့် စီးပွားရေးဝန်ကြီး ဦးကျော်အေးသိန်းတို့က ကျောက်ဖြူအထူးစီးပွားရေးဇုန်နှင့် ပတ်သက်၍ လုပ်ငန်းဆောင်ရွက်မှုတို့ကို ရှင်းလင်းဆွေးနွေးသည်။

ယင်းနောက် တက်ရောက်လာကြသော ဌာနဆိုင်ရာများ၊ ကုန်သည်လုပ်ငန်းရှင်များက မိမိတို့လုပ်ငန်းများကို ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက ပြန်လည်ဆွေးနွေးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲနှင့် စာနယ်ဇင်းဈေးရောင်းပွဲ ကျင်းပမည်

**ရန်ကုန် မတ် ၁၄**
မြန်မာသတင်းမီဒီယာဖွံ့ဖြိုးတိုးတက်စေရန် ရည်ရွယ်ချက်ဖြင့် မြန်မာနိုင်ငံသတင်းမီဒီယာကောင်စီကကြီးမှူး၍ မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် ရန်ကုန်မြို့မြို့တော်ခန်းမ၌ နေ့စဉ် နံနက် ၉ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်သည်။

စာတမ်းဖတ်ပွဲ ပထမနေ့ဖြစ်သည့် မတ် ၁၈ ရက်တွင် ဒေါက်တာတင်လှိုင်(ဘိုးလှိုင်)က မြန်မာသတင်းမီဒီယာသမိုင်းမှ စိတ်ဝင်စားဖွယ် အချို့သောဖြစ်ရပ်များ စာတမ်းကိုလည်းကောင်း၊ ဟံသာဝတီ ဦးအုန်းကြိုင်က မြန်မာနိုင်ငံသတင်းမီဒီယာသမိုင်းကိုလည်းကောင်း၊ ဒေါ်သန်းမြင့်အောင်က ရန်ကုန်မြူနီစီပယ်လုပ်ငန်းအရွေ့များနှင့် အနာဂတ်ရန်ကုန်ကိုလည်းကောင်း ဖတ်ကြားမည်ဖြစ်သည်။

မွန်းလွဲပိုင်းတွင် ဦးခင်မောင်လေး(ဖိုးသောကြာ)၏ မြန်မာနိုင်ငံသတင်းမီဒီယာအဖွဲ့အစည်းများ သမိုင်းစာတမ်းကို ဦးကျော်စွာမင်းက လည်းကောင်း၊ အထက်မြန်မာနိုင်ငံထုတ် သတင်းစာများစာတမ်းကို ဦးကျော်ရင်မြင့်က လည်းကောင်း၊ ကုန်းဘောင်ခေတ် မြန်မာ့ကြေးနန်း မီဒီယာစာတမ်းကို ဒေါက်တာမျိုးသန့်တင်က လည်းကောင်း ဖတ်ကြားမည်ဖြစ်သည်။

မတ် ၁၉ ရက် နံနက်တွင် ဦးအောင်လှထွန်းက မြန်မာနိုင်ငံနှင့် နိုင်ငံတကာသတင်းမီဒီယာစာတမ်းကို လည်းကောင်း၊ ချစ်နိုင်(စိတ်ပညာ)က သတင်းစာဆရာကောင်းဖြစ်နည်းစာတမ်းကိုလည်းကောင်း၊ ဒေါ်သင်းသင်းသာက မြန်မာသတင်းလောကနှင့် အမျိုးသမီးများစာတမ်းကို လည်းကောင်း ဖတ်ကြားမည်ဖြစ်သည်။ မွန်းလွဲပိုင်းတွင် ဦးဟန်ညွန့်(ဦးဟန်ညွန့်-ဥပဒေ)က သတင်းမီဒီယာများ သိထားသင့်သည့် ဥပဒေအချို့စာတမ်းကိုလည်းကောင်း၊ ဒေါက်တာတင်ထွန်း(သထုံတင်ထွန်း)က နိုင်ငံရေးနှင့် သတင်းစာဆရာ၏ မဟာဗျူဟာရည်မှန်းချက်စာတမ်းကို လည်းကောင်း၊ ဦးဇေယျနှင့် ဦးမျိုးကိုမျိုးတို့က မြန်မာ့မီဒီယာနှင့် မြန်မာ့နိုင်ငံရေးစာတမ်းတို့ကိုလည်းကောင်း ဖတ်ကြားမည်ဖြစ်သည်။

ပထမအကြိမ်ကျင်းပသည့် မြန်မာသတင်းမီဒီယာစာတမ်းဖတ်ပွဲသို့ စိတ်ပါဝင်စားသူ မည်သူမဆို တက်ရောက်နိုင်ပြီး စာပေတိုက်အသီးသီးမှ စာအုပ်စာတမ်းများနှင့် ရုပ်မြင်သံကြားထုတ်လွှင့်မှုလုပ်ငန်းများအကြောင်းတို့ကို ဆိုင်ခန်းပေါင်း ၇၀ ခန့်ဖြင့် ရန်ကုန်မြို့တော်ခန်းမရှေ့ရှိ မဟာဗန္ဓုလပန်းခြံရှေ့၌ ခင်းကျင်းပြသရောင်းချသွားမည်ဖြစ်သည်။

**အောင်သူရ**

# ကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့်ရောင်းချပွဲ သတင်းမီဒီယာများတက်ရောက်နိုင်

**နေပြည်တော် မတ် ၁၄**
၂၀၁၇ ခုနှစ် မတ်လကျောက်မျက်ရိုင်းများနှင့် ကျောက်စိမ်းအသားကျောက်များ မြန်မာကျပ်ငွေဖြင့် ရောင်းချပွဲကို နေပြည်တော်ရှိ မဏိရတနာကျောက်စိမ်းခန်းမ၌ မတ် ၁၉ ရက်မှ ၂၄ ရက်အထိ ကျင်းပမည်ဖြစ်ရာ ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများ သတင်းရယူနိုင်မည်ဖြစ်ပြီး မတ် ၂၄ ရက်တွင် ပြပွဲဆိုင်ရာအချက်အလက်များနှင့် ပတ်သက်၍ ညနေ ၄ နာရီခွဲတွင် မဏိရတနာကျောက်စိမ်းခန်းမ အပြင်ဘက်ရှိ နဝရတ်ကိုးသွယ်ဂိတ်၌ သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်သည်။

သို့ဖြစ်၍ သတင်းတက်ရောက်ရယူလိုသည့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများအနေဖြင့် ဝင်ခွင့်ကတ်ပြုလုပ်နိုင်ရေးအတွက် မတ် ၁၆ ရက်နောက်ဆုံးထား၍ သတ်မှတ်ပုံစံဖြည့်စွက်ကာ သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ပြန်ကြားရေးဝန်ကြီးဌာန နေပြည်တော်သို့ပေးပို့ရန်နှင့် သတ်မှတ်ပုံစံများအား မူပိုင်ခွင့်နှင့် မှတ်ပုံတင်ဌာနခွဲ မြန်မာနိုင်ငံ နိုင်ငံခြားသတင်းထောက်များအသင်းတို့တွင် ရယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များသိရှိလိုပါက သတင်းနှင့်စာနယ်ဇင်းလုပ်ငန်း ဖုန်း ၀၆၇-၄၁၂၂၅၊ ၀၆၇-၄၁၂၂၆ တို့သို့ လည်းကောင်း၊ မြန်မာ့ကျောက်မျက်ရတနာပြပွဲ စီမံရေးရာလုပ်ငန်းကော်မတီ ဖုန်း ၀၆၇-၄၁၄၄၉၇၊ ၀၆၇-၄၁၄၄၉၈ တို့သို့လည်းကောင်း ဆက်သွယ်မေးမြန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# ကမ္ဘာလှည့်အပျော်စီးသင်္ဘော ရန်ကုန်မြို့သို့ ရောက်ရှိ




**နေပြည်တော် မတ် ၁၄**
ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဝင်ရောက်သွားလာမှု အဆင်ပြေချောမွေ့စေရေးအတွက် ဆောင်ရွက်လျက်ရှိရာ မြန်မာနိုင်ငံ၏ သာယာလှပသော ရေ၊ မြေ၊ တော၊ တောင်သဘာဝရှုခင်း အလှအပများနှင့် ယဉ်ကျေးမှု အနုပညာလက်ရာများ၊ ဒြပ်ဝတ်ပျူဌာမှုများ၊ တိုင်းရင်းသားလူမျိုးတို့၏ စိတ်ဝင်စားဖွယ်ဓလေ့စရိုက်များကြောင့် နိုင်ငံတကာမှ ခရီးသွားဧည့်သည်များအနေဖြင့် စိတ်ဝင်တစား လာရောက်လည်ပတ်လျက်ရှိပြီး အပြည်ပြည်ဆိုင်ရာလေကြောင်း၊ ကုန်းကြောင်းခရီးစဉ်များသာမက ကမ္ဘာလှည့် အပျော်စီးသင်္ဘောများဖြင့်လည်း လာရောက်လည်ပတ်လျက်ရှိသည်။

ဟိုတယ်နှင့် ခရီးသွားလာရေးဝန်ကြီးဌာန၏ စီစဉ်ဆောင်ရွက်မှုဖြင့် Myanmar Voyages Int'l Tourism Co.,Ltd ၏ စီစဉ်ဆောင်ရွက်မှုဖြင့် ဂျာမနီနိုင်ငံမှ ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောကြီး M.V Albatros သည် မတ် ၁၂ ရက်တွင် ပထမအကြိမ်အဖြစ် မြန်မာအပြည်ပြည်ဆိုင်ရာသီလဝါဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့သည်။ အဆိုပါသင်္ဘောကြီးသည် ကမ္ဘာလှည့်ခရီးသည် ၅၀၄ ဦးနှင့် သင်္ဘောဝန်ထမ်း ၃၅၀ လိုက်ပါစီးနင်းလာပြီး ထိုင်းနိုင်ငံ ဖူးခက်ဆိပ်ကမ်းမှ ထွက်ခွာလာခြင်းဖြစ်သည်။

ဂျာမန်လူမျိုး ခရီးသည်အများစုလိုက်ပါလာသည့် အပျော်စီးသင်္ဘောကြီးသည် မြန်မာနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ရန်ကုန်မြို့ရှိ ရွှေတိဂုံဘုရားနှင့် မြို့တွင်းလေ့လာခြင်း၊ သန်လျင်နှင့် ကျိုက်ခေါက်ဘုရားသို့ သွားရောက်လည်ပတ်ခြင်း၊ ပဲခူးနေ့ချင်းပြန်ခရီးနှင့် ပုဂံမြို့များသို့ ညအိပ်ခရီးစဉ်များဖြင့် သွားရောက်လည်ပတ်မည်ဖြစ်ပြီး မတ် ၁၄ ရက်တွင် သီလဝါဆိပ်ကမ်းမှ သီရိလင်္ကာနိုင်ငံ ထရန်ကိုမလေးကျွန်းသို့ ပြန်လည်ထွက်ခွာမည်ဖြစ်သည်။

မတ်လအတွင်း၌ အပျော်စီးသင်္ဘောခရီးစဉ်များအနေဖြင့် Abercrombie & Kent Travel (Myanmar) Co.,Ltd ၏ စီစဉ်မှုဖြင့် M.V Silver Discoverer ကမ္ဘာလှည့်ခရီးသည်တင်သင်္ဘောသည် ကမ္ဘာလှည့်ခရီးသည် ၆၅ ဦး၊ သင်္ဘောဝန်ထမ်း ၉၉ ဦး တင်ဆောင်၍ မတ် ၆ ရက်တွင် ရန်ကုန်မြို့ နန်းသီတာဆိပ်ကမ်းသို့ ဆိုက်ရောက်ခဲ့ပြီး ယခုရောက်ရှိသော M.V Albatros သင်္ဘောကြီးသည် မတ်လအတွင်း ဒုတိယမြောက်ဆိုက်ရောက်လာခြင်းဖြစ်သည်။ ဆက်လက်၍လည်း ကမ္ဘာလှည့်ခရီးသည်တင် အပျော်စီးသင်္ဘောများ မြန်မာအပြည်ပြည်ဆိုင်ရာဆိပ်ကမ်းသို့ ဆိုက်ရောက်ရန်ရှိကြောင်း သိရသည်။

**(သတင်းစဉ်)**

# ပြန်ကြားရေးဝန်ကြီးဌာန ဝန်ထမ်းများအား အခမဲ့ ဆေးကုသမှုဆောင်ရွက်ပေး

**နေပြည်တော် မတ် ၁၄**
အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ လူမှုဖူလုံရေးအဖွဲ့နှင့် သုခမင်္ဂလာအထွေထွေအထူးကုဆေးခန်းတို့ ပူးပေါင်း၍ ပြန်ကြားရေးဝန်ကြီးဌာနရှိ ဝန်ထမ်းများအား ယနေ့ နံနက်ပိုင်းတွင် အခမဲ့ကွင်းဆင်း ဆေးဝါးကုသမှု လာရောက် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



အဆိုပါ ဆေးဝါးကုသမှုအား လူမှုဖူလုံရေး အာမခံကတ် ပြုလုပ်ထားသည့် ဝန်ထမ်းများအား လုပ်ငန်းခွင်မပျက် လာရောက်ကွင်းဆင်း ကုသပေးခြင်းဖြစ်ပြီး ဝန်ကြီးဌာနများအား အလှည့်ကျစနစ်ဖြင့် ကုသပေးလျက်ရှိကြောင်း လူမှုဖူလုံရေးအဖွဲ့မှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ခိုင်ခိုင်အောင်က ပြောကြားသည်။

"မနေ့က ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနကို သွားရောက်ကုသပေးပါတယ်။ ဒီနေ့တော့ ပြန်ကြားရေးဝန်ကြီးဌာနက အလှည့်ကျလို့ လာရောက် ကုသပေးတာဖြစ်ပါတယ်။ ပထမအကြိမ်ကွင်းဆင်း စတင်ကုသတဲ့အချိန်က ကုသတဲ့ဌာနတွေ အလွန်များတဲ့အတွက် တစ်နှစ်ကို တစ်ကြိမ်လောက်ပဲ ကုနိုင်တယ်။ နောက်ပိုင်း တဖြည်းဖြည်းနဲ့ ခြောက်လတစ်ကြိမ် ကုသလာနိုင်တဲ့ အပြင် ကုသရေးယာဉ်တွေကိုလည်း ထပ်မံတိုးချဲ့သွားဖို့ အစီအစဉ်တွေ ရှိပါတယ်"ဟု ၎င်းက ပြောသည်။

ဆေးဝါးကုသပေးရာတွင် ဆရာဝန်များနှင့် လူမှုဖူလုံရေးအဖွဲ့မှ ဝန်ထမ်းများက ဆေးဝါးလာရောက်ကုသသည့် ဝန်ထမ်းများ၏ ကျန်းမာရေးအတွက် လိုအပ်သည့် ဆေးဝါးများနှင့် ဆေးပညာရပ်ဆိုင်ရာ အသိပညာများပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့သည်။

ထိုသို့ ကုသပေးရာတွင် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ နှလုံးသွေးကြောကျဉ်း ရောဂါ၊ အရွတ်အရောင်ရောဂါ၊ လေးဖက်နာရောဂါ၊ အအေးမိနှာစေးရောဂါ၊ အရိုးကျီးပေါင်းရောဂါ၊ အရေပြားယားနာရောဂါနှင့် ဇက်ကြောတက်ရောဂါတို့ကို အများဆုံး ကုသပေးခဲ့ကြောင်းသိရသည်။

**(သတင်းစဉ်)**

**ဗလငါးတန်ဖွံ့ဖြိုးဖို့ စာအုပ်စာပေလေ့လာစို့**

# တိုက်ကြီးမြေပြင်လျှင်ဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ငွေပေးအပ်




**ရန်ကုန် မတ် ၁၄**
မတ် ၁၃ ရက် ညပိုင်းက လှုပ်ခတ်ခဲ့သောမြေငလျင်ကြောင့် ဘေးဒဏ်သင့်ပြည်သူများနှင့် သာသနိကအဆောက်အအုံများအတွက် ထောက်ပံ့ငွေများအား လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဝင်းမြတ်အေး မှ ယနေ့ ညနေ ၅ နာရီ ၄၅ မိနစ်တွင် တိုက်ကြီးမြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးရုံး၌ ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ဝင်းမြတ်အေးနှင့် တာဝန်ရှိသူများသည် ငလျင်ဒဏ်ကြောင့်ပျက်စီးဆုံးရှုံးသွားသော အဆောက်အအုံများအား လိုက်လံကြည့်ရှုစစ်ဆေးသည်။ ထိုနေ့တွင် ပျက်စီးဆုံးရှုံးသွားသော လူနေအိမ် ခြောက်လုံးအတွက် အဆောက်အအုံပစ္စည်းဖိုး တစ်လုံးလျှင် နှစ်သိန်းနှုန်းဖြင့် ၁၂ သိန်း၊ သာသနိကအဆောက်အအုံ ၂၉ လုံးအတွက် တစ်လုံးလျှင် နှစ်သိန်းနှုန်းဖြင့် ၅၈ သိန်း၊ ဘေးဒဏ်သင့်လူဦးရေ ၂၉ ဦးအတွက် ဆန်ရိက္ခာ ခုနစ်ရက်စာ ၆၀၉၀၀၊ ဆေးရုံတက်ဒဏ်ရာရလူနာ ခြောက်ဦးအတွက် ၅၀၀၀၀ နှုန်းဖြင့် သုံးသိန်း စုစုပေါင်းထောက်ပံ့ငွေတန်ဖိုး ၇၃၆၀၉၀၀ ကို လူမှုဝန်ထမ်း၊ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာနမှ လှူဒါန်းခြင်းဖြစ်ပြီး ဒဏ်ရာရသူ ခြောက်ဦးသာရှိကြောင်းနှင့် သေဆုံးသူမရှိကြောင်း ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဦးစီးဌာန (ရန်ကုန်တိုင်းဒေသကြီး) မှ သိရသည်။

**မျိုးမင်းသိန်း(မရမ်းကုန်း)**

# ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကျင်းပ

**ပုသိမ် မတ် ၁၄**
ဒုတိယအကြိမ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၁၀ နာရီ၌ ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ခန်းမတွင် ကျင်းပသည်။

ပထမဦးစွာ ကြယ်ပွင့်ပြမေးခွန်းငါးခုကို မေးမြန်းဖြေကြားရာ ဧရာဝတီတိုင်းဒေသကြီးရှိ မြို့နယ်အသီးသီး၌ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဖော်ဆောင်ရာတွင် အရည်အသွေးနှင့် ကုန်ကျစရိတ်များကို မည်ကဲ့သို့သော နည်းစနစ်စံနှုန်းများ သတ်မှတ်ဖော်ဆောင်ရေးဆွဲချမှတ်သည်ကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် ရေကြည်မြို့နယ် မဲဆန္ဒနယ်(၁)ဦးမျိုးညွန့်၏ မေးခွန်း၊ ကျုံပျော်မြို့နယ် အိုင်ကြီးအုပ်စု အကယ်ကြီးရွာ၊ အကယ်ကြီးခုံးတံတား တောင်ဘက်ခြမ်း ကျုံပျော်-နေဖြူမြို့ချင်းဆက်လမ်းမကြီး ဘေးတွင်ချထားသော အကယ်ကြီးဂုံးဆည်ချက်သည် ဂရန်တလွဲ၊ ဆည်ချက်တလွဲဖြစ်နေခြင်းကြောင့် ဒေသခံ တောင်သူလယ်သမားများ၏ လယ်ယာမြေများ နှစ်စဉ်ရေလွှမ်းမိုး၍ ပျက်စီးဆုံးရှုံးနစ်နာနေရခြင်းအပေါ် ဆောင်ရွက်ပေးမည့်အခြေအနေနှင့် စပ်လျဉ်းသည့် ကျုံပျော်မြို့နယ် မဲဆန္ဒနယ်(၁) ဒေါ်သီတာ၏ မေးခွန်း၊ ဧရာဝတီတိုင်းဒေသကြီးအတွင်း ဖွဲ့စည်းထားသော ကုန်ထုတ်သမဝါယမအသင်းများ၏ လုပ်ငန်းရည်မှန်းချက်များ အောင်မြင်စေရေးအတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံဆောင်ရွက်မှုအခြေအနေကို သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် ကန်ကြီးထောင့်မြို့နယ် မဲဆန္ဒနယ်(၂) ဒေါ်ခင်စောမူ၏ မေးခွန်းနှင့် ဝါးခယ်မမြို့နယ်အတွင်းရှိ တိမ်ကောနေသော ကလိတ်ကျေးရွာအုပ်စုနှင့် အဂါတ်လက်ပန်ကျေးရွာကြားရှိ ချောင်းရိုးနှင့် ကျွန်းကုန်းတိုက်နယ်-မဲဇလီချောင်းရိုးကြီးကို ပြန်လည်တူးဖော်ပေးရေးနှင့် စပ်လျဉ်းသည့် ဝါးခယ်မမြို့နယ် မဲဆန္ဒနယ်(၁)ဦးဌေးအောင်၏ မေးခွန်းကို တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေး၊ သယံဇာတနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနဝန်ကြီး ဦးဘဟိန်းက ပြန်လည်ဖြေကြားပြီး ဟသ်ာတမြို့နယ်မှ ကြံခင်းမြို့နယ်အကြား ဘုရားကုန်းမီးရထားဘူတာရုံ၏ ရထားအတက်အဆင်း ပလက်ဖောင်းများကောင်းမွန်မှုမရှိပါ၍ ဆောင်ရွက်ပေးနိုင်မည့် အခြေအနေအား သိရှိလိုကြောင်းနှင့် စပ်လျဉ်းသည့် ဟသ်ာတမြို့နယ် မဲဆန္ဒနယ်(၁)ဦးကျော်စိုး၏ မေးခွန်းကို တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် လျှပ်စစ်၊ စွမ်းအင်၊ စက်မှုလက်မှုနှင့် လမ်းပန်းဆက်သွယ်ရေးဝန်ကြီးကိုယ်စား စည်ပင်သာယာရေးဝန်ကြီးဌာနဝန်ကြီး ဦးကျော်မြင့်က ပြန်လည်ဖြေကြားခဲ့ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

# စံချိန်စံညွှန်း၊ အရည်အသွေး ကိုက်ညီမှုမရှိသော ကုန်စည်များ ဈေးကွက်အတွင်း တွေ့ရှိပါက သတင်းပေးတိုင်ကြားနိုင်

**ရန်ကုန် မတ် ၁၄**
ဈေးကွက်အတွင်း ကုန်အမှတ်တံဆိပ်တွင် မြေပဲဆီ၊ ပဲဆီဟုဖော်ပြပြီး ရောနှောပါဝင်ပစ္စည်းအမျိုးအစားနှင့် အမျိုးအစားဖော်ပြခြင်းမရှိသော Blended Oil ၊ Cooking Oil နှင့် Vegetable Oil များ၊ စားအုန်းဆီ၊ ပြန်ကြော်ဆီ၊ နေကြာဆီ၊ ပဲပုပ်ဆီ၊ ဝါစေ့ဆီနှင့် တိရစ္ဆာန်ဆီများကို မူရင်းအနံ့မှလွဲ၍ ဓာတုဗေဒအနံ့များ ထည့်သွင်းပြုပြင်၍ စားသုံးသူပြည်သူများကို မြေပဲဆီ၊ နှမ်းဆီဟုထင်ရောင်ထင်မှားရောင်းချနေမှုများအပါအဝင် မည်သည့်စားသောက်ကုန်၊ လူသုံးကုန်မဆို မိမိဝယ်ယူသည့် ကုန်စည်အမျိုးအစားနှင့် ပေးချေရသည့်တန်ဖိုးကိုက်ညီမှု ရှိ/မရှိ ထည့်သွင်းတွက်ချက်ရွေးချယ်ဝယ်ယူစားသုံးကြရန် လိုအပ်သည်။

စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့်လည်း မိမိတို့ထုတ်လုပ်ရောင်းချဖြန့်ဖြူးသည့် ကုန်စည်များ၏ အမှတ်တံဆိပ်ပေါ်တွင် လုပ်ငန်းအမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ ရောင်းချဖြန့်ဖြူးသူအမည်၊ ထုတ်လုပ်သည့်နေ့ရက်နှင့် သက်တမ်းကုန်ဆုံးရက်၊ ပါဝင်ပစ္စည်းအမျိုးအစား၊ အမျိုးအစားနှင့်တကွ သုံးစွဲပုံအညွှန်း၊ စားသုံးသူသိရှိရန်လိုအပ်သည့်အချက်အလက်အပြည့်အစုံဖော်ပြထားခြင်းမရှိသော၊ သတ်မှတ်ထားသော စံချိန်စံညွှန်း၊ အရည်အသွေးတို့နှင့် ကိုက်ညီမှုမရှိသော ကုန်စည်များကိုထုတ်လုပ်ခြင်း၊ ကုန်သွယ်ခြင်းမပြုရန်နှင့် ဈေးကွက်များအတွင်း အထက်ပါကုန်စည်များ တွေ့ရှိပါက ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှုဖြေရှင်းရေးအဖွဲ့ ဖုန်း ၀၁-၂၄၅၀၈၆၊ ၀၉-၅၁၁၉၀၉၂ သို့ သတင်းပေးတိုင်ကြားနိုင်ကြောင်းနှင့် စစ်ဆေးတွေ့ရှိပါက စားသုံးသူအကာအကွယ်ပေးရေးဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်း ရန်ကုန်တိုင်းဒေသကြီး စားသုံးသူအငြင်းပွားမှု ဖြေရှင်းရေးအဖွဲ့က သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။

**(သတင်းစဉ်)**

# မလေးရှားလေကြောင်းလိုင်းသစ် ရန်ကုန်သို့တိုက်ရိုက်ပျံသန်းမည်

**ရန်ကုန် မတ် ၁၄**
မလေးရှားနိုင်ငံအခြေစိုက်လေကြောင်းလိုင်းတစ်ခုဖြစ်သည့် MALINDO AIR လိုင်းသည် နှစ်နိုင်ငံခရီးသွားလာမှုကို အထောက်အကူဖြစ်စေရန် ရည်ရွယ်ကာ မတ်လကုန်မှစ၍ တစ်ပတ်လေးကြိမ် ရန်ကုန်မြို့သို့ တိုက်ရိုက်ပျံသန်း ပြေးဆွဲသွားမည်ဖြစ်ကြောင်း လေကြောင်းလိုင်းတာဝန်ရှိသူတစ်ဦးက ပြောသည်။

“ကျွန်တော်တို့ ဒီလေကြောင်းသစ်ဝန်ဆောင်မှုဟာ နှစ်နိုင်ငံလူမှုရေးနဲ့ ယဉ်ကျေးမှုတွေကို အကျိုးရှိစွာ ဖလှယ်နိုင်မှာဖြစ်တဲ့အပြင် မြန်မာနဲ့ မလေးရှား နှစ်နိုင်ငံရဲ့ ကမ္ဘာလှည့်ခရီးသွားလုပ်ငန်းကဏ္ဍ ပိုမိုမြှင့်တင်ပေးနိုင်မှာဖြစ်ပါတယ်” ဟု လေကြောင်းလိုင်း မန်နေဂျင်းဒါရိုက်တာ မစ္စတာ ဖီးလစ်ဖန်းက ဆန်းမစ်ပတ်ခ်ဗျူးဟိုတယ်၌ ပြုလုပ်သော




လေကြောင်းလိုင်းသစ် ဖွင့်လှစ်ခြင်း အခမ်းအနားတွင် ပြောသည်။

အဆိုပါ လေကြောင်းလိုင်းသည် တနင်္လာ၊ ဗုဒ္ဓဟူး၊ သောကြာနှင့် တနင်္ဂနွေနေ့များ တွင် ကွာလာလမ်ပူမြို့မှ ရန်ကုန်မြို့သို့ လေယာဉ်အမှတ် OD 550 ဖြင့် နံနက် ၈ နာရီခွဲတွင် ထွက်ခွာပြီး ရန်ကုန်မြို့သို့ ၉ နာရီ မိနစ် ၅၀ တွင် ရောက်ရှိမည်ဖြစ်ကြောင်း၊ ယင်းရက်များတွင် ရန်ကုန်မှ ကွာလာလမ်ပူသို့ OD 551 လေယာဉ်ဖြင့် ထွက်ခွာပြီး ကွာလာလမ်ပူမြို့သို့ ၂ နာရီ ၅၅ မိနစ်တွင် ရောက်ရှိမည်ဖြစ်ကြောင်း သိရသည်။

ယင်းလေကြောင်းတိုက်ရိုက်ပျံသန်းမှုအတွက် BOEING 737-800 ER လေယာဉ်ဖြင့် ဝန်ဆောင်မှုပေးသွားမည်ဖြစ်ကြောင်း၊ အထူးတန်းထိုင်ခုံ ၁၂ ခုံနှင့် ရိုးရိုးတန်းထိုင်ခုံ ၁၅၀ ပါရှိမည်ဖြစ်ကြောင်း၊ လေယာဉ်ခရီးစဉ်ဝန်ဆောင်ခမှာ ရိုးရိုးတန်း အတွက် ၁၂၃၁၈၆ ကျပ်နှင့် အထူးတန်းအတွက် ၄၅၄၄၄၁ ကျပ်ကျသင့်မည်ဖြစ်ကြောင်း သိရသည်။

မလေးရှား လေကြောင်းလိုင်း Malindo Air သည် မလေးရှားနိုင်ငံမြို့တော် ကွာလာလမ်ပူတွင် အခြေစိုက်ပြီး ၂၀၁၃ ခုနှစ်မှ စတင်ကာ ပြည်တွင်းလေကြောင်းလိုင်းများ စတင်ပြေးဆွဲခဲ့ကြောင်း၊ ယခုအခါ ATK 72-600 ၁၆ စင်း၊ ဘိုးရင်း ၂၆ စင်းတို့ ဖြင့် ပြည်တွင်းလေကြောင်း ခရီးစဉ်များအပြင် ပြည်ပ ၁၅ နိုင်ငံအထိ ပျံသန်းပြေးဆွဲနိုင်ပြီဖြစ်ကြောင်း၊ မြန်မာနိုင်ငံသို့ နောက်ဆုံးပြေးဆွဲသည့် နိုင်ငံဖြစ်ကြောင်း သိရသည်။

**သတင်း-မြင့်မောင်စိုး**
**ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**

❖ *ကျောဖုံးမှ*

လက်ရှိချန်ပီယံရတနာပုံအသင်းသည် အသင်းခေါင်းဆောင် ရန်ပိုင်အပါအဝင် အောင်သူ၊ ရဲကိုဦး၊ သိန်းသန်းဝင်းတို့ဖြင့် လူစုံပွဲထွက်ခဲ့ပြီး ဟံသာဝတီအသင်းမှာမူ နိုင်ငံခြားသားကစားသမားနှစ်ဦးအပါအဝင်လူစုံခဲ့သည်။ ပွဲအစ ၁၀ မိနစ်တွင် တိုက်စစ်မှူး မာစီယိုက ဟံသာဝတီအတွက် ဂိုးစတင်သွင်းယူခဲ့သောကြောင့် ရတနာပုံအသင်းနောက်မှ လိုက်ကစားခဲ့ရသည်။ ရတနာပုံအသင်းသည် ဂိုးပေးလိုက်ရသောကြောင့် တိုက်စစ်အားမြှင့်လာခဲ့ပြီး ၃၇ မိနစ်တွင် သက်နိုင်က ချေပဂိုးပြန်သွင်းခဲ့သည်။ ဂိုးရပြီးနောက်ပိုင်းတွင် ရတနာပုံကစားပုံပိုကောင်းလာပြီး ၄၄ မိနစ်တွင် ရန်ပိုင်က ဒုတိယဂိုးသွင်းယူခဲ့သည်။ ဒုတိယပိုင်းတွင် ဟံသာဝတီအသင်းက ချေပဂိုးရရန်ကြိုးပမ်းခဲ့သော်လည်း ရတနာပုံက ထိန်းချုပ်နိုင်ခဲ့ပြီး ၈၃ မိနစ်တွင် အောင်သူက တတိယဂိုးသွင်းယူခဲ့သည်။ ဟံသာဝတီအတွက် ဒုတိယဂိုးကို မာစီယိုက သွင်းယူပေးခဲ့သော်လည်း ရတနာပုံအသင်းက ပွဲပြီးသည်အထိ အနိုင်ရလဒ်ကိုထိန်းကစားသွားခဲ့သည်။

ပွဲစဉ် (၉) အပြီးတွင် ရန်ကုန်အသင်းက ၂၅ မှတ်ဖြင့် ထိပ်ဆုံးမှ ဦးဆောင်နေပြီး လက်ရှိချန်ပီယံရတနာပုံက ၂၁ မှတ်၊ ရှမ်းယူနိုက်တက်အသင်းက ၁၉ မှတ်၊ ဧရာဝတီအသင်းက ၁၄ မှတ်၊ ဇွဲကပင်အသင်းက ၁၃ မှတ်၊ ရခိုင်အသင်းက ၁၁ မှတ်၊ မကွေးအသင်းက ကိုးမှတ်၊ နေပြည်တော်အသင်းက ရှစ်မှတ်၊ ချင်းယူနိုက်တက်နှင့်ဟံသာဝတီအသင်း တို့က ခုနစ်မှတ်စီ၊ Southern အသင်းက ခြောက်မှတ်၊ GFA အသင်းက ငါးမှတ် ရရှိထားသည်။

ပွဲစဉ် (၆) မှ ရွှေ့ဆိုင်းထားသည့် Southern နှင့်မကွေးပွဲကို မတ် ၂၀ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်ပြီး မြန်မာ့လက်ရွေးစင်အသင်း၏ အာရှဖလားခြေစစ်ပွဲကြောင့် ယခုပွဲအပြီးတွင် ခေတ္တရပ်နားမည်ဖြစ်ကာ ဧပြီ ၁ ရက်တွင် ပြန်လည်ကျင်းပမည်ဖြစ်သည်။

# ဆေးရုံစီမံခန့်ခွဲမှုသင်တန်း အမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် မတ် ၁၄**
ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာနနှင့် မြန်မာနိုင်ငံဆရာဝန်အသင်း မြန်မာနိုင်ငံ ပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်းတို့ ပူးပေါင်းဆောင်ရွက်မှုအစီအစဉ်အဖြစ် ပြုလုပ်သည့် ဆေးရုံစီမံခန့်ခွဲမှု သင်တန်းအမှတ်စဉ် (၁/၂၀၁၇) သင်တန်းဖွင့်ပွဲအခမ်းအနားကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ကုသရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန၊ အမြဲတမ်းအတွင်းဝန် ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း တက်ရောက်အဖွင့်အမှာစကားပြောကြားသည်။

အမြဲတမ်းအတွင်းဝန်က အစိုးရ- ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်သည့် ဆေးရုံအုပ်ချုပ်မှုသင်တန်း (၁/၂၀၁၇)သည် ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၏ ခြောက်လတာ စီမံချက်ထဲမှ အရေးကြီးသောလုပ်ငန်းတစ်ခုဖြစ်သည့်အတွက် သင်တန်းဆရာများအနေဖြင့် အလေးထားသင်ကြားပေးစေချင်သလို သင်တန်းသားများမှလည်း တန်ဖိုးထားမှတ်သားသင်ယူစေချင်ကြောင်း။

လူတိုင်းကိုလွှမ်းခြုံသော ကျန်းမာရေးစောင့်ရှောက်မှု (Universal Health Coverage) ရရှိစေရေး၊ ပုဂ္ဂလိကစွမ်းအားအရင်းအမြစ်များကို ပြည်သူတို့၏ ကျန်းမာရေးမြင့်မားရေးအတွက် ထိရောက်စွာအသုံးပြုနိုင်ရေး၊ ပြည်သူတို့က စိတ်ကြိုက်ရွေးချယ်ခွင့်ရရှိစေရေး၊ ကောင်းမွန်သော ယှဉ်ပြိုင်ထိန်းညှိမှုဖြစ်လာစေရေးနှင့် တာဝန်ခံမှုရှိသော ကျန်းမာရေး စောင့်ရှောက်မှုအရည်အသွေးများ မြင့်မားလာစေရေးတို့အတွက် ပုဂ္ဂလိကကျန်းမာရေးလုပ်ငန်းများ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် အရေးကြီးကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံပုဂ္ဂလိကဆေးရုံလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်တစ်ဦးက အသင်း၏ ပူးပေါင်းပါဝင်ဆောင်ရွက်မှုများအကြောင်းအား ရှင်းလင်းပြောကြားသည်။

အဆိုပါ သင်တန်းအား မတ် ၁၄ ရက်မှ ၂၂ ရက်အထိ ကိုးရက်တာသင်ကြားပို့ချသွားမည်ဖြစ်ကာ သင်တန်းသား သင်တန်းသူ စုစုပေါင်း ၃၅ ဦး တက်ရောက်ကြမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

**အရိပ်လည်းရ ဝန်းကျင်လှ သစ်ပင်စိုက်ပျိုးကြ**

# မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးရန်အဆိုကို လွှတ်တော်က အတည်ပြု

**နေပြည်တော် မတ် ၁၄**

ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး ၁၈ ရက်မြောက်နေ့ကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံ ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း ၂ ခု မေးမြန်းဖြေကြားခြင်း၊ ဥပဒေကြမ်း ၂ ခုကို လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်းနှင့် အဆို ၁ ခုကို ဆွေးနွေးခြင်းတို့ ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် **လသာမဲဆန္ဒနယ်မှ ဒေါ်ခင်မို့မို့အောင်၏ ၂၀၁၁ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ ရင်းနှီးမြှုပ်နှံကြသူများနှင့် ၎င်းတို့၏ လုပ်ငန်းများအား အများပြည်သူသိရှိနိုင်ရန် ဖော်ပြပေးနိုင်ခြင်း ရှိ မရှိ၊ နိုင်ငံတကာရင်းနှီးမြှုပ်နှံသူများနှင့် အစိုးရအဆက်ဆက်တို့ကြား ထားရှိရေးထိုးခဲ့သည့် နားလည်မှုစာချွန်လွှာ (MoU) ပါ အချက်အလက်များနှင့် ပြန်လည်သုံးသပ်နေသည့် အခြေအနေအရပ်ရပ်ကို ပြည်သူများအား အသိပေးနိုင်ခြင်း ရှိ၊ မရှိ မေးခွန်း**နှင့် စပ်လျဉ်း၍ **စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း**က မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင်က ခွင့်ပြုပြီးသည့် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၊ ကုမ္ပဏီအမည်စာရင်း ရင်းနှီးမြှုပ်နှံမှု၊ လစဉ်ဝင်ရောက်မှု အခြေအနေတို့နှင့် ပတ်သက်သည့် ကဏ္ဍအလိုက်၊ နိုင်ငံအလိုက် အချက်အလက်များကို ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာန၏ Website ဖြစ်သည့် www.dica.gov.mm တွင် အများပြည်သူသိရှိနိုင်စေရန် ပုံမှန်လွှင့်တင်ပေးလျက်ရှိပါကြောင်း၊ မြန်မာနိုင်ငံရင်းနှီးမြှုပ်နှံမှုကော်မရှင် အစည်းအဝေးအမှတ်စဉ်အလိုက် ခွင့်ပြုသည့်လုပ်ငန်းများကိုလည်း ၂၄ နာရီအတွင်း အများပြည်သူသိရှိနိုင်ရန် လွှင့်တင်ပေးလျက်ရှိပါကြောင်း၊ ထို့အပြင် အပတ်စဉ်ရင်းနှီးမြှုပ်နှံမှု စာရင်းများကိုလည်း Website တွင် ဖော်ပြပေးထားပါကြောင်း၊ ရင်းနှီးမြှုပ်နှံမှု သတင်းအချက် အလက်များနှင့်ပတ်သက်၍ မီဒီယာများ၏ မေးမြန်းချက်များကိုလည်း စဉ်ဆက်မပြတ် ဖြေကြားပေးခြင်း၊ အခါအားလျော်စွာ သတင်းစာရှင်းလင်းပွဲများ ပြုလုပ်ခြင်းတို့ကို ဆောင်ရွက်လျက်ရှိပါကြောင်း။



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်

နားလည်မှုစာချွန်လွှာ (MoU) များကို လက်မှတ်မရေးထိုးမီ သက်ဆိုင်ရာဝန်ကြီးဌာနများက ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ အဆင့်ဆင့်တင်ပြ၍ လက်မှတ်ရေးထိုးကြရခြင်း ဖြစ်ပါကြောင်း၊ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာ ဥပဒေဇယား ၁ တွင် ပြဋ္ဌာန်းထားသည့် စာချုပ်များနှင့် သဘောတူညီချက်များကို ယင်းဥပဒေပုဒ်မ ၅၉ အရ နိုင်ငံတော်သမ္မတက လွှတ်တော်၏ သဘောတူညီချက်ရယူရန် တင်ပြရပါကြောင်း၊ ဇယား ၂ တွင်ပါရှိသည့် စာချုပ်များနှင့် သဘောတူညီချက်များကိုမူ နိုင်ငံတော်သမ္မတ၏ အတည်ပြုချက်ဖြင့်သာ ဆောင်ရွက်ပါကြောင်း။

ပြန်လည်သုံးသပ်ခြင်းနှင့် ပတ်သက်၍ သက်ဆိုင်ရာဝန်ကြီးဌာနများ အနေဖြင့် သုံးသပ်ဆောင်ရွက်ခြင်းဖြစ်ပြီး ပြန်လည်သုံးသပ်နေသည့် ဖြစ်စဉ်နှင့် အခြေအနေအရပ်ရပ်ကို ပြည်သူများ သိရှိနိုင်ရန် ဆောက်လုပ်ရေးဝန်ကြီးဌာန Website တွင် ဖော်ပြထားပါကြောင်း၊ ကျန်ဝန်ကြီးဌာနများအနေဖြင့် စိစစ်သုံးသပ်ဆဲဖြစ်ပါကြောင်း၊ အဆိုပါ ဝန်ကြီးဌာနများ၏ ပြန်လည်သုံးသပ်နေသည့် ဖြစ်စဉ်နှင့် အခြေအနေအရပ်ရပ်ကို ပြည်သူများသိရှိနိုင်ရန် ဆောင်ရွက်နိုင်ခြင်း ရှိ၊ မရှိ၊ ဆောင်ရွက်နိုင်ပါက ဆောင်ရွက်ပေးရန် ပြည်ထောင်စုအစိုးရအဖွဲ့ရုံးမှတစ်ဆင့် အကြောင်းကြားပေးမည်ဖြစ်ပါကြောင်း ရှင်းလင်းဖြေကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက **ကျောက်တန်းမဲဆန္ဒနယ်မှ ဒေါ်အေးမြမြမျိုး၏ မြို့နယ်စီမံကိန်း ရေးဆွဲအကောင်အထည်ဖော်ရေးလုပ်ငန်းများ၊ အစည်းအဝေးများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ဖိတ်ကြားကာ ပြည်သူများကိုယ်စား တောင်းဆိုအကြံပြုချက်များကို အလေးထားအကောင်အထည်ဖော်ရန် မည်သို့ စီစဉ်ဆောင်ရွက်ထားသည်ကို သိလိုကြောင်း မေးခွန်း**နှင့်စပ်လျဉ်း၍ ဆက်လက်ဖြေကြားသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အမျိုးသားလွှတ်တော်တွင် စတင် တင်သွင်းပြီး ပြဋ္ဌာန်းရန် မသင့်ကြောင်း အတည်ပြုပေးပို့လာသော **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**ကို ၂၀၁၇ ခုနှစ် မတ် ၇ ရက်တွင် လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဒေါ်မာမာခိုင်က **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ လေ့လာတွေ့ရှိချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးကျော်မျိုးက ဥပဒေကြမ်းကော်မတီ၏ သဘောထားအတိုင်း ထောက်ခံပါကြောင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး **ကုန်းလမ်းပို့ဆောင်ရေးအဖွဲ့ ဥပဒေကြမ်း**နှင့် စပ်လျဉ်းသည့် ဥပဒေကြမ်းကော်မတီ၏ တင်ပြချက်ကို လွှတ်တော်က အတည်ပြုကြောင်းနှင့် ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၉၉ အရ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ ဦးထွန်းထွန်းဟိန်က အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော **ဥပဒေဆိုင်ရာ အထောက်အကူပေးရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်း**နှင့် စပ်လျဉ်း၍ လွှတ်တော်က လက်ခံအတည်ပြုပေးနိုင်ရန် ဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အဆိုပါ ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒရယူပြီး အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုကြောင်းနှင့် လွှတ်တော်နှစ်ရပ်လုံးက သဘောတူခြင်းဖြစ်၍ ပြည်ထောင်စုလွှတ်တော်က အတည်ပြုသည်ဟု မှတ်ယူပြီး ၂၀၁၃ ခုနှစ် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ-၁၉၄၊ နည်းဥပဒေခွဲ(က)၊ (ဂ) နှင့် (ဃ) တို့အရ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာသည်။

ယင်းနောက် **ပေါင်မဲဆန္ဒနယ်မှ ဒေါ်မိကွန်ချမ်း၏ မွန်ပြည်နယ်၊ မော်လမြိုင်မြို့နယ်နှင့် ချောင်းဆုံမြို့နယ်တို့အကြား သံလွင်မြစ်ပေါ်တွင် ထိုးထားသည့် တံတားအမည်အား အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်း၏ အမည်နာမဖြင့် ဂုဏ်ပြုသတ်မှတ်ပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းသည့် အဆို**နှင့်စပ်လျဉ်း၍ **မင်းကင်းမဲဆန္ဒနယ်မှ ဦးမောင်မြင့်** က လွှတ်တော်၏ အဓိက တာဝန်နှစ်ရပ်မှာ (၁)ဥပဒေပြုခြင်း၊ (၂) အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အဖွဲ့အစည်းများ၏ ဆောင်ရွက်ချက်များကို အပြန်အလှန်ထိန်းကျောင်းခြင်းတို့ဖြစ်ပါကြောင်း၊ တံတားကို အမည်ပေးခြင်းသည် အစိုးရ၏ တာဝန်ဖြစ်ပါကြောင်း၊ တံတားအမည်ပေးခြင်းကိစ္စရပ်သည် ပြည်သူကို ဗဟိုပြုခြင်းမဟုတ်ဘဲ လွှတ်တော်က မဲအသာဖြင့် အတည်ပြုသည့် နာမည်ကိုသာ အသိအမှတ်ပြုရမည်ဆိုခြင်းသည် ဗဟိုဦးစီးစနစ်ဖြစ်ပါကြောင်း၊ ဗိုလ်ချုပ်အား ဂုဏ်ပြုလိုလျှင် မြန်မာနိုင်ငံရှိ အကြီးဆုံးနှင့် အရှည်ဆုံးတံတားကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပြောင်းပေးရန် အဆိုတင်သွင်းပါက အပြည့်အဝထောက်ခံမည်ဖြစ်ပါကြောင်း၊ ယခုကဲ့သို့ မြို့နယ်တစ်ခုကိုသာ ဆက်သွယ်ပေးသည့် ခပ်ရှယ်ရှယ်တံတားတစ်စင်း၊ သာမန်တံတားတစ်စင်းကို ဗိုလ်ချုပ်အောင်ဆန်းတံတားဟု အမည်ပေးခြင်းအား ကန့်ကွက်ပါကြောင်း ဆွေးနွေးသည်။

**ကလေးမဲဆန္ဒနယ်မှ ဒေါ်အေးအေးမူ (ခ)ဒေါ်ရှားမီးက** တိုင်းပြည်ကို စစ်မှန်သည့် ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စုသစ်အဖြစ် အသစ်တစ်ဖန်

*စာမျက်နှာ ၈ သို့*

# ၂၀၁၆ ခုနှစ်အတွင်း ပြည်သူများထံမှ လယ်ယာမြေကိစ္စနှင့် စပ်လျဉ်း၍ တိုင်ကြားစာ ၁၅၇၅ စောင် လက်ခံရရှိခဲ့

**နေပြည်တော် မတ် ၁၄**

ယနေ့နံနက်ပိုင်းတွင် ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၈)ရက်မြောက်နေ့တွင် အမျိုးသားလွှတ်တော် ကော်မတီ (၁၅)ခုတို့၏ တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်များပါဝင်သော အစီရင်ခံစာများကို ဖတ်ကြားတင်သွင်းကြသည်။

တိုင်းရင်းသားရေးရာ ကော်မတီအဖွဲ့ဝင် ဒေါ်သီရိရတနာက **"အမျိုးသားလွှတ်တော် တိုင်းရင်းသားရေးရာ ကော်မတီ"** ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် လွှတ်တော်ကော်မတီများ၏ ကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူးနှင့် အဖွဲ့ဝင်များ ပြောင်းလဲတာဝန်ပေးခြင်းတို့ကို လွှတ်တော်သက်တမ်း ၅ နှစ်အတွင်း အများဆုံး ၂ ကြိမ်ခန့်သာ ပြောင်းလဲသင့်ပါကြောင်း၊ သို့မှသာ လွှတ်တော်ကိုယ်စားလှယ်များအနေဖြင့် မိမိတာဝန်ကျရာ ကော်မတီများ၏ လုပ်ငန်းတာဝန်များကို ပိုမိုထိတွေ့ပြီး ကော်မတီတာဝန်များကို ထိရောက်ပိုင်နိုင်စွာ ထမ်းဆောင်နိုင်ကြမည်ဖြစ်ပါကြောင်း။

ကော်မတီသည် တိုင်းရင်းသားတို့၏ ကိစ္စရပ်များဆောင်ရွက်ရန် ရည်ရွယ်၍ ဖွဲ့စည်းထားခြင်း ဖြစ်သောကြောင့် တိုင်းရင်းသားတို့၏ ဘဝအခြေအနေအမှန်ကိုသိရှိရန် လိုအပ်သကဲ့သို့ တိုင်းရင်းသားအသီးသီး၏ စာပေ၊ ယဉ်ကျေးမှုများကို ထိတွေ့ဆက်ဆံရန် လိုအပ်ပြီး ပျောက်ကွယ်လုနီးပါးဖြစ်နေသော တိုင်းရင်းသားလူမျိုးတို့၏ အခြေအနေအား မျက်ခြည်မပြတ် လေ့လာဖော်ထုတ်သင့်ပါကြောင်း။

လွှတ်တော်တွင် ဖွဲ့စည်းထားရှိပြီးဖြစ်သော ကော်မတီများအနေဖြင့် လက်ရှိအစိုးရ သက်တမ်းကာလအတွင်း ဖွဲ့စည်းထားရှိသော ဝန်ကြီးဌာနများ၏ ဝန်ကြီးဌာနအမည်များအတိုင်း ကော်မတီများကို ဖွဲ့စည်းတာဝန်ပေးအပ်ခြင်းဖြင့် လွှတ်တော်ကော်မတီများနှင့် သက်ဆိုင်ရာ ဝန်ကြီးဌာနများအကြားတွင် ဆက်သွယ်မှုမြန်ဆန်စွာ ဆောင်ရွက်နိုင်မည်ဖြစ်ပါကြောင်း။

အမျိုးသားလွှတ်တော်၊ တိုင်းရင်းသားရေးရာကော်မတီသည် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၏ လမ်းညွှန်မှုကို ခံယူ၍ အမျိုးသားရင်ကြားစေ့ရေး၊ ပြည်တွင်းငြိမ်းချမ်းရေးနှင့် တိုင်းရင်းသားများ၏ အခွင့်အရေးများ ကာကွယ်စောင့်ရှောက်ပေးနိုင်ရန်နှင့် တိုင်းရင်းသားများ၏ ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များကို ကူညီဖော်ဆောင်ပေးမည့် ကော်မတီတစ်ရပ်ဖြစ်စေရန် ကော်မတီ၏ လုပ်ငန်းတာဝန်များကို ကျေပွန်စွာ ကြိုးစားဆောင်ရွက်လျက်ရှိပါကြောင်း ဖတ်ကြားသည်။

တောင်သူလယ်သမား ရေးရာ ကော်မတီအတွင်းရေးမှူး ဦးစိုးဝင်းက **"အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာကော်မတီ"** ၏ လုပ်ငန်းဆောင်ရွက်ချက်အစီရင်ခံစာကို ဖတ်ကြားတင်သွင်းရာတွင် အမျိုးသားလွှတ်တော် တောင်သူလယ်သမားရေးရာ ကော်မတီသည် ကော်မတီစတင်ဖွဲ့စည်းပြီးနောက် ၂၀၁၆ ခုနှစ်အတွင်း ပြည်သူများထံမှ လယ်ယာမြေကိစ္စနှင့် စပ်လျဉ်း၍ တိုင်ကြားစာ ၁၅၇၅ စောင် လက်ခံရရှိခဲ့ပြီး တိုင်ကြားစာများအပေါ် လက်ခံရရှိကြောင်းနှင့် သင့်တော်သလို ဆောင်ရွက်ပေးသွားမည်ကို တိုင်ကြားသူများထံ ပြန်ကြားခဲ့ပါကြောင်း။

အဆိုပါ တိုင်ကြားစာများကို ကော်မတီ၏ စိစစ်တွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်များနှင့်အတူ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြခဲ့ပြီး ဥက္ကဋ္ဌ၏ လမ်းညွှန်ချက်ဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီအသီးသီးသို့ လွှဲပြောင်းပေးပို့ခဲ့ရာ ကချင်ပြည်နယ်သို့ (၇) စောင်၊ ကယားပြည်နယ်သို့ (၁) စောင်၊ စစ်ကိုင်းတိုင်းဒေသကြီးသို့ (၉) စောင်၊ တနင်္သာရီတိုင်းဒေသကြီးသို့ (၁)စောင်၊ ပဲခူးတိုင်းဒေသကြီးသို့ (၁၀) စောင်၊ မကွေးတိုင်းဒေသကြီးသို့ (၁၁)စောင်၊ မန္တလေးတိုင်းဒေသကြီးသို့ (၁၄) စောင်၊ မွန်ပြည်နယ်သို့ (၁) စောင်၊ ရခိုင်ပြည်နယ်သို့ (၁၅)စောင်၊ ရန်ကုန်တိုင်းဒေသကြီးသို့ (၃၄)စောင်၊ ရှမ်းပြည်နယ်သို့ (၈)စောင်၊ ဧရာဝတီတိုင်းဒေသကြီးသို့ (၉)စောင်နှင့် နေပြည်တော်ကောင်စီသို့ (၅)စောင် စုစုပေါင်း ၁၂၅ စောင် ပေးပို့နိုင်ခဲ့ကြောင်း။



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ မန်းဝင်းခိုင်သန်း

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌထံ တင်ပြထားဆဲ အမှုတွဲ (၁၁)စောင်၊ လိပ်စာအများအပြား ပါရှိလာသော တိုင်ကြားစာများ၊ ခိုင်လုံသည့်အထောက်အထားအချက်အလက်များ မပါရှိသော တိုင်ကြားစာများနှင့် ဤကော်မတီသို့ မိတ္တူပေးပို့လာသော ဆောင်ရွက်ရန်မလိုသည့် တိုင်ကြားစာများကို ကော်မတီ၏ ဆုံးဖြတ်ချက်ဖြင့် သိမ်းဆည်းထားသည့် တိုင်ကြားစာစောင်ရေ စုစုပေါင်း ၁၄၃၉ စောင်၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ် (မြေ/ပြန်စစ်)မှ ဖြေရှင်းဆောင်ရွက်ပြီး၍ ကော်မတီသို့ ပြန်လည်ပေးပို့လာသည့် ပြန်ကြားစာ (၅)စောင်နှင့် အဆိုပါပြန်ကြားစာ (၅)စောင်ကို ပြန်လည်လေ့လာသုံးသပ်ပြီး အမျိုးသားလွှတ်တော်ဥက္ကဋ္ဌထံ တင်ပြလမ်းညွှန်မှုခံယူနိုင်ရေး စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း ဖတ်ကြားသည်။

ထို့အပြင် အမျိုးသားလွှတ်တော် ပြည်သူ့ငွေစာရင်းကော်မတီ ဥက္ကဋ္ဌ ဦးစောသန်းထွန်း၊ လွှတ်တော်အခွင့်အရေးကော်မတီအတွင်းရေးမှူး ဦးမင်းဦး၊ အစိုးရ၏ အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီအဖွဲ့ဝင် ဒေါက်တာမိုးမြင့်အောင်၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်းချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကော်မတီဥက္ကဋ္ဌ ဒေါက်တာသန်းဝင်း၊ အစိုးရမဟုတ်သော ပြည်တွင်းပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီဝင် ဒေါ်မြတ်သီတာထွန်း၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဇော်လင်းထွဋ်၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ အတွင်းရေးမှူး နော်လှလှစိုး၊ ပညာရေးမြှင့်တင်မှု ကော်မတီအတွင်းရေးမှူး ဦးကျော်တုတ်၊ ပြည်တွင်းပြည်ပ အလုပ်သမားဆိုင်ရာ ကော်မတီအဖွဲ့ဝင် ဦးဥက္ကာမင်း၊ နိုင်ငံသားများ၏ မူလအခွင့်အရေး၊ ဒီမိုကရေစီအရေးနှင့် လူ့အခွင့်အရေးဆိုင်ရာ ကော်မတီဥက္ကဋ္ဌ ဒေါက်တာဒွေးကြွယ်၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ ဥက္ကဋ္ဌ ဦးကျော်သီဟ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ အတွင်းရေးမှူး ဦးလှမြင့်နှင့် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကော်မတီအဖွဲ့ဝင် ဒေါ်မမလေးတို့က ကော်မတီအလိုက် တစ်နှစ်တာ လုပ်ငန်းဆောင်ရွက်ချက်၊ လေ့လာတွေ့ရှိချက်၊ သုံးသပ်အကြံပြုချက်နှင့် ရှေ့လုပ်ငန်းစဉ်များပါဝင်သည့်ကော်မတီ၏ အစီရင်ခံစာများကို ဖတ်ကြားကြသည်။

လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်ကော်မတီများ၏ အစီရင်ခံစာများနှင့် စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ ရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာသည်။

*စာမျက်နှာ ၈ သို့*

# မုံရွာဝါကြိတ်စက်ရုံရှေ့တွင် အဆောက်အအုံသစ်များ ဆောက်လုပ်နေမှု ချက်ချင်းရပ်ပေးရန်နှင့် ငှားရမ်းခြင်းကို ရပ်စဲရန် အဆိုကို စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်တွင် မဲခွဲအတည်ပြု

**မုံရွာ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီးလွှတ်တော်သို့ မတ် ၁၀ ရက်က မုံရွာမြို့နယ် မဲဆန္ဒနယ်အမှတ်(၁) တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်အမာကြည်တင်သွင်းသော မုံရွာဝါကြိတ်စက်ရုံနှင့် ပတ်သက်သောအဆိုကို မတ် ၁၄ ရက်တွင်ပြုလုပ်သည့် ဆဋ္ဌမနေ့ အစည်းအဝေးတွင် အဆိုနှင့်စပ်လျဉ်း၍လွှတ်တော်၏အဆုံးအဖြတ်ကိုယူရာ လွှတ်တော်က အဆိုကိုအတည်ပြုကြောင်း တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက ကြေညာသည်။ အဆိုနှင့်စပ်လျဉ်း၍တက်ရောက်လာသော တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ၉၆ ဦးကိုမဲခွဲရာတွင် အဆိုကို အတည်ပြုပေးရန် လက်ခံသူ ၆၇ ဦး၊ အဆိုကို မှတ်တမ်းအဖြစ်ထားရှိရန် ဆန္ဒပြုသူတစ်ဦးနှင့် ကြားနေ ၂၆ ဦးရှိသောကြောင့် လွှတ်တော်က အဆိုကိုအတည်ပြုကြောင်း ကြေညာခြင်းဖြစ်သည်။

မုံရွာဝါကြိတ်စက်ရုံကိုမူလချုပ်ဆိုခဲ့သောစာချုပ်ပါသဘောတူချုပ်ဆိုထားချက်များကို အငှားချထားခြင်းခံရသူမှ အကောင်အထည်ဖော်မဆောင်ရွက်သည့်အပြင် မူလစာချုပ်ပါရည်ရွယ်ချက်များကိုပျက်ပြားစေသော စက်ရုံရှေ့မျက်နှာစာတွင် ထပ်မံလွှဲပြောင်းငှားရမ်းရန်အတွက် အဆောက်အအုံအသစ်များ ဆောက်လုပ်နေမှုကို ချက်ချင်းရပ်တန့်ပေးပါရန်နှင့် စာချုပ်ကို အမြန်ဆုံးဖျက်သိမ်းပြီး ငှားရမ်းခြင်းကို ရပ်စဲသင့်ကြောင်း အဆိုကို မုံရွာမြို့နယ် အမှတ်(၂) လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်ကြည်၊ ကလေးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ကိုယ်စားလှယ် ဒေါ်သန့်ဝေကျော်၊ ဒီပဲယင်းမြို့နယ် မဲဆန္ဒနယ် အမှတ်(၂)ကိုယ်စားလှယ် ဦးမိုးမင်းဝင်း၊ ရေဦးမြို့နယ် မဲဆန္ဒနယ် အမှတ်(၁) ကိုယ်စားလှယ် ဦးမြင့်ထွေးနှင့် မြင်းမူမြို့နယ် မဲဆန္ဒနယ်အမှတ်(၂) ကိုယ်စားလှယ် ဒေါ်နီလာလွင်တို့က ဆွေးနွေးထောက်ခံခဲ့ကြသည်။

ထို့နောက် အဆိုနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီး ဦးကမ်ဇာမုံက ပြန်လည်ရှင်းလင်းဆွေးနွေးရာတွင် "ကျွန်တော်ဦးဆောင်ပြီး မုံရွာဝါကြိတ်စက်ရုံကို ကွင်းဆင်း စစ်ဆေးလေ့လာ ရာမှာ စာချုပ်မှာပါတဲ့ ငှားရမ်းခနှုန်းထားတွေဟာ ခေတ်နဲ့ ကိုက်ညီမှုမရှိတော့သလို ကုမ္ပဏီရဲ့အားနည်းချက် အများကြီး ရှိနေတာကို တွေ့ရပါတယ်။ ဒါပေမယ့်တစ်ဖက်က ပြန်လည်သုံးသပ်ရင် မုံရွာဝါကြိတ်စက်ရုံငှားရမ်းတာကို ချက်ချင်းဖျက်သိမ်းလိုက်ရင် လက်ရှိတာဝန်ထမ်းဆောင်နေတဲ့ဝန်ထမ်းတွေ အခက်အခဲဖြစ်လာနိုင်သလို ကုမ္ပဏီက ရင်းနှီးမြှုပ်နှံထားတဲ့ အဆောက်အအုံပြုပြင်တာတွေ၊ တင်သွင်းထားတဲ့စက်တွေ၊ အရန်စက်ပစ္စည်းဝယ်ယူထားတာတွေ စတဲ့ နစ်နာဆုံးရှုံးမှုတွေ ဖြစ်လာနိုင်ပါတယ်။ ဒါကြောင့် အရင်စာချုပ်အဟောင်းကိုဖျက်သိမ်းပြီး ခေတ်ကာလနဲ့ကိုက်ညီတဲ့ စာချုပ်အသစ်တစ်ရပ် ပြန်လည်ပြင်ဆင်ချုပ်ဆိုခြင်း၊ ဒါမှမဟုတ် အပြီးအပိုင် ဖျက်သိမ်းခြင်းတွေအတွက် မှန်ကန်တဲ့ သတင်းအချက်အလက်တွေအပေါ်အခြေခံပြီး တိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ သဘောထားမှတ်ချက်နဲ့အတူ ပြည်ထောင်စုအဆင့် ဝန်ကြီးဌာနကို တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်" ဟု ပြောကြားသည်။

အဆိုပါဝန်ကြီး၏ဖြေကြားချက်အပေါ် အဆိုတင်သွင်းသူ ဒေါ်အမာကြည်၏သဘောထားကို လွှတ်တော်ဥက္ကဋ္ဌ ဦးသန်းက မေးမြန်းရာ ဝါကြိတ်စက်ရုံကို ပုဂ္ဂလိကကုမ္ပဏီအား ငှားရမ်းစဉ်ကတည်းက မုံရွာပြည်သူတွေအားလုံးသည် စိတ်မချမ်းမမြေ့ဖြစ်ခဲ့ရသလို အများက တင်မြှောက်ထားတဲ့ ကိုယ်စားလှယ်တွေကို



ဝါကြိတ်စက်နဲ့ပတ်သက်ပြီး ပြည်သူတင်မြှောက်တဲ့အစိုးရက စီမံခန့်ခွဲမှုကိုအလိုရှိကြကြောင်း၊ ဒီအဆိုကိုတွေ့တိုင်း တောင်းဆိုကြတဲ့အတွက် အကယ်၍ ယခု အဆိုသည် တိုင်းဒေသကြီးလွှတ်တော်မှာ အတည်ပြုချက်ရရှိမည်ဆိုလျှင် တိုင်းဒေသကြီးအစိုးရအနေဖြင့် မုံရွာမြို့ ပြည်သူများနှင့် နိုင်ငံ့အကျိုးအတွက် ဘဏ္ဍာငွေတိုးတက်ရရှိအောင် စီမံခန့်ခွဲဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ယခုစာချုပ်ကို ပြည်ထောင်စုအဆင့်မှချုပ်ဆိုခဲ့သည်မှန်သော်လည်း တိုင်းဒေသကြီးအစိုးရအဖွဲ့၏ စီမံခန့်ခွဲမှုအောက်တွင်ရှိသည့်အတွက် တိုင်းဒေသကြီးလွှတ်တော်မှ အတည်ပြုချက်ရရှိမှသာ အဓိပ္ပာယ်ရှိမည်ဖြစ်သောကြောင့် အဆိုကိုလွှတ်တော်က အတည်ပြုချက်ရဖို့ အဆုံးအဖြတ်ကို ပေးစေလိုကြောင်း ပြောကြားသည်။

ထိုသို့သဘောထားကိုတောင်းခံပြီး လွှတ်တော်ဥက္ကဋ္ဌက အဆိုနှင့်ပတ်သက်ပြီး သက်ဆိုင်ရာဝန်ကြီးက လွှတ်တော်တွင် မှတ်တမ်းတင်ပေးရန်တင်ပြလာခြင်းကို အဆိုရှင်မှ လွှတ်တော်၏ အဆုံးအဖြတ်ရယူလိုကြောင်း တင်ပြလာသည့်အတွက် တက်ရောက်လာသောလွှတ်တော်ကိုယ်စားလှယ် ၉၆ ဦး၏ မဲခွဲဆုံးဖြတ်ချက်ကိုရယူရာ အဆိုကိုအတည်ပြုပေးရန် လက်ခံသူ ၆၇ ဦး၊ အဆိုကို မှတ်တမ်းအဖြစ်ထားရှိရန် တစ်ဦးနှင့်ကြားနေ ၂၆ ဦးရှိသောကြောင့် လွှတ်တော်က အဆိုကိုအတည်ပြုကြောင်း ကြေညာခဲ့သည်။

**မျိုးဝင်းထွန်း(မုံရွာ)**

*__ပြည်သူ့လွှတ်တော်မှ__*

ပြန်လည်အားဖြည့် တည်ဆောက်နေသည့်ယနေ့အချိန်တွင် လူများစုရှိသည့် တိုင်းရင်းသားများကသာ သဘောထားကြီးကြရမည်မဟုတ်ဘဲ လူနည်းစုဖြစ်သည့် တိုင်းရင်းသားများကလည်း အသိအမှတ်ပြု လေးစားကြရမည်ဖြစ်ကြောင်း။

အမျိုးသားရင်ကြားစေ့ရေး၊ တန်းတူရေးနှင့် ဖက်ဒရယ်ဒီမိုကရေစီ ပြည်ထောင်စု တည်ထောင်ရေးကို အောင်မြင်စွာ တည်ဆောက်နိုင်ရေးအတွက် (၂၁) ရာစု ပင်လုံညီလာခံ ကျင်းပနေသည့်အချိန်လည်း ဖြစ်ပါကြောင်း၊ ထိုသို့သောအခြေအနေနှင့် အချိန်အခါကာလတွင် မွန်ပြည်နယ်အတွင်းရှိ တံတားအသစ်တစ်စင်းကို ဗိုလ်ချုပ်အောင်ဆန်းတံတားအဖြစ် အမည်ပေး အသိအမှတ်ပြုခြင်းဖြင့် အပြန်အလှန်တန်ဖိုးထားမှုများ မြင့်တက်လာပြီး တန်းတူရည်တူရှိသော ဖက်ဒရယ်ဒီမိုကရေစီပြည်ထောင်စုနိုင်ငံသစ်ကြီး တည်ဆောက်ရေးတွင် အထောက်အကူပြုနိုင်မည်ဖြစ်သည့်အတွက် အဆိုကို ထောက်ခံကြောင်း ဆွေးနွေးသည်။

ဆက်လက်၍ စေတုတ္တရာမဲဆန္ဒနယ်မှ ဦးကျော်အောင်လွင်၊ သထုံမဲဆန္ဒနယ်မှ ဒေါ်မာမာခိုင်၊ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး ဇော်ဇော်မိုး၊ လယ်ဝေးမဲဆန္ဒနယ်မှ ဦးမျိုးဇော်ဦး၊ မိုးညှင်းမဲဆန္ဒနယ်မှ ဒေါ်စန်းစန်းအိ၊ ဖားဆောင်းမဲဆန္ဒနယ်မှ ဒေါ်နန်းထွေးသူ၊ မြစ်ကြီးနား မဲဆန္ဒနယ်မှ ဦးအင်ထုံးခါးနော်ဆမ်၊ သံဖြူဇရပ် မဲဆန္ဒနယ်မှ ဦးဉာဏ်ဟိန်း၊ အင်ဂျန်းယန် မဲဆန္ဒနယ်မှ ဦးလမာနော်အောင်၊ အိမ်မဲ မဲဆန္ဒနယ်မှ ဒေါ်သန္တာ၊ တောင်ကုတ်မဲဆန္ဒနယ်မှ ဒေါ်နီနီမေမြင့်၊ ရှားတောမဲဆန္ဒနယ်မှ ဒေါ်ဝင့်ဝါထွန်းနှင့် ကလောမဲဆန္ဒနယ်မှ ဒေါ်ပြုံးကေသီနိုင်တို့က ဆွေးနွေးကြသည်။

ထို့နောက် **ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းခိုင်**က ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ တံတားများသည် အများအားဖြင့် ပြည်သူများအကြားတွင် အထင်ကရ အဆောက်အအုံများအဖြစ်တည်ရှိနေသည့် အားလျော်စွာ ဝန်ကြီးဌာနအနေဖြင့် ပြည်သူများ လွယ်ကူစွာ မှတ်သားလမ်းညွှန်အသုံးပြုနိုင်ရေးအတွက် အများအကျိုးငှာတံတားအမည်များကို လိုအပ်သလို သတ်မှတ်ပေးလျက်ရှိပါကြောင်း။

သံလွင်တံတား (ချောင်းဆုံ) တည်ဆောက်ရေးစီမံကိန်းသည် ပင်လယ်၏ အစိတ်အပိုင်းတစ်ခုဖြစ်သည့် သံလွင်မြစ်ကိုဖြတ်သန်း၍ မော်လမြိုင်မြို့နှင့် မြန်မာနိုင်ငံ၏ အဓိကကျွန်းကြီး တစ်ကျွန်းဖြစ်သည့် ဘီလူးကျွန်းဒေသ ချောင်းဆုံမြို့သို့ဆက်သွယ်ရန် တည်ဆောက်နေသည့် တံတားစီမံကိန်းဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ ပင်လယ်ဝဒေသ၌ ပထမဆုံးတည်ဆောက်သည့် တံတားဖြစ်၍ ရေရှည်တည်တံ့ခိုင်ခံ့စွာ အသုံးပြုနိုင်ရန်နှင့် နိုင်ငံတကာအဆင့်မီနိုင်ရန်အတွက် စီမံဆောင်ရွက်ခဲ့ပါကြောင်း။

အဆိုပါတံတားသည် မြန်မာနိုင်ငံ၌ သာမက ကမ္ဘာ၌ပင် အထင်ကရ တံတားကြီးအဖြစ် တည်ရှိနေမည်ဖြစ်ပါကြောင်း၊ ပထမဆုံး ပင်လယ်အစိတ်အပိုင်းတစ်ခုကို ဖြတ်သန်းတည်ဆောက်သည့် တံတားဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံ၏ အဓိကကျွန်းကြီးတစ်ကျွန်းနှင့် ပြည်နယ်သို့ ဆက်သွယ်တည်ဆောက်သည့် ဝိသေသထူးခြားသော တံတားတစ်စင်းလည်း ဖြစ်ပါကြောင်း၊ အဆိုပါတံတားသည် ပြည်သူများ၏ ပြည်ထောင်စုစိတ်ဓာတ်ကို ပိုမိုခိုင်မာလာစေမည်ဖြစ်ပြီး တံတားအမည် ကမ္ပည်းရေးထိုးရာတွင်လည်း ပြည်ထောင်စုစိတ်ဓာတ်ကို မြန်မာနိုင်ငံ၌ စတင်ဖြစ်ပေါ်လာရန် အကောင်အထည်ဖော်ဆောင်ရွက်ခဲ့သည့် အမျိုးသားခေါင်းဆောင်ကြီး၏ အမည်နာမနှင့် ထပ်တူပြုပေးခြင်းသည် သင့်လျော်မှန်မြတ်လှပါကြောင်း၊ ထို့ကြောင့် အဆိုကိုထောက်ခံပါကြောင်း ရှင်းလင်းဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏ သဘောထားဆန္ဒကို စက်ခလုတ်နှိပ်အသုံးပြုရယူရာ ထောက်ခံမဲ ၂၁၇ မဲ၊ ကန့်ကွက်မဲ ၄၃ မဲ၊ ကြားနေမဲ ၁၁၆ မဲဖြင့် အဆိုကို လွှတ်တော်က အတည်ပြုကြောင်း ကြေညာသည်။

ဆက်လက်၍ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၁၉) ရက်မြောက်နေ့ကို ၂၀၁၇ ခုနှစ် မတ်လ ၁၆ ရက်နေ့ မွန်းလွဲ ၁ နာရီခွဲတွင် ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

**မင်းဝေမွှေး(သတင်းစဉ်)**

## ပြည်တွင်းထုတ်ကုန်ကဏ္ဍတွင် နိုင်ငံခြားငွေ ချေးတာရေးနှင့် ပြည်တွင်းထုတ်ကုန်ကဏ္ဍ အရည်အသွေးတိုးတက်မြင့်မားရေး ဆွေးနွေး

**နေပြည်တော် မတ် ၁၄**

ပြည်သူ့လွှတ်တော်၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဖွံ့ဖြိုးတိုးတက်ရေးကော်မတီဥက္ကဋ္ဌ ဦးခင်အေး၊ အတွင်းရေးမှူး ဦးခင်မောင်စိုးနှင့် ကော်မတီဝင်များသည် INJYNN Development Co.,Ltd မှ မန်နေဂျင်းဒါရိုက်တာ ဦးစိုးမင်းအောင်နှင့်အဖွဲ့အား ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ လွှတ်တော်အဆောက်အအုံရေးရာဆောင် အမှတ် (I-7) အစည်းအဝေးခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်တွင်း SME လုပ်ငန်းငယ်များ အလုပ်အကိုင်ရရှိနိုင်ရေး၊ ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်သော ပြည်တွင်းထုတ်ကုန်ကဏ္ဍတွင် နိုင်ငံခြားငွေ ချေးတာရေးနှင့် ပြည်တွင်းထုတ်ကုန်ကဏ္ဍ အရည်အသွေးတိုးတက်မြင့်မားရေးဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးကြသည်။ **(သတင်းစဉ်)**

## နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်

**နေပြည်တော် မတ် ၁၄**

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေသည်။ မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျား မိုးထစ်ချုန်း ရွာနိုင်သည်။ ကချင်ပြည်နယ်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် တနင်္သာရီတိုင်းဒေသကြီးတို့တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။

(မိုး/ဇလ)

*__အမျိုးသားလွှတ်တော်မှ__*

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌက ဥပဒေကြမ်းကော်မတီ၊ ပြည်သူ့ငွေစာရင်းကော်မတီ၊ လွှတ်တော်အခွင့်အရေးကော်မတီ၊ အစိုးရ၏အာမခံချက်များ၊ ကတိများနှင့် တာဝန်ခံချက်များ စိစစ်ရေးကော်မတီ၊ နိုင်ငံတကာဆက်ဆံရေး၊ လွှတ်တော်ချင်း ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေး ကော်မတီ၊ အစိုးရမဟုတ်သော ပြည်တွင်း ပြည်ပအဖွဲ့အစည်းများဆိုင်ရာ ကော်မတီ၊ ကျန်းမာရေး၊ အားကစားနှင့် ယဉ်ကျေးမှုဆိုင်ရာကော်မတီ၊ တိုင်းရင်းသားရေးရာကော်မတီ၊ တောင်သူလယ်သမားရေးရာကော်မတီ၊ အမျိုးသမီးနှင့် ကလေးသူငယ်အခွင့်အရေးဆိုင်ရာကော်မတီ၊ ပညာရေးမြှင့်တင်မှုကော်မတီ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ၊ ပြည်သူတို့၏ တိုင်ကြားစာဆိုင်ရာကော်မတီ၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ရေလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေး ကော်မတီများတွင် အဖွဲ့ဝင်နှင့် အတွင်းရေးမှူးနေရာ ပြင်ဆင်ဖွဲ့စည်းခြင်းတို့ကို တင်ပြပြီး လွှတ်တော်၏ အဆုံးအဖြတ်ဖြင့် အတည်ပြုခဲ့သည်။

ယင်းနောက် လွှတ်တော်ဥက္ကဋ္ဌက **"သတ္တုသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဆိုင်ရာကော်မတီ"** အစား **သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဆိုင်ရာကော်မတီ"** ဟု အမည်ပြောင်းလဲခြင်း သုံးစွဲခွင့်ပြုရန် တင်ပြရာ လွှတ်တော်က သဘောတူသဖြင့် အတည်ပြုကြောင်း ကြေညာသည်။

**မော်စီ၊ နန်းအိအေးဖြိုး (သတင်းစဉ်)**

## မကွေးအသင်း AFC Cup ပြိုင်ပွဲတွင် ထပ်မံရှုံးနိမ့်

**ဖနွမ်းပင် မတ် ၁၄**

၂၀၁၇ ရာသီ AFC Cup ပြိုင်ပွဲ အုပ်စုတတိယပွဲအဖြစ် အန်ကော (ကမ္ဘောဒီးယား) နှင့် မကွေး (မြန်မာ) တို့ ယနေ့ညနေပိုင်းက ဖနွမ်းပင်မြို့ရှိ အိုလံပစ်ကွင်း၌ယှဉ်ပြိုင်ကစားရာ မကွေးအသင်းသည် (၁-၀) ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည်။

မကွေးအသင်းသည် ယခု ရှုံးပွဲကြောင့် နောက်တစ်ဆင့်တက်ရောက်ရန် အခွင့်အလမ်းနည်းပါးသွားပြီဖြစ်သည်။ ယခုပွဲတွင် အန်ကောအသင်းကို ဖိအားပေးကစားနိုင်ခဲ့သော်လည်း ရရှိသည့်အခွင့်အရေးများကို အသုံးမချနိုင်ခဲ့ခြင်းအပြင် ပထမပိုင်းတွင် ထောင့်ကန်ဘောအား ကိုယ့်ဂိုးကိုယ်သွင်းမိခဲ့သောကြောင့် ရှုံးနိမ့်ခဲ့ရခြင်းဖြစ်သည်။ မကွေးအသင်းသည် အမာခံကစားသမားအစုံအလင်ဖြင့်ပွဲထွက်ခဲ့ပြီး ပထမပိုင်းကတည်းက ဂိုးသွင်းခွင့်များဖန်တီးနိုင်ခဲ့သော်လည်း ဂိုးအဖြစ် မပြောင်းလဲနိုင်ခဲ့ပေ။ ၃၄ မိနစ်တွင် မကွေးအသင်း လက်ဆောင်ဂိုးကြောင့် အန်ကောအသင်းတစ်လုံးတည်းသော အနိုင်ဂိုးရခဲ့သည်။ ပွဲပြီးခါနီးတွင် မကွေးကွင်းလယ်လူ ဆက်ဖြိုးဝေ အနီကတ်ဖြင့် ထုတ်ပယ်ခံခဲ့ရသည်။ ယခုပွဲအပြီး သုံးပွဲစီကစားအပြီး၌ အန်ကောအသင်းက သုံးမှတ်၊ မကွေးအသင်းက တစ်မှတ်သာရရှိသေးသည်။

**ဖိုးသော်ဇင်**

# မိုဆူးလ်တွင် တိုက်ပွဲများပြင်းထန်လာ၍ ဒေသခံများစွာ ထွက်ပြေးတိမ်းရှောင်



ဟာမန်အယ်လ်အလီစစ်ဘေးရှောင်စခန်းတွင် အီရတ်နိုင်ငံသား စစ်ဘေးရှောင်ပြည်သူများအား ပေါင်မုန့်များဝေပေးနေစဉ်

**မိုဆူးလ် မတ် ၁၄**

အီရတ်တပ်ဖွဲ့သည် တီကရစ်မြစ်ပေါ်ရှိ တံတားတစ်စင်းကို ထိန်းချုပ်နိုင်ရန်အတွက် အိုင်အက်စ်စစ်သွေးကြွများအား ထိုးစစ်ဆင်တိုက်ခိုက်မှုများ ပြုလုပ်လျက်ရှိရာ ပြင်းထန်သောတိုက်ပွဲများကြောင့် အင်္ဂါနေ့တွင် အရပ်သားများစွာတို့သည် အနောက်ဘက်အိမ်နီးချင်းဒေသများ၏ ထိန်းချုပ်နယ်မြေပြင်ပသို့ ထွက်ပြေးတိမ်းရှောင်ရလျက်ရှိကြောင်း သိရသည်။

အေးခဲမှုစိုစွတ်မှုနှင့် ဆာလောင်မှုဒဏ်ကို ခံစားနေရသော်လည်း အရပ်သားများစွာတို့သည် စစ်သွေးကြွများလက်အတွင်းမှ လွတ်မြောက်ရန် ယုံကြည်ချက်ဖြင့် ထွက်ပြေးခဲ့ကြသည်။ ပြည်ထဲရေးဝန်ကြီးဌာန လျှပ်တစ်ပြက်တုံ့ပြန်ရေး ယူနစ်အဖွဲ့သည် တနင်္လာနေ့တွင် မိုးရွာသွန်းမှုကြောင့် အောင်ပွဲရရှိရန် နှောင့်နှေးကြန့်ကြာခဲ့သည်။ သို့သော် အင်္ဂါနေ့တွင်မူ ပြင်းထန်သည့် တိုက်ပွဲများပြန်လည်စတင်လာခဲ့သည်။ Iron bridge တံတားကိုထိန်းချုပ်နိုင်ရေးသည် အနိုင်အရှုံးကိုအဆုံးအဖြတ်ပေးမည့် ရလဒ်တစ်ခုဖြစ်သည်။

အစိုးရတပ်ဖွဲ့သည် တံတား၏မီတာ ၁၀၀ (ပေ၃၃၀)အကွာ အဝေးသို့ ချီတက်လာနိုင်ခဲ့ပြီဖြစ်သော်လည်း အထပ်မြင့်အဆောက်အအုံများပေါ်တွင် နေရာယူထားသည့် လက်ဖြောင့်သေနတ်သမားများ၏ ပစ်ခတ်မှုကြောင့် ထိန်းချုပ်ရန် နှောင့်နှေးကြန့်ကြာခဲ့ရကြောင်း လျှပ်တစ်ပြက်တုံ့ပြန်ရေး မီဒီယာတာဝန်ရှိသူက ရိုက်တာသတင်းဌာနသို့ ပြောကြားခဲ့သည်။

အဆိုပါတံတားအားရရှိနိုင်ခဲ့လျှင် အီရတ်အင်အားစုများသည် တီကရစ်မြစ်ကို ဆက်သွယ်ထားသည့် မိုဆူးလ်ရှိတံတားငါးစင်းအနက်သုံးခုကို ထိန်းချုပ်နိုင်ပြီဖြစ်သည်။

(ရိုက်တာ)

# အမေရိကန်လေယာဉ်တင်သင်္ဘောဝင်ရောက်မှု မြောက်ကိုရီးယားကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့

**ဝါရှင်တန် မတ် ၁၄**

အမေရိကန် လေယာဉ်တင်သင်္ဘော ကားလ်ဗင်ဆင်သည် အင်္ဂါနေ့တွင် တောင်ကိုရီးယားနှင့်အတူ ပူးတွဲစစ်ရေးလေ့ကျင့်မှုတစ်ရပ်ကို ဆင်နွှဲရန် တောင်ကိုရီးယားအရှေ့ပင်လယ်အတွင်းသို့ ရောက်ရှိလာခဲ့သည်ဖြစ်ရာ ယှဉ်ပြိုင်ဘက် မြောက်ကိုရီးယားနိုင်ငံက အကယ်၍ အဆိုပါ လေယာဉ်တင်သင်္ဘောသည် ပူးတွဲစစ်ရေးလေ့ကျင့်မှုကာလအတွင်း မြောက်ကိုရီးယားနိုင်ငံ၏ အချုပ်အခြာအာဏာ ပိုင်စိုးမှုအပေါ် ထိပါးနှောင့်ယှက်လာပါက မြောက်ကိုရီးယားနိုင်ငံအနေဖြင့် လုံးဝသက်ညှာထောက်ထားလိမ့်မည် မဟုတ်ဘဲ အမေရိကန်အား တိုက်ခိုက်မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း သတိပေးပြောဆိုခဲ့သည်။

မြောက်ကိုရီးယားနိုင်ငံနှင့် တင်းမာမှုများ မြင့်တက်နေစဉ်အတွင်း အမေရိကန်သည် ၎င်း၏စစ်အင်အားကို ပါးနပ်စွာ ခင်းကျင်းပြလိုက်သည့်အနေဖြင့် အက်ဖ် -၁၈ တိုက်လေယာဉ်များသည် အမေရိကန်လေယာဉ်တင် သင်္ဘောကုန်းပတ်ပေါ်မှ ထွက်ခွာပျံသန်းခဲ့သည်။

အမေရိကန်၏ ထိုသို့ဟန်ရေးပြမှုသည် ပြီးခဲ့သည့်နှစ်က နျူကလီးယားစမ်းသပ်မှုနှင့် ဒုံးကျည်စမ်းသပ်မှုများကို အဆက်မပြတ်လုပ်ဆောင်ခဲ့သည့် အိမ်နီးချင်း မြောက်ကိုရီးယားနိုင်ငံအား လှုပ်လှုပ်ရှားရှားဖြစ်သွားစေခဲ့သည်။

ကိုရီးယား အရှေ့ဘက်ကျွန်းဆွယ်အတွင်းသို့ အမေရိကန်တိုက်ခိုက်ရေးအဖွဲ့များ ရောက်ရှိလာမှုသည် မြောက်ကိုရီးယားနိုင်ငံအားတိုက်ခိုက်ရန် ပြင်ဆင်နေသည့် နမော်နမဲ့အကြံအစည်တစ်ခုပင်ဖြစ်ကြောင်း မြောက်ကိုရီးယားက ပြောကြားခဲ့သည်။

(ရိုက်တာ)



အမေရိကန် အက်ဖ် -၁၈ တိုက်လေယာဉ်များ ကားလ်ဗင်ဆင် သင်္ဘောကုန်းပတ်ပေါ် ဆင်းသက်နေစဉ်

# ဗီဇာသက်တမ်းကုန်နေသော မြောက်ကိုရီးယားနိုင်ငံသား ၅၀ အား ပြည်နှင်ဒဏ်ပေးမည်

**ကွာလာလမ်ပူ မတ် ၁၄**

မလေးရှားနိုင်ငံသည် ဗီဇာသက်တမ်းကုန်ဆုံးနေပြီဖြစ်သော မြောက်ကိုရီးယားနိုင်ငံသား ၅၀ အား ပြည်နှင်ဒဏ်ပေးမည်ဖြစ်ကြောင်း မလေးရှားနိုင်ငံ ဒုတိယဝန်ကြီးချုပ် အာမက်ဇာဟစ်ဟာမီဒီက မတ် ၁၄ ရက်တွင် ပြောကြားခဲ့သည်။

မလေးရှားနိုင်ငံတွင် မြောက်ကိုရီးယားနိုင်ငံခေါင်းဆောင် ကင်ဂျုံအန်း၏အစ်ကို ဝမ်းကွဲဖြစ်သူ ကင်ဂျုံနမ်အသတ်ခံရပြီးနောက် တစ်ဖက်နှင့်တစ်ဖက်နိုင်ငံသားများအား ပြည်ပထွက်ခွာခွင့် ပိတ်ပင်လိုက်ကြောင်း သိရသည်။ ထိုသို့ပိတ်ပင်လိုက်ပြီးနောက်တွင် မလေးရှားနိုင်ငံအရှေ့ပိုင်း ဆာရာဝပ်ပြည်နယ်တွင် အလုပ်လုပ်နေသော မြောက်ကိုရီးယားနိုင်ငံသား ၁၄၀ အနက် နေထိုင်ခွင့်ကုန်ဆုံးနေသော မြောက်ကိုရီးယားနိုင်ငံသား ၅၀ အား ပြည်နှင်ဒဏ်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ မြောက်ကိုရီးယားနိုင်ငံသားအများစုသည် မလေးရှားနိုင်ငံရှိ မိုင်းတွင်းလုပ်ငန်းနှင့် ဆောက်လုပ်ရေးလုပ်ငန်းများတွင် အဓိကလုပ်ကိုင်လျက်ရှိကြောင်း သိရသည်။

ဒုတိယဝန်ကြီးချုပ်အနေဖြင့် ဗီဇာသက်တမ်းကုန်ဆုံးနေသော မြောက်ကိုရီးယားနိုင်ငံသားများကို ပြုံယမ်းသို့ ပြန်ပို့မည်ဟု ပါလီမန်တွင် ပြောကြားခဲ့သော်လည်း မည်သည့်အချိန်နှင့် မည်သို့ပြန်ပို့မည့်အကြောင်းကိုမူ ထုတ်ဖော်ပြောကြားခဲ့ခြင်း မရှိကြောင်း သိရသည်။ ဗီဇာသက်တမ်းကျန်ရှိနေသေးသော မြောက်ကိုရီးယားနိုင်ငံသားများအနေဖြင့် နိုင်ငံအတွင်း ဆက်လက်နေထိုင်နိုင်ကြောင်း ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံအတွင်း အလုပ်လုပ်နေသော မြောက်ကိုရီးယားနိုင်ငံသား စုစုပေါင်း ၃၁၅ ဦးရှိကြောင်း ပြောခဲ့သည်။ မြောက်ကိုရီးယားတွင် ပြည်ပထွက်ခွာခွင့်ပိတ်ပင်ခံထားရသည့် မလေးရှားနိုင်ငံသားကိုးဦးအား ပြန်လည်ခေါ်ယူရန် တရားဝင်ဆွေးနွေးမှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ဇာဟစ်က ပြောကြားခဲ့သည်။ မလေးရှားနိုင်ငံတွင် နိုင်ငံခြားသားများဝင်ရောက်ခွင့်နှင့် ၁၀နှစ်အထိနေထိုင်ခွင့်ကို ခွင့်ပြုပေးနေသော ဒုတိယအိမ်ရာ (My Second Home) အစီအစဉ်တွင် မြောက်ကိုရီးယားနိုင်ငံသား ၁၉၁ ဦးထိ ပါဝင်နေကြောင်း သိရသည်။

(ဆင်ဟွာ)

# နယ်သာလန်အား နိုင်ငံရေးပိတ်ဆို့မှုများ တူရကီပြုလုပ်သွားမည်

**အန်ကာရာ မတ် ၁၄**

နယ်သာလန် အာဏာပိုင်များသည် ရော့တာဒမ်မြို့တွင် ဖြစ်ပွားနေသည့် အခြေခံဥပဒေ ပြင်ဆင်ရေးတွင် တူရကီနိုင်ငံရေးသမားများ ဝင်ရောက်ပါဝင်ခြင်းကို တားမြစ်ပိတ်ပင်လိုက်ပြီးနောက် တူရကီနိုင်ငံ ဒုတိယဝန်ကြီးချုပ် နူမန်ကာတယ်မက်စ်က တူရကီနိုင်ငံသည် လက်ရှိအချိန်တွင် နယ်သာလန်နိုင်ငံအပေါ် နိုင်ငံရေးပိတ်ဆို့မှုများ ပြုလုပ်သွားမည်ဖြစ်ကြောင်း ယမန်နေ့က ပြောကြားခဲ့သည်။

နယ်သာလန်အစိုးရအား တုံ့ပြန်မှုများပြုလုပ်သွားမည်ဖြစ်ကာ လက်ရှိတွင် နိုင်ငံရေးမူဘောင်များအတိုင်း ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာတယ်မက်စ်က ပြောခဲ့သည်။

တူရကီအစိုးရအနေဖြင့် နယ်သာလန်နိုင်ငံနှင့် ပတ်သက်နေသော အဆင့်မြင့်ဆက်ဆံရေးနှင့် စီစဉ်ထားသော အစည်းအဝေးပွဲအားလုံးကို ရပ်ဆိုင်းသွားမည်ဖြစ်ကြောင်း၊ ဒီဇင်ဘာတွင် ခွင့်ပြုပေးခဲ့သော နယ်သာလန်တာဝန်ရှိသူများအတွက် သံတမန်ရေးရာအရ လာရောက်လည်ပတ်ခွင့်ကိုလည်း ပယ်ဖျက်လိုက်ပြီဖြစ်ကြောင်း သိရသည်။

တူရကီအစိုးရသည် တူရကီ-နယ်သာလန် ပါလီမန်ရင်းနှီးချစ်ကြည်မှုဆိုင်ရာ အုပ်စုတစ်ခုကိုလည်း ပယ်ဖျက်သွားရန် ပါလီမန်သို့ အဆိုတင်သွင်းထားကြောင်း ဒုတိယဝန်ကြီးချုပ်က ပြောကြားခဲ့သည်။

တူရကီ နိုင်ငံ၏ တောင်းဆိုမှုများကို နယ်သာလန်က လိုက်လျောမှသာ တူရကီနိုင်ငံအပြင်ဘက်တွင် ခေတ္တရောက်ရှိနေသော တူရကီနိုင်ငံဆိုင်ရာ နယ်သာလန် သံအမတ်အား တူရကီနိုင်ငံအတွင်းသို့ ဝင်ရောက်ခွင့်ပြုမည်ဖြစ်ကြောင်း ကာတယ်မက်စ်က ပြောခဲ့သည်။

နယ်သာလန် အာဏာပိုင်များသည်လည်း တူရကီနိုင်ငံခြားရေးဝန်ကြီးအား နယ်သာလန်သို့ လာရောက်ခွင့်ပိတ်ပင်ခဲ့သည့်အပြင် တူရကီနိုင်ငံမိသားစုရေးရာဝန်ကြီးကိုလည်း မတ် ၁၁ ရက်က ရော့တာဒမ်မြို့ရှိ တူရကီကောင်စစ်ဝန်ရုံးသို့ ဝင်ရောက်ခွင့် ပိတ်ပင်ခဲ့ပြီးနောက် နှစ်နိုင်ငံ သဘောထားတင်းမာမှု များ မြင့်တက်လာလျက်ရှိကြောင်း သိရသည်။

(ဆင်ဟွာ)



ရော့တာဒမ်မြို့ ကောင်စစ်ဝန်ရုံးအပြင်ဘက်တွင် တူရကီအလံများကို ဝှေ့ယမ်းနေသော ဆန္ဒပြနေသူများကို တွေ့ရစဉ်

❒ ရှေ့စာမှ

လျှင်များ ခပ်စိပ်စိပ်လှုပ်လာခြင်းနှင့် စပ်လျဉ်းပြီး မြန်မာနိုင်ငံမြေငလျင်ကော်မတီနာယက ဒေါ်လှလှအောင်က "ငလျင်ကတော့ လှုပ်နေတာပါပဲ။ နောက်ပိုင်းက ငလျင်တိုင်းစက်တွေက အရင်ကထက် ပိုတပ်ဆင်ထားတော့ ငလျင်လှုပ်တာ ပိုသိလာတာပါ။ ငလျင်က နေရာအနှံ့ တစ်ချိန်လုံးလှုပ်နေတာပါပဲ"ဟု ဆိုသည်။

ထို့အတူ မြန်မာနိုင်ငံ မြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က "ငလျင်လေးတွေလှုပ်လို့ ငလျင်ကြီးလှုပ်နိုင်ခြေရှိလားဆိုတာ ပြောဖို့ခက်တယ်။ ပြတ်ရွေ့တစ်နေရာတည်းက လှုပ်နေတာမဟုတ်ဘူး၊ ပြတ်ရွေ့တော်တော်များများက ပျံ့နှံ့ပြီးလှုပ်တာရှိတယ်။ ပြတ်ရွေ့တော်တော်များများက လှုပ်နေတော့ သိပ်ပြီးစပ်ဆက်ပြီးပြောဖို့ခက်တယ်" ဟု ပြောသည်။

"ငလျင်လှုပ်နိုင်ခြေရှိလားဆိုရင် ရှိတယ်။ ငလျင်သေးသေးလေးတွေ လှုပ်တာထက် အတိတ်တုန်းက လှုပ်ခဲ့တဲ့ ငလျင်ကြီးတွေက ပြန်ပြီးလှုပ်မယ်ဆို လှုပ်နိုင်ခြေက တော်တော်များများရှိနေတယ်။ သတိကတော့ ထားကိုထားရမယ်။ အဓိက မြို့ကြီးတွေပေါ့။ တိုက်ကြီးလှုပ်တဲ့ ငလျင်တောင် ရန်ကုန်မြို့က တော်တော်ခံစားရတယ်။ စစ်ကိုင်းပြတ်ရွေ့ကတော့ လှုပ်မယ်ဆို ရန်ကုန်က ပိုပြီးသတိထားရမယ်" ဟု ၎င်းက ပြောသည်။

တိုက်ကြီးမြို့အနီး လှုပ်ခတ်ခဲ့သော ငလျင်သည် အနောက်ပဲခူးရိုးမပြတ်ရွေ့က လှုပ်ခတ်ခြင်းဖြစ်နိုင်ကြောင်း သမိုင်းအထောက်အထားများနှင့် ငလျင်တိုင်းကိရိယာများ တပ်ဆင်ထားသည့် မှတ်တမ်းအရ အဆိုပါပြတ်ရွေ့မှ အင်အားပြင်းထန်သည့်ငလျင်များ လှုပ်ရှားခြင်းမရှိကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က သုံးသပ်ထားသည်။

"အဲဒီလှုပ်တဲ့နေရာနားမှာ အနောက်ပဲခူးရိုးမပြတ်ရွေ့ဆိုတာရှိတယ်။ အနောက်ပဲခူးရိုးမပြတ်ရွေ့က လှုပ်တယ်လို့တော့ ယူဆတယ်။ အဲ့ဒီပြတ်ရွေ့ကနေ ငလျင်ပြင်းပြင်းထန်ထန် လှုပ်ထားတာမရှိဘူး။ မှတ်တမ်းတွေအရ အင်အားရစ်ချ်တာစကေး ၅ ပတ်ချာလည်လောက် လှုပ်ဖူးတာပဲရှိတယ်"ဟု ၎င်းက ဆိုသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက ငလျင်လှုပ်ရှားမှုများကို ပြည်သူလူထု အချိန်နှင့်တစ်ပြေးညီ သိရှိစေရန် သတင်းများထုတ်ပြန်ခြင်း၊ မြေငလျင်တိုင်းစက်များ တပ်ဆင် ခြင်း၊ သုတေသနပြုလုပ်ခြင်း၊ ဝန်ထမ်းများအား ပြည်ပပညာ ရှင်များနှင့် ပူးပေါင်းပြီး ငလျင်သင်တန်းများ ပို့ချခြင်း၊ မြေငလျင် အန္တရာယ်ကာကွယ်ရန် ဇာတ်တိုက်လေ့ကျင့်ခန်းများ ပြုလုပ်ခြင်းနှင့် ငလျင်ဆိုင်ရာ မှတ်တမ်းများ စနစ်တကျသိမ်းဆည်းခြင်းများကို ပြုလုပ်လျက်ရှိသည်။



၂၀၁၂ ခုနှစ်က သပိတ်ကျင်းမြို့၌ ရစ်ချ်တာစကေး ၆ ဒသမ ၈ ငလျင်ကြီး လှုပ်ခတ်မှုကြောင့် ဆောက်လုပ်ဆဲ ရေဝတီမြစ်ကူး ရတနာသိခ်တံတား ပြိုကျပျက်စီးခဲ့မှုအား တွေ့ရစဉ်

ထို့အတူ မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ ပြတ်ရွေ့များနှင့် စပ်လျဉ်းပြီး လေ့လာမှုများ၊ နိုင်ငံတကာပညာရှင်များနှင့် ပူးပေါင်းကာ အနောက်ဘက်တောင်တန်းက ဘော်ပြတ်ရွေ့မှ အိန္ဒိယမြေထုချပ်နှင့် ဘားမားမြေထုချပ်အတွင်းပိုင်းကို လေ့လာမှုများ ပြုလုပ်နေသည်။

"ချောက်ငလျင်တုန်းက ပြင်းအားကလည်း ပိုများတယ်။ ဇောက်နက်တာက တစ်ပိုင်းပေါ့။ ချောက်ငလျင် လှုပ်တုန်းက အဆောက်အအုံပျက်စီးမှုသိပ်မရှိဘဲ စေတီပုထိုးတွေ ပျက်တာများတယ်။ စေတီပုထိုးတွေ ငလျင်ဒဏ်ခံနိုင်မှုက သက်တမ်းရင့်လာတာဖြစ်တယ်။ အပျက်အစီးများတယ်။ အရေးကြီးတာက အဆောက်အအုံအရည်အသွေးက အရေးကြီးတယ်။ ချောက်ငလျင်ကြောင့် အပျက်အစီးပိုများတာက စေတီပုထိုးတွေ နှစ်ကြာပြီ၊ ဒါကြောင့် ပျက်စီးမှုများတာ"ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

မြန်မာနိုင်ငံမြေငလျင်သမိုင်းတွင် နှစ်ပေါင်း ၁၀၀ အတွင်း ငလျင်ကြီးတစ်ကြိမ် လှုပ်လေ့ရှိကြောင်း စစ်ကိုင်းပြတ်ရွေ့၏ အစိတ်အပိုင်းဖြစ်သည့် ပဲခူးငလျင်သည်လည်း နှစ်ပေါင်း ၈၀ နှင့် ၁၀၀ ကြား လှုပ်ရန်ခန့်မှန်းထားသည့်အတွက် လှုပ်ခတ်ရန် အခွင့်အလမ်းများရှိနေကြောင်း ဒေါက်တာမျိုးသန့်က ဆိုသည်။

"တခြား သဘာဝဘေးအန္တရာယ်တွေက ဘယ်အချိန်ဘာဖြစ်မယ်ဆိုတာ ခန့်မှန်းတွက်ချက်လို့ရတယ်၊ ငလျင်က ကြိုတင်တွက်ချက်လို့မရဘူး၊ သတိတော့ထားရမယ်၊ ကြောက်စရာတော့မလို့ဘူး၊ ခန့်မှန်းထားတဲ့နှစ်ထက် စောပြီးလှုပ်မယ်ဆိုရင်တော့ ပြင်းအားက သေးတာပေါ့၊ ငလျင်က လှုပ်ဖို့အတွက် အချိန်ကြာလေလေ ပြင်းအားကြီးလေလေပဲ၊ နှစ်ပေါင်း ၈၀ နဲ့ ၁၀၀ ကြား လှုပ်မယ်ဆိုရင် ရစ်ချ်တာစကေး ၇ ဝန်းကျင်လောက်ရှိမယ်၊ အဲဒီအချိန်မှ မလှုပ်ဘဲ နောင်နှစ် ၁၅၀၊ ၂၀၀ မှ လှုပ်မယ်ဆိုရင် ပြင်းအားပိုကြီးသွားနိုင်တယ်"ဟု မြန်မာနိုင်ငံမြေငလျင်ကော်မတီ ဒုတိယဥက္ကဋ္ဌ ဒေါက်တာမျိုးသန့်က ပြောသည်။

"ရန်ကုန်မြို့ဆိုတာ သတိထားသင့်တဲ့မြို့ပါ၊ ငလျင်လှုပ်လို့မှ မဟုတ်ဘဲ ငလျင်နဲ့ပတ်သက်ပြီဆိုရင် မြို့ကြီးလည်းဖြစ်တယ်၊ လူဦးရေလည်း ထူထပ်တယ်၊ ဖွံ့ဖြိုးမှုကလည်း မြန်ဆန်လာတော့ သတိကတော့ ထားနေရမယ်၊ ဒါက ဖွံ့ဖြိုးရေးအပိုင်းက ကြည့်တာပေါ့၊ ငလျင်လှုပ်ပြီဆိုရင် အဓိကကျတဲ့အချက်တွေက လူဦးရေထူထပ်တာ၊ အဆောက်အအုံများတာကလည်း အဓိကအချက်ပေါ့" ဟု ဒေါက်တာမျိုးသန့်က ပြောသည်။

မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနက မြေငလျင်လှုပ်ရှားမှုကို လေ့လာရန်နှင့် ငလျင်ကြောင့်ဖြစ်ပေါ်သော ဘေးအန္တရာယ်လျော့ပါးစေရန်အတွက် ၁၉၆၁ ခုနှစ်တွင် ရန်ကုန်မြို့ ကမ္ဘာအေးမြေငလျင်စခန်းကို လည်းကောင်း၊ ၁၉၆၆ ခုနှစ်တွင် မန္တလေးမြေငလျင်စခန်းကို လည်းကောင်း၊ ၁၉၈၄ ခုနှစ်တွင် စစ်တွေမြေငလျင်စခန်းကို လည်းကောင်း၊ ၁၉၈၅ ခုနှစ်တွင် ထားဝယ်မြေငလျင်စခန်းကိုလည်းကောင်း အသီးသီးတည်ဆောက်ခဲ့သည်။


မြန်မာနိုင်ငံတွင် ၁၈၃၉ ခုနှစ် အင်းဝ အမရပူရတွင် ရစ်ချ်တာစကေး ၈ ဒသမ ဝ ခန့်ရှိ ငလျင်၊ ၁၈၅၈ ခုနှစ်တွင် သရက်မြို့၌ ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့်ရှိ ငလျင်၊ ၁၉၃၀ ခုနှစ် ပဲခူးမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိ ငလျင်၊ ၁၉၃၀ ခုနှစ် ဖြူးမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၃ ခန့်ရှိ ငလျင်၊ ၁၉၄၆ ခုနှစ် တကောင်းမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၅ ခန့် ငလျင်၊ ၁၉၅၆ ခုနှစ် စစ်ကိုင်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၅ ခန့် ငလျင်၊ ၁၉၇၅ ခုနှစ် ပုဂံမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ခန့်ရှိ ငလျင်၊ ၁၉၉၁ ခုနှစ် တကောင်းမြို့တွင် ရစ်ချ်တာစကေး ၇ ဒသမ ၁ ခန့် ငလျင်၊ ၂၀၀၃ ခုနှစ် တောင်တွင်းကြီးတွင် ရစ်ချ်တာစကေး ၆ ဒသမ ၇ ခန့် ငလျင်၊ ၂၀၁၁ ခုနှစ် ရှမ်းပြည်နယ်အရှေ့ပိုင်း တာလေမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်နှင့် ၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်ကြီးများ လှုပ်ခတ်ခဲ့ကြောင်း ငလျင်မှတ်တမ်းများအရ သိရသည်။


၂၀၁၂ ခုနှစ် သပိတ်ကျင်းမြို့တွင်လှုပ်ခဲ့သည့် ရစ်ချ်တာစကေး ၆ ဒသမ ၈ ရှိ ငလျင်သည် ၁၉၄၆ ခုနှစ်က တကောင်းမြို့တွင် လှုပ်ခဲ့ပြီး နှစ်ပေါင်း ၆၀ အကြာ၌ လှုပ်ခတ်ခဲ့ခြင်းဖြစ်ကြောင်း မြန်မာနိုင်ငံမြေငလျင်ကော်မတီမှ သိရသည်။

မြေငလျင်ကြီးများ လှုပ်ပြီးနောက် နောက်ဆက်တွဲ ဘေးအန္တရာယ်များအဖြစ် နောက်ဆက်တွဲငလျင်များ၊ မြို့ပြမီးဘေးအန္တရာယ်များ၊ ရေကာတာများ ကျိုးပျက်၍ ရေကြီးခြင်းများ၊ တောင်ပြိုခြင်း၊ မြေပြိုခြင်းများ၊ ရွှံ့မီးတောင်များ ပေါက်ကွဲပန်းထွက်ခြင်းများ၊ ဆူနာမီရေလှိုင်းများ ဖြစ်ပေါ်ခြင်းများနှင့် ကောလာဟလသတင်းလွှင့်ခြင်းများ ဖြစ်ပေါ်နိုင်သည့်အတွက် သတိထားရန်လိုအပ်ကြောင်း ငလျင်ပညာရှင်များက ပြောကြားသည်။

ထူးခြားမှုအနေဖြင့် ကမ္ဘာ့မြေငလျင်များလှုပ်ခဲ့သည့် သမိုင်းတွင် ၁၉၇၅ ခုနှစ် ဖေဖော်ဝါရီ ၄ ရက်က တရုတ်ပြည်သူ့သမ္မတနိုင်ငံ မန်ချူးရီးယားပြည်နယ်တွင် ငလျင်ကြီးလှုပ်မည်ကို ငလျင်ပညာရှင်များက ကြိုတင်သတိပေးမှုများ ပြုလုပ်နိုင်ခဲ့ကြောင်း သုတေသနငလျင်မှတ်တမ်းများအရ သိရသည်။

၂၀၁၇ ခုနှစ်၊ မတ်လ(၁၃)ရက်နေ့ မြန်မာစံတော်ချိန် (၂၀)နာရီ (၄၉)မိနစ် (၀၆)စက္ကန့်အချိန်တွင် လှုပ်ရှားခဲ့သော မြေငလျင်၏ မြေပြင်ဗဟိုချက်ပြမြေပုံ




## မိုင်းရှင်းလင်းရေးနှင့် မိုင်းအသိပညာပေးရေးကိစ္စ ဆွေးနွေး

**နေပြည်တော် မတ် ၁၄**

ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒုတိယဗိုလ်ချုပ်ကြီး စိန်ဝင်းသည် UNICEF ၏ အရှေ့အာရှနှင့် ပစိဖိတ်ဒေသဆိုင်ရာ ညွှန်ကြားရေးမှူး Ms. Katharina Hulshof နှင့် အဖွဲ့အား ယနေ့ နံနက် ၁၀ နာရီတွင် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် မြန်မာနိုင်ငံတစ်ဝန်းလုံး၌ ကလေးစစ်သားပပျောက်ရေး၊ လက်နက်ကိုင်ပဋိပက္ခဖြစ်ပွားရာ နယ်မြေများအတွင်း မိုင်းရှင်းလင်းရေးနှင့် မိုင်းအသိပညာပေးရေးကိစ္စများကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## CME မှ အထွေထွေရောဂါကုဆရာဝန်များအတွက် သင်တန်းပို့ချမည်

**နေပြည်တော် မတ် ၁၄**

မြန်မာနိုင်ငံဆရာဝန်အသင်း၊ စဉ်ဆက်မပြတ် ဆေးပညာသင်ကြားရေးယူနစ် (CME)မှ အထွေထွေရောဂါကုဆရာဝန်များအတွက် Common Clinical Problems in GP(2017) သင်တန်းကို ၂၀၁၇ ခုနှစ်၊ ဧပြီလ ၈ ရက်မှ ဇူလိုင်လ ၂ ရက်နေ့အထိ စနေ/တနင်္ဂနွေနေ့များတွင် မွန်းတည့် ၁၂ နာရီမှ ညနေ ၃ နာရီအထိ သင်တန်းပို့ချမည်ဖြစ်သည်။

သင်တန်းနှင့် (၁၉)ကြိမ်မြောက် အထွေထွေရောဂါကုဆရာဝန်ညီလာခံ တွင် ပါဝင်ကူညီမည့် ဆေးကုမ္ပဏီများ တွေ့ဆုံဆွေးနွေးလိုပါသဖြင့် မတ် ၂၂ ရက် မွန်းလွဲ ၁ နာရီ တွင် မြန်မာနိုင်ငံဆရာဝန်အသင်း ခန်းမဆောင်(ဘီ)သို့ ကြွရောက်ကြပါရန်နှင့် သင်တန်းတက်ရောက်လိုသော အသင်းဝင်ဆရာဝန်များသည် ဧပြီလ ၁ ရက်မှ ၃ ရက်နေ့အထိ နံနက် ၁၀ နာရီမှ မွန်းလွဲ ၂ နာရီအတွင်း တက်ရောက်မည့်သူကိုယ်တိုင် အသင်းဝင်ကတ်၊ လိုင်စင်ဓာတ်ပုံ(၃)ပုံဖြင့် မြန်မာနိုင်ငံဆရာဝန်အသင်းတွင် စာရင်းသွင်းနိုင်ကြောင်း သိရသည်။

**(မြန်မာ့အလင်း)**

# ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းများတွင် တရားမဝင်ကုန်စည်များ တားဆီးထိန်းချုပ်ရေးဆောင်ရွက်လျက်ရှိ

**နေပြည်တော် မတ် ၁၄**

တရားမဝင် ကုန်စည်များတားဆီးထိန်းချုပ်ရေးအတွက် ရေပူနှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းတို့အား ဌာနဆိုင်ရာပူးပေါင်းအဖွဲ့များဖြင့် ၂၀၁၇ ခုနှစ်



မတ်လ ၁ ရက်နေ့တွင် စတင်ဖွင့်လှစ်ဆောင်ရွက်ခဲ့ပြီး မတ်လ ၁၃ ရက်နေ့တွင် မန္တလေး-မူဆယ် ပြည်ထောင်စုလမ်းမကြီးတစ်လျှောက်ကုန်သွယ်မှုယာဉ် ပို့ကုန် ၇၆၇ စီး၊ သွင်းကုန် ၈၁၂ စီး၊ ရန်ကုန်-မြဝတီလမ်းမကြီးတစ်လျှောက် ကုန်သွယ်မှုယာဉ်ပို့ကုန် ၆၇ စီး၊ သွင်းကုန် ၂၁၃ စီးနှင့် ကုန်စည်များသယ်ယူပို့ဆောင်လျက်ရှိသည်။

အဆိုပါ စစ်ဆေးရေးစခန်းများက တင်သွင်း/တင်ပို့သော ကုန်ပစ္စည်းများအား စစ်ဆေးလျက်ရှိရာ ၂၀၁၇ ခုနှစ် မတ် ၁၃ ရက်တွင် ရေပူအမြဲတမ်း စစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၀ ဒသမ ၃၂၄ သန်းခန့်နှင့်မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်းက တားဆီးမှုနှစ်မှု၊ ခန့်မှန်းတန်ဖိုး ငွေကျပ် ၆ ဒသမ ၆၄၄ သန်းခန့် စုစုပေါင်း လေးမှု၊ ခန့်မှန်းတန်ဖိုးငွေကျပ် ၁၀၆ ဒသမ ၉၆၈ သန်းခန့် ဖမ်းဆီးရမိကြောင်း သိရသည်။

ထူးခြားဖမ်းဆီးမှုအနေဖြင့် မတ် ၁၃ ရက်တွင် မူဆယ်မှမန္တလေးသို့ သွားရောက်မည့် ၁၂ ဘီးယာဉ်အား ရေပူအမြဲတမ်းစစ်ဆေးရေးစခန်း ပူးပေါင်းစစ်ဆေးရေးအဖွဲ့မှ စစ်ဆေးခဲ့ရာ တရားဝင်စာရွက်စာတမ်းအထောက်အထား တစ်စုံတစ်ရာ တင်ပြနိုင်ခြင်း မရှိသော ခြင်ဆေးဖျန်းဘူး (600ml ×30) (1055) Pkgs Hair Spray (350



ml ×48) (200) Pkgs နှင့်ပစ္စည်းသယ်ဆောင်သည့်ယာဉ် တစ်စီး၊ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၉၂ ဒသမ ၀၇၅ သန်းခန့်အား ဖမ်းဆီးခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

# ယာဉ်လိုင်းမှတ်တိုင်အချို့တွင် အငှားယာဉ်ငယ်အချို့ အချိန်ကြာရပ်နေမှု ရှိနေဆဲ

**ရန်ကုန် မတ် ၁၄**

ရန်ကုန်မြို့တွင်းခရီးသည်တင် ယာဉ်လိုင်းမှတ်တိုင်အချို့၌ အငှားယာဉ်ငယ်နှင့် အိမ်စီးကိုယ်ပိုင်ယာဉ်ငယ်အချို့ အချိန်ကြာမြင့်စွာ ရပ်နားမှုများလာသည်။

ယာဉ်မှတ်တိုင် မျဉ်းဝါကွက်တွင် ယာဉ်ငယ်များရပ်နားနေ၍ လိုင်းကားများလမ်းလယ်ယာဉ်ကြောတွင် ခရီးသည် အတင်အချ ပြုလုပ်နေသည်ကို မတ် ၁၃ ရက်က မြင်တွေ့ခဲ့ရသည်။

အလားတူ မှတ်တိုင်နေရာများတွင် စည်းကမ်းမဲ့ ယာဉ်ငယ်ရပ်နားသည့် ဖြစ်စဉ်များရှိ၍ ခရီးသည်များယာဉ် အတက်အဆင်းပြုလုပ်ရာတွင် အန္တရာယ်များလာနိုင်သည်။ အထူးသဖြင့် ကူးတို့ရေယာဉ်ဆိပ်ကမ်းဝင်ပေါက်များဖြစ်သည့် မော်တင်၊ စဉ့်အိုးတန်း၊ ပန်းဆိုးတန်းနှင့် ဆိပ်ကမ်းဝင်ပေါက်များအနီးရှိ ကား မှတ်တိုင်များဝန်းကျင်တွင် မြင်ရလေ့ရှိသည်။



ယာဉ်မောင်းနှင်သူများအနေဖြင့် ကားလမ်းမများပေါ်ရှိအမှတ်အသားများကို လေးစားလိုက်နာမှုရှိသည့် စိတ်ဓာတ်များရှိရန် လိုအပ်နေပြီဖြစ်သည်။ ထိုသို့သော အနေအထားမျိုးရှိလာရန်စောင့်ကြည့် အရေးယူမှုလိုအပ်နေသည်ဟု လမ်းအသုံးပြုသွားလာနေသူများက ပြောဆိုလာကြသည်။

ရန်ကုန်မြို့တွင်း ယာဉ်ပိတ်ဆို့မှု လျော့ကျစေရန်သက်ဆိုင်ရာမှ လမ်းဘေးဈေးရောင်းချခြင်း၊ ကုန်တင်ယာဉ်ကြီးများ ကုန်သေတ္တာယာဉ်သွားလာမှု နေ့ပိုင်းအချိန်ကန့်သတ်ခြင်း၊ ခရီးသည် ယာဉ်လိုင်းစနစ်သစ်ပြောင်းလဲခြင်းများရှိရာ မြို့တွင်းကားလမ်းများတွင် ယာဉ်ကြောပိတ်ဆို့မှု သိသိသာသာလျော့ကျလာသည်။ ဆက်လက်၍အငှားယာဉ်များ စည်းကမ်းတကျ မောင်းနှင်ရေး၊ မြို့တွင်းကားလမ်းများတွင် ယာဉ်ရပ်နားမှု အဆင်ပြေရန် ယာဉ်ရပ်နားခကောက်ခံမှု ဖော်ဆောင်ရေး များလိုအပ်နေသည်။ လက်ရှိမြင်တွေ့ နေရသောကားမှတ်တိုင်အချို့တွင် ယာဉ်ငယ်များ အချိန်ကြာရပ်နားနေခြင်းများကို အရေးယူမှုရှိစေလိုသည်ဟု ကြုံတွေ့ရ သူများကပြောဆိုလာကြသည်။ **ခင်ဆိုင်**

# နွေရာသီအခြေခံအားကစားသင်တန်းများဖွင့်

**ရန်ကုန် မတ် ၁၄**

လူငယ်လူရွယ်များအနေဖြင့် နွေရာသီအားလပ်ရက်အတွင်း အခြေခံအားကစားနည်းတစ်ရပ်ရပ် လေ့ကျင့်လိုက်စားခြင်းဖြင့် ကျန်းမာကြံ့ခိုင်ပြီး အရည်အချင်းမြင့်မားသည့် အားကစားသမားကောင်းများ၊ နိုင်ငံ့သားကောင်း၊ သမီးကောင်းများဖြစ်လာစေရန် ရည်ရွယ်ချက်ဖြင့် မတ် ၁၃ ရက်က ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် အောင်ဆန်းအားကစားပြိုင်ဝင်း၌ နွေရာသီအခြေခံအားကစားသင်တန်းများ ဖွင့်လှစ်ပေးကြောင်း သိရသည်။

ရှေးဦးစွာ တိုင်းဒေသကြီး လူမှုရေးဝန်ကြီး ဦးနိုင်ငံလင်းက အမှာစကားပြောကြားပြီး သင်တန်းဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များက အားကစားသရုပ်ပြသကြရာ ကရာတေးဒို၊ တိုက်ကွမ်ဒိုနှင့် ဝူရှူးအားကစားနည်းများမှ အခြေခံစုပေါင်းကစားကွက်များ၊ ရန်သူအား ပြန်လည်တိုက်ခိုက်ခြင်းများ၊ တိုက်ကွမ်ဒိုသရုပ်ပြအဖွဲ့က အခြေခံလက်သီးထိုးချက်ဖလင်ပြားကန်ချက်၊ ဝူရှူးအားကစားသမားများက အခြေခံဝူရှူးသရုပ်ပြသခြင်း၊ နန်းချွမ်၊ ဓားမောက်၊ ဂုတ်ရှည်၊ မြောက်သိုင်းအကများဖြင့် သရုပ်ပြသကြရာ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်း၊ ဒုတိယဥက္ကဋ္ဌ ဦးလင်းနိုင်မြင့်၊ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ဒုတိယအမြဲတမ်းအတွင်းဝန် ဦးကျော်ဦး၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ်များမှ ဥက္ကဋ္ဌများနှင့် တာဝန်ရှိသူများ၊ သင်တန်းအားကစားသမားများ ကြည့်ရှုအားပေးကြသည်။

ယခုနွေရာသီအားကစားသင်တန်းကို အားကစားနည်း ၃၅ မျိုးဖြင့် မြန်မာနိုင်ငံအားကစားအဖွဲ့ချုပ် အသီးသီး၏သတ်မှတ်ထားသော အားကစားလေ့ကျင့်ရေးစခန်းများ၌ ဧပြီ ၇ ရက်အထိ လေ့ကျင့်သင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်း-အေကေလင်း**

# တိုက်ကြီး မြေငလျင်လှုပ်ခတ်မှု အပျက်အစီးများ စာရင်းကောက်ယူလျက်ရှိ

**တိုက်ကြီး မတ် ၁၄**

ရန်ကုန်တိုင်းဒေသကြီး တိုက်ကြီးမြို့နယ်တွင် မတ် ၁၃ ရက် ည ၈ နာရီ ၄၉ မိနစ် ၆ စက္ကန့်က တိုက်ကြီးမြို့အနောက်တောင်ဘက် ၅ မိုင်ခန့်ကို ဗဟိုပြုလျက် အင်အားရစ်ချ်တာစကေး ၅ ဒသမ ၈ အဆင့်ရှိ အင်အားအသင့်အတင့်ရှိ မြေငလျင်လှုပ်ခတ်သွားခဲ့သည်။

မြေငလျင်လှုပ်ခတ်မှုကြောင့် တိုက်ကြီးမြို့ ရှမ်းဘက်ဘူတာလမ်း ဒေါ်ခင်အုံးမြင့် (ဦးဆင့်ဝေ) နေအိမ်အပေါ်ထပ် အုတ်နံရံပြိုကျ၍ ကြမ်းခင်းများအောက်ထပ်သို့ ပြုတ်ကျသွားပြီး မိသားစုအားလုံး တီဗွီကြည့်နေရာမှ အခင်းနှင့်အတူ အောက်သို့ ပါသွားကြောင်း သိရသည်။

"ဝုန်း---ဝုန်း ဆိုပြီး အသံကြီးကြားလာပြီး ခဏနေတော့ ကျွန်မတို့အိမ်နံရံကြီး ပြိုကျတယ်၊ ကျွန်မတို့လည်း တီဗွီကြည့်နေရင်းနဲ့ ထိုင်နေတဲ့ကြမ်းခင်းတစ်ခုလုံး ပြုတ်ကျပြီးတော့ အောက်ထပ်ကို ရောက်သွားတယ်။ သမီးလေးကတော့ သူ့ဦးလေးအပေါ် ထိုင်နေတော့ ကလေးပွေ့လျက်သား အောက်ကျသွားတယ်။ ကျွန်မတို့လည်း မီးကလည်းပျက်တော့ တအားကြောက်နေတဲ့အချိန်မှာ လူတွေကလာပြီးတော့ ဝိုင်းကူပါတယ်။ ကျွန်မတို့မိသားစုငါးယောက်ကို ဆေးရုံကို ခေါ်သွားပြီး ဆေးကုသပေးတယ်" ဟု အိမ်ရှင်သမီးဖြစ်သူ မသီတာဆင့်က ပြောသည်။

ငလျင်လှုပ်ခတ်မှုကြောင့် တိုက်ကြီးမြို့နယ်ရဲစခန်း၌ သစ်သားလိုင်းခန်းနှစ်ခန်းမှာ တစ်ခန်းလုံးဝပြိုကျသွားပြီး အုတ်နံရံနှစ်ခန်းမှာ တစ်ခန်းက အလွှာလိုက်ကွာကျကြောင်း တွေ့ရှိရသည်။ "အိမ်ထဲမှာ ကျွန်မတစ်ယောက်တည်းရှိတယ်။ ကျွန်မအမျိုးသားက တာဝန်ထမ်းဆောင်နေပါတယ်။ အသံကြီး ဝုန်းဆိုကြားတော့ ကျွန်မလည်း ကြောက်တာနဲ့ အိမ်အောက်ဆင်းပြေးတယ်။ အိမ်လည်းပြိုကျသွားပါတယ်"ဟု ရဲတပ်ကြပ်ကြီး ထွန်းတင်၏ဇနီးက ပြောသည်။

"တိုက်ကြီးရဲစခန်းဟာ ၁၉၃၀ ပြည့်နှစ်က ဆောက်ခဲ့တာပါ။ အဆောက်အအုံတွေက ဆွေးမြည့်နေပါပြီ။ အကုန်လုံးပြိုမကျတာ ကံကောင်းတယ်။ အဆောက်အအုံတချို့က အမိုးတွေ အုတ်ကြွပ်မိုးထားတော့ သစ်ရွက်တွေနဲ့မြက်ပင်တွေ ပေါက်နေပါပြီ။ ခွာလည်း မခွာရဲဘူး။ ခွာလိုက်တော့ မိုးယိုတယ်။ ပြင်ဆင်စရိတ်လည်းမရှိဘူး။ တချို့အဆောက်အအုံတွေဆိုရင် ပလတ်စတစ်မိုးပြီးတော့ နေရပါတယ်။ ဒီအတိုင်းဆက်နေရင်တော့ တစ်နေ့နေ့ အားလုံးပြိုကျ ပျက်စီးနိုင်ပါတယ်။ အန္တရာယ်လည်းရှိနိုင်ပါတယ်"ဟု တာဝန်ရှိသူတစ်ဦးက ပြောသည်။

လဝက အဆောက်အအုံ အပေါ်ထပ်အုတ်နံရံများ အက်သွားခြင်း၊ ဝရန်တာပြုတ်ကျခြင်း၊ ပြိုကျခြင်း၊ အမိုးများပြုတ်ကျခြင်းများကို တွေ့ရှိရသည်။ "အဆောက်အအုံဟာ နှစ်ပေါင်း ၁၀၀ နီးပါးရှိပြီဖြစ်တဲ့အတွက် အားလုံးအုတ်နံရံတွေ အက်နေပါတယ်။ ရုံးထဲကို ဝင်လို့မရပါဘူး။ ရုံးဝန်ထမ်းတွေတောင် ရုံးကိုဘယ်လိုတက်ရမလဲ မသိတော့ဘူး"ဟု လဝကဦးစီးမှူး ဦးဇော်ဝင်းက ပြောသည်။

တိုက်ကြီးမြို့ပေါ်ရပ်ကွက်များရှိ ဘုန်းတော်ကြီးကျောင်းအချို့ မုခ်ဦးပြိုကျခြင်း၊ အုတ်နံရံများလဲကျခြင်း၊ အချို့စေတီများ ကိုယ်လုံးတော် အက်သွားခြင်းများတွေ့ရှိရသည်။ အဆောက်အအုံပျက်စီးမှုများကို တိုင်းဗဟိုလေ့ကျင့်ရေးတပ်မှ တပ်မတော်အင်အား ၃၀ ခန့်နှင့် ကြက်ခြေနီ၊ မီးသတ်များမှ အင်အား ၆၀ ခန့်တို့က လာရောက်ရှင်းလင်းလုပ်ဆောင်ပေးလျက်ရှိကြောင်း သိရသည်။

ငလျင်လှုပ်ခတ်မှုကြောင့် ထိခိုက်ဒဏ်ရာရရှိသော လူနာ ၂၄ ဦးကို တိုက်ကြီးဆေးရုံ၌ အရေးပေါ် ဆေးကုသမှုများပြုလုပ်ပြီး နယ်မြေခံဆေးတပ်ရင်းမှ ဆေးဝါးကုသမှုများ ဆောင်ရွက်လျက်ရှိသည်။ ကိုယ်ဝန်ဆောင်လူနာတစ်ဦးနှင့် နှလုံးရောဂါလူနာ



နှစ်ဦးကို ရန်ကုန်ဆေးရုံကြီးသို့ လွှဲပြောင်းပေးအပ်ခဲ့ကြောင်း သိရသည်။

တိုက်ကြီးမြို့နယ် မြေငလျင်လှုပ်ခတ်သော မြေနေရာများသို့ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်စိုးလွင်နှင့် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးတင်ထွန်းတို့ အဖွဲ့သည် လှည့်လည်ကြည့်ရှုပြီး လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကာ တိုက်ကြီးမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ပြိုကျပျက်စီးသောအိမ်တစ်လုံးလျှင် ဆန်လေးအိတ် ကူညီပံ့ပိုးပေးမည်ဖြစ်ကြောင်းနှင့် တစ်မြို့နယ်လုံး ပျက်စီးစာရင်းကို ကောက်ယူလျက်ရှိကြောင်း သိရသည်။

**ထွန်းလှိုင်(မြိုင်)**

## ယူကေပညာရေးပြပွဲ ရန်ကုန်နှင့်မန္တလေးမြို့တို့တွင် ကျင်းပမည်

**မန္တလေး မတ် ၁၄**

ဗြိတိသျှကောင်စီ မြန်မာမှ ကြီးမှူးကျင်းပသည့် ယူကေပညာရေးပြပွဲကို ရန်ကုန်နှင့် မန္တလေးမြို့များတွင် ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။ မန္တလေးမြို့ ဆီဒိုးနားဟိုတယ်၌ မတ် ၂၃ ရက် မွန်းလွဲ ၂ နာရီမှ ညနေ ၆ နာရီထိ ကျင်းပမည်ဖြစ်ကာ ရန်ကုန်မြို့ ဆူးလေရှန်ဂရီလာဟိုတယ်၌ မတ် ၂၆ ရက်တွင် နံနက်၁၀ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ ပညာရေးပြပွဲတွင် ယူကေရှိ တက္ကသိုလ်နှင့်ကောလိပ်ပေါင်း ၂၀ မှ ကိုယ်စားလှယ်များက ကျောင်းလျှောက်ရာတွင် သိသင့်သိထိုက်သည့်အချက်များ ရှင်းလင်းပြောကြားမည်ဖြစ်သည့်အပြင် ယူကေအစိုးရမှ ပေးအပ်သော Chevening ပညာသင်ဆုနှင့် ပတ်သက်သည့်အချက်များကို မေးမြန်းဆွေးနွေးနိုင်မည့်အပြင် IELTS စာမေးပွဲကိုလည်း တစ်ပါတည်းစာရင်းပေးသွင်းနိုင်ကြောင်း သိရသည်။ **မွန်ဦးနဒီ**

# နေအိမ်များအတွင်းဝင်ရောက်၍ ခိုးမှုများအကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ရဲဘက်ပြေးတစ်ဦးအား ဖမ်းဆီးရမိအရေးယူ

**ရန်ကုန် မတ် ၁၄**

၂၀၁၅ ခုနှစ်နှင့် ၂၀၁၆ ခုနှစ်အတွင်း ဗဟန်းမြို့နယ်နှင့် ကမာရွတ်မြို့နယ်တို့ရှိ နေအိမ်များအတွင်း ဝင်ရောက်၍ ခိုးမှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့ပြီး ထွက်ပြေးတိမ်းရှောင်နေသူ ချစ်စုမ(ခ)ဆုအောင်(ခ)ပြည့်ဖြိုးအောင် (ခ)စိုးအောင်အား ဖေဖော်ဝါရီ ၁၈ ရက် ညနေ ၅ နာရီတွင် မကွေးတိုင်းဒေသကြီး တောင်တွင်းကြီးမြို့နယ်မှဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



ဎင်းသည် ၂၀၁၅ ခုနှစ် ဇွန်လအတွင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် ရွှေတောင်ကြား (၁) လမ်းရှိ နေအိမ်အတွင်းသို့ ဝင်ရောက်၍ စာကြည့်ခန်းအတွင်းမှ Rolex လက်ပတ်နာရီ တစ်လုံး၊ iPhone 5s တစ်လုံး၊ အမေရိကန် ဒေါ်လာ ၂၀ တန်ခြောက်ရွက်နှင့် ငွေကျပ် ၅၀၀၀၀ ခန့် ဝင်ရောက်ခိုးယူခြင်း၊ အောက်တိုဘာလအတွင်း ကမာရွတ်မြို့နယ် (၁၀) ရပ်ကွက် သံလွင်လမ်းရှိ နေအိမ်မှ SAMSUNG အမျိုးအစား Note Book တစ်လုံး၊ Dell အမျိုးအစား လက်ပ်တော့တစ်လုံး၊ Panasonic အမျိုးအစားကင်မရာ တစ်လုံး၊ ကျောက် များစီခြယ်ထားသည့် လေ့ာကက်သီးပါ ရွှေဆွဲကြိုးတစ်ကုံး၊ ယူရိုငွေ ၃၀၊ ထိုင်းဘတ်ငွေ ၃၅၀၀၊ စင်ကာပူဒေါ်လာ ၅၀၊ ငွေကျပ် ၁၀၀၀၀ ခိုးယူခြင်း၊ ၂၀၁၆ ခုနှစ် အောက်တိုဘာလအတွင်း သံလွင်လမ်းရှိ နေအိမ်တစ်အိမ်မှ ငွေကျပ် ၈၅၀၀၀၀၊ နီလာကျောက်နှင့် စိန်များစီခြယ်ထားသည့် နားကပ်တစ်ရန်နှင့် လက်စွပ်တစ်ကွင်း ခိုးယူခြင်း၊ မေလအတွင်း ကမာရွတ်မြို့နယ် တက္ကသိုလ်ရိပ်သာလမ်းရှိ နေအိမ်အတွင်းသို့ ဝင်ရောက်၍ Android Watch နာရီနှစ်လုံး၊ GPS တစ်ခု၊ Hard Drive တစ်ခု၊ SAMSUNG Gear ဖုန်းတစ်လုံး၊ HUAWEI လက်ကိုင်ဖုန်းတစ်လုံး၊ hp အမျိုးအစား လက်ပ်တော့တစ်လုံးနှင့် DVD တစ်ချပ် ခိုးယူခြင်း၊ နိုဝင်ဘာလအတွင်း ဗဟန်းမြို့နယ် ရွှေတောင်ကြား (၁) ရပ်ကွက် ငွေဝတ်မှုံလမ်းရှိ နေအိမ်တစ်အိမ်မှ SONYစာတန်းပါအိတ်နှင့်လက်ပ်တော့ တစ်လုံး၊ iPhone 6 plus တစ်လုံးနှင့် ငွေကျပ်ငါးသိန်းခိုးယူခြင်းများ ကျူးလွန်ပြီး ထွက်ပြေးတိမ်းရှောင်နေသူဖြစ်ကြောင်း သိရသည်။

စစ်ဆေးချက်အရ ဎင်းသည် ၂၀၁၅ ခုနှစ် ဩဂုတ်လအတွင်းက ကမာရွတ်မြို့နယ် သံလွင်လမ်းရှိ နေအိမ်တစ်အိမ်မှ Lenovo အမျိုးအစား လက်ပ်တော့ တစ်လုံး၊ အောက်တိုဘာလအတွင်းက သံလွင်လမ်းဘေ်ပင် Mac Book air တစ်လုံးနှင့် ရွှေရောင်နာရီတစ်လုံး ခိုးယူခဲ့ကြောင်း ထပ်မံပေါ်ပေါက်ခဲ့သည်။

ထို့အပြင် ၂၀၀၅ ခုနှစ်၊ ၂၀၀၆ ခုနှစ်၊ ၂၀၀၇ ခုနှစ်နှင့် ၂၀၁၂ ခုနှစ်အတွင်း လှိုင်မြို့နယ်၊ သဃ်န်းကျွန်းမြို့နယ်နှင့် မရမ်းကုန်းမြို့နယ်တို့တွင် ခိုးမှုများ အကြိမ်ကြိမ်ကျူးလွန်ခဲ့သဖြင့် ထောင်ဒဏ်များကျခံနေရစဉ် ၂၀၁၃ ခုနှစ် မတ် ၂၀ ရက်တွင် လှည်းကူးမြို့နယ် မင်းကုန်း ရဲဘက်စခန်းမှ ထွက်ပြေးလွတ်မြောက်နေသူဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဎင်းကျူးလွန်ခဲ့သော အမှုများမှ ပါဆုံးခဲ့သည့် သက်သေခံပစ္စည်းများအား ပြန်လည်သိမ်းဆည်းခဲ့ရာ iPhone 5s လက်ကိုင်ဖုန်းတစ်လုံး၊ SAMSUNG Note Book တစ်လုံး၊ အရည်ကျိုထားသော ရွှေတုံးတစ်တုံး၊ နီလာတစ်ပွင့်နှင့် စိန်အသေး ၁၀ လုံး၊ ပစ္စည်းများပေါင်နှံ ရောင်းချထားသည့် ဘောက်ချာတစ်ရွက်၊ နီလာနှင့် စိန်များစီခြယ်ထားသော နားကပ်တစ်ရန်နှင့် လက်စွပ်တစ်ကွင်း၊ SONY စာတန်းပါအိတ်နှင့် လက်ပ်တော့ တစ်လုံး၊ iPhone 6 Plus လက်ကိုင်ဖုန်းတစ်လုံး၊ Android Watch အမျိုးအစား လက်ပတ်နာရီတစ်လုံး၊ Mac Book air တစ်လုံး၊ Lenovo လက်ပ်တော့တစ်လုံးနှင့် Emporio Armani ရွှေရောင်နာရီတစ်လုံးတို့အား ပြန်လည်သိမ်းဆည်းရမိခဲ့ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

# အမြန်လမ်းမကြီး၌ ယာဉ်မတော်တဆမှု နှစ်ကြိမ်ဖြစ်ပွား

**နေပြည်တော် မတ် ၁၄**

ရန်ကုန်-မန္တလေး အမြန်လမ်းမကြီး၏ မိုင်တိုင်အမှတ် (၆၃/၁ နှင့် ၆၃ /၂) အကြား နေပြည်တော်ဘက်မှ ရန်ကုန်ဘက်သို့ ယာဉ်မောင်း အောင်သန်းမင်း မောင်းနှင်လာသော COROLLA VAN မော်တော်ယာဉ်သည် ယနေ့နံနက် ၀၀ နာရီ မိနစ် ၂၀ ခန့်တွင် ယာဉ်မောင်း အိပ်ငိုက်ပြီး အရှိန်မထိန်းနိုင်ဘဲ လမ်းလယ်ကပ်တုံးတိုက်မိပြီး လမ်းလယ်ကျွန်းပေါ်သို့ ရောက်ရှိရပ်တန့်မှု ဖြစ်ပွားခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါလာသူများ ထိခိုက်ဒဏ်ရာ ရရှိမှုမရှိသော်လည်း ယာဉ်မှာ အနည်းငယ်ပျက်စီးသွားသည်။ သို့ဖြစ်၍ ယာဉ်မောင်းအား အုတ်သျှစ်ကုန်း အမြန်လမ်းရဲတပ်ဖွဲ့က အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

အလားတူ ယနေ့နံနက် ၁ နာရီက မိုင်တိုင်အမှတ် (၁၇၅/၆ နှင့် ၁၇၅ /၇) အကြား ရန်ကုန်ဘက်မှ နေပြည်တော်ဘက်သို့ ယာဉ်မောင်း ဦးခင်ကျော် မောင်းနှင်လာသော CALDING ယာဉ်မှာ အမြန်လမ်းမကြီးအား ဖြတ်ကူးသော ကျွဲတစ်ကောင်အားတိုက်မိပြီး မော်တော်ယာဉ်မှာ လမ်းလယ်ကျွန်းပေါ်ရောက်ရှိ ရပ်တန့်ခဲ့သည်။

ဖြစ်စဉ်ကြောင့် ယာဉ်ပေါ်ပါသူများ ထိခိုက်မှုမရှိသော်လည်း ကျွဲမှာ နောက်ခြေထောက်နှစ်ချောင်းကျိုးပြီး ဝမ်းဗိုက်စုတ်ပြဲဒဏ်ရာရရှိသွားခဲ့သည်။

သို့ဖြစ်၍ အမြန်လမ်းမပေါ်တွင် တိရစ္ဆာန်များလွှတ်ထားခွင့်မရှိပါ၍ အမြန်လမ်းမကြီးများ ဥပဒေပုဒ်မ (၁၈)အရ အမှုဖွင့်ပြီး ကျွဲပိုင်ရှင်အား စုံစမ်းလျက်ရှိကြောင်း အမြန်လမ်းရဲတပ်ဖွဲ့မှ သိရသည်။

**သန်းဦး (လေးမျက်နှာ)**

## သင့်ကြောင့် မီးမလောင်ပါစေနှင့်

# ပွင့်ဖြူမြို့ ကျောင်းတော်ရာကျေးရွာတွင် မီးလောင်မှုဖြစ်ပွား

**ပွင့်ဖြူ မတ် ၁၄**

မင်းဘူးခရိုင် ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ ကျေးရွာတွင် မတ် ၁၄ ရက် နံနက်ပိုင်းက မီးလောင်မှုဖြစ်ပွားခဲ့သည်။



ဖြစ်စဉ်မှာ ပွင့်ဖြူမြို့နယ် ကျောင်းတော်ရာ ကျေးရွာအုပ်စု မြို့မ (၁)လမ်းနေ ဦးမြသန်းကို၏နေအိမ်မှ ခြင်ဆေးထွန်းရာမှ မတ် ၁၄ ရက် နံနက် ၀၀ နာရီ ၃၀ မိနစ်တွင် မီးစတင်လောင်ကျွမ်းခဲ့ပြီး နေအိမ်တစ်လုံးသို့ ကူးစက်လောင်ကျွမ်းခဲ့သဖြင့် ဒေသခံများ၊ မီးသတ်တပ်ဖွဲ့ဝင်များက မီးငြိမ်းသတ်ခဲ့ရာ မီးညွန့်ကျိုးခဲ့ပြီး ပွင့်ဖြူမြို့နယ် မီးသတ်စခန်းမှ ရောက်ရှိလာသော မီးသတ်ယာဉ်များက ဆက်လက်မီးငြိမ်းသတ်ခဲ့ရာ နံနက် ၁ နာရီ မိနစ် ၂၀ တွင် မီးလုံးဝငြိမ်းသတ်နိုင်ခဲ့သည်။

မီးလောင်မှုကြောင့် လူနှင့် တိရစ္ဆာန် ထိခိုက်ဒဏ်ရာရသေဆုံးခြင်းမရှိကြောင်း၊ မီးဘေးသင့် အိမ်ထောင်စု နှစ်စုမှ အမျိုးသားလေးဦး၊ အမျိုးသမီးငါးဦးတို့မှာ ဎင်းတို့၏ ဆွေမျိုးသားချင်းများအိမ်တွင် ခေတ္တနေထိုင်လျက်ရှိသည်။ မီးလောင်မှုနှင့်ပတ်သက်၍ မီးပေါ့ဆစွာ အသုံးပြုသူ ဦးမြသန်းကိုအား ပွင့်ဖြူမြို့နယ် လယ်ကိုင်နယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်ထားကြောင်း သိရသည်။ **သူရထွန်း(ပွင့်ဖြူ)**




## အိတ်ဖွင့်တင်ဒါတင်သွင်းမည့်ရက် တိုးမြှင့်ပြင်ဆင်သတ်မှတ်ခြင်း

၁။ (၃-၃-၂၀၁၇)ရက်ထုတ်ဝေသော မြန်မာ့အလင်းနှင့်ကြေးမုံ သတင်းစာတို့တွင် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်မှ အိတ်ဖွင့်တင်ဒါကြော်ငြာ ခေါ်ယူခဲ့သည့် မြေသားပြုပြင်ခြင်းလုပ်ငန်း၊ ခြံစည်းရိုးကာရံခြင်းလုပ်ငန်း၊ Transformer နှင့် ပြင်ပလျှပ်စစ်လုပ်ငန်းများနှင့်ပတ်သက်၍ တင်ဒါလျှောက်လွှာတင်သွင်းမည့်ရက်အား ၂၁-၃-၂၀၁၇ရက်(အင်္ဂါနေ့) ၁၂း၃၀နာရီ နောက်ဆုံးထားတင်သွင်းနိုင်ပါကြောင်း ရက်တိုးမြှင့်ပြင်ဆင်သတ်မှတ်လိုက်ပါသည်။ ၂၁-၃-၂၀၁၇ရက် (အင်္ဂါနေ့) ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါသည်။

၂။ အဆိုပါလုပ်ငန်းများ(၃)ခုနှင့်ပတ်သက်၍ လိုအပ်သည့်အသေးစိတ်အချက်အလက်များအား ၁၆-၃-၂၀၁၇ရက်(ကြာသပတေးနေ့) ၁၄း၀၀ နာရီတွင် ပုသိမ်မြို့၊ ဧရာရွှေဝါခန်းမ၌ ထုတ်ပေးမည်ဖြစ်ပါကြောင်းနှင့် ကျန်တည်ဆောက်ရေးလုပ်ငန်းများအား မူလသတ်မှတ်ထားသည့် ၁၆-၃-၂၀၁၇ရက် (ကြာသပတေးနေ့) ၁၄း၀၀နာရီတွင် တင်ဒါဖွင့်လှစ်မည်ဖြစ်ပါကြောင်း အသိပေး ကြေညာအပ်ပါသည်။

## အမည်ပြောင်း

ဒဂုံမြို့သစ် (မြောက်ပိုင်း)မြို့နယ်နေ ဦးမင်းညွန့်အောင် ၁၂/ရကန(နိုင်) ၀၀၀၆၃၀၏သမီး အထက (၂) မင်္ဂလာဒုံ (အောင်ဆန်းသူရိယလှသောင်း) ဆဋ္ဌမတန်း(က)မှ မရှင်းသန့်အောင်အား မရည်မွန်အောင်ဟု ပြောင်းလဲခေါ်ပါရန်။

**မရည်မွန်အောင်**

## ပျောက်ဆုံးကြောင်း

Golden Key CO.,LTD အမည်ဖြင့် သွင်းကုန်လိုင်စင် ILV/ 12-13/0387(18.6.2012)၊ အကောက်ခွန်ဦးစီးဌာန သွင်းကုန်ကြော်ငြာလွှာ အမှတ် 125471/23.7.2012 ဖြင့် တင်သွင်းထားသော ယာဉ်အမှုတွဲဖိုင် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၁-၅၅၃၇၀၀**

## မြေကွက်ရောင်းမည်

တောင်ဒဂုံ-၇၂၊ ၇၀၊ ၅၄ရပ်ကွက်ရှိ မြေကွက်၊ လှိုင်သာယာ-ရွှေလင်ပန်း ၂၃ရပ်ကွက်ရှိ မြေကွက်၊

**ဖုန်း-၀၉-၇၇၈၉၃၃၉၈၁**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 6E/9600 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်မြောက်ပိုင်း)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ်8I/9321 ယာဉ်လက်ဝယ်ရှိသူ ဦးကျော်သန်း ၉/မရတ(နိုင်) ၀၅၇၈၂၁က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။

**ကညန၊ ခရိုင်ရုံး(မြင်းခြံမြို့)**

## အများသိစေရန်ကြော်ငြာခြင်း

ကျွန်မ ဒေါ်သန်းသန်းစိုး ၁၂/မရက(နိုင်)၁၅၆၇၅၁ ဝယ်ယူပိုင်ဆိုင်ထားသည့် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် တိုးချဲ့(၁)ရပ်ကွက်၊ ဘီအမ်လမ်း၊ မြေကွက်အမှတ် (၁၇၄)အား (၄၀×၆၀)ပေရှိ မြေကွက်မှ တရားဝင်မခွဲမစိတ်ရသေးသော (၂၀×၆၀)ပေကို အရပ်စာချုပ် အဆင့်ဆင့်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပါသည်။ အဆိုပါကျွန်မဝယ်ယူပိုင်ဆိုင်ထားသော အထက်ဖော်ပြပါမြေကွက်၏ အဆက်ဆက်စာချုပ်မူရင်းများသည် ကျွန်မခရီးသွားရင်းပျောက်ဆုံးခဲ့ပါသည်။ သို့ဖြစ်ပါ၍ ကျွန်မဝယ်ယူပိုင်ဆိုင်ထားသော နေအိမ်ခြံမြေကွက်နှင့်ပတ်သက်၍ မည်သူကမှ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ အခြားတစ်နည်းနည်းဖြင့် စီမံခန့်ခွဲခြင်းမပြုလုပ်နိုင်ရန်အတွက် အများသိစေရန် ကြေညာရခြင်းဖြစ်ပါသည်။ ထိုကဲ့သို့ပြုလုပ်ခဲ့သူများရှိပါက ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာခြင်းဖြစ်ပါသည်။

**ဒေါ်သန်းသန်းစိုး ၁၂/မရက(နိုင်)၁၅၆၇၅၁**

## မွေးသက္ကရာဇ် အမှန်

အရာတော်မြို့နယ်၊ ရဲချင်းကျေးရွာနေ ဦးဝင်းနိုင်၏သမီး မမြတ်နိုးဝေ၏ မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၂၀၀၂ ဖြစ်ပါသည်။

## အမည် ပြောင်း

သန်လျင်မြို့နယ်၊ အောင်ချမ်းသာ(၃)ရပ်ကွက်နေ ဦးမျိုးမင်းအောင် ၁၂/သလန(နိုင်)၀၈၉၆၀၃၏သား မောင်အောင်မြတ်သာအား မောင်မင်းသွင်ခန့်ဟု ပြောင်းလဲခေါ်ပါရန်။ **မောင်မင်းသွင်ခန့်**

# ချယ်လ်ဆီးတို့ မန်ယူကို အနိုင်ရပြီး အကြိုဗိုလ်လုပွဲ တက်ရောက်



တစ်လုံးတည်းသော အနိုင်ဂိုးကို ချယ်လ်ဆီးအသင်းမှ ကွင်းလယ်ကစားသမား ကန်တီ သွင်းယူစဉ်

အင်္ဂလန်အက်ဖ်အေဖလား ကွာတားဖိုင်နယ် နောက်ဆုံးပွဲစဉ်ဖြစ်သော ချယ်လ်ဆီးနှင့် မန်ယူပွဲကို မတ် ၁၄ ရက် (အင်္ဂါနေ့) နံနက်ပိုင်းက စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ယှဉ်ပြိုင်ကစားခဲ့ရာ ချယ်လ်ဆီးအသင်း တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

ယင်းပွဲတွင် နှစ်သင်းစလုံး ၃-၄-၃ ကစားကွက်ဖြင့် ပွဲထွက်ခဲ့ပြီး ချယ်လ်ဆီးအသင်းသည် လူစုံပါဝင်ခဲ့ကာ တိုက်စစ်အပိုင်းတွင် ဝီလီယံ၊ ကော်စတာ၊ ဟာဇတ် အတွဲဖြင့် ပွဲထွက်ခဲ့သည်။ ပွဲပယ်ပြစ်ဒဏ်ကြောင့် တိုက်စစ်မှူး အီဗရာဟီမိုဗစ်မပါသည့် မန်ယူတိုက်စစ်အတွဲတွင် အမ်ခီတာယန်၊ ရက်ချ်ဖို့ဒ်၊ အက်ရှ်လေယန်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ ပွဲအစမှာပင် နှစ်သင်းစလုံး အကြိတ်အနယ် ယှဉ်ပြိုင်ခဲ့ပြီး ပထမပိုင်း ၃၅ မိနစ်တွင် မန်ယူကွင်းလယ်ကစားသမား ဟာရဲရား နှစ်ဝါ တစ်နီဖြင့် ထုတ်ပယ်ခံရသည်။ မန်ယူနည်းပြ မော်ရင်ဟိုသည် တစ်ယောက်လျော့သွားသဖြင့် ကစားကွက်ပြောင်းကာ ပထမပိုင်းမှာပင် လူစားလဲမှုများ ပြုလုပ်ခဲ့သည်။

ဒုတိယပိုင်း ပွဲချိန် ၅၁ မိနစ်တွင် ဝီလီယံဖန်တီးမှုမှတစ်ဆင့် ကွင်းလယ်ကစားသမား ကန်တီက ချယ်လ်ဆီးအတွက် တစ်လုံးတည်းသော အနိုင်ဂိုးကို သွင်းယူခဲ့သည်။ ယင်းပွဲတွင် ချယ်လ်ဆီးအသင်း ဘောလုံးပိုင်ဆိုင်မှုကို တစ်ယောက်အသာဖြင့် ဦးဆောင်ခဲ့ပြီး ဂိုးကန်သွင်းခွင့် အကြိမ် ၂၀ အထိ ရရှိကာ ငါးကြိမ်ဂိုးပေါက်တည့်ခဲ့သည်။ မန်ယူသည် လေးကြိမ် ကန်သွင်းခွင့်ရခဲ့ပြီး တစ်ကြိမ်သာ ဂိုးပေါက်တည့်ခဲ့သည်။

ချယ်လ်ဆီးအသင်းသည် ကန်တီ၏ သွင်းဂိုးတစ်ဂိုးဖြင့် အနိုင်ရရှိပြီး ဆီမီးဖိုင်နယ်သို့ တက်ရောက်ကာ ယင်းပွဲအပြီး စတမ်းဖို့ဒ်ဘရစ်ကွင်း၌ ဆီမီးဖိုင်နယ်ပွဲစဉ်အတွက် အသင်းများ မဲနှိုက်ရွေးချယ်ခဲ့ရာ ချယ်လ်ဆီးနှင့် စပါး၊ အာဆင်နယ်နှင့် မန်စီးတီးတို့ တွေ့ဆုံ ကာ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဆီမီးဖိုင်နယ်ပွဲစဉ်ကို ဧပြီ ၂၃ ရက်နှင့် ၂၄ ရက်တို့တွင် ယှဉ်ပြိုင်ရမည်ဖြစ်သည်။

■ သီဟ

## မြန်မာ့ရုပ်မြင်သံကြား

၁၅-၃-၂၀၁၇ (ဗုဒ္ဓဟူးနေ့)

**နံနက်ပိုင်း**

၆း၀၀ - မင်းကွန်းဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၀၀ - BreakFast News
၇း၃၀ - မြန်မာ့ငွေကြေးဈေးကွက်စကားဝိုင်း
၈း၃၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ (ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး)(စစ်ကိုင်းတိုင်းဒေသကြီး)
၉း၁၅ - သဘာဝအခြေခံခရီးသွားလုပ်ငန်း ဖွံ့ဖြိုးလာမှုနှင့်အတူ မြိတ်ကျွန်းစုရဲ့ လေးကျွန်းဆီ
၉း၃၅ - ပြည်သူ့နီတိ လျှာ (ပထမပိုင်း) ထင်လင်းညို၊ ဦးဝင်းမြိုင်၊ ကျော်ရဲကြည်၊ အောင်လံထူ (ဒါရိုက်တာ-မိုးဇော်ကို)
၁၀း၃၀ - အထွေထွေသုတနှင့် ကျန်းမာရေး
၁၄း၀၀ - ကြယ်ပွင့်များရဲ့ရင်ခုန်သံ (Alinn Young)

**ညပိုင်း**

၁၇း၁၀ - သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များ ဆက်ကပ်ပူဇော်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ
၁၇း၃၅ - MRTV Travelogue
၁၉း၁၅ - နိုင်ငံခြားဇာတ်လမ်းတွဲ **ဘဝဆိုသည်မှာ** (အပိုင်း-၃၁)
၂၀း၀၀ - ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း၊ မိုးလေဝသအခြေအနေ
၂၀း၃၅ - ၂၀၁၇ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေကြားဖြတ်ရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီ
၂၁း၁၅ - နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမတစ်နှစ်တာ (ပြည်ထောင်စုရာထူးဝန်အဖွဲ့)(စက်မှုဝန်ကြီးဌာန)
- သုခမရင်ခွင်အငြိမ့်သဘင် ရင်သွေးငယ်များအငြိမ့် (မင်းသမီး-ဇာလီထက်၊ လူရွှင်တော်-ကောင်းထက်ဇော်၊ ဝူကျို၊ သတိုး၊ သော်ဘုန်းဆက်) (ဒါရိုက်တာ-ဖုန်းမြင့်အောင်)

**မှတ်ချက်။ ။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**


**ဖခင်အမည်မှန်**

နေပြည်တော်ကောင်စီနယ်မြေ၊ ဇေယျာသီရိမြို့နယ်၊ အထက(၁)သရက်ခုံ နဝမတန်း(A)မှ မောင်ငြိမ်းချမ်းအောင်၏ ဖခင်အမည်မှန်မှာ ဦးချစ်ကြည်(ခ)ဦးမောင်ကြည် ၁၃/မဘန(နိုင်)၀၀၄၄၆၈ ဖြစ်ပါကြောင်း။

**ဦးချစ်ကြည်(ခ)ဦးမောင်ကြည်**

**ဖခင်အမည်မှန်**

စဉ့်ကူးမြို့နယ်၊ ရေတော်ကျေးရွာ၊ အထက(ခွဲ) ဆဋ္ဌမတန်းဖြေဆိုခဲ့သော မောင်ဇင်မျိုးထွန်း ၏ဖခင်အမည်မှန်မှာ ဦးမောင်မျိုး ၅/ဝလန(နိုင်)၁၂၆၄၄၀ဖြစ်ပါသည်။

**ဦးမောင်မျိုး**

**ဖခင်အမည်မှန်**

ဖားကန့်မြို့နယ်၊ ဟောင်ပါးအုပ်စုမူလတန်း လွန်တိန်းတောင် ဆဋ္ဌမတန်းမှ မောင်ဝင်းနိုင်ဦး၏ ဖခင်အမည်မှန်မှာ ဦးစံရွှေ ၁၁/စတန(နိုင်)၀၅၂၅၄၁ ဖြစ်ပါကြောင်း။

**ဦးစံရွှေ**

**ပျောက်ဆုံးကြောင်း**

ကျွန်တော်ဦးဇော်လင်းအောင် ၁၂/ဥကတ(နိုင်)၁၇၂၉၀၃၏ ကားနံပါတ် 4H/3443၏ ကမ(၃)စာအုပ်နှင့် ပရိမီယံစာအုပ်ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ကျေးဇူးဆပ်ပါမည်။

ဖုန်း-၀၉-၇၇၃၈၁၇၂၀၂၊ ၀၉-၄၂၀၀၄၂၂၈၁

**ရွှေထူးလှိုင်**

Ph: 09 450044494, 09 450044496,01-377921


# စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
# ပြည်တွင်းအခွန်များဦးစီးဌာန
# အောင်ဘာလေသိန်းဆုဌာနခွဲ

# ကြေညာချက်

## ၂၀၁၇ ခုနှစ် မတ် ၁၄ ရက်

၁။ ၂၀၁၇ခုနှစ် ဧပြီ ၁ ရက်တွင် ဖွင့်လှစ်မည့် (၁)ကြိမ်မြောက် ကျပ်၅၀၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ထုတ်ဝေထားပါသည်-

| | | |
|---|---|---|
| (က) အက္ခရာအရေအတွက် | = | ၅၂ လုံး |
| (ခ) ထီစာအုပ်ပေါင်း | = | ၄၂၅၄၅၃၆ အုပ် |
| (ဂ) ထီစောင်ရေပေါင်း | = | ၄၆၇၉၉၈၉၆ စောင် |

၂။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀၀တန် အောင်ဘာလေထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချပြီးဖြစ်ပါသည်-

| | | |
|---|---|---|
| (က) အက္ခရာအရေအတွက် | = | ၃၅ လုံးကျော် |
| (ခ) ထီစာအုပ်ပေါင်း | = | ၂၉၃၂၉၀ အုပ် |
| (ဂ) ထီစောင်ရေပေါင်း | = | ၃၂၁၅၆၂၀၁ စောင် |

၃။ (၁)ကြိမ်မြောက်အတွက် ကျပ် ၅၀၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အောက်ပါအတိုင်း ရောင်းချရန် ကျန်ရှိနေပါသည်-

| | | |
|---|---|---|
| (က) အက္ခရာအရေအတွက် | = | ၁၆ လုံးကျော် |
| (ခ) ထီစာအုပ်ပေါင်း | = | ၁၃၃၁၂၄၅ အုပ် |
| (ဂ) ထီစောင်ရေပေါင်း | = | ၁၄၆၄၃၆၉၅ စောင် |

၄။ ရောင်းချရန်ကျန်ရှိသည့် (၁)ကြိမ်မြောက် ကျပ် ၅၀၀၀တန် အရန်ထီလက်မှတ်စာအုပ်များကို အနည်းဆုံးအုပ်ရေ(၁၀၀)နှင့်အထက် ဝယ်ယူလိုပါက TF-1 ချလန်ဖြင့်ဘဏ်သို့ငွေသွင်းပြီး အောက်ပါအတိုင်းဝယ်ယူနိုင်ပါကြောင်း ကြေညာအပ်ပါသည်-

| | | |
|---|---|---|
| (က) **ရောင်းချမည့်နေရာ** | = | အောင်ဘာလေသိန်းဆုဌာနခွဲ၊ အမှတ် ၃၈၄၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ် |
| (ခ) **ရောင်းချမည့်ကာလ** | = | ၃-၃-၂၀၁၇ရက်မှ ၂၄-၃-၂၀၁၇ရက်ထိ |

**အောင်ဘာလေသိန်းဆုဌာနခွဲ**

# ၂၀၁၇ ခုနှစ်၊ မြန်မာ့ကျောက်မျက်ရတနာဥပဒေကြမ်း

**အများပြည်သူသိရှိလေ့လာအကြံပြုနိုင်ပါရန် ဖော်ပြခြင်းဖြစ်ပါသည်။**

*ယမန်နေ့မှအဆက်*

၂၇။ လိုင်စင်ရရှိသူသည်-

(က) ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ လုပ်ထုံး လုပ်နည်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လိုက်နာရမည်။

(ခ) လိုင်စင်စည်းကမ်းများကို လိုက်နာရမည်။

(ဂ) သတ်မှတ်ထားသော လိုင်စင်ခကို ပေးဆောင်ရမည်။

(ဃ) **လိုင်စင်အမျိုးအစားအလိုက်** ဝန်ကြီးဌာန **သို့မဟုတ် သက်ဆိုင်ရာတိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့၏** ခွင့်ပြုချက်ဖြင့် ကျင်းပသော ကျောက်မျက်ရတနာပြပွဲ၊ ပုဂ္ဂလိကများက အခါအားလျော်စွာ ကျင်းပပြုလုပ်သော ပြည်တွင်း ကျောက်မျက်ရတနာပြပွဲများ၊ နိုင်ငံတကာ ကျောက်မျက်ရတနာပြပွဲများနှင့် တရားဝင်ဖွင့်လှစ်ထားသော ကျောက်မျက်ရတနာဈေးနှင့်လိုင်စင်အရခွင့်ပြုသည့် ဆိုင်ခန်းနေရာများတွင်သာ ရောင်းချရမည်။

(င) ရရှိထားသော လိုင်စင်ကို တစ်ဆင့်ငှားရမ်းခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့် လွှဲပြောင်း လုပ်ကိုင်စေခြင်းမပြုရ။

၂၈။ လိုင်စင်ရရှိသူသည် -

(က) ခွင့်ပြုမိန့်ရရှိသူက ရတနာခွန်ပေးဆောင်ပြီးသော ကျောက်မျက်ရတနာအရိုင်းကို ဝယ်ယူခွင့်၊ သယ်ယူခွင့်၊ လက်ဝယ်ထားရှိခွင့်၊ ကျောက်မျက်ရတနာ အချောထည်ပြုလုပ်ခွင့်၊ လက်ဝတ်ရတနာပြုလုပ်ခွင့်နှင့် ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်း ပြုလုပ်ခွင့်များရှိသည်။

(ခ) ပုဒ်မခွဲ(က)အရဝယ်ယူထားသည့်ကျောက်မျက်ရတနာအရိုင်းကိုလည်းကောင်း၊ ပြုလုပ်ထားသောကျောက်မျက်ရတနာအချောထည်ကိုလည်းကောင်း၊ လက်ဝတ်ရတနာကို လည်းကောင်း၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သောပစ္စည်းကိုလည်းကောင်းတည်ဆဲဥပဒေများနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေပါ သတ်မှတ်ချက်များနှင့်အညီ -

(၁) ပြည်တွင်း၌လွတ်လပ်စွာသယ်ယူခွင့်ရှိသည်။

(၂) ပြည်တွင်း၌ မြန်မာကျပ်ငွေဖြင့်ဖြစ်စေ၊ နိုင်ငံခြားသုံးငွေဖြင့်ဖြစ်စေ လွတ်လပ်စွာ ရောင်းချခွင့်ရှိသည်။

(၃) ပြည်ပသို့ နိုင်ငံခြားသုံးငွေဖြင့် တင်ပို့ရောင်းချခွင့်ရှိသည်။

**အခန်း(၈)**

**တန်ဖိုးဖြတ်အဖွဲ့ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၂၉။ ဝန်ကြီးဌာနသည်-

(က) ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများနှင့် အခြားသင့်လျော်သူများ ပါဝင်သော တန်ဖိုးဖြတ်အဖွဲ့များကို လိုအပ်သည့် နေရာဒေသအလိုက် ဖွဲ့စည်းရမည်။

(ခ) တန်ဖိုးဖြတ်အဖွဲ့ကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၀။ အစိုးရဝန်ထမ်းမဟုတ်သော တန်ဖိုးဖြတ်အဖွဲ့ဝင်များသည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၃၁။ တန်ဖိုးဖြတ်အဖွဲ့၏လုပ်ငန်းတာဝန်များမှာအောက်ပါအတိုင်းဖြစ်သည်-

(က) ခွင့်ပြုမိန့်ရရှိသူကပုဒ်မ ၂၁ပုဒ်မခွဲ(ဂ)အရမိမိထံပြသသော ကျောက်မျက်ရတနာအရိုင်းများ၏အရည်အသွေး၊အရေအတွက်၊အလေးချိန် နှင့် အရွယ်အစားတို့ကို သတ်မှတ်ချက်များနှင့်အညီ မှတ်ပုံတင်ထားရှိခြင်း၊

(ခ) မှတ်ပုံတင်ထားပြီးသော ကျောက်မျက်ရတနာအရိုင်းကို သတ်မှတ်ချက်များနှင့်အညီ တန်ဖိုးသတ်မှတ်ခြင်း၊

(ဂ) ပုဒ်မခွဲ(ခ)အရ တန်ဖိုးသတ်မှတ်ချက်အပေါ် ရတနာခွန် ကောက်ခံနိုင်ရန် သက်ဆိုင်ရာဌာနနှင့် ညှိနှိုင်းဆောင်ရွက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူက ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာ အရိုင်းများကို တန်ဖိုးဖြတ်အဖွဲ့သို့ ပြသမှတ်ပုံတင်ခြင်း မပြုဘဲ မသမာမှုပြုကြောင်း သတင်းရရှိပါက ဤဥပဒေနှင့် အညီ အရေးယူဆောင်ရွက်ခြင်း၊

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

**အခန်း(၉)**

**ရတနာခွန် နှင့် ဝန်ဆောင်ခပေးဆောင်ခြင်း**

၃၂။ ခွင့်ပြုမိန့်ရရှိသူသည်ထုတ်လုပ်ရရှိသော ကျောက်မျက်ရတနာအရိုင်းကို မှတ်ပုံတင်ပြီးနောက် တန်ဖိုးဖြတ်အဖွဲ့က ပုဒ်မ ၃၁ ပုဒ်မခွဲ(ခ)အရ သတ်မှတ်သော တန်ဖိုးအပေါ် အခြေပြု၍ အောက်ပါရာခိုင်နှုန်းအတိုင်း မြန်မာငွေဖြင့် ရတနာခွန်ပေးဆောင်ရမည်-

(က) ပတ္တမြား၊ နီလာ၊ ကျောက်စိမ်း၊ စိန် ဖြစ်ပါက ၂၀ ရာခိုင်နှုန်း၊

(ခ) ပုဒ်မခွဲ(က)ပါကျောက်မျက်ရတနာများမှအပအခြားကျောက်မျက်ရတနာဖြစ်ပါက ၁၀ ရာခိုင်နှုန်း။

၃၃။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၂ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကို ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင်ရောင်းချပါက အမှန်တကယ်ရောင်းချသည့် တန်ဖိုး၏သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ်ပေးဆောင်ရမည်။

၃၄။ ခွင့်ပြုမိန့်ရရှိသူသည် ပုဒ်မ ၃၂ အရ ရတနာခွန်ပေးဆောင်ပြီးသည့် ကျောက်မျက်ရတနာအရိုင်းကိုဖြတ်တောက်ခြင်း၊သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့်ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင်ရောင်းချပါက အမှန်တကယ်ရောင်းချသည့်တန်ဖိုး၏ တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခပေးဆောင်ရမည်။

၃၅။ လိုင်စင်ရရှိသူသည် ဤဥပဒေအရ ရတနာခွန် ပေးဆောင်ပြီးသော -

(က) ကျောက်မျက်ရတနာအရိုင်းကို ဝန်ဆောင်ခပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏ သုံးရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်၊

(ခ) ကျောက်မျက်ရတနာအရိုင်းကို ဖြတ်တောက်ခြင်း၊သွေးခြင်းပြုလုပ်ပြီးသော ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ၊ ကျောက်မျက်ရတနာဖြင့် ပြုလုပ်သော ပစ္စည်းကိုဖြစ်စေ ဝန်ဆောင်ခ ပေးဆောင်ရမည့်နေရာတွင် ရောင်းချပါက အမှန်တကယ် ရောင်းချသည့်တန်ဖိုး၏တစ်ရာခိုင်နှုန်းကို ဝန်ဆောင်ခအဖြစ် ပေးဆောင်ရမည်။

**အခန်း(၁၀)**

**ကျောက်မျက်ရတနာကြီးကြပ်ရေးဗဟိုကော်မတီဖွဲ့စည်းခြင်းနှင့် လုပ်ငန်းတာဝန်များ**

၃၆။ ဝန်ကြီးဌာနသည် -

(က) သက်ဆိုင်ရာအစိုးရဌာန၊ အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ တာဝန်ရှိသူများ၊ ကျောက်မျက်ရတနာဆိုင်ရာ ပညာရှင်များ၊ ကျွမ်းကျင်သူများ၊ မြန်မာနိုင်ငံ ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်မှ ကိုယ်စားလှယ်များ ပါဝင်သည့်ကျောက်မျက်ရတနာ ကြီးကြပ်ရေးဗဟိုကော်မတီကို ဖွဲ့စည်းရမည် ။

(ခ) ပုဒ်မခွဲ (က) အရ ဖွဲ့စည်းသောဗဟိုကော်မတီကို လိုအပ်သလို ပြင်ဆင်ဖွဲ့စည်းနိုင်သည်။

၃၇။ အစိုးရဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်သည် ဝန်ကြီးဌာနက သတ်မှတ်သည့် ချီးမြှင့်ငွေနှင့် စရိတ်တို့ကို ခံစားခွင့်ရှိသည်။

၃၈။ ဗဟိုကော်မတီ၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) မြန်မာနိုင်ငံမှထွက်ရှိသော ကျောက်မျက်ရတနာများနှင့် စပ်လျဉ်း၍ နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာနှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရန်အတွက် ဆောင်ရွက်သင့်သည်များကို ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ခ) ရတနာနယ်မြေ သတ်မှတ်ခြင်း၊ ကျောက်မျက်ရတနာ လုပ်ကွက်အမျိုးအစား သတ်မှတ်ခြင်း၊ ကြမ်းခင်းဈေးနှုန်းသတ်မှတ်ခြင်း၊ ပုဒ်မ ၁၉ အရ အများသုံးမြေစာပစ်ရန် နေရာသတ်မှတ်ခြင်း၊ ပုဒ်မ ၂၀ ပါ လုပ်ငန်းသုံးနေရာအတွက် မြေအသုံးပြုခွင့်ပြုမိန့်ထုတ်ပေးခြင်း၊ မြေအသုံးပြုခွင့်ပြုမိန့်အတွက် မြေငှားရမ်းခ သတ်မှတ်ခြင်းတို့နှင့် စပ်လျဉ်း၍ ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဂ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်း၊ ရောင်းချခြင်းလုပ်ငန်းများ ချောမွေ့အောင်မြင်စေရန်အတွက် အစိုးရက ပံ့ပိုးကူညီသင့်သည်များကို ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဃ) ကျောက်မျက်ရတနာ အမျိုးအစားအလိုက် ရတနာခွန် စည်းကြပ်ခြင်းနှင့် စပ်လျဉ်း၍ အခါအားလျော်စွာသတ်မှတ်သင့်သော ရာခိုင်နှုန်းကို ဝန်ကြီးဌာနသို့ ထောက်ခံတင်ပြခြင်း၊

(င) ရတနာခွန်စည်းကြပ်ရန်အလို့ငှာ တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာတန်ဖိုး သတ်မှတ်ခြင်းနှင့် စပ်လျဉ်း၍ မကျေနပ်သူကပြင်ဆင်ပေးရန် တင်ပြချက်အပေါ် အပြီးသတ်အဆုံး အဖြတ်ပေးခြင်း၊

(စ) တန်ဖိုးဖြတ်အဖွဲ့က ကျောက်မျက်ရတနာ တန်ဖိုးကို အမှန်တကယ်ဖြစ်ထိုက်သည့် တန်ဖိုးထက် လျော့နည်း၍ လည်းကောင်း၊ ပိုမို၍ လည်းကောင်း သတ်မှတ်ထားကြောင်း သိရှိရပါက လိုအပ်သလို ပြင်ဆင်သတ်မှတ်ခြင်း၊

(ဆ) ကျောက်မျက်ရတနာများကို ပြည်တွင်း၌ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ တူးဖော်ထုတ်လုပ်ခြင်း၊ ပြည်ပသို့ သယ်ဆောင်ခြင်း၊ ရောင်းချခြင်းများကို ကာကွယ်တားဆီးနှိမ်နင်းရေးအတွက် နည်းလမ်းများရှာကြံ၍ ဝန်ကြီးဌာနသို့ အကြံပြုတင်ပြခြင်း၊

(ဇ) နိုင်ငံတော်အတွင်း ကျောက်မျက်ရတနာ၊ ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာဈေးကွက် ရာခိုင်နှုန်းပြည့်ဖြစ်ထွန်းပြီး ဖွံ့ဖြိုးတိုးတက်လာစေရေးနှင့် ရတနာခွန်များ အပြည့်အဝပေးဆောင်စေရန် အထောက်အကူပြုစေရေးတို့အတွက် ကျောက်မျက်ရတနာပြပွဲများကို ဗဟိုကော်မတီ၏ ခွင့်ပြုချက်ဖြင့် ကျင်းပစေခြင်းနှင့် ဝန်ကြီးဌာနက ခွင့်ပြုသည့် နယ်စပ်မြို့များတွင် နယ်စပ်ကုန်သွယ်ရေးစည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ကျောက်မျက်ရတနာပြပွဲများကို အသင်းချုပ်၏ ကြီးကြပ်မှုဖြင့် ကျင်းပခွင့်ပြုခြင်း၊

(ဈ) ကျောက်မျက်ရတနာ ထွက်ရှိပြီး ဈေးကွက်ဖွံ့ဖြိုးနိုင်သော နေရာဒေသများတွင်ဖြစ်စေ၊ ကျောက်မျက်ရတနာထွက်ရှိမှုမရှိသော်လည်း ဈေးကွက်ဖွံ့ဖြိုးနိုင်ဖွယ်ရှိသော နေရာဒေသများတွင်ဖြစ်စေ ကျောက်မျက်ရတနာအရောင်းအဝယ်ပြုလုပ်ရာနေရာများအား ကျောက်မျက်ရတနာဈေးအဖြစ် သတ်မှတ်ပေးနိုင်ရန် ဝန်ကြီးဌာနသို့ အဆိုပြုတင်ပြခြင်း၊

(ည) ကျောက်မျက်နည်းပညာနှင့် ပတ်သက်သော သင်တန်းကျောင်းများ၊ နိုင်ငံတကာအဆင့်မီ ကျောက်မျက်ဈေးများ၊ ကျောက်မျက်ပြတိုက်များအား ဖွင့်လှစ်ပေးခြင်း၊

(ဋ) ကျောက်မျက်ရတနာ ဈေးကွက် ကျယ်ပြန့်ဖြစ်ထွန်းစေရန် ပုဂ္ဂလိက ကျောက်မျက်ရတနာပြပွဲများကို ကျင်းပရန် တင်ပြခြင်းနှင့် ပြည်တွင်း လုပ်ငန်းရှင်များမှ ပြည်ပတွင် ကျောက်မျက်ရတနာ အချောထည်နှင့် လက်ဝတ်ရတနာပြပွဲများ ကျင်းပခြင်းကို အားပေးကူညီခြင်း။

**အခန်း(၁၁)**

**စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များ**

၃၉။ ဝန်ကြီးဌာန၊ သတ္တုတွင်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်သည် ဤဥပဒေအလို့ငှာ စစ်ဆေးရေးအရာရှိချုပ်ဖြစ်သည်။

၄၀။ စစ်ဆေးရေးအရာရှိချုပ်၏ လုပ်ငန်းတာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ဤဥပဒေအရထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်နှင့် ညွှန်ကြားချက်များကို လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့် စည်းကမ်းများကို လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့် ရရှိသူက လိုက်နာခြင်းရှိမရှိ စစ်ဆေးခြင်း၊

(ခ) ကျောက်မျက်ရတနာထုတ်လုပ်ခြင်းလုပ်ငန်းတွင် လုပ်ကိုင်လျက်ရှိသော ဝန်ထမ်းများ၊ အလုပ်သမားများ၏ ကျန်းမာသန့်ရှင်းရေး၊ ဘေးအန္တရာယ် ကင်းရှင်းရေး၊မတော်တဆဖြစ်ပွားမှုမှကာကွယ်ရေး၊ သက်သာချောင်ချိရေး စည်းကမ်းထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များကိုကြည့်ရှုစစ်ဆေးခြင်း၊

(ဂ) ကျောက်မျက်ရတနာ တူးဖော်ထုတ်လုပ်ခြင်းလုပ်ငန်းများကြောင့် ပတ်ဝန်းကျင်ထိခိုက်ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးခြင်းနှင့် သတ်မှတ်ချက်နှင့် အညီ အကောင်အထည်ဖော် ဆောင်ရွက်စေခြင်း၊

(ဃ) စစ်ဆေးရေးအရာရှိများ၏ လုပ်ငန်းတာဝန်များကို သတ်မှတ်ပေးခြင်း၊ ကြီးကြပ်ကွပ်ကဲခြင်း၊

(င) ဝန်ကြီးဌာနက အခါအားလျော်စွာ ပေးအပ်သော လုပ်ငန်းတာဝန်များကို ထမ်းဆောင်ခြင်း။

၄၁။ စစ်ဆေးရေးအရာရှိချုပ်သည် -

(က) ဝန်ကြီးဌာနလက်အောက်ရှိ သတ္တုတွင်းဦးစီးဌာန သို့မဟုတ် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေး လုပ်ငန်းတစ်ခုခုမှ သင့်လျော်သော အရာရှိများကို ဤဥပဒေ အလို့ငှာ စစ်ဆေးရေးအရာရှိများအဖြစ် တာဝန်ပေးအပ်နိုင်သည်၊

(ခ) မိမိလုပ်ပိုင်ခွင့်များကို စစ်ဆေးရေးအရာရှိများအား လွှဲအပ်၍ ဆောင်ရွက်စေနိုင်သည်။

**အခန်း(၁၂)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၄၂။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ လိုင်စင်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ သို့မဟုတ် လိုင်စင်ရရှိသူ၏ ကိုယ်စား စီမံအုပ်ချုပ်သူတစ်ဦးဦးကဖြစ်စေ၊ မြေအသုံးပြု ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ ဤဥပဒေအရထုတ်ပြန်သည့်နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များနှင့် လုပ်ထုံးလုပ်နည်းများကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်လျှင်သော်လည်းကောင်း၊ ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ပါ စည်းကမ်းချက်တစ်ရပ်ရပ်ကို ဖောက်ဖျက်လျှင်သော်လည်းကောင်း၊ ဝန်ကြီးဌာနသည် အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကိုဖြစ်စေ၊ အမိန့်တစ်ရပ်ရပ်ထက်ပို၍ ဖြစ်စေ ချမှတ်နိုင်သည် -

(က) ခွင့်ပြုမိန့်၊လိုင်စင် သို့မဟုတ် မြေအသုံးပြု ခွင့်ပြုမိန့်ကို ကာလ သတ်မှတ်၍ ယာယီရပ်ဆိုင်းခြင်း၊

(ခ) ဒဏ်ကြေးပေးဆောင်စေပြီး လုပ်ငန်းကို ဆက်လက်လုပ်ကိုင် ခွင့်ပြုခြင်း၊

(ဂ) ခွင့်ပြုမိန့်၊ လိုင်စင် သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ကို ပယ်ဖျက်ခြင်း၊

(ဃ) ခွင့်ပြုမိန့်ရရှိသူ၊ လိုင်စင်ရရှိသူ သို့မဟုတ် မြေအသုံးပြုခွင့်ပြုမိန့်ရရှိသူအား လိုအပ်သလို အရေးယူဆောင်ရွက်ပေးရန် သက်ဆိုင်ရာဝန်ကြီးဌာနများသို့ အကြောင်းကြားခြင်း။

**အခန်း(၁၃)**

**ပြစ်မှုနှင့် ပြစ်ဒဏ်များ**

၄၃။ မည်သူမဆို ကျောက်မျက်ရတနာအရိုင်းကိုဖြစ်စေ၊ ကျောက်မျက်ရတနာအချောထည်ကိုဖြစ်စေ၊ လက်ဝတ်ရတနာကိုဖြစ်စေ ပြည်ပသို့ ဤဥပဒေနှင့် ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်မညီဘဲ ထုတ်ဆောင်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ်အနည်းဆုံး ငါးနှစ်မှ အများဆုံးတစ်ဆယ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။

၄၄။ ခွင့်ပြုမိန့်ရရှိသူကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ၏ ဒါရိုက်တာတစ်ဦးဦးကဖြစ်စေ၊ ခွင့်ပြုမိန့်ရရှိသူ ကိုယ်စား စီမံအုပ်ချုပ်သူကဖြစ်စေ အောက်ပါပြုလုပ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း ပြစ်မှု ထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ထောင်ဒဏ် အနည်းဆုံး သုံးနှစ်မှ အများဆုံး ခုနစ်နှစ်အထိ ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်-

*ဆက်လက်ဖော်ပြပါမည်*



*မန္တလေးအကြောင်းပြောကြပြီဆိုလျှင် စာရေးဆရာ ဆူးငှက်၏ "မန္တလေးမျဉ်းဖြောင့်များ"အကြောင်းက အခြားသော မန္တလေးသား စာရေးဆရာ၊ စာရေးဆရာမကြီးများ၏ စာအုပ်များနည်းတူ မပါမဖြစ်ပြောဆိုခဲ့ကြရသည်။ အဘယ့်ကြောင့်ဆိုသော် သမိုင်းအစဉ်အလာကြီးမားသော မန္တလေးမြို့၏ပုံရိပ်များကို အပြောင်းအလဲမြန်သည့် နှစ်ကာလများတွင် မျက်ခြည်မပြတ် ရသဟန်ဖြင့် မှတ်တမ်းတင်ခဲ့သောကြောင့်ဖြစ်သည်။ အတိတ်နှင့်ပစ္စုပ္ပန်ကို ဆက်စပ်သုံးသပ်ပြသည့် ရေးဟန်ဖြစ်သည်။ "မန္တလေးမျဉ်းဖြောင့်များ"ကို မြန်မာ့နေ့စဉ်ပွားရေးမဂ္ဂဇင်းတွင် ၁၉၉၆ ခုနှစ် မေလထုတ်မှစတင်၍ လစဉ်မပြတ်ရေးသားခဲ့သည်ဟု မှတ်မိနေသည်။ ၂၀၁၁ ခုနှစ်ဝန်းကျင် မြန်မာ့နေမဂ္ဂဇင်း မရပ်နားမီအထိ ရေးသားခဲ့ပုံရသည်။ အပြောင်းအလဲမြန်လွန်းသည့် ၁၉၉၀ ပြည့်လွန်ကာလများ(ဝါ) ၂၁ ရာစုကြိုကာလများက မန္တလေးပုံရိပ်များသည်ပင် အခုတော့ သမိုင်းဖြစ်သွားပြန်ပါပြီ။ အဆိုပါကဏ္ဍမှ ကနဦးဆောင်းပါးများကို ၂၀၀၀ ပြည့်နှစ်က မန္တလေးစာအုပ်တိုက် အစီအစဉ်ဖြင့် ဆောင်းပါး ၁၄ ပုဒ်ကိုစုစည်းကာ "မန္တလေးမျဉ်းဖြောင့်များ" အမည်ဖြင့် စာအုပ်ထုတ်ဝေခဲ့ဖူးသည်။ အဆိုပါ စာအုပ်ကိုပင် ၂၀၀၃ ခုနှစ်တွင် 'The Straight Lines of Mandalay' အမည်ဖြင့် ဆရာရေချမ်း(မန္တလေး)က အင်္ဂလိပ်ဘာသာသို့ ပြန်ဆို၍ ဥတ္တရလွင်ပြင် စာအုပ်တိုက်က ထုတ်ဝေဖူးသည်။ ဆက်လက်ရေးသားခဲ့သော ဆောင်းပါးများကို မန္တလေးမျဉ်းဖြောင့်များ စတုတ္ထတွဲအဖြစ် "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" အမည်နှင့် အလင်းသစ်စာအုပ်တိုက်က ဆက်လက်ထုတ်ဝေခဲ့သည်။ ယခုတစ်ဖန် သမိုင်းဖြစ်သွားပြန်လေသော "မန္တလေး မျဉ်းဖြောင့်များစတုတ္ထတွဲ" ကို မြန်မာ့အလင်းက ပြန်လည်ဖော်ပြအပ်ပါသည်။ လတ်တလော နှစ် ၂၀ အတွင်း မန္တလေးသည် ဘာတွေအမြတ်ရ၍ ဘာတွေဆုံးရှုံးသွားလေပြီနည်း၊ ဘာတွေသင်ခန်းစာယူ၍ ဘာတွေ ဆင်ခြင်ရမည်နည်း၊ သင်္ခါရဟုဖြစ်စေ၊ ပြောင်းလဲခြင်းတရားဟုဖြစ်စေ၊ သုံးသပ်ရုံဖြင့် လုံလောက်မှုမရှိတော့တာက သေချာပါပြီ။ ထို့ကြောင့် ရှားပါးစာအုပ်ဖြစ်နေသော "တောင်မြောက် အရှေ့အနောက် ထောင့်မတ်မန္တလေး" ကို သမိုင်းအဖြစ် ပြန်လည်ဆင်ခြင်နိုင်ရန် မပြုမပြင် မတည်းမဖြတ် ပြန်လည်ဖော်ပြအပ်ပါကြောင်း။*

# ရုပ်တု၊ စာမျက်နှာ၊ ကျောက်ထက်အက္ခရာမှ ကင်းဝန်ပုံရိပ်

## ဆူးငှက်

ကျွန်တော်မှတ်မိနေသော ကင်းဝန်မင်းကြီးက မဟာမုနိဘုရားကြီးပရိဝုဏ်အတွင်းမှာ ရှိခဲ့ဖူးသည်။ ဘုရားကြီးသို့ရောက်လေတိုင်း ဂန္ဓကုဋိတိုက်ကြီး၏ တောင်ဘက်မှာရှိသော ပြတိုက်ကြီးသို့ မရောက်ရောက်အောင်သွားသည်။ ပြတိုက်ကြီးထဲမှာရှိသော မြန်မာမင်းလက်ထက်ဝန်ကြီးများရုပ်လုံးနှင့်အတူ သီပေါမင်းနှင့်စုဖုရားလတ်ရုပ်လုံး၊ မင်းတုန်းမင်းကြီးရုပ်လုံးတို့ကိုကြည့်၍ မဝ ဖြစ်မိ၏။ ပန်းချီကျော်ဦးချစ်မြဲ၏ မြေနန်းပြာသာဒ်နောက်ခံပန်းချီကားကြီးနှင့်အတူ မင်းတုန်းမင်းကြီးပုံက ခန့်ညားလှသည်။ လက်ထဲတွင် သားမွေးယပ်တောင်တစ်ချောင်းကိုင်ထား၏။

ထို့အတူ မင်းတုန်းမင်းကြီး၏ ဘယ်ဘက်တွင်သားတော် သီပေါမင်းနှင့် စုဖုရားလတ်တို့၏ ရုပ်တုရှိသည်။ သီပေါကိုယ်တော်က စင်းသော အကြည့်ဖြင့်ငေးနေ၏။ စုဖုရားလတ်မိဖုရားကမူ မေးသော်လည်းစူးရှသည့်မျက်လုံးအစုံဖြင့် ကြည့်နေသည်။ 'ဖရန်စစ်'ပြည်ဖြစ် ဖန်သလွန်ကိုလည်းယင်းရုပ်တုများနှင့် အတူပြသထား၏။ တစ်ခါကမူ စုဖုရားလတ်မိဖုရားရုပ်တုတွင်ပန်ဆင်ထားသောနားတောင်းအား ဖောက်ထွင်းမှုတစ်ခုဖြစ်ပွားခဲ့ဖူးသည်။

ရှင်ဘုရင်များ၊ ရုပ်တုများနှင့် မျက်နှာချင်းဆိုင်တွင်ဝန်ကြီး၊ မှူးမတ်ကြီး၊ စစ်သူကြီးများရုပ်တုရှိသည်။ ထိုရုပ်တုများထဲတွင် အခုပြန်စဉ်းစားမိနေသောရုပ်တုမှာ ကင်းဝန်မင်းကြီးရုပ်တုဖြစ်၏။ ရွှေစလွယ်ကြီးနှင့်အတူ သူ၏ထူးခြားလှသောနှုတ်ခမ်းမွေးကြီးကို မြင်ယောင်နေမိသည်။

ကလေးဘဝကတည်းက အိပ်ရာဝင်ကြားဖူးခဲ့ရသော ပုံပြင်နိပါတ်များတွင်စိတ်အဝင်စားဆုံးက မန္တလေးနန်းတွင်းပုံပြင်များဖြစ်၏။ မိမိအမြဲ မြင်ဖူးနေသောကျုံးနှင့်မြို့ရိုးကြီးအတွင်းက အဖြစ်အပျက်များမို့ စိတ်ဝင်စားမိတာ ဖြစ်လိမ့်မည်။ နန်းတွင်းမှာ ညီလာခံဘယ်လိုကျင်းပတာ၊ မိဖုရားတွေ၊ အပျိုတော်တွေဘယ်လိုနေကြထိုင်ကြရတာ၊ ပါတော်မူသွားတာကဘယ်လိုစသည်ဖြင့် ညစဉ်မငြီးနိုင်အောင် နားထောင်ရသည့်ပုံဝတ္ထုများဖြစ်၏။ ထိုပုံဝတ္ထုများ၏ဇာတ်ကောင်များတွင် ရုပ်လုံးကြွနေသည်က ကင်းဝန်မင်းကြီးဖြစ်ပါသည်။

'ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်'ဟူသောလင်္ကာအသွားလေးကို တတွတ်တွတ်ဆိုရင်း ကင်းဝန်မင်းကြီးကို လူကြမ်းကြီးတစ်ဦးလို မှတ်ထင်စွဲမြဲနေသည်။ နောက်တော့ ဇာတ်ပွဲတွေမှာလည်း ကင်းဝန်မင်းကြီးဆိုတာ ဗီလိန်ဇာတ်ရုပ်ဖြင့်သာ ခင်းကျင်းပြသကြသည်။ အင်္ဂလိပ်စကားတွေ တွင်တွင်ပြောရင်း တိုင်းပြည်ကိုရောင်းစားသွားသူဟု သရုပ်ဖော်ကြသည်။

နောက်တော့ စာအုပ်တွေတော်တော်များများ ဖတ်ကြည့်သောအခါ ထိုစွပ်စွဲချက်များကလည်း တရားသေဆန်လွန်းလှ၏။ ဘာပဲပြောပြောကင်းဝန်မင်းကြီးသည် ခေတ်ကို ထိုးဖောက်မြင်ကြည့်သူ ဖြစ်၏။ ဥရောပတစ်ခွင်ရောက်ဖူးသူ ဖြစ်သောကြောင့် ရွှေတွင်း၊ ငွေတွင်း၊ ပယင်းဒုတ္တာတွင်းများပိုင်ရှင် မြန်မာဘုရင်ဧကရာဇ်ဆိုတာ ကမ္ဘာနှင့်ယှဉ်သောအခါ နောက်ကျကျန်ရစ်နေတာ ရိပ်စားမိသူဖြစ်သည်။ တစ်သွေး၊ တစ်သံ၊ တစ်မိန့် ဧကရာဇ်စနစ်မှ စည်းမျဉ်းခံဘုရင်စနစ်ဖြင့် လွှတ်တော်အုပ်ချုပ်ရေးကို စိတ်ကူးယဉ်မိသူဖြစ်သည်။ သို့သော် မြန်မာ့နန်းတွင်းရေးက အရှုပ်ထွေးသား။

သီပေါကိုယ်တော်လေးနန်းမတက်မီ မင်းညီမင်းသားများ သုတ်သင်သော အရေးအခင်းကတည်းက အင်္ဂလိပ်၏ ခြေလှမ်းကပြင်နေပြီ။ မိမိနန်းတော်၊ မိမိတိုင်းပြည်ကို ကမ္ဘာထင်နေသည့် မြန်မာမိဖုရား၊ ဘုရင်တို့၏သေးသိမ်ကျဉ်းမြောင်းလှသော အတွေ့အကြုံသည် အောက်မြန်မာပြည်အထိ ရောက်လာနေသော အင်္ဂလိပ်ကို မသိကျိုးကျွန်ပြုကာ မိစ္ဆာဒိဋ္ဌိများဟူသည့် စွပ်စွဲချက်လောက်နှင့် ကျေနပ်ခဲ့ကြသည် မဟုတ်လော။

ထိုစဉ် မန္တလေးရွှေမြို့တော်နေ ဗြိတိသျှသံအမတ်ကြီး မစ္စတာရှော (Mr.R.B. Shaw C.I.E) က နိုင်ငံခြားရေးဝန်ကြီးဖြစ်သူ ကင်းဝန်မင်းကြီးထံ သတိပေးသည့်အနေဖြင့် ၁၈၇၉ခု ဖေဖော်ဝါရီ ၁၉ရက်နေ့စွဲဖြင့်စာစောင်ပေးပို့ခဲ့လေသည်။

'ဘုရင်မင်းမြတ်၏ အန္တယ်တော်ဖြစ်ကြကုန်သော မင်းသား၊ မင်းသမီးများနှင့် အခြားသူများကို သတ်ဖြတ်ကြောင်း ကြားသိရသဖြင့် များစွာတုန်လှုပ်ထိတ်လန့်ခြင်း ဖြစ်ရပါကြောင်း၊ ဥရောပတိုက်ရှိ တိုင်းနိုင်ငံအပေါင်းတို့ကို တုန်လှုပ်ချောက်ချားခြင်းဖြစ်စေမည့် သတ်ဖြတ်ခြင်းတို့ကို မည်သူတို့၏ ပယောဂဖြစ်ကြောင်း သံအမတ်သည်အသေအချာသိရှိရန် မစုံစမ်းရသေးပါ။ သို့သော်လည်း ကျန်ရှိရစ်သည့်ဆွေတော်မျိုးတော်တို့၏ အသက်ကိုကယ်ဆယ်ရန် အားထုတ်ပါမည့်အကြောင်း တောင်းပန်သည်။ အကယ်၍ နောက်ထပ်ဆက်လက်၍ သတ်ဖြတ်မှုများ ဖြစ်ပွားပါမူ သံအမတ်သည် ဗြိတိသျှအလံတော်ကို ဆက်လက်လွှင့်ထူရန် သင့်တော်တော့မည် မဟုတ်ပေ'ဟုရေးသားပေးပို့ခဲ့၏။



ထိုအခါကင်းဝန်မင်းကြီးက ဖေဖော်ဝါရီလ ၂၀ရက်နေ့စွဲဖြင့် ဗြိတိသျှသံအမတ်ထံ ပြန်လည်ချေပသည့် စာတစ်စောင်ရေးသားခဲ့လေသည်။

'မြန်မာပြည်ကို စိုးမိုးအုပ်ချုပ်တော်မူသော ဘုရင်မင်းမြတ်သည် လွတ်လပ်သော ထီးဆောင်းမင်းတစ်ပါးဖြစ်သည်နှင့်အညီ မိမိ၏နိုင်ငံတော်အတွင်း ဆူပူလှုပ်ရှားခြင်းကင်းငြိမ်စေရန် တခြားတစ်ပါးသူတို့ ကဲ့ရဲ့အပြစ်တင်သည်ကို အလေးဂရုပြုတော်မမူဘဲ မိမိလျော်ကန်သင့်မြတ်သည် ထင်သည့်အတိုင်း ဆောင်ရွက်ဖွယ်ကိစ္စအရပ်ရပ်တို့ကို ဆောင်ရွက်ခြင်းသာဖြစ်ကြောင်း၊ သို့ဖြစ်သောကြောင့် သာသနာတော်နှင့် နိုင်ငံတော်၏ အကျိုးစီးပွားကိုသာလျှင် ရှေးရှု၍ ယင်းကိစ္စကို ရှေးအစဉ်အလာအတိုင်း ဆောင်ရွက်တော်မူသည်။ မဟာမိတ်ချစ်ခင်စိတ်နှင့်လျော်စွာ သံအမတ်မှတ်သားစိမ့်သောငှာ အကြောင်းကြားလိုက်ပါသည်' ဟုဖြစ်လေသည်။

အင်္ဂလိပ်သံအမတ်က မကျေနပ်သေးဘဲ နောက်ထပ်စာတစ်စောင်ပို့ပြန်သည်။ စာပါ အဓိပ္ပာယ်မှာ အိန္ဒိယဘုရင်ခံချုပ်အမိန့်အရ သံအမတ်က ဘုရင်မင်းမြတ်ထံ ထပ်မံအသနားခံကြောင်း၊ ဗြိတိသျှအစိုးရမင်း၏ အလိုကိုခွင့်ပေးသည့်သဘောနှင့်ကြွင်းကျန်နေသော ဆွေတော်မျိုးတော်များ၊ အထူးသဖြင့် လူမမည်ကလေးများ၊ မိန်းမသားများ၏ အသက်များကို ချမ်းသာပေးသနားတော်မူပါမည့်အကြောင်း၊ ထိုသို့ သနားတော်မူရန် နှစ်ခြိုက်တော်မူပါလျှင် နိုင်ငံမငြိမ်မသက်စိုးရိမ်ဖွယ်ဖြစ်မည့်သူများအတွက် တာဝန်ခံ၍ဘေးအန္တရာယ်ပြုနိုင်ခွင့်မရမရှိနိုင်ရန်တခြားသို့ ဆောင်ကြဉ်းမည်ဖြစ်ကြောင်းဟု ဆိုလို၏။

ထိုအခါ ကင်းဝန်မင်းကြီးက လိမ္မာပါးနပ်စွာဖြင့် အင်္ဂလိပ်-မြန်မာဆက်ဆံရေးတွင် မြန်မာအစိုးရသဘောထားကို တင်ပြ၏။ ထို့နောက် ဖေဖော်ဝါရီလ ၂၂ ရက်နေ့စွဲဖြင့် သံအမတ်ထံ စာပြန်ခဲ့လေသည်။ မြန်မာမင်းနှင့်အင်္ဂလိပ်အစိုးရကြား သက္ကရာဇ် ၁၂၂၄ ခု၊ ခရစ်နှစ် ၁၈၆၂ ခုကတည်းက မဟာမိတ်စာချုပ်ချုပ်ဆိုကာ နှစ်ပြည့်တစ်ပြည်ချစ်ကျွမ်းဝင်ခဲ့ကြကြောင်း၊ စာချုပ်နှင့်လိုက်လျောစွာပင် မြန်မာမင်းအစိုးရကလည်း ဗြိတိသျှအစိုးရတို့နယ်မှာ အနှောင့်အယှက်ကင်း၍ သာယာစည်ပင်သည်ကို တောင့်တလိုလားတော်မူကြောင်း၊ ယခုရှင်းလင်းဖယ်ရှားခြင်းကိစ္စမှာ ရှေ့ရေးနောင်ရေးကို ထောက်ထားသဖြင့် မငြိမ်မသက်ဖြစ်ဖွယ်အကြောင်းရှိမှ ပြုလုပ်ရခြင်းဖြစ်ကြောင်း၊ နိုင်ငံတော်မငြိမ်မသက်မှုများဖြစ်စေမည့် မဟုတ်သောသူများကို ရှင်းလင်းဖယ်ရှားခြင်းပြုလုပ်ရန်မလိုလားကြောင်း၊ ပျော်ရွှင်နှစ်သက်ရောင့်ရဲစွာ နေစေလိုကြောင်း၊ သံအမတ်၏စာတွင် နိုင်ငံတော်အတွင်း မနေစေလိုသောသူများကို သံအမတ်ထံသိမ်းဆည်းထားရန် ပို့စေလိုသည်ဆိုသော အပိုဒ်မှာ မဟာမိတ်စာချုပ်နှင့်များစွာ ညီညွတ်သဖြင့် နိုင်ငံခြားရေးဝန်မင်းက သံအမတ်အားဝမ်းမြောက်ဝမ်းသာ ကျေးဇူးဥပကာရတင်ရှိသည် ဖြစ်ပါကြောင်း ပြန်ကြားခဲ့သည်။

နန်းတွင်းသတ်ဖြတ်မှုများကြောင့် အင်္ဂလိပ်-မြန်မာဆက်ဆံရေးတင်းမာသွားတော့မည့်အနေအထားမှ ကင်းဝန်မင်းကြီး၏ ဆောင်ရွက်ပေးမှုကြောင့် ပြန်လည်ပြေပြစ်လာသည်ကို တွေ့ရသည်။ သို့သော် ကင်းဝန်မင်းကြီး၏သြဇာကျဆင်းလာသည်နှင့်အတူ အင်္ဂလိပ်သံအမတ် မစ္စတာရှောလည်း ကွယ်လွန်သွားသောကြောင့် ပြေပြစ်မှုအနေအထားမှာ တစ်ခဏမျှသာဟု ဆိုရပေမည်။

တကယ်တော့ အနောက်နိုင်ငံများသို့ ရောက်ဖူး၍ ကမ္ဘာ့နိုင်ငံရေးအမြင်တစ်စုံတစ်ရာရှိသော ကင်းဝန်မင်းကြီးသည် အင်အားကြီး အနောက်နိုင်ငံများနှင့် ထိပ်တိုက်မတွေ့ရေး နိုင်ငံခြားရေးမူဝါဒအား ကိုင်စွဲခဲ့သော်လည်း မိမိအခြေအနေမှန်ကိုမသိဘဲ ရေတွင်းငယ်ထဲက ဖားသူငယ်ကဲ့သို့ မိမိကိုယ်မိမိအထင်ကြီးနေမှုများကိုမူ ဆွဲဆောင်လွှမ်းမိုးနိုင်ခြင်းမရှိခဲ့ပေ။

ထိုအခါ အရင်းရှင်နယ်ချဲ့စနစ်၏ ပရိယာယ်လှိုင်းတံပိုးများအောက်တွင် ပဒေသရာဇ်မြန်မာနိုင်ငံတော်ကြီး ဇာတ်သိမ်းခဲ့ရလေတော့၏။

မဟာမုနိဘုရားကြီး ပြတိုက်ထဲကရုပ်တုတွေမရှိတော့။ နန်းတွင်းပြတိုက်သို့ ပြောင်းရွှေ့သွားပြီဟု သိရသည်။ ကင်းဝန်မင်းကြီး ဦးကောင်းရုပ်တုလည်း နန်းတွင်းထဲ ပြန်ရောက်သွားချေပြီ။ အသစ်ပြန်လည်တည်ဆောက်ထားသော မြနန်းစံကျော်ရွှေနန်းတော်ကြီးနှင့် နန်းအဆောင်ဆောင်၊ ပြာသာဒ်အသွယ်သွယ်ကို လှည့်ပတ်ကြည့်ရှုမည့် နိုင်ငံခြားခရီးသွားများက ဝင်ကြေးဒေါ်လာပေးကာ ကင်းဝန်မင်းကြီးရုပ်တုကို ကြည့်ကြပေဦးမည်။ ခရီးသည်တစ်ဦးတလေကတော့ ထိုမြန်မာဝန်ကြီးသည် တစ်ချိန်က အနောက်အုပ်စုနှင့် အဆင်ပြေရေးမူကို ကိုင်စွဲခဲ့သူပါလားဆိုတာ သိကြပါလိမ့်မည်။ ပိုမိုစူးစမ်းလေ့လာသူကတော့ 'ဦးကောင်းလိမ်ထုတ်၊ မင်းဆက်ပြုတ်' ဟူသော အဆိုအထိ ရွတ်ပြလေမည်လားမသိ။

ကင်းဝန်မင်းကြီးက ရတနာဂီရိသို့ သီပေါမင်းနှင့်အတူ လိုက်ပါသွားရာမှ ၁၈၈၆ ခု ဇန်နဝါရီ ၅ ရက်နေ့တွင် မန္တလေးသို့ ပြန်လည်ဆိုက်ရောက်လာ၏။ အင်္ဂလိပ်အစိုးရသည် သီပေါမင်းကိုနန်းချခေါ်ဆောင်သွားပြီးနောက် အထက်မြန်မာနိုင်ငံအုပ်ချုပ်ရေးကို မည်သို့မည်ပုံ ဆက်လက်လုပ်ဆောင်မည်ဟု ယတိပြတ် မဆုံးဖြတ်မစီစဉ်နိုင်မီကာလအတွင်း မြန်မာလွှတ်တော်အား ယာယီအုပ်ချုပ်ရေးတာဝန်ပေးအပ်ခဲ့သည်။ ကာနယ်စလေဒင် ဦးဆောင်သော လွှတ်တော်သည်အစဉ်အလာမပျက်လွှတ်ရုံးတက်ကြ၏။ သို့သော် လွှတ်တော်၏ အစီအမံများကို သက်ဆိုင်ရာမဟာဝန်ရှင်တော်မင်းကြီးက မလိုက်လျောသည်က များသည်။ လွှတ်တော်ကို မဖျက်မသိမ်းဆက်လက်ထားရှိခြင်းသည် တိုင်းသူပြည်သား ရဟန်းရှင်လူများက အပြောင်းအလဲကို မထင်မမြင်ဘဲ ရှိကြရန်ဖြစ်၏။ လွှတ်တော်၏သြဇာတိက္ကမကို အင်္ဂလိပ်က သူ့အကျိုးအတွက် အသုံးချသွားခြင်းဖြစ်သည်။

ကင်းဝန်မင်းကြီး ရတနာဂီရိကပြန်လာပြီး မန္တလေးရောက်သောအခါ လွှတ်တော်ဝန်ကြီး ဝန်ထောက်များနှင့်အတူ စည်းဝေးတိုင်ပင်ပြီးနောက် ၁၈၈၆ခု ဇန်နဝါရီ ၁၀ ရက်နေ့တွင် သူတို့၏ သဘောထားကို အင်္ဂလိပ်အစိုးရသို့တင်ပြခဲ့ကြ၏။ ယင်းတင်ပြချက်မှာ-

လွှတ်တော်သည် တစ်နိုင်ငံလုံး၏ အုပ်ချုပ်ရေးဆိုင်ရာ အထွတ်အထိပ်ဖြစ်ကြောင်း၊ နေပြည်တော်တွင် တန်ခိုးအာဏာမရှိသော အမည်ခံ သုညလွှတ်တော်ကို မည်သည့်မြို့နယ်ကမျှ ရိုသေလေးစားလိုက်နာမည်မဟုတ်ကြောင်း၊ ထို့ကြောင့် ဗြိတိသျှအာဏာပိုင်တို့သည် လွှတ်တော်ကို ဆက်လက်ထားရှိပါက ရှေးထုံးမပျက်လွှတ်တော်ပီပီပြင်ပြင်၊ တန်ခိုးအာဏာအပြည့်အဝနှင့် လုပ်ကိုင်ဆောင်ရွက်ခွင့် ပြုစေလိုကြောင်း၊ သြဇာမညောင်းသော လွှတ်တော်သည် လုပ်ငန်းကိုတွင်ကျယ်ထိရောက်စွာ လုပ်ဆောင်နိုင်မှာမဟုတ်၍ ပေးအပ်သောတာဝန်ကို ကျေပွန်ပါမည်ဟု ဝန်ခံရန်ခဲယဉ်းကြောင်း၊ မြန်မာနိုင်ငံသည် မြန်မာမင်း၏ စိုးမိုးမှုအောက်၌ နှစ်ပေါင်းရှည်ကြာခဲ့ပြီဖြစ်၍ ပြည်သူပြည်သားတို့သည် လွှတ်တော်၏တန်ခိုးသြဇာကို ဘုရင်မင်းမြတ်နှင့် ဆက်နွှယ်လျက်သာ လေးစားကျိုးနွံကြမည်ဖြစ်ကြောင်း၊ ထို့ကြောင့် မြန်မာဘုရင်အန္တယ်တော်မင်းသားတစ်ပါးပါးကို စည်းမျဉ်းခံဘုရင်အဖြစ် ခန့်ထားပေးစေလိုကြောင်း ဖော်ပြထားသည်။

ထိုတောင်းခံလွှာကို ကင်းဝန်မင်းကြီး၊ တောင်ခွင်မင်းကြီး၊ အတွင်းဝန်၊ လေှသင်းဝန်၊ စလေမြို့စား၊ ပင်းအတွင်းဝန်၊ ရွှေတိုက်အတွင်းဝန်၊ ပေါက်မြိုင်မြို့စား၊အတွင်းဝန်မြို့သစ် မြို့စား၊ အတွင်းဝန်၊ ကျောက်မြောင်းမြို့စား၊ အတွင်းဝန် မိုင်းခိုင်မြို့စား၊ မြို့ဝန်ယင်းတော်မြို့စား၊ ရွှေလုံမြို့ဝန်၊ မြို့ဝန်အက္ကပတ်မြင်းဝန်၊ ဝန်ထောက်မိုးတားမြို့စား၊ ဝန်ထောက်ဝက်မစွပ်မြို့စား၊ ပင်းတလဲဝန်ထောက်၊ ညောင်ဝန်းဝန်ထောက်၊ ပညာဝန်ထောက်၊ တပယင်း ဝန်ထောက်တို့ လက်မှတ်ရေးထိုးကြသည်။

***("တောင်မြောက် အရှေ့အနောက်ထောင့်မတ်မန္တလေး" ဆောင်းပါးကို အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်း ဖော်ပြပါမည်။)***

# ကျေးရွာချင်းဆက်လမ်းမကြီးနှင့် ရေသွယ်တူးမြောင်းဖောက်လုပ်ပြီးစီး

**ချောင်းဦး မတ် ၁၄**

ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေဖြင့်ဆောင်ရွက်သော စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် ချောင်းမနားကျေးရွာအုပ်စု ညောင်ပင်လှကျေးရွာနှင့် ချောင်းမနားကျေးရွာ ကျေးရွာချင်းဆက် အေးသာယာလမ်းမကြီးနှင့် လယ်ယာမြေရေသွယ်တူးမြောင်းပြီးစီးခြင်း အထိမ်းအမှတ်ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့သည်။

အဆိုပါ အခမ်းအနားတွင် ချောင်းဦးမြို့နယ် စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးဌေးမောင်က အမှာစကားပြောကြားပြီး အေးသာယာလမ်းမကြီးဖြစ်မြောက်ရေး ကော်မတီအဖွဲ့ဝင် ဦးသိန်းနိုင်က ကုန်ကျမှုစာရင်းများ ရှင်းလင်းတင်ပြကာ ချောင်းမနားကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးထွန်းဝင်းက ကျေးဇူးတင်စကားပြောကြားခဲ့သည်။




ညောင်ပင်လှကျေးရွာနှင့် ချောင်းမနားကျေးရွာ ကျေးရွာချင်းဆက်လမ်းဖောက်လုပ်ရန်အတွက် ယခုနှစ် ပြည်ထောင်စုလွှတ်တော်ဖွံ့ဖြိုးရေးရန်ပုံငွေမှ ငွေကျပ် ၁၀ သိန်းခွင့်ပြုပေးခဲ့ခြင်းဖြစ်သည်။

အဆိုပါ ငွေကျပ် ၁၀သိန်းနှင့် ပြည်သူထည့်ဝင်ငွေကျပ် ၂၆ သိန်း စုစုပေါင်းငွေကျပ် ၃၆ သိန်းဖြင့် အေးသာယာလမ်းမကြီး ဖောက်လုပ်နိုင်ခဲ့သလို ယခင်က တိမ်ကောနေပြီဖြစ်သော ညောင်ပင်လှကျေးရွာ လယ်ယာမြေရေသွယ်မြောင်း အရှည်ပေ ၃၀၀၀၊ အကျယ် ၉ ပေတို့ကို တူးဖော်နိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ကျေးရွာချင်းဆက်လမ်းမကြီးသည် အရှည်ပေ ၉၀၀ ကျော်၊ အကျယ် ၁၂ ပေ၊ မြေသားလမ်းအမျိုးအစားဖြစ်ပြီး အောင်မြင်စွာဖောက်လုပ်နိုင်ခဲ့ကြောင်း သိရသည်။

**(မြို့နယ် ပြန်/ဆက်)**

# နွေသီးနှံများအတွက် စိုက်ပျိုးရေအခက်ခဲမရှိရေး ဆောင်ရွက်ပေး

**ညောင်ဦး မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး ညောင်ဦးခရိုင် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်)မှ ညောင်ဦးခရိုင်အတွင်းရှိ လျှပ်စစ်မြစ်ရေတင်ငါးခုမှ ၂၀၁၆-၂၀၁၇ နွေသီးနှံစိုက်ပျိုးရာသီတွင် နွေစပါးဧက ၅၀၀ နှင့် အခြားသီးနှံဧက ၂၇၇၀ ကို အောင်မြင်စွာ စိုက်ပျိုးထုတ်လုပ်နိုင်ရေးအတွက် စိုက်ပျိုးရေများကို ဖေဖော်ဝါရီလလယ်မှစ၍ ပေးဝေလျက်ရှိကြောင်း သိရသည်။

ညောင်ဦးခရိုင်အနေဖြင့် ၂၀၁၆-၂၀၁၇ နွေသီးနှံစိုက်ပျိုးရာသီတွင် ဒေသခံတောင်သူများ စိုက်ပျိုးထုတ်လုပ်ကြမည့် နွေစပါးနှင့် အခြားသီးနှံလျာထားချက် ပြည့်မီစွာစိုက်ပျိုးထုတ်လုပ်နိုင်ရန် ရေပေးမြောင်းများဆိုင်ရာနှင့် စက်ပိုင်းဆိုင်ရာများကို ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားရှိခဲ့ပြီး ဌာနဆိုင်ရာများပါဝင်သော ခရိုင်၊ မြို့နယ်ဝန်ထမ်းများက မြစ်ရေတင်များအလိုက် ဒေသခံအုပ်ချုပ်ရေးအဖွဲ့များ၊ ရေကော်မတီများ၊ တောင်သူများနှင့်တွေ့ဆုံကာ စိုက်ကေများလျာထားခြင်း၊ စိုက်ပျိုးရေကို အလေအလွင့်မရှိအောင် စနစ်တကျသုံးစွဲရေး၊ သတ်မှတ်ထားသောရေယူဇယားအတိုင်း ရေယူသုံးစွဲရေး၊ သဘာဝမြေဩဇာပိုမိုအသုံးပြုစိုက်ပျိုးရေး၊ ပိုးမွှားရောဂါကြိုတင်ကာကွယ်ရေး လျာထားသီးနှံများအောင်မြင်စွာ စိုက်ပျိုးနိုင်ရေးအသိပညာပေးခြင်းများကိုလည်း ကြိုတင်စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။



ညောင်ဦးခရိုင် လျှပ်စစ်မြစ်ရေတင် တစ်ခုချင်းအလိုက် စိုက်ပျိုးသီးနှံလျာထားမှုမှာ ငါ့သရောက်မြစ်ရေတင် ရေသောက်ဧရိယာတွင် နွေစပါးဧက ၂၀၀၊ အခြားသီးနှံဧက ၆၇၀၊ လက်ပံခြေပေါ်မြစ်ရေတင်ရေသောက်ဧရိယာတွင် နွေစပါးဧက ၂၀၀၊ အခြားသီးနှံ ဧက ၄၉၀၊ သူကောင်းတည် မြစ်ရေတင်ရေသောက်ဧရိယာတွင် နွေစပါးဧက ၁၀၀၊ အခြားသီးနှံဧက ၄၉၀၊ ကျောက်တူး မြစ်ရေတင်ရေသောက် ဧရိယာတွင် အခြားသီးနှံ ၄၂၀၊ လောကနန္ဒာမြစ်ရေတင်ရေသောက်ဧရိယာတွင် အခြားသီးနှံဧက ၇၀၀ ကို စိုက်ပျိုးရန် လျာထားဆောင်ရွက်ထားရှိကြောင်း ညောင်ဦးခရိုင်ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန (ရေအရင်းအမြစ်) မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ကုသိုလ်ဖြစ်ကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်

**ရန်ကုန် မတ် ၁၄**

ဧရာဝတီတိုင်းဒေသကြီး မအူပင်ခရိုင် မအူပင်မြို့နယ်ရှိ မအူပင်ဘိုးရွှားရိပ်သာ၌ မတ် ၁၁ ရက်က ဝိတိုရိယ ကျန်းမာရေးစောင့်ရှောက်မှုဖောင်ဒေးရှင်းအဖွဲ့မှ အထူးကုဆရာဝန်ကြီးများ၊ ဆရာမများနှင့်သူနာပြုများက ရိပ်သာရှိဘိုးဘွားများနှင့်ရပ်ကွက်/ကျေးရွာပြည်သူ ၂၅၀ ကျော်တို့ကို ကုသိုလ်ဖြစ်(အခမဲ့)ကျန်းမာရေးစစ်ဆေး/ကုသမှုများပြုလုပ်ပေးကြသည်။

ထို့နောက် ဦးဇော်ဝင်းရှိန်နှင့်မိဘဂုဏ်ရည်ရောင်းရင်းများအဖွဲ့က ဘိုးဘွားရိပ်သာဘက်စုံလုပ်ငန်းအတွက် ငွေကျပ်သိန်း ၅၀၀ လှူဒါန်းရာ ရိပ်သာဥက္ကဋ္ဌ ဗိုလ်မှူးကြီးစိုးဝင်း(ငြိမ်း)နှင့်အမှုဆောင်အဖွဲ့က လက်ခံရယူကြကြောင်း သိရသည်။

**မောင်မောင်(လှျပ်စစ်)**

# ပျော်ရွှင်စရာကလေးတို့ကမ္ဘာအစီအစဉ်ဖြင့် လာရောက်ဆော့ကစားသူကလေးငယ်များဖြင့်စည်ကား

**ကော့ကရိတ် မတ် ၁၄**

ကရင်ပြည်နယ် ကော့ကရိတ်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနအနေဖြင့် ပြည်သူကို ဗဟိုပြုသည့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ပြည်သူ့စာကြည့်တိုက်သို့လာရောက်၍ စာအုပ်ငှားရမ်းသည့် ကလေးငယ်များအတွက် ပျော်ရွှင်စရာကလေးတို့ကမ္ဘာအစီအစဉ်ဖြင့် ဉာဏ်ရည်ထက်မြက်သည့် ကစားနည်းများ ပြုလုပ်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်ရာတွင် ကလေးငယ်များ နွေရာသီကျောင်းပိတ်ရက်များဖြစ်သည့်အတွက် လာရောက်ဆော့ကစားသည့်ကလေးငယ်များဖြင့် စည်ကားလျက်ရှိသည်။ ထိုသို့ဆောင်ရွက်ခြင်းဖြင့် ကလေးငယ်များအချင်းချင်း ရင်းနှီးမှုရှိစေခြင်း၊ စည်းလုံးမှုရှိခြင်း၊ ဖြတ်ထိုးဉာဏ်ကောင်းခြင်း၊ အသင်းအဖွဲ့များဖြင့်နေထိုင်နိုင်ခြင်းတို့ကြောင့် မိဘများအနေဖြင့် ကျေနပ်အားရသည့်အတွက် ကိုယ်တိုင်လာရောက်ပို့ဆောင်ကာ ဆော့ကစားစေလျက်ရှိခြင်းကြောင့် ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် စာအုပ်ငှားရမ်းသည့်ကလေး၊ စာဖတ်သည့်ကလေး၊ ကစားသည့်ကလေးများဖြင့် စည်ကားလျက်ရှိကြောင်း သိရှိရသည်။ **စိုးထက်အောင်(ပြန်/ဆက်)**



# လေပြင်းဘေးကြိုတင်ပြင်ဆင်ရေးနှင့် စပ်လျဉ်း၍ ပြည်သူသို့ပန်ကြား

၁။ မြန်မာနိုင်ငံတွင် နှစ်စဉ် မတ်လ၊ ဧပြီလနှင့် မေလများ၌ မိုးတိမ်တောင်များဖြစ်ပေါ်ပြီး လေပြင်းတိုက်ခတ်ခြင်း၊ မိုးသည်းထန်စွာရွာသွန်းခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများ ဖြစ်ပေါ်တတ်ပါသည်။ ၂၀၁၆ ခုနှစ်အတွင်း၌ လေပြင်းတိုက်ခတ်ခြင်း၊ မိုးသီးကြွေကျခြင်း၊ ပြိုကျပျက်စီးခြင်း၊ အမိုးလန်ခြင်းများကြောင့် တိုင်းဒေသကြီး/ပြည်နယ် ၁၅ ခု၊ မြို့နယ်ပေါင်း ၅၉ မြို့နယ်မှ လူဦးရေတစ်သိန်းခွဲခန့် ဘေးဒုက္ခကြုံတွေ့ခဲ့ကာ ၄၄ ဦး သေဆုံးခဲ့ပြီး ဒဏ်ရာရရှိမှုများရှိခဲ့ကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၏ ထောက်ပံ့မှုမှတ်တမ်းများအရ တွေ့ရှိရပါသည်။

၂။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဘေးလျော့ပါးစေရေးနှင့် ကြိုတင် ပြင်ဆင်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ အရေးပေါ်တုံ့ပြန်နိုင်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကြိုတင်စီမံထားခြင်းတို့ဖြင့်သာ ထိခိုက်ဆုံးရှုံးပျက်စီးမှုများလျော့နည်းသက်သာစေရန် ဆောင်ရွက်နိုင်မည်ဖြစ်ပါသည်။ အဆိုပါလုပ်ငန်းများ ဆောင်ရွက်ရာတွင် အဖွဲ့အစည်းတစ်ရပ်တည်း ဆောင်ရွက်ခြင်းထက်ဆက်နွှယ်ပတ်သက်သူအားလုံးအပါအဝင် ပြည်သူလူထုမှ ပူးပေါင်းဆောင်ရွက်မှသာလုပ်ငန်းများ ပိုမိုအောင်မြင်ပါမည်။

**နေအိမ်အဆောက်အအုံများနှင့်စပ်လျဉ်း၍ ပြင်ဆင်ရန်အကြံပြုချက်များ**

၃။ ၂၀၁၇ ခုနှစ် မတ်လ၊ ဧပြီလနှင့် မေလများတွင် ဖြစ်ပွားနိုင်သည့် လေပြင်းတိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုလျော့နည်းသက်သာစေရေးအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနနှင့်အတူ အောက်ပါလုပ်ငန်းများအား ပူးပေါင်းဆောင်ရွက်သွားရန် အကြံပြုတိုက်တွန်းအပ်ပါသည်-

(က) မိမိတို့နေအိမ်အဆောက်အအုံများ၏ ကြံ့ခိုင်မှုကိုစစ်ဆေးပါ။
(ခ) လေဒဏ်ခံနိုင်စေရေးအတွက် ကန့်လန့်ဖြတ်ဘေးထောက်တန်းများ၊ နံရံထောက်တန်းများ၊ ဒေါက်တိုင်များကို လိုအပ်သည့်နေရာများတွင် ကျားကန်တပ်ဆင်ပါ။
(ဂ) မြေဝင်အိမ်တိုင်များအား ချောင်း၍လှုပ်နေခြင်းရှိ/မရှိစစ်ဆေးပြီး လိုအပ်လျှင် တိုင်ဖိနပ်ပတ်လည်တွင် မြေဖို့၍သိပ်သည်းကျစ်လျစ်အောင် မြေကျပ်ပေးပါ။
(ဃ) အိမ်၏အတွဲအဆက်ပြုထားသည့်နေရာအားလုံးကို ချောင်ထွက်မနေအောင်လိုအပ်သလိုဆောင်ရွက်ပါ။ (မူလီကျပ်ခြင်း၊ သံထပ်ပိုးရိုက်ခြင်း -ဥပမာ)
(င) အိမ်အမိုးများကို ခိုင်ခံ့အောင် ပြန်လည်စစ်ဆေးပြင်ဆင်ပါ။ ခေါင်ချုပ်ကန့်လန့်ဖြတ်တန်းများ၊ ရေပြင်ညီချုပ်တန်းများထည့်ပါ။ သွပ်အမိုးဖြစ်ပါက အစွန်ကျသောနေရာများတွင် သွပ်သံစိပ်စိပ်ရိုက်ပါ။ ဓနိ/သက်ငယ်အမိုး ဖြစ်ပါက ဝါးရာဇမတ် ကွက်ကြက်နင်းဖြင့် ခိုင်ခံ့စွာအုပ်ပါ။ သွပ်နန်းကြိုးဖြင့် ခိုင်မြဲစွာချည်နှောင်ပါ။
(စ) အိမ်အကာအရံများ၊ တံခါးများ၊ ပြတင်းပေါက်များအား ပိုမိုခိုင်ခံ့စေရန် သွပ်နန်းကြိုးများ အသုံးပြု၍ချည်နှောင်ခြင်း၊ လိုအပ်သောနေရာတွင် သံများထပ်မံ ထပ်ပိုးရိုက်ခြင်းဆောင်ရွက်ပါ။ ချွတ်ယွင်းနေသောအစိတ်အပိုင်းများကို ပြုပြင်အစားထိုးပါ။
(ဆ) အိမ်အနီးရှိ ကျိုးကျနိုင်သော သစ်ပင်၊ သစ်ကိုင်းများကို ခုတ်ထွင်ရှင်းလင်းထားပါ။
(ဇ) အိမ်များကြံ့ခိုင်မှုမထိခိုက်စေရေးအတွက် ကြမ်းခင်းအောက်တွင် ရေမဝပ်စေရန် ဆောင်ရွက်ထားပါ။

**သတိပြုဆောင်ရွက်ရန်များ**

၄။ ပြည်သူများအနေဖြင့် မိုးသည်းထန်စွာရွာသွန်းခြင်း၊ လေပြင်း တိုက်ခတ်ခြင်း၊ မိုးကြိုးပစ်ခြင်းနှင့် မိုးသီးကြွေခြင်းများဖြစ်ပေါ်လာပါက အောက်ပါ အချက်များကို အထူးသတိပြုလိုက်နာနေထိုင်ကြရန် အကြံပြုအပ်ပါသည်-

(က) လယ်ကွင်း၊ ကွင်းပြင်ထဲနေထိုင်ခြင်းမှ အတတ်နိုင်ဆုံးရှောင်ရှားပါ။ တတ်နိုင်သမျှ အိမ်ထဲတွင် နေထိုင်ပါ။
(ခ) မဖြစ်မနေ အိမ်ပြင်သို့ထွက်ရမည်ဆိုပါက ဆိုင်ကယ်စီးဦးထုပ်ကဲ့သို့ ဦးထုပ်အမာများဆောင်းပါ။ အဝတ်ထူများ ဝတ်ဆင်သွားပါ။ မိမိကိုယ်ကို အကာအကွယ်များပြုလုပ်သွားပါ။
(ဂ) မိုးရွာသွန်းနေစဉ်၊ မိုးခြိမ်းနေစဉ်၊ လျှပ်စီးလက်နေချိန်များတွင် တယ်လီဖုန်းများအသုံးပြုခြင်းရှောင်ကြဉ်ပါ။
(ဃ) တီဗွီ၊ ရေဒီယို၊ လျှပ်စစ်ထမင်းအိုး၊ လျှပ်စစ်မီးပူနှင့် ကွန်ပျူတာစသည့် လျှပ်စစ်နှင့်ဆိုင်သောပစ္စည်းများကိုလည်း ခလုတ်ပိတ်၍ ပလပ်ဖြုတ်ထားပါ။
(င) သစ်ပင်၊ ဓာတ်တိုင်နှင့် သံ/သတ္တုပစ္စည်းများအနီးတွင် မနေပါနှင့်။
(စ) ရုတ်တရက်တိမ်မည်းလာခြင်း၊ လေပြင်းလာခြင်း၊ မိုးသည်းထန်လာခြင်း၊ မိုးခြိမ်းပြီးအတော်ကြာမှ လျှပ်ပြက်ခြင်း၊ အပူထုထဲတွင် လေအေးများကို ခံစားရခြင်းစသည့် မိုးသီးမုန်တိုင်း၏ လက္ခဏာများအား ဂရုပြုပါ။

**ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ**

၅။ ပြည်သူလူထုများအနေဖြင့် လေပြင်းဘေးအပြင် အခြားသဘာဝဘေးအန္တရာယ်ကြုံတွေ့ပါက အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ အရေးပေါ် ဆက်သွယ်နိုင်ပါသည်-

**ဖုန်းနံပါတ်များ**

ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဦးစီးဌာန(ရုံးချုပ်) -၀၆၇-၄၀၄၆၆၆
Hot Line No များ -၀၆၇-၄၀၄၇၇၇
-၀၆၇-၄၀၄၂၂၂

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ဘုတ်ပြင်းမြို့နယ်၌ ကုန်တင်ယာဉ်တစ်စီး ချောက်ထဲထိုးကျ

**မြိတ် မတ် ၁၄**
တနင်္သာရီတိုင်းဒေသကြီး ဘုတ်ပြင်းမြို့နယ် ရွာသာယာကျေးရွာအနီး မိုင်တိုင်အမှတ် (၈၆/၁)နှင့် (၈၆/၂) အကြား ပွိုင့် ၁၀၂၀ တောင်ကုန်းအဆင်းတွင် မတ် ၁၃ ရက် နံနက် ၁ နာရီခွဲက ချောက်ဘီး ကုန်တင်ယာဉ်တစ်စီး ချောက်ထဲသို့ ထိုးကျတိမ်းမှောက်မှု ဖြစ်ပွား၍ နှစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း မြိတ်ခရိုင် ရဲတပ်ဖွဲ့မှူးရုံးထံမှ သိရသည်။

ဖြစ်စဉ်မှာ မြိတ်မြို့မှ ကော့သောင်းမြို့သို့ ထွက်ခွာသွားသော ယာဉ်မောင်း ဦးအောင်ခိုင် (၅၈)နှစ် ရွှေပြည်သာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူ မောင်းနှင်သော ယာဉ်အမှတ် MDY /---- ISUZU ချောက်ဘီး ကုန်တင်ယာဉ်ပေါ်တွင် ငါးပိအိတ်များ တင်ဆောင်ပြီး ယာဉ်နောက်လိုက် ဦးဗိုလ်ဝင်း (၂၅) နှစ် လှိုင်သာယာမြို့နယ် ရန်ကုန်တိုင်းဒေသကြီးနေသူတို့ လိုက်ပါလာသော မော်တော်ယာဉ်သည် မတ် ၁၃ ရက် နံနက် ၁ နာရီခွဲခန့်က ဘုတ်ပြင်း မြို့နယ် ရွာသာယာကျေးရွာအနီး မိုင်တိုင် အမှတ် (၈၆/၁) နှင့် (၈၆/၂) ကြား အရောက် ပွိုင့် ၁၀၂၀ တောင်ကုန်းအဆင်း တွင် လမ်း၏ ယာဘက်ခြမ်းသို့ ထိုးကျ တိမ်းမှောက်ခဲ့ကြောင်း သိရသည်။



ယာဉ် တိမ်းမှောက်မှုကြောင့် ယာဉ်မောင်း ဦးအောင်ခိုင်၏ ဝဲဘက် ခြေထောက်မှာ စတီယာရင်တိုင်နှင့် ညပ်နေသဖြင့် နယ်မြေခံတပ်မှ တပ်ဖွဲ့ဝင်များ၊ ပြည်ကြီးမဏ္ဍိုင် နယ်မြေ ရဲစခန်းမှ ရဲတပ်ဖွဲ့ဝင်များ၊ ပြည်ကြီးမဏ္ဍိုင်မြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့မှ ကယ်ဆယ်ရေးလုပ်ငန်း များဆောင်ရွက်ခဲ့ရာ နံနက် ၉ နာရီ ၁၀ မိနစ်တွင် ယာဉ်မောင်း ဦးအောင်ခိုင်အား ကားအတွင်းမှ ကယ်ထုတ်နိုင်ခဲ့သည်။ ဦးအောင်ခိုင်တွင် ဒဏ်ရာ (မစိုးရိမ်ရ) နှင့် ယာဉ်နောက်လိုက် ဦးဗိုလ်ဝင်းတို့တွင် ဒဏ်ရာ(မစိုးရိမ်ရ)တို့ ရရှိခဲ့သောကြောင့် မြိတ်ပြည်သူ့ ဆေးရုံကြီးသို့ ဆေးကုသရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။
**မြင့်ဦး (မြိတ်)**

# ဖန်းမောက်မြို့နယ်တွင် တရားမဝင်ရွှေမျှောနှင့် စက်ပစ္စည်းမျိုးစုံနှင့်အတူ လူငါးဦးဖမ်းမိ

**အင်းတော် မတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဖန်းမောက်မြို့နယ် အရှေ့တောင်ဘက် တောင်ချောင်းပေါက်ကျေးရွာအနီး တောင်ချောင်းပေါက် ချောင်းရိုးတစ်လျှောက်တွင် မတ် ၁၀ ရက်က တပ်မတော်စစ်ကြောင်းမှ နယ်မြေရှင်းလင်းရေး ဆောင်ရွက်ရာ တရားမဝင်ရွှေမျှောလုပ်ကိုင်သူ ငါးဦးနှင့် ဘတ်ဟိုးယာဉ် နှစ်စီး၊ ရွှေမျှောတိုက်ရာတွင် အသုံးပြုသည့် မှုန်စုပ်စက်မျိုးစုံ ၁၅ လုံး၊ ဆိုင်ကယ် ၁၂ စီး၊ ဒီဇယ်ပီပါ ၂၉ လုံး စုစုပေါင်း ကာလတန်ဖိုး ငွေကျပ်သိန်း ၂၀၀၀ ကျော် ဖမ်းဆီးရမိခဲ့ပြီး ဖမ်းဆီးရမိသူများနှင့် သက်သေခံပစ္စည်းများအား ဖန်းမောက်မြို့မစခန်းမှူး ဒုရဲမှူး ခင်မောင်ဝင်းထံ ရွှေ့ပြောင်းသယ်ယူထိန်းသိမ်းထားနိုင်ရေးနှင့် ဖမ်းဆီးရမိသူငါးဦးအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားရန် လွှဲပြောင်းအပ်နှံထားကြောင်း သိရသည်။
**ကိုမင်း(အင်းတော်)**

# မန်စီမြို့နယ်၌ တရားမဝင်ကျွန်းသစ်ခွဲသားများ ပိုင်ရှင်မဲ့သိမ်းဆည်းရမိ



**မန်စီ မတ် ၁၄**
ကချင်ပြည်နယ် ဗန်းမော်ခရိုင် မန်စီမြို့နယ် နန့်ဟန်ကျေးရွာအနီး၌ တရားမဝင် ကျွန်းသစ်ခွဲသား အလေးချိန် ၁၅ တန်ကျော်ကို မတ် ၁၁ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဗန်းမော်ခရိုင် သစ်တောဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးထွန်းထွန်းဦး ဦးဆောင်၍ မန်စီမြို့နယ်နှင့် မိုးမောက်မြို့နယ်များမှ သစ်တောဝန်ထမ်းများအဖွဲ့က သတင်းအရ အဆိုပါနေရာ၌ နယ်မြေရှင်းလင်းရေး ဆောင်ရွက်စဉ် နန့်ဟန်ကျေးရွာ တောစပ်အနီး၌ ပြန့်ကျဲနေသော တရားမဝင် ကျွန်းခွဲသား ၁၂၇၆ ချောင်း(အလေးချိန် ၁၅ ဒသမ ၃၃ တန်)ကို ပိုင်ရှင်မဲ့ တွေ့ရှိသဖြင့် အဆိုပါ တရားမဝင်သစ်များကို မန်စီမြို့နယ် နန့်ဟန်ကျေးရွာရှိ စီအူဘိနယ်စခန်းသို့ သယ်ယူသိမ်းဆည်းထားကြောင်း သိရသည်။ **(ခရိုင် ပြန်/ဆက်)**

# အိမ်ပြုပြင်ရန် အိမ်ဟောင်းဖျက်စဉ် မြေတိုက်ဟောင်းအတွင်းမှ ကျည်ထိပ်ဖူး ၂၃၅ တောင့်တွေ့

**မုံရွာ မတ် ၁၄**
မုံရွာမြို့မြဝတီရပ်ကွက်ရှိ နေအိမ်တစ်အိမ်၌ နေအိမ်ပြင်ဆောက်ရန် အိမ်ဟောင်းကိုဖျက်နေစဉ် မြေတိုက် အုတ်ကျင်းဟောင်းအတွင်းမှ ကျည်ဆံထိပ်ဖူး ၂၃၅ တောင့်ကို မတ် ၁၁ ရက်က တွေ့ရှိခဲ့ကြောင်းသိရသည်။

ယခု နေအိမ်ပိုင်ရှင်အနေဖြင့် အဆိုပါအိမ်ကို ဝယ်ယူထားသည်မှာ နှစ် ၂၀ ရှိပြီဖြစ်သော်လည်း အဆိုပါမြေတိုက်ကို မသိရှိဘဲ ယခု အိမ်ဟောင်းကိုဖျက်မှသာ ယခင်အိမ်ရှင်၏ မြေတိုက်ထဲရှိ ပစ္စည်းဟောင်းများထဲမှ တွေ့ရခြင်းဖြစ်ကြောင်း နယ်မြေရဲစခန်းမှ နယ်ထိန်းခေါင်းဆောင်ထံမှ သိရသည်။ အဆိုပါအိမ်၏ အနီးဝန်းကျင်မှ ပြည်သူများ၏ ပြောကြားချက်အရ ထိုအိမ်တွင် ယခင်နေထိုင်သွားသူသည် ကြေးမီးပူ၊ ကြေးခေါင်းလောင်းနှင့် ကြေးစည်များ ပြုလုပ်သူတစ်ဦးဖြစ်ကြောင်း သိရသည်။

ယခုတွေ့ရှိသော ကျည်ဆန်ထိပ်ဖူးများကို မုံရွာတပ်နယ်သို့ လွှဲပြောင်းပေးအပ်သွားမည်ဖြစ်ကြောင်းနှင့် တွေ့ရှိသော ကျည်ဆန်ထိပ်ဖူးများသည် မည်သည့်ကျည်အမျိုးအစားဖြစ်သည်ကို တပ်မတော်မှသာ ခွဲခြားပေးနိုင်မည်ဖြစ်ကြောင်းလည်း နယ်ထိန်းခေါင်းဆောင်က ပြောကြားသည်။ **မျိုးဝင်းထွန်း(မုံရွာ)**

# ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်၍ တစ်ဦးသေဆုံးပြီး လေးဦးဒဏ်ရာရ

**ရေး မတ် ၁၄**
မွန်ပြည်နယ် ရေးမြို့သီရိနန္ဒာအဏ္ဏဝါရပ်ကွက်အတွင်း ရေး-ထားဝယ် လမ်းမကြီးပေါ်၌ မတ် ၁၂ ရက် ည ၈နာရီခွဲခန့်က ဆိုင်ကယ်နှစ်စီး မျက်နှာချင်းဆိုင်တိုက်မိမှု ဖြစ်ပွားခဲ့ကြောင်း၊ ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူတစ်ဦး သေဆုံးခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ညီညီဇော် မောင်းနှင်ပြီး နောက်မှ မောင်ခါးထက်ခိုင် လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်သည် ရှေ့မှ မောင်းနှင်နေသောကားကို ကျော်တက်စဉ် တစ်ဖက်ယာဉ်ကြောသို့ ရောက်ရှိသွားပြီး သန့်ဇော်မောင်းနှင်ကာ နောက်မှ မျိုးဇော်ဦးနှင့် မင်းမင်းစိုးတို့ လိုက်ပါစီးနင်းလာသည့် ဆိုင်ကယ်နှင့် မျက်နှာချင်းဆိုင်တိုက်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ယာဉ်တိုက်မှုကို သွားရောက်စစ်ဆေးသည့် ရေးမြို့မရဲစခန်းမှ အမှုစစ်အရာရှိ ဒုရဲအုပ်မောင်မောင်ထံမှ သိရသည်။

ယာဉ်တိုက်မှုကြောင့် ဆိုင်ကယ်မောင်းသူနှင့် နောက်မှစီးနင်းလာသူများအားလုံး ဒဏ်ရာများရရှိကြ၍ တာဝန်ရှိသူများက ပြည်သူ့ဆေးရုံသို့ အရေးပေါ်တင်ပို့ကုသစဉ် ဆိုင်ကယ်မောင်းသူ ညီညီဇော်မှာ သေဆုံးသွားခဲ့ကြောင်း၊ ဖြစ်စဉ်နှင့်ပတ်သက်၍ ရေးမြို့မရဲစခန်းက အမှုဖွင့်ထားပြီး ဆက်လက်အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။
**နေမျိုးထွဋ်(ရေး)**

# လိုင်စင်မဲ့ မော်တော်ယာဉ်တစ်စီး ဖမ်းဆီးရမိ

**ထီးချိုင့် မတ် ၁၄**
စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ ရောဝတီတံတားအဆင်း၌ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းမောင်းနှင်လာသည့် လိုင်စင်မဲ့ယာဉ်တစ်စီးကို မတ် ၁၂ ရက်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ထီးချိုင့်မြို့မရဲစခန်းမှ ဒုရဲအုပ်ကျော်သက်လွင်နှင့်အဖွဲ့က သက်သေများနှင့်အတူ ထီးချိုင့်မြို့ ရောဝတီတံတားအဆင်း (ကြက်သွန်ခင်းလမ်းဆုံ)ကားလမ်းမပေါ်တွင် ယာဉ်များအား စစ်ဆေးမှုဆောင်ရွက်စဉ် ထီးချိုင့်-ကျောင်းကုန်း ကားလမ်းအတိုင်း ယာဉ်မောင်းကျော်ထွန်း မောင်းနှင်လာသည့် တိုယိုတာကရောင်း ခဲဖြူရောင်ယာဉ်ကို ရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်နှင့်ပတ်သက်သည့် စာရွက်စာတမ်းအထောက်အထား မှန်ကန်စွာပြသနိုင်ခြင်းမရှိဘဲ တစ်ဖက်နိုင်ငံမှ တရားမဝင် တင်သွင်းမောင်းနှင်လာသည့် လိုင်စင်မဲ့ယာဉ်ဖြစ်ကြောင်း စစ်ဆေးပေါ်ပေါက်ခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ လိုင်စင်မဲ့ယာဉ်ကို မောင်းနှင်လာသူ ကျော်ထွန်း(၄၁ နှစ်)အား ထီးချိုင့်မြို့မရဲစခန်းက သွင်းကုန်ထုတ်ကုန်ဥပဒေအရ အမှုဖွင့်ပြီး ဒုရဲအုပ်ကျော်သက်လွင်က စစ်ဆေးလျက်ရှိကြောင်း သိရသည်။
**ဦးရဲ(ကသာ)**

# မြို့နယ်အသီးသီးတွင် ဘိန်းဖြူများနှင့် စိတ်ကြွရူးသွပ်ဆေးပြားများဖမ်းဆီးရမိ

**နေပြည်တော် မတ် ၁၄**
မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးအတွက် မြန်မာနိုင်ငံရဲတပ်ဖွဲ့က ဦးဆောင်ပြီး မြို့နယ်အသီးသီးတွင် မူးယစ်ဆေးဝါး ရှာဖွေဖော်ထုတ်ဖမ်းဆီးမှုများကို ဆောင်ရွက်လျက်ရှိရာ မတ် ၁၀ ရက်တွင် ရှမ်းပြည်နယ် နမ့်ခမ်းမြို့၊ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်၊ နောင်ချိုမြို့နှင့် နောင်တရားမြို့များ၌ ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများကို ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

နမ့်ခမ်းမြို့နယ်တွင် ဘိန်းဖြူ ၂၂၄ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၉၇၅၀ ကို ဆိုင်ကယ်ဖြင့် သယ်ဆောင်လာသူ ကျိန်ဆုံချိအား နမ့်ခမ်းမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များ ပါဝင်သောပူးပေါင်းအဖွဲ့က ရွှေလီကြိုးတံတားထိပ်တွင် စစ်ဆေးရှာဖွေ ဖမ်းဆီးရမိခဲ့သည်။ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ်တွင်လည်း သုခမင်္ဂလာ(၂) ရပ်ကွက်နေ ညွန့်လွင်၏နေအိမ်ကို သတင်းအရ မူးယစ်တပ်ဖွဲ့စု(၁၇) မန္တလေး(မြောက်ပိုင်း)မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ဝင်ရောက်ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၄၄၀၀ နှင့် အိုက်စ် ၁၅ ဂရမ်တို့ကို ဖမ်းဆီးရမိခဲ့သည်။

နောင်ချိုမြို့နယ်တွင်လည်း မြို့အဝင် အိုရီယမ်တယ်တိုးဂိတ်အနီး၌ မူးယစ်တပ်ဖွဲ့စု (၂၄) လားရှိုးမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ရှာဖွေစစ်ဆေးမှုများ ဆောင်ရွက်စဉ် မနန်းခမ်းအေး မောင်းနှင်ပြီး မနန်းခမ်းယုံ လိုက်ပါလာသည့် ဆိုင်ကယ်ပေါ်မှ ဘိန်းဖြူ ၃၀ ဂရမ်နှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂၁၄၅ ပြားကို ဖမ်းဆီးရမိခဲ့သည်။ ထို့အတူ ပင်လောင်းမြို့နယ် နောင်တရားမြို့တွင်လည်း ထီဂနိုင်ရွာသစ်အနီး လမ်းမပေါ်၌ မူးယစ်တပ်ဖွဲ့စု(၂၆) ပင်လောင်းမှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့က ယာဉ်မောင်း မောင်ဦး မောင်းနှင်လာသည့် ဆိုင်ကယ်ကို ရှာဖွေစစ်ဆေးရာ စိတ်ကြွရူးသွပ်ဆေးပြား ၁၆၂၀ ကို ဖမ်းဆီးရမိခဲ့သည်။

အဆိုပါဖြစ်စဉ်များမှ မူးယစ်ဆေးဝါးများနှင့်အတူ ဖမ်းဆီးရမိသူများအား သက်ဆိုင်ရာ နယ်မြေရဲစခန်းများက မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။
**ကိုရဲ**

# ဘုရားဖူးပြန်လာသည့် ယာဉ်တိမ်းမှောက်၍ လေးဦးသေဆုံး

**အင်းတော် မတ် ၁၄**
ကချင်ပြည်နယ် မိုးညှင်းမြို့နယ် ပြည်ထောင်စုလမ်းမကြီးပေါ် မိုင်တိုင်အမှတ်(၁၇၄/၅-၆)ကြား မော်ဟန်ကျေးရွာအနီး လွဲခမ်းတောင်အဆင်း၌ မတ် ၁၂ ရက် ညနေ ၄ နာရီခွဲခန့်က ဘုရားဖူးယာဉ်တစ်စီးတိမ်းမှောက်ကာ လေးဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရခဲ့ကြောင်း သိရသည်။

ယာဉ်မောင်းသန့်ဇင်ထွန်း (၃၁ နှစ်) မောင်းနှင်သည့် အင်းတော်ကြီးဘုရားပွဲမှ ဘုရားဖူးပြီးပြန်လာသော တုံဖန်းယာဉ် (5G/----)မှာ အဆိုပါ တောင်အဆင်းတွင် အရှိန်မထိန်းနိုင်ပဲ တိမ်းမှောက်သွားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။ ယာဉ်တိမ်းမှောက်မှုကြောင့် ယာဉ်ပေါ်တွင်လိုက်ပါလာသူ ၃၃ ဦးအနက် လေးဦးသေဆုံးခဲ့ပြီး အများအပြား ဒဏ်ရာရရှိခဲ့ကြောင်း၊ ဒဏ်ရာရရှိသူများအား နာရေးကူညီမှုအသင်း၏ ကားများအကူအညီဖြင့် မိုးညှင်းမြို့ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ပေးထားပြီး ယာဉ်မောင်းအား အမှုဖွင့်အရေးယူဆောင်ရွက်ထားကြောင်း သိရသည်။
**ကိုမင်း(အင်းတော်)**

# အိုးထရက်ဖို့ဒ်မှာ မန်ယူတို့ ရော့စတော့ဗ်ကို ကျော်ဖြတ်နိုင်ပါ့မလား

မိုးမြင့်လင်းလက်



ဒီတစ်ပတ်ကြားရက်ဖြစ်တဲ့ မတ် ၁၆ ရက်မှာတော့ ယူရိုပါလိဂ် ၁၆ သင်းအဆင့် ဒုတိယအကျော့ပွဲစဉ်တွေကို ဆက်လက်ကစားမှာ ဖြစ်ပါတယ်။ ပထမအကျော့ပွဲစဉ်မှာ ရလဒ်ကောင်းမပိုင်ဆိုင်ခဲ့ကြတဲ့အသင်းကြီးတွေအတွက် ပြတ်သားတဲ့ရလဒ်နဲ့ အောင်ပွဲခံပြီးနောက်တစ်ဆင့်တက်ရောက်နိုင်ရေး အရေးကြီးတဲ့ ပွဲလည်း ဖြစ်ပါတယ်။ ပထမအကျော့မှာ ရှုံးပွဲကြုံထားတဲ့အသင်းတွေအတွက်ကလည်း မမျှော်လင့်တဲ့ ခြေစွမ်းပြမှုတွေနဲ့အတူ ဂိုးပြတ်သွင်းပြီး နောက်တစ်ဆင့်တက်လှမ်းနိုင်မလားဆိုတာကလည်း ရင်ခုန်စရာတော့ ကောင်းနေတာအမှန်ပါပဲ။

**မန်ယူနှင့် ရော့စတော့ဗ်**

ပထမအကျော့ အဝေးကွင်းမှာ မန်ယူတို့ တစ်ဂိုးစီနဲ့ သရေပွဲဖြစ်ပြီး ပြန်လာခဲ့ကြရပေမယ့် ဒီပွဲမှာ ပြတ်ပြတ်သားသားရလဒ်ကို ဖော်ထုတ်နိုင်ဖို့ အိုးထရက်ဖို့ဒ်မှာ ပြင်ဆင်ပါလိမ့်မယ်။ ရော့စတော့ဗ်ဟာ ပြိုင်ဘက်ခြေစွမ်းကိုလိုက်ပြီး နည်းဗျူဟာပြောင်းလဲ ကစားနိုင်တဲ့အသင်းဖြစ်ပါတယ်။ အသင်းလိုက်ကစားအားကောင်းပြီး နားလည်မှုလည်းရှိတဲ့အတွက် မန်ယူတို့ အိမ်ကွင်းမှာ အကြိတ်အနယ်ကစားရပါလိမ့်မယ်။ မန်ယူတို့က ဘလက်ဘန်း၊ စိန့်အီတင်းနဲ့ ဆောက်သမ်တန်အသင်းတွေကို ဆက်တိုက်အနိုင်ယူခဲ့ပြီးမှ ဘုန်းမောက်နဲ့ ရော့စတော့ဗ်ကို သရေပွဲတွေ ဆက်တိုက်ဖြစ်ခဲ့ပါတယ်။ လက်ရှိခြေစွမ်းအရ မန်ယူမှာ အားထားရတဲ့ တိုက်စစ်မှူး မိုဗစ်မပါဝင်နိုင်တာက အားနည်းချက်ရှိနေပါတယ်။ ဒါပေမယ့် နောက်တစ်ဆင့်တက်ရောက်ရေး မဖြစ်မနေ နိုင်ပွဲရှာဖွေမယ့် မန်ယူကိုပဲ ဒီပွဲမှာ အားပေးရမှာ ဖြစ်ပါတယ်။

**မွန်ချန်ဂလာဘတ်နှင့် ရှော်လ်ကေး**

ဂလာဘတ်ရဲ့ ခြေစွမ်းက အကောင်းဆုံး ရရှိနေပြီး နောက်ဆုံးကစားတဲ့ ငါးပွဲမှာ တစ်ပွဲမှ မရှုံးခဲ့ဘဲ သရေတစ်ပွဲဖြစ်ခဲ့ပါတယ်။ ငါးပွဲမှာ ၁၃ ဂိုးသွင်းနိုင်တဲ့ ဂလာဘတ်ရဲ့ တိုက်စစ်မှူးတွေဟာ တည်တည်ငြိမ်ငြိမ်နဲ့ ထိုးဖောက်ဂိုးသွင်းနိုင်သူတွေဖြစ်ပါတယ်။ ဂလာဘတ်ရဲ့ အားနည်းချက်က ခံစစ်ပိုင်းဖြစ်ပြီး ပြင်ဆင်မှုရပါလိမ့်မယ်။ ရှော်လ်ကေးတို့က အခုတလော နိုင်ပွဲတွေ ဆက်တိုက်ပျောက်ဆုံးနေတဲ့ အသင်းဖြစ်ပြီး အထူးသဖြင့် အဝေးကွင်းမှာ ရှုံးပွဲများပါတယ်။ ပထမအကျော့မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့ပေမယ့် ဒီပွဲမှာ ဂလာဘတ်တို့ပဲ နိုင်ပွဲရပြီး နောက်တစ်ဆင့်တက်ရောက်သွားပါလိမ့်မယ်။

**အေဂျက်နှင့် ကိုပင်ဟေဂင်**

ပထမအကျော့ပွဲစဉ်မှာ ကိုပင်ဟေဂင်တို့က အိမ်ကွင်းမှာ နှစ်ဂိုး-တစ်ဂိုးနဲ့ နိုင်ပွဲရခဲ့ပါတယ်။ ကိုပင်ဟေဂင်တို့က ပွဲတိုင်းအမှတ်မဆုံးရှုံးအောင် ကစားနိုင်တဲ့ အသင်းဖြစ်ပြီး အနိုင်ရလိုစိတ်လည်း ပြင်းထန်ပါတယ်။ အေဂျက်တို့ကတော့ အခုပွဲ အိမ်ကွင်းမှာ ကစားရမှာမို့ ရလဒ်ပြတ်သားအောင် အားထုတ်မှာသေချာပါတယ်။ အေဂျက်တို့က ခံစစ်လုံအောင် အားပြုပြီး တိုက်စစ်ဖွင့်တတ်တာမို့ ကိုပင်ဟေဂင်တို့ ခက်ခဲပါလိမ့်မယ်။ အကြိုက်က အေဂျက်ဖြစ်ပြီး အေဂျက်တို့နောက်တစ်ဆင့်တက်နိုင်ရေး အခြေအနေကောင်းနဲ့ ကြုံတွေ့ရပါလိမ့်မယ်။

**ခရက်နိုဒါနှင့် ဆဲလ်တာဗီဂို**

နှစ်သင်းစလုံးရဲ့ ခြေစွမ်းက အားရစရာတော့ မရှိပါဘူး။ ဆဲလ်တာဗီဂိုတို့က ခံစစ်ပိုင်း မလုံခြုံလို့ ခရက်နိုဒါ တိုက်စစ်မှူးတွေ အကြိုက်တွေ့သွားနိုင်ပါတယ်။ ဒါပေမယ့် ခရက်နိုဒါ တိုက်စစ်မှူးတွေက အဆုံးသတ်ပိုင်းအား နည်းသူတွေဖြစ်ပြီး ပြိုင်ဘက်ဂိုးရှေ့ရောက်ရင် ဘောလုံးဆုံးရှုံးမှုများနေတတ်တဲ့သူတွေ ဖြစ်ပါတယ်။ ဆဲလ်တာဗီဂိုတို့ ဒီပွဲကို အနိမ့်ဆုံး သရေကစားပြီး နောက်တစ်ဆင့် တက်လှမ်းသွားပါလိမ့်မယ်။

**ဘီဆစ်တက်စ်နှင့် အိုလံပီယာကို့စ်**

ပထမအကျော့ပွဲစဉ်မှာ တစ်ဂိုးစီသရေပွဲဖြစ်ခဲ့လို့ နှစ်သင်းစလုံးအတွက် ဒီပွဲဟာ အရေးကြီးတဲ့ပွဲ ဖြစ်လာခဲ့ပါပြီ။ ဘီဆစ်တက်စ်ရဲ့ ခြေစွမ်းက အိမ်ကွင်းအဝေးကွင်း ခြေစွမ်းပြနိုင်ပြီး နိုင်ပွဲလည်းရအောင် အားထည့်ကစားနိုင်သူတွေဖြစ်ပါတယ်။ ဂိုးသွင်းစွမ်းရည်မမြင့်မားပေမယ့် အနိုင်ဂိုးရအောင် အားထုတ်တတ်တဲ့ ဘီဆစ်တက်စ် တိုက်စစ်မှူးတွေရဲ့ ထိုးဖောက်မှုက အဆုံးသတ်သေချာပါတယ်။ တိုက်စစ်၊ ခံစစ်ပါ အားနည်းချက်ရှိတဲ့ အိုလံပီယာကို့စ်ဟာ ဒီပွဲမှာ အိမ်ရှင်ရဲ့ ဖိအားပေးမှုအောက်မှာ ပြိုင်ပွဲက နုတ်ဆက်ထွက်ခွာရမယ့် ကိန်းပါပဲ။

**ရိုးမားနှင့် လိုင်ယွန်**

လိုင်ယွန်တို့ ပထမအကျော့ အိမ်ကွင်းမှာ လေးဂိုးသွင်းပြီး အနိုင်ယူခဲ့ပေမယ့် ရိုးမားတို့က အဝေးကွင်းမှာ နှစ်ဂိုးသွင်းယူနိုင်ခဲ့လို့ ရှုံးခဲ့ပေမယ့် မျှော်လင့်ချက်ရှိနေတဲ့ အသင်းပါပဲ။ လိုင်ယွန်အသင်းရဲ့ အားသာချက်က တိုက်စစ်မှူးတွေ ဂိုးသွင်းစွမ်းရည်မြင့်မားတာဖြစ်ပါတယ်။ လိုင်ယွန်တိုက်စစ်မှူးတွေဟာ နောက်ဆုံးကစားခဲ့တဲ့ငါးပွဲမှာ ၂၁ ဂိုးအထိ သွင်းယူနိုင်ခဲ့တာမို့ မာကျောတောင့်တင်းတဲ့ ရိုးမားခံစစ်မှူးတွေ သတိထားရမယ့် အနေအထားဖြစ်ပါတယ်။ အခုပွဲ ရိုးမားကွင်းမှာ ကစားရမှာဖြစ်လို့ အဝေးကွင်းမှာ ခြေစွမ်းကျဆင်းတတ်တဲ့ လိုင်ယွန်ကို ရိုးမားတို့ ဂိုးပြတ်သွင်းကျော်လွှားဖို့ ကြိုးစားပါလိမ့်မယ်။ ဒါပေမယ့် ရိုးမားတို့ အကျပ်အတည်း တွေ့နိုင်တဲ့ပွဲဖြစ်ပါတယ်။ ။


## ၄၈ ပွဲဆက်တိုက် ဂိုးသွင်းစံချိန်တင်တဲ့ ရီးရဲမက်ဒရစ်

ရီးရဲမက်ဒရစ်အသင်းက စပိန်လာလီဂါမှာ ရီးရဲဘက်တစ်ကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရလိုက်ပြီးနောက် ၄၈ ပွဲ ဆက်တိုက် ဂိုးသွင်းစံချိန်တင်တဲ့အသင်းဖြစ်လာခဲ့ပါတယ်။ တိုက်စစ်မှူး စီရိုနယ်ဒိုရဲ့ ခေါင်းတိုက်ချေပဂိုးနဲ့အတူ ရီးရဲမက်ဒရစ်အသင်းဟာ ၄၈ ပွဲဆက်တိုက်ဂိုးသွင်းအနိုင်ယူတဲ့အသင်း ဖြစ်လာခဲ့ပါတယ်။ ဒီစံချိန်ဟာ လွန်ခဲ့တဲ့အနှစ် ၅၀ ကျော်အတွင်း ဘင်ဖီကာအသင်း တင်ထားတဲ့ စံချိန်ကို ကျော်ဖြတ်ခဲ့ခြင်း ဖြစ်ပါတယ်။ ဘင်ဖီကာအသင်းဟာ ၁၉၆၃ ခုနှစ် ဒီဇင်ဘာလမှ ၁၉၆၅ ခုနှစ် ဇန်နဝါရီလအတွင်း ၄၇ ပွဲ ဂိုးဆက်တိုက်သွင်းယူခဲ့ပါတယ်။ ဇီဒန်းရဲ့ရီးရဲမက်ဒရစ်အသင်းဟာ ဧပြီလထဲမှာ မန်စီးတီးအသင်းနဲ့ ချန်ပီယံလိဂ် ဆီမီးဖိုင်နယ် ပထမအကျော့အဖြစ် ကစားဖို့လည်း ရှိနေပါတယ်။ လက်ရှိမှာတော့ ရီးရဲမက်ဒရစ်အသင်းဟာ စပိန်လာလီဂါမှာ ရလဒ်ကောင်းတွေရထားတဲ့အသင်းဖြစ်ပါတယ်။ မန်ချက်စတာမှာ ကစားခဲ့တဲ့ပြိုင်ပွဲအပြီး ၃၄ ပွဲ နိုင်၊ ၁၁ ပွဲ သရေကျပြီး သုံးပွဲသာ ရှုံးနိမ့်ထားပါတယ်။



# နိုင်ပွဲတွေဆက်နေတဲ့ လီဗာပူး

လီဗာပူးအသင်းဟာ ပရီမီယာလိဂ်ပွဲစဉ် (၂၈) အပြီး နိုင်ပွဲနဲ့အတူ အောင်ပွဲတွေ ဆက်တိုက်ရရှိနေပါတယ်။ လီဗာပူးက ဘန်လေအသင်းကို နှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရပြီး နိုင်ပွဲတွေရရှိနေတာဖြစ်ပါတယ်။ အမ်မီကန်းရဲ့ ဒီရာသီမှာ စတုတ္ထမြောက်ဂိုးနဲ့ လီဗာပူးအသင်းဟာ ဇယားထိပ် စတုတ္ထနေရာကို တက်လာခဲ့ပါတယ်။ လီဗာပူးအသင်းရဲ့ ဒီပွဲအနိုင်ရမှုဟာ ဒုတိယမြောက် ဆက်တိုက်အနိုင်ရမှုလည်း ဖြစ်ပါတယ်။ ပဉ္စမနေရာမှ အာဆင်နယ်အထက် ငါးမှတ်အသာနဲ့ ရှိနေပါတယ်။ ဂျာဂျင်ကလော့ရဲ့ လီဗာပူးအသင်းဟာ ဒီလအစောပိုင်းကလည်း အာဆင်နယ်အသင်းကို သုံးဂိုး-တစ်ဂိုးနဲ့ အနိုင်ရခဲ့ပါတယ်။ လက်ရှိအချိန်မှာ လီဗာပူးအသင်းအနေနဲ့ တိုက်စစ်ထက် ခံစစ်ပိုင်းကို အကောင်းဆုံးကစားနေတဲ့ အနေအထားဖြစ်ပါတယ်။ သို့ပေမယ့် တိုက်စစ်ကနေ ဂိုးတွေ ဖန်တီးနိုင်တဲ့ အနေအထားကတော့ နည်းနေတာတွေ့ရပါတယ်။ ဇယားနံပါတ်(၁၂) နေရာမှာရှိနေတဲ့ ဘန်လေကတော့ ဒီနှစ်ရာသီမှာ အဝေးကွင်း တစ်ပွဲမှ အနိုင်ကစားနိုင်ခြင်း မရှိတာကို တွေ့ရပါတယ်။ လီဗာပူးအသင်းကတော့ ပွဲစဉ် (၂၈) အပြီး ၅၅ မှတ်နဲ့ စတုတ္ထနေရာမှာ ရပ်တည်လျက်ရှိပါတယ်။



ကောင်းမြတ်သူ-စုစည်းသည်။

## လက်စတာနည်းပြဖြစ်လာတဲ့ ရှိတ်စပီးယား

ခရိတ် ရှိတ်စပီးယားကို ရာသီကုန်အထိ လက်စတာအသင်းရဲ့နည်းပြအဖြစ် ခန့်အပ်တာဝန်ပေးလိုက်ပြီဖြစ်ပါတယ်။ အသက် ၅၃ နှစ်အရွယ် ရှိတ်စပီးယားဟာ ဖေဖော်ဝါရီ ၂၃ ရက်က ကလောဒီယို ယာနီယာရီကို အလုပ်ဖြုတ်လိုက်ပြီးနောက် လက်စတာအသင်းရဲ့ ယာယီနည်းပြဖြစ်လာခဲ့ပါတယ်။ ယာနီယာရီဟာ လက်စတာအသင်းကို ပရီမီယာလိဂ်ဖလား ရယူပေးခဲ့ပြီး ကိုးလအကြာမှာ အလုပ်က ဖြုတ်ချခြင်းခံခဲ့ရပါတယ်။ အချိန်ပြည့် နည်းပြမဟုတ်တဲ့ ရှိတ်စပီးယားဟာ လက်ထောက်နည်းပြအဖြစ်နဲ့ ယာနီယာရီရဲ့ လက်အောက်မှာရှိနေခဲ့ပါတယ်။ ယခုအခါမှာတော့ သူကိုင်တွယ်တဲ့ ပြိုင်ပွဲ နှစ်ပွဲစလုံး အနိုင်ရရှိထားပါတယ်။ လက်စတာအသင်းဟာ ကောင်းမွန်တဲ့ နည်းပြ လက်ထဲကိုရောက်ခဲ့တာဖြစ်တယ်လို့ အသင်းရဲ့ဒုတိယဥက္ကဋ္ဌ အီရာဝပ်ဆာဗာဒါနာပါဟာက ဆိုပါတယ်။ ရှိတ်စပီးယားဟာ ရာသီကုန်အထိ လက်စတာအသင်းကို အကောင်းဆုံး ဦးဆောင်သွားနိုင်လိမ့်မယ်လို့လည်း ဆိုပါတယ်။



# ဦးရာဇ်တော်ခာတ် စေတီတော်ကြီး ဗုဒ္ဓပူဇနိယပွဲတော် ကျင်းပမည်

**ပုဏ္ဏားကျွန်း မတ် ၁၄**

ရခိုင်ပြည်နယ် ပုဏ္ဏားကျွန်းမြို့ရှိ ဦးရာဇ်တော်ခာတ် စေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို မတ် ၁၈ ရက်မှ ၂၁ ရက်အထိ လေးရက်တိုင် စည်ကားသိုက်မြိုက်စွာ ကျင်းပသွားမည်ဖြစ်ကြောင်း နှင့်ဘုရားပွဲတော်ကြီးအတွင်း ဗုဒ္ဓါဘိသေက အနေကဇာတင်ပွဲ၊ သံဃာ့ ဒါနဆွမ်းကျွေးပွဲ၊ ဆွမ်းဆန်စိမ်းလောင်းလှူပွဲ၊ ရခိုင်ရိုးရာ ပြိုင်လောင်းပွဲ၊ ရခိုင်ရိုးရာကျင်ပွဲ၊ ဇာတ်ပွဲ နှင့်အခြားပျော်ပွဲရွှင်ပွဲများ ပါဝင်မည်ဖြစ်ကြောင်း သိရသည်။

ပြိုင်လောင်းပွဲ(လှေပြိုင်ပွဲ)ကို လှေအလျားအရှည် အတိုင်းအတာအရ အုပ်စုသုံးစုခွဲ၍ ကျင်းပမည်ဖြစ်ကြောင်း၊ ဘုရားပွဲသို့လာရောက်သော ပြိုင်လှေများအား လှေအရှည် အမျိုးအစားအလိုက် ဦးတိုက်ဆုများ ချီးမြှင့်ပေးမည်ဖြစ်ကာ ပြိုင်ပွဲတွင် အနိုင်ရသောလှေများကိုလည်း ပထမ၊ ဒုတိယ၊ တတိယစသည်ဖြင့် အောင်လံများနှင့်အတူ ငွေသားဆုများပါ ပေးအပ်ချီးမြှင့်သွားဖြစ်ကြောင်း သိရသည်။

ရခိုင်ရိုးရာကျင်ပွဲကို ရွှေမောင်းတန်းနှင့် ငွေမောင်းတန်းအပြင် ရွှေမောင်းတန်းစိန်ခေါ်ပွဲနှင့် ငွေမောင်းတန်းစိန်ခေါ်ပွဲများကိုလည်း ကျင်းပမည်ဖြစ်ရာ ရွှေတံဆိပ်ဆုများကိုလည်း ထိုက်ထိုက်တန်တန် ပေးအပ်ချီးမြှင့်သွားမည်ဖြစ်ကြောင်း သိရသည်။



ဦးရာဇ်တော်ခာတ် စေတီတော်မြတ်ကြီးသည် ပုဏ္ဏားကျွန်းမြို့ ကင်းချောင်းတစ်ဖက်ကမ်းရှိသေလာပိဋ္ဌပဗ္ဗတတောင်ခေါ် ကျောက်ရဲတောင် ခေါ် ဦးရာဇ်တောင်ထိပ်၌ တည်ရှိသော ဘုရားဖြစ်သည်။ ဘုရားရှင်၏ ဗျာဒိတ်တော်အရ တတိယ ဓညဝတီခေတ် ခြောက်ဆက်မြောက် ဓညဝတီပြည့်ရှင် သူရိယစက္ကမင်းကြီးက သာသနာသက္ကရာဇ် ၂၂၂ ခုနှစ် တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက်နေ့က စတင်တည်ထားခဲ့ကြောင်း သိရသည်။

လက်ရှိဖူးတွေ့ရသော စေတီတော်မြတ်ကြီးအား ဒုတိယ မြောက်ဦးခေတ် ဘုရင်မင်းဗာကြီး၏သား ငါးဆက်မြောက် ဘုရင် ဖလောင်းရာဇာက ကောဇာသက္ကရာဇ် ၉၅၃ ခု တန်ဆောင်မုန်းလပြည့်ကျော် ၁ ရက် (ခရစ်နှစ် ၁၅၉၁) တွင် ယခင်စေတီငယ်အား ကျောက်ညိုကျောက်သားအတိဖြင့် အမြင့်သံတောင် ၁၀၀ (၁၅၃ ပေ)၊ လုံးပတ်မင်းလံ ၈၀ (၄၀၀ ပေ)ရှိ စေတီတော်ကြီးအဖြစ် ပြုပြင်မွမ်းမံ ပူဇော်ခဲ့သည်။

ဦးရာဇ်တော်ခာတ် စေတီတော်မြတ်ကြီးသည် ရှေးဟောင်းသမိုင်းဝင် ဗျာဒိတ်တော်ရ ဆုတောင်းပြည့်စေတီတော်ကြီးဖြစ်၍ ဗုဒ္ဓပူဇနိယပွဲတော် ကာလအတွင်း လာရောက်ကြည်ညို ဖူးမြော်နိုင်ကြပါရန် အသိပေးနှိုးဆော် ဖိတ်ခေါ်အပ်ပါသည်။

**သူ(ပုဏ္ဏားမြို့)**

# သကြိန်ဖလားဘောလုံးပြိုင်ပွဲ ကျိုင်းတုံမြို့နယ်တွင် ကျင်းပမည်

**ကျိုင်းတုံ မတ် ၁၄**

ကျိုင်းတုံမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနက စီစဉ်၍ ကျိုင်းတုံမြို့ Old Star ဘောလုံးအသင်းက ကူညီထောက်ပံ့ပေးသည့် ၂၀၁၇ ခုနှစ် သကြိန်ဖလား (လူသစ်တန်း)အမျိုးသားဘောလုံးပြိုင်ပွဲကို မတ် ၁၅ ရက်တွင် စတင်ကျင်းပမည်ဖြစ်ကြောင်း သိရသည်။

မြို့မဘောလုံးကွင်း၌ ကွင်းဖွင့်ပွဲကို မတ် ၁၅ ရက်တွင် ကျင်းပပြီး Old Star ဘောလုံးအသင်းနှင့် TRC Old Star(တြိဂံဒေသတိုင်းစစ်ဌာနချုပ် လက်ရွေးစင်ဟောင်းများ)အသင်းတို့ ချစ်ကြည်ရေးပွဲ ယှဉ်ပြိုင်ကစား၍ ပြိုင်ပွဲကို ဖွင့်လှစ်မည်ဖြစ်ကြောင်း၊ ဖွင့်ပွဲတွင် ယှဉ်ပြိုင်ကစားမည့် TRC Old Star အသင်းတွင် တြိဂံဒေသတိုင်းစစ်ဌာနချုပ် လက်ရွေးစင်ဟောင်းများအပြင် တပ်မတော်အရာရှိများလည်း ချစ်ကြည်ရေးအဖြစ် ဝင်ရောက်ကစားမည်ဖြစ်ကြောင်းသိရသည်။

သကြိန်ဖလား ဘောလုံးပြိုင်ပွဲတွင် ဒေသတွင်းမှ ဘောလုံးအသင်း ၁၁ သင်း ဝင်ရောက် ယှဉ်ပြိုင်ကာ ပွဲစဉ်ပေါင်း ၂၀ ရှိမည်ဖြစ်ပြီး ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲကို ဧပြီ ၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း၊ ပွဲစဉ်အလိုက် အကောင်းဆုံးဆုများလည်း ပေးအပ်သွားမည်ဖြစ်ကြောင်း မြို့နယ်အားကစားမှူး ဦးစိုင်းချစ်အောင်က ပြောကြားသည်။

ကျိုင်းတုံမြို့တွင် အားကစားဖွံ့ဖြိုးတိုးတက်ရေးအတွက် နွေရာသီအားကစားသင်တန်းများအဖြစ် အားကစားနည်း လေးမျိုးကိုလည်း ကျိုင်းတုံမြို့မအားကစားကွင်း၌ မတ် ၁ ရက်မှစ၍ သင်ကြားပေးခဲ့ရာ ပိုက်ကျော်ခြင်း၊ ကြက်တောင်နှင့် စားပွဲတင်တင်းနစ် ကစားနည်းများမှာ မတ် ၁၂ ရက်တွင် သင်တန်းဆင်းခဲ့ကြောင်း၊ ဘောလုံးကစားနည်းသင်တန်းဆင်းရန် ကျန်ရှိနေသေးပြီး မတ် ၂၁ ရက်တွင် သင်တန်းဆင်းပွဲကို ပြိုင်ပွဲများပြုလုပ်၍ ကျင်းပမည်ဖြစ်ကြောင်း၊ သင်တန်းတွင် စားပွဲတင်တင်းနစ်နှင့် ဘောလုံးကစားနည်းမှ ထူးချွန်သည့် မျိုးဆက်သစ်လူငယ်များ ထွက်လာနိုင်ကြောင်းလည်း မြို့နယ်အားကစားမှူးက ပြောသည်။

အဆိုပါ နွေရာသီအားကစားသင်တန်းများတွင် သက်ဆိုင်ရာ အားကစားနည်းအလိုက် ရှမ်းပြည်နယ် လက်ရွေးစင်ဟောင်းများက သင်ကြားပို့ချပေးခဲ့ကြပြီး ကျိုင်းတုံမြို့နယ်အတွင်းမှ လူငယ်များ သင်တန်းတက်ရောက်ခဲ့ကြကာ ဘောလုံးသင်တန်းတွင် ၁၄၀၊ ပိုက်ကျော်ခြင်း ၁၄ ဦး၊ စားပွဲတင်တင်းနစ်တွင် ၂၀ နှင့် ကြက်တောင် သင်တန်းတွင် ၁၄ ဦး တက်ရောက်ခဲ့ကြောင်း သိရသည်။

**မောင်မောင်နိုင်(ကျိုင်းတုံ)**

# မလိချောင်းကူး ငြိမ်းချမ်းရေးတံတားတည်ဆောက်ထားသည့်အတွက် ဘုရားဖူးပြည်သူများ အဆင်ပြေ

**မြစ်ကြီးနား မတ် ၁၄**

မြစ်ကြီးနားမြို့နယ် တာလောကြီးကျေးရွာနှင့် ခေါင်းဖူးကျေးရွာကြား မလိချောင်းကိုဖြတ်သန်းသည့် ငြိမ်းချမ်းရေးတံတား တည်ဆောက်ထားခြင်းကြောင့် ခေါင်းဖူးလောက မာရဇိန်မဟာစေတီတော်ကြီး အရံစေတီ ရွှေထီးတော်တင်ပွဲကျင်းပနေသည့် ယခုရက်များတွင် ဘုရားဖူးပြည်သူများနှင့် ခရီးသွားပြည်သူများအတွက် သွားလာရေး အဆင်ပြေစေလျက်ရှိကြောင်း သိရသည်။

"အခုလို တံတားတည်ဆောက်ပေးထားတဲ့အတွက် ကျေးဇူးတင်ပါတယ်။ ခါတိုင်း ဘုရားပွဲလာတိုင်း စက်လှေကူးတို့တွေနဲ့ ကူးနေရတော့ အခက်အခဲရှိတယ်။ ခုဆိုဆိုင်ကယ်နဲ့ သွားမလား လမ်းလျှောက်သွားမလား အဆင်ပြေတယ်။ ကောက်ခံတဲ့ဈေးနှုန်းကလည်း မများတော့ ခရီးသွားပြည်သူတွေရော ဘုရားဖူးဧည့်သည်တွေရော စိတ်ချမ်းသာပါတယ်"ဟု ဆားမော်ကျေးရွာမှ ဘုရားဖူးလာရောက်သော ပြည်သူတစ်ဦးက ပြောသည်။

အဆိုပါ ငြိမ်းချမ်းရေးတံတားကို ၂၀၁၆ ခုနှစ် နှစ်ကုန်ပိုင်းက ဒေသခံပြည်သူများ စုပေါင်း၍ ကိုယ့်အားကိုယ်ကိုး ဆောက်လုပ်ခဲ့ပြီး အရှည် ပေ ၁၅၀၀၊ အကျယ် ၁၀ ပေရှိ သစ်သားတံတားဖြစ်ကြောင်း၊ တံတားဆောက်လုပ်ပြီးနောက် ဒက္ခိဏာရာမကျောင်း ဆောက်လုပ်ရေး ရန်ပုံငွေအဖြစ် တံတားဖြတ်သန်းခ ဆိုင်ကယ်တစ်စီးလျှင် ကျပ် ၅၀၀ ကျပ်၊ လူတစ်ယောက်လျှင် ကျပ် ၂၀၀ နှုန်းဖြင့် ဒက္ခိဏာရာမကျောင်း ဆောက်လုပ်ရေးကော်မတီက ကောက်ခံကြောင်း သိရသည်။

အခုလို ခေါင်းဖူး လောကမာရဇိန်မဟာစေတီတော်ကြီး အရံစေတီ ရွှေထီးတော်တင် ပွဲတော်ရက်ဆိုတော့ ဈေးရောင်းချသူတွေ၊ ဘုရားဖူးဧည့်သည်တွေ၊ ခရီးသွားတွေနဲ့ တံတားပေါ်မှာ နေ့ရောညပါ စည်ကားနေပါတယ်။ ပွဲတော်ရက်အတွင်းမှာ တစ်ရက် ၁၀ သိန်းဝန်ကျင်လောက် တံတားဖြတ်သန်းခရပါတယ်။ အခြားရက်တွေမှာ တစ်သောင်း ပတ်ဝန်းကျင်လောက် ကောက်ခံရရှိတယ်"ဟု ဒက္ခိဏာရာမကျောင်း ဆောက်လုပ်ရေးကော်မတီ တာဝန်ခံတစ်ဦးက ပြောသည်။

တာလောကြီးကျေးရွာရှိ ဒက္ခိဏာရာမကျောင်းသည် ၂၀၁၄ ခုနှစ်တွင် မီးလောင်ကျွမ်းမှုကြောင့် ကျောင်းဆောင်များ ပျက်စီးခဲ့၍ ကျောင်းဆောင်သစ်ကို တံတားမှ ကောက်ခံရရှိသည့် ရန်ပုံငွေဖြင့် အသစ်ပြန်လည်တည်ဆောက်သွားမည်ဖြစ်ကြောင်း ဒက္ခိဏာရာမကျောင်း ဆောက်လုပ်ရေးကော်မတီမှ သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# သာစည်မြို့နယ် အုတ်ကျင်းကျေးရွာတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အားရရှိ

**သာစည် မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်အတွင်းမှ တောင်ပေါ်ဒေသကျေးရွာဖြစ်သည့် အုတ်ကျင်းကျေးရွာတွင် ကိုယ့်အားကိုယ်ကိုး ကျေးရွာမီးလင်းရေးကော်မတီ၏ ကြိုးပမ်းမှုနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီနှင့် မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတို့၏ ပံ့ပိုးကူညီပေးမှုတို့ဖြင့် မတ် ၁၂ ရက်မှစ၍၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်ပြီဖြစ်ကြောင်း သိရသည်။

အုတ်ကျင်းကျေးရွာသည် အိမ်ခြေ ၁၂၀၊ လူဦးရေ ၆၅၀ ခန့်ရှိပြီး ကျေးရွာမီးလင်းရေးအတွက် ၃၃/၀.၄ ကေဗွီ၊ ၂၀၀ ကေဗွီအေ ထရမ်စဖော်မာကို တပ်ဆင်ပြီး ရေပေါင်းစုံ ၁၃၂ ကေဗွီ ပင်မဓာတ်အားခွဲရုံမှ ဓာတ်အားချိတ်ဆက်၍ ရယူထားကြောင်း သိရသည်။ သာစည်မြို့နယ်တွင် ကျေးရွာလျှပ်စစ်မီးလင်းရေးကော်မတီအဖွဲ့ဝင်များ၏ ကြိုးစားဆောင်ရွက်မှုဖြင့် သာစည်မြို့နယ်အတွင်းရှိ မန္တလေး-မိတ္ထီလာ-သာစည်-တောင်ကြီး-တာချီလိတ် အဝေးပြေးကားလမ်းမကြီးတစ်လျှောက်မှ တောင်ပေါ်ကျေးရွာများတွင် ၂၄ နာရီ လျှပ်စစ်ဓာတ်အား ရရှိအသုံးပြုနိုင်နေပြီဖြစ်ကြောင်း သိရသည်။

**မောင်ကို(သာစည်)**



# ရွှေစာရံစေတီ ဗုဒ္ဓပူဇနိယပွဲ စည်ကားစွာ ကျင်းပပြီးစီး

**သထုံ မတ် ၁၄**

မွန်ပြည်နယ် သထုံမြို့၏ကျက်သရေဆောင် လေးဆူ ဓာတ်စံရွှေစာရံစေတီတော်မြတ်ကြီး၏ ဗုဒ္ဓပူဇနိယပွဲတော်ကို တပေါင်းလဆန်း ၈ ရက်မှ လပြည့်ကျော် ၁ ရက်(မတ် ၁၃ ရက်)အထိ စည်ကားစွာ ကျင်းပခဲ့ကြောင်း သိရသည်။

ဘုရားပွဲတော်တွင် စေတီတော်ကြီးအား ဗုဒ္ဓါဘိသေက အနေကဇာတင်ပူဇော်ခြင်း၊ သံဃာတော် ၁၀၈ ပါးအား ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုများ ဆပ်ကပ်လောင်းလှူခြင်း၊ ဆီမီး ၅၀၀၀ ထွန်းညှိပူဇော်ခြင်းတို့နှင့်အတူ မြန်မာ့ရိုးရာ ရုပ်သေးအမြင့်သဘင်၊ ရိုးရာလက်ဝှေ့ပွဲ၊ဇာတ်သဘင်၊ပျော်ရွှင်ဖွယ်ရာ ကလေးကစားပွဲများ၊ ပွဲဈေးဆိုင်တန်းများဖြင့် စည်ကားစွာကျင်းပခဲ့ကြောင်း သိရသည်။ "ဂေါပကအဆက်ဆက်က ထိန်းသိမ်းပြီး နှစ်စဉ်ကျင်းပလာတာ နှစ်ပေါင်းရာကျော်ပြီ။ အရင်ထဲက ဘုရားပွဲအချိန်ဆို လှည်းဝိုင်းကြီးတွေနဲ့ အနယ်နယ်အရပ်ရပ်က လာကြတာ ကြက်ပျံမကျဆိုသလို စည်ကားတယ်။ အရင်ကနဲ့ မတူတော့ပေမယ့် လက်ရှိအချိန်မှာလည်း ဘုရားပွဲတော်ကို စည်စည်ကားကားဖြစ်အောင် စီစဉ်ထားပါတယ်"ဟု စေတီတော် ဘဏ္ဍာတော်ထိန်း ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမောင်ဦးက ပြောသည်။

ရွှေစာရံစေတီတော်မြတ်ကြီးကို ဘုရားရှင် သက်တော်ထင်ရှားရှိစဉ် မဟာသက္ကရာဇ် ၁၁၁ ခုနှစ်က သထုံပြည်သို့ ဒေသစာရီကြွချီခိုက်၌ သထုံဘုရင် သူရိယစန္ဒာမင်းကြီးက ယင်းနှစ် တပေါင်းလပြည့်နေ့တွင် တည်ထားခဲ့ပြီး ကကုသံ မြတ်စွာဘုရား၏ ဆံတော်ရှစ်ဆူ၊ ကောဏာဂုံ မြတ်စွာဘုရား၏ တောင်ဝှေးတော်၊ ကဿပ မြတ်စွာဘုရား၏ မြသပိတ်တော်နှင့် ဂေါတမမြတ်စွာဘုရား၏ သွားတော်လေးဆူတို့ကို ဌာပနာထားသောကြောင့် လေးဆူ ဓာတ်စံ ရွှေစာရံစေတီဟု အနယ်နယ်အရပ်ရပ်၌ ထင်ရှားကျော်ကြားသည့် စေတီတော်ကြီးဖြစ်ကာ လက်ရှိအချိန်တွင် ဉာဏ်တော်ပေ ၃၆၀ ရှိ၍ အရံစေတီပေါင်း ၃၇ ဆူ၊ မုခ်နှင့် ရုပ်ပွားတော်ပေါင်း အစုစု ၄၅ ဆူ ရှိကြောင်း ဂေါပကအဖွဲ့၏ မှတ်တမ်းများအရ သိရသည်။

**သက်ဦး(သထုံ)**

# ကိုယ့်အားကိုယ်ကိုး မီးလင်းရေးလုပ်ငန်း ဆောင်ရွက်ပြီးစီး

**မြင်းမူ မတ် ၁၄**

စစ်ကိုင်းတိုင်းဒေသကြီး မြင်းမူမြို့နယ် ဆိပ်သာကျေးရွာ၌ ဒေသခံပြည်သူများ ကိုယ့်အားကိုယ်ကိုး ဆောင်ရွက်ခဲ့သော ၂၄ နာရီ လျှပ်စစ်မီးလင်းရေးလုပ်ငန်းများ ပြီးစီးသဖြင့် ဖွင့်ပွဲကို မတ် ၁၂ ရက်က ကျင်းပခဲ့သည်။ ရန်ကုန်မြို့နေ ဆိပ်သာကျေးရွာသား ဦးသန်းဇော်ဦး မိသားစု(GCC ဆောက်လုပ်ရေးလုပ်ငန်း)မှ ထရန်စဖော်မာ တစ်လုံး ပေးအပ်လှူဒါန်းမှုနှင့် ရွာသူရွာသားများ၏ စုပေါင်းထည့်ဝင်ငွေများဖြင့် မီးလင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြခြင်းဖြစ်ကြောင်း သိရသည်။

ဖွင့်ပွဲတွင် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီလာလွင်၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးတင်အောင်လွင်နှင့် တာဝန်ရှိသူများက မီးရရှိရေးမှခ်ဦးဆိုင်းဘုတ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ကာ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်က အမှာစကားပြောကြားပြီး မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းကို ပေးအပ်ခဲ့သည်။

လှူဒါန်းခဲ့သော ထရန်စဖော်မာမှာ ၂၀၀ ကေဗွီအေ အမျိုးအစားဖြစ်ပြီး ကျေးရွာနေပြည်သူများ၏ ထည့်ဝင်ငွေ ကျပ် ၅၁၅ သိန်းဖြင့် ကျေးရွာတွင်းမီးတိုင်များစိုက်ထူခြင်း၊ လျှပ်စစ်မီးကြိုးများ သွယ်တန်းခြင်းတို့ကို ဆောင်ရွက်ခဲ့ပြီးဖြစ်ကာ မကြာမီ ကျေးရွာရှိ အိမ်ထောင်စု ၂၈၂ စုအတွက် အိမ်သုံးမီတာများ ဆက်လက်တပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**အောင်စိုးဇေ(မြင်းမူ)**

# လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများပေးအပ်

**မြောက်ဦး မတ် ၁၄**

ရခိုင်ပြည်နယ် မြောက်ဦးမြို့နယ် ထိပ်ဝပြင်ကျေးရွာအုပ်စု ရုပ်ချောင်းကျေးရွာတွင် လေဆင်နှာမောင်းတိုက်ခတ်မှုကြောင့် နေအိမ်များ ပျက်စီးဆုံးရှုံးသွားသော လေဘေးသင့်ပြည်သူများအား ထောက်ပံ့ငွေများကို ပြည်နယ်အစိုးရက မတ် ၁၂ ရက်က ပေးအပ်ခဲ့ကြောင်း သိရသည်။

ထောက်ပံ့ငွေများပေးအပ်ပွဲတွင် ပြည်နယ်ဝန်ကြီးချုပ်ဦးညီပုက မြောက်ဦးမြို့နယ်တွင် နှစ်စဉ်နှစ်တိုင်း ရေကြီးမှုများနှင့် လေပြင်းတိုက်ခတ်မှုများ ကြုံတွေ့ရသောကြောင့် ကျေးလက်နေပြည်သူများအနေဖြင့် မိမိတို့၏ အသက်အိုးအိမ်စည်းစိမ်များ ဆုံးရှုံးမှု မဖြစ်ပေါ်စေရေးအတွက် သဘာဝဘေးအန္တရာယ် ကြုံတွေ့လာပါက အရေးပေါ် တုံ့ပြန်နိုင်ရန်နှင့် ထိခိုက်ဆုံးရှုံးနိုင်ခြေများ လျော့ပါးသက်သာစေရန် ကြိုတင်ကာကွယ်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း လမ်းညွှန်မှာကြားသည်။ ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ် လူမှုရေးဝန်ကြီး ဒေါက်တာချမ်းသာနှင့် ပြည်နယ်ဝန်ကြီးများ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးအောင်မွန်လတ်နှင့် တာဝန်ရှိသူများက လေဘေးသင့်ပြည်သူ အိမ်ထောင်စု ၂၅ စုအတွက် ထောက်ပံ့ငွေများကို ပေးအပ်ခဲ့သည်။

**(ခရိုင် ပြန်/ဆက်)**

## နယ်သာလန်(Consultant)အဖွဲ့မှ ကျောင်းကုန်းမြို့သို့ ရေကြီးနစ်မြုပ်မှု စစ်တမ်းကောက်ယူ



**ကျောင်းကုန်း မတ် ၁၄**

ဧရာဝတီမြစ်ဝကျွန်းပေါ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ကိစ္စနှင့်ပတ်သက်၍ နယ်သာလန် (Consultant)အဖွဲ့နှင့် ပုသိမ်ခရိုင် ကျောင်းကုန်းမြို့နယ် တိုင်း(၁) တိုင်း(၂) လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မှတာဝန်ရှိသူများ တွေ့ဆုံဆွေးနွေးပွဲကို မတ် ၁၃ ရက်က အေးချမ်းသာယာခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်မျိုးဝင်းက ၂၀၁၆ ခုနှစ် ရေကြီးနစ်မြုပ်မှုအခြေအနေကို ပါဝါပွိုင့်ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။

ထို့နောက် ကျောင်းကုန်းမြို့နယ်တွင် နှစ်စဉ် ရေကြီးနစ်မြုပ်ရခြင်း အကြောင်းအရင်းကို မြို့နယ်မှတာဝန်ရှိသူများက ရှင်းလင်းပြောကြားခဲ့ပြီး နယ်သာလန် (Consultant)အဖွဲ့၏ စကားပြန် ဒေါ်ခင်မြတ်သူက ကျောင်းကုန်းမြို့နယ်၏ ၂၀၁၅ ခုနှစ်တွင် ရေကြီးနစ်မြုပ်မှုအများဆုံး ပေအမြင့်နှင့် ရေကြီးနစ်မြုပ်မှုကြာချိန်များ၊ ၂၀၁၆ ခုနှစ်တွင် ရေကြီးနစ်မြုပ်မှု အများဆုံး ပေအမြင့် နှင့် ရေကြီးနစ်မြုပ်မှုကြာချိန်များ၊ ရေကြီးနစ်မြုပ်နေစဉ် ဒေသခံပြည်သူများ စားဝတ်နေရေးနှင့် အလုပ်အကိုင်အခြေအနေများ၊ ငါးလုပ်ငန်း လုပ်ကိုင်သူများ အနေဖြင့် ရေကြီးနစ်မြုပ်နေစဉ်ကာလအတွင်း ငါးရှာစားလို့ရမရ စသည်ဖြင့် သိရှိလိုသည်များ မေးမြန်းမှုကို မြို့နယ်မှ လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်မှတာဝန်ရှိသူများက ပြန်လည်ရှင်းလင်း ပြောကြားခဲ့ကြကြောင်း သိရသည်။ **ဝင်းကြိုင်(ပြန်/ဆက်)**

## ဓနုတိုင်းရင်းသားများ ဆုံစည်းရာနေ့ကျင်းပ

**တောင်ကြီး မတ် ၁၄**

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ မတ် ၁၁ ရက်က ဒေသဦးစီးရုံးခန်းမ၌ သတ္တမအကြိမ်မြောက် ဓနုတိုင်းရင်းသားများဆုံစည်းရာနေ့ကျင်းပခြင်း အခမ်းအနားတွင် ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဒေါက်တာလင်းထွဋ်၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးစဝ်အောင်မြတ်၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဒေါ်မမလေး၊ ဓနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်းဥက္ကဋ္ဌ ဦးချစ်စိန်တို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် အလှူငွေများပေးအပ်ရာ ပြည်နယ်အစိုးရအဖွဲ့က အလှူငွေကျပ်ငါးသိန်းနှင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသဦးစီးအဖွဲ့ ဥက္ကဋ္ဌ ဦးအာကာလင်းက အလှူငွေ ကျပ် ၁၀ သိန်းပေးအပ်ပြီး ဓနုစာပေယဉ်ကျေးမှုနှင့် ဒေသဖွံ့ဖြိုးရေးအသင်း ကိုယ်စားလှယ် ဦးအောင်ကြိုင်က လုပ်ငန်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးတင်ပြခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ရေချိုအပန်းဖြေကမ်းခြေ သို့မဟုတ် ညောင်ချောင်းသာမှ လှိုက်လှဲစွာဖိတ်ခေါ်ပါသည်

**ဆောင်းပါး-သပြေထွန်း၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)**



ဤဒေသသည် ချောင်းသာ၊ ငွေဆောင်၊ ငပလီစသော ဒေသများကဲ့သို့ တောင်ပု၊ တောင်ချွန်း၊ တောင်ဝန်း၊ တောင်ဝိုင်း၊ တောင်တံတိုင်းတွေ မရှိသော်ငြားလည်း ပင်ကြီးပင်ငယ်၊ ပင်ရှယ်ပင်လတ်၊ ပင်ပြတ်ပင်ဇောက်၊ ပင်ကောက်ပင်ငုံ၊ အပင်စုံတို့ဖြင့် မြစ်ဝကျွန်းပေါ်ပီသစွာ စိမ်းစိမ်းစိုစိုလေး လှပနေသည်။ ရွက်ကော့၊ ရွက်ဝန်း၊ ရွက်ချွန်း၊ ရွက်သေး၊ ရွက်ထွေး၊ ရွက်ငုံ၊ အရွက်စုံတို့ဖြင့် အတိပြီးသော ကိုင်းစိုက်ခင်း စိမ်းစိမ်းညို့ညို့တို့ဖြင့် မို့မို့မောက်မောက်ကလေး လှပနေသည်။

ဧရာဝတီ၏လက်ခွဲ ပန်းလှိုင်မြစ်အတွင်းက ကြည့်လိုက်လျှင်ပင် နိမ့်ချည်တစ်ခါ၊ မြင့်ချည်တစ်လှည့် သဘာဝဆန်သည့် ကမ်းပါးယံတွေကို တွေ့မြင်နေရသည်။ ဤဒေသ၏ တစ်နေ့တာမြင်ကွင်းကို စီစီတီဗွီကင်မရာဖြင့် စောင့်မျှော်ကြည့်ရှု သတိပြုမည်ဆိုပါက အရှေ့ဘက်တွင် ညောင်တုန်းမြို့ပေါ်ရှိ မြို့ပြနေသူတို့၏ လှုပ်ရှားသွားလာ စားသောက်နေထိုင်ကြသည့် ပုံရိပ်များ၊ တောင်ဘက်တွင် ဒေသချင်းဆက်စပ်နေသည့် ကျေးလက်တောရွာ ရှုမျှော်ခင်းများ၊ မြောက်ဘက်တွင် တွဲသင်္ဘောများ၊ လှေငယ်တက်စင်းများ၊ ထင်းကဲ့လှေများ၊ မျှောဖောင်များ၊ လှိုင်းကြက်ခွပ်ကလေးများ လှုပ်ရှားနေသည့် ပန်းလှိုင်မြစ်ရေပြင်ကျယ်နှင့် တစ်ဖက်ကမ်းရှိ မျက်စေ့တစ်ဆုံး စိုက်ခင်းများ၊ အနောက်ဘက်တွင် မှိုင်းပျပျဖြင့် လှိုင်းထနေသည့် ဧရာဝတီမြစ်မကြီး၏ ရေပြင်ကျယ်ကြီးနှင့် တစ်ခေတ်တစ်ခါက သမိုင်းစာမျက်နှာတွင် ကမ္ပည်းတွင်ခဲ့သည့် ဥမ္မာဒန္တီမင်းသမီး၏ ကောင်းမှုတော်စေတီ၊ ထန်းပင်ထန်းတောတို့က ညို့ညို့။

ကောင်းကင်ပြင်မတော့ "တိမ်ညိုမိုလ္လာ၊ တိမ်စူကာနှင့် တိမ်ပြာရေယုက်၊ မကန်းကွက်နှင့် တိမ်သက်တန့်ရောင် အဝါဘောင်ဝယ်၊ မှောင်ခဲ့တစ်ခါ၊ ပြာခဲ့တလီ၊ ရီခဲ့တဖုံ၊ မှုန်ခဲ့တချက်၊ ယုဂန်ထက်က" ဆိုသကဲ့သို့ တိမ်နဂါး၊ တိမ်ဂဠုန်တို့နှင့်အိပ်တန်းပျံငှက်များ၊ ဤဒေသကား အခြားမဟုတ်။ ဤအရပ်နေသူတို့အတွက် ဧရာဝတီကပေးသည့် သဘာဝလက်ဆောင် ညောင်ချောင်းသာ(ရန်ကင်းသာ)ကမ်းခြေ အပန်းဖြေနေရာ အရိပ်အဝန်းတစ်ခုပင် ဖြစ်ပါတော့သည်။

ယခုနှစ် ဖေဖော်ဝါရီ ၈ ရက်က ဧရာဝတီတိုင်းဒေသကြီးအစိုးရအဖွဲ့အတွင်းရေးမှူး ဦးသန်းဆွေဝင်း၊ တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်ကျော်ခိုင်၊ တိုင်းဒေသကြီးစည်ပင်သာယာရေးဝန်ကြီး ဦးကျော်မြင့်နှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များက ညောင်ချောင်းသာကမ်းခြေကို လာရောက်ဂုဏ်ပြု ဖွင့်လှစ်ပေးခဲ့ရာ သဘာဝကပေးအပ်လာသည့် သည်နေရာလေး စည်ကားဖို့၊ သာယာဖို့၊ အေးမြဖို့၊ ဘေးမခဖို့၊ ကျန်းမာဖို့၊ လန်းဖြာဖို့အတွက် လွှတ်တော်ကိုယ်စားလှယ်များ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့မိမြို့ဖများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများကလည်း ဒီအတိုင်းကြည့်မနေ။ ယခင်နှစ်နဲ့မတူအောင် အသွင်သစ်နဲ့ ကူမဟဲ့ ဆိုသလို ဆောင်စရာရှိတာ ညွှန်ကြားပြသ ဆုံးမထိန်းကျောင်းပေးလို့၊ ရှောင်စရာရှိတာတွေ တားမြစ်ပဲ့ပြင်

**အပန်းဖြေရေပေါ်အိမ်ကလေးများ၊ စားသောက်ဆိုင်များ၊ အပန်းဖြေ ထီးရိပ်ဝိုင်းများ၊ အမိုးချွန်လေးဖက်ပွင့် လေညင်းခံဘန်ဂလိုများ၊ သဲသောင်ပြင်တစ်လျှောက် ကလေးကစားကွင်းများ၊ ရေလွှာလျှောစီးစင်များ၊ ရေတိမ်စီး လှေငယ်ကလေးများ၊ ပုစွန်တုပ်မီးကင်၊ ငါးသလောက်ကင်၊ ကောက်ညှင်းပေါင်း၊ ဖရဲသီး၊ ကုန်စိမ်း သီးနှံများ၊ ရိုးရာမုန့်များ စသည်ဖြင့် ကိုယ့်ရွာနဲ့ကိုယ့်အရပ်၊ ကိုယ့်လျှာနဲ့ ကိုယ့်ပါးစပ်ဆိုသလို ယဉ်ကျေးသော စားသောက်မှုပုံစံ စရိုက်ဝသီနဲ့ ကိုက်ညီအောင် စည်းကမ်းတကျ ရောင်းချ။ နွေးထွေးသော ဝန်ဆောင်မှု ပုံရိပ်များဖြင့် ပျူပျူငှာငှာ။**

သွန်သင်ပေးလို့ပေါ့။ သန့်ရှင်းသာယာ လှပဖွံ့ဖြိုးရေးနဲ့ပတ်သက်ပြီး ပြင်သင့်တာတွေပြင်စေ။ မကောင်းမှုဒုစရိုက်တွေနဲ့ပတ်သက်ပြီး မမြင်သင့်တာတွေလည်း မဝင်စေနဲ့ စသဖြင့် အုပ်ချုပ်ရေးပိုင်း၊ လုံခြုံရေးပိုင်း၊ စည်းကမ်းပိုင်း၊ ဝန်ဆောင်မှုပိုင်း၊ ဆက်ဆံရေးပိုင်းတွေနဲ့ စနစ်တကျ တည်ဆောက်ပေးထားတော့ ကမ်းခြေဖြစ်မြောက်ရေးကော်မတီနှင့် တာဝန်ရှိသူ အသီးသီးကိုလည်း ဧည့်သည်တွေနဲ့ ပြည်သူတွေက ကြည်ဖြူနေလိုက်ကြတာ။

"ညောင်ချောင်းသာ အပန်းဖြေကမ်းခြေ ပေါ်ပေါက်လာတာဟာ ကိုယ့်မြို့ကိုယ့်ဇာတိအတွက် ရတောင့်ရခဲ သဘာဝအခွင့်အရေးတစ်ခု ဖြစ်ပါတယ်။ ဒီအခြေအနေပေါ်မှာ ဒီကမ်းခြေကို အကြောင်းပြုပြီး မြို့ပြဖွံ့ဖြိုးတိုးတက်ဖို့ အထောက်အကူပြုတဲ့ အနေနဲ့ အပန်းဖြေဘန်ဂလိုလေးတွေလည်း ဖွင့်လှစ်ပေးထားပါတယ်။ တစ်ဦးချင်း၊ အဖွဲ့လိုက် လွတ်လပ်စွာ နားခိုလို့ရအောင်လည်း ဆောင်ရွက်ပေးထားပါတယ်။ သောင်ပြင်မှာ ခုံဝိုင်းနဲ့ထိုင်သလို ရေတက်လာရင်လည်း ပြောင်းရွှေ့ပေးစရာ မလိုတော့ပါဘူး။ လုံလုံခြုံခြုံ အဝတ်အစားတွေ လဲလှယ်နိုင်သလို လွတ်လွတ်လပ်လပ်လည်း အနားယူအပန်းဖြေနိုင်ပါတယ်။ ဒါ့အပြင် လူကြီး၊ ကလေး ဆော့ကစားနိုင်ဖို့ ရေလွှာလျှောစင်များလည်း ဆောက်လုပ်လျက်ရှိပါတယ်။ လာလည် အပန်းဖြေဖို့ ဖိတ်ခေါ်ပါတယ်"ဟု အဆိုပါကမ်းခြေရှိ 'ရေပြာလှိုင်းနားခိုရာ'အပန်းဖြေဘန်ဂလို ဝန်ဆောင်မှုလုပ်ငန်းလုပ်ကိုင်သူ ဦးသန်းထွန်းဦး (မြန်မာမှု)က ပြောသည်။

ညောင်တုန်းမြို့နယ် ဧရာဝတီတိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဒေါ်နီနီမိုးကလည်း "ကျွန်မတို့ ညောင်ချောင်းသာဖွင့်လှစ်မှုကနေ ကျပ်သိန်း ၁၁၀၀ ကျော် ရရှိထားပါတယ်။ ဒီနှစ်က စည်ပင်ကော်မတီကိုလွှဲပြီး တံတားနဲ့ ကားနေရာအတွက် ကျပ် ၈၂၅ သိန်းနဲ့ လေလံအောင်ထားပါတယ်။ ပြီးတော့ ဆိုင်ခန်း ၆၀ ကိုလည်း တစ်ခန်း ငါးသိန်းနှုန်းနဲ့ လျှောက်လွှာ ၄၀၀ ကျော် တက်ပါတယ်။ ရရှိတဲ့အခွန်ငွေနဲ့ ညောင်တုန်းမြို့နယ် ဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပြန်လည်အသုံးပြုသွားမှာဖြစ်ပါတယ်။ လုံခြုံရေးအတွက်ကတော့ စည်ပင်၊ မီးသတ်နဲ့ ရဲတပ်ဖွဲ့ဝင်တွေနဲ့ ပူးပေါင်းပြီး ဆောင်ရွက်ပေးထားပါတယ်"ဟု သတင်းမီဒီယာများနှင့်တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

အပန်းဖြေရေပေါ်အိမ်ကလေးများ၊ စားသောက်ဆိုင်များ၊ အပန်းဖြေ ထီးရိပ်ဝိုင်းများ၊ အမိုးချွန်လေးဖက်ပွင့် လေညင်းခံဘန်ဂလိုများ၊ သဲသောင်ပြင်တစ်လျှောက် ကလေးကစားကွင်းများ၊ ရေလွှာလျှောစီးစင်များ၊ ရေတိမ်စီး လှေငယ်ကလေးများ၊ ပုစွန်တုပ်မီးကင်၊ ငါးသလောက်ကင်၊ ကောက်ညှင်းပေါင်း၊ ဖရဲသီး၊ ကုန်စိမ်းသီးနှံများ၊ ရိုးရာမုန့်များ စသည်ဖြင့် ကိုယ့်ရွာနဲ့ ကိုယ့်အရပ်၊ ကိုယ့်လျှာနဲ့ ကိုယ့်ပါးစပ်ဆိုသလို ယဉ်ကျေးသော စားသောက်မှုပုံစံ စရိုက်ဝသီနဲ့ ကိုက်ညီအောင် စည်းကမ်းတကျ ရောင်းချ။ နွေးထွေးသော ဝန်ဆောင်မှု ပုံရိပ်များဖြင့် ပျူပျူငှာငှာ။

ဤအပန်းဖြေကမ်းခြေသို့ လာရောက်လည်ပတ် အပန်းဖြေကြရင်း ခရီးသွားဟန်လွှဲဆိုသလို သာသနာရောင်ဖုံးသည့် မြို့ရှေ့ညောင်တုန်းရှိ သမိုင်းဝင် မိုးဟုတ်စေတီတော်မြတ်ကြီးနှင့် ဥသျှစ်လှစေတီတော်။ အတုလမာရဇိန် ကြေးသွန်းဘုရားကြီးနှင့် နိုင်ငံအေးရုပ်ပွားတော်စသည့် သာသနာ့အရိပ်အဝန်းများသို့လည်း ဝင်ရောက်ဖူးမြော် ကြည်ညိုလှူဒါန်းရင်း နားခိုနိုင်ကြပါသေးသည်။

"မြသီတာမြစ်အလွှာနားရောက်ပြန်တော့ လှိုင်းလေးတွေပြေးတက်လာတဲ့ သောင်စပ်မှာ၊ ငှက်မောင်နှံတောင်ပံယှက်ပြီး ပျံဝဲလာတာကို မြင်တွေ့ရပြန်တယ်၊ ပန်းနွယ်ရေ ××× " ရုပ်ရှင်မင်းသား အဆိုတော်တေးသံရှင် (ဦး)တွံတေးသိန်းတန်၏ ကျေးလက်ဆန်သည့် အသံလှိုင်းတို့ကလည်း ရန်ကင်းသာကမ်းခြေတစ်လျှောက် သည်နေ့အထိ လွင့်ပျံ့သစ်လွင်နေဆဲပင်။ ဒါသည်ပင် ညောင်တုန်းဇာတိဖွား အမျိုးသားစာရေးဆရာကြီး လင်းယုန်သစ်လွင်၏ 'သီတာသောင်ခြေဦး' ဝတ္ထုရှည်ကြီး သန္ဓေတည်ပေါက်ဖွားရာ နယ်နိမိတ်တစ်ခုဖြစ်ပါ၏။

ယခုသော်တမူ 'လေခမြေသက်၊ ဈာန်ဝိတက်သို့ သစ်ရွက်ရော်ရီ၊ ဣန္ဒနီဝယ်၊ သိင်္ဂီတစ်ဝက်၊ ဖက်၍ဆေးစုံ၊ ခြယ်သောပုံသို့၊ ရဂုံမြိုင်တွင်း တောလုံးလင်းသား " ဆိုသကဲ့သို့ ဆောင်းရက်သွေ့ခွာ နေဝါရောင်မြူး ပုရစ်ဖူးသည့် နှစ်ဦးနွေသို့ပင် ရောက်ခဲ့ပြန်ချေပေါ့။ မြနန္ဒာ ရေညိုညိုရစ်ခါသန်းဆိုသလို ရန်ကင်းသာ ရေချိုချိုရစ်ခါသန်းတယ်လို့ပင် ပြောရလေမလား။ ဘယ်လောက်စည်ကားလိုက်မလဲ၊ သည်သောင်ယံတစ်လျှောက် တိုးလို့မှပေါက်ပါ့မလား။ ရေချိုအပန်းဖြေကမ်းခြေလေး (သို့မဟုတ်) မြို့ညောင်တုန်းရဲ့နှလုံးသား ညောင်ချောင်းသာကမ်းခြေသို့ အပန်းဖြေရန် အရောက်လာလည်လှည့်ဖို့ လှိုက်လှဲပျူငှာစွာ ဖိတ်ခေါ်ရင်း။ ။

# သုတေသနလုပ်ငန်းများတွင် စမ်းသပ်ထားသည့် ခရမ်းချဉ်မျိုးလိုင်းများ တောင်သူများအားပြသ



**နေပြည်တော် မတ် ၁၄**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန စိုက်ပျိုးရေးသုတေသနဦးစီးဌာန (ရေဆင်း)၌ ဂျပန်နိုင်ငံ စိုက်ပျိုးရေး သစ်တောနှင့် ငါးလုပ်ငန်းဝန်ကြီးဌာန(MAFF)အထောက်အပံ့ဖြင့် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် ကမ္ဘာ့ဟင်းသီးဟင်းရွက် ဗဟိုဌာန (AVRDC-World Vegetable Center)တို့ ပူးပေါင်းဆောင်ရွက်မှုအနေဖြင့် အရှေ့တောင်အာရှနိုင်ငံများအတွင်းမြန်မာနှင့် ဗီယက်နမ်နိုင်ငံများအတွက် အပူပိုင်းဒေသနှင့်သင့်တော်သော ဟင်းသီးဟင်းရွက်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေး အစီအစဉ်အရ သုတေသနပြု စမ်းသပ်စိုက်ပျိုးထားသော ခရမ်းချဉ် မျိုးလိုင်းများကို ခရမ်းချဉ်စိုက်တောင်သူများအား ဖိတ်ခေါ်ပြသသည့် အခမ်းအနားကို မတ် ၁၃ ရက်က ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် တက်ရောက်လာသည့် တောင်သူများက စမ်းသပ်စိုက်ပျိုးထားသည့်မျိုးလိုင်းများအား ကြည့်ရှုလေ့လာကာ အဆိုပါမျိုးလိုင်းများ အနက်မှ မျိုးလိုင်း (AVTO 1119) လိုင်းကို ကြိုက်နှစ်သက်ကြပြီး တောင်သူကြိုက်နှစ်သက်မှုမှာ အဝါရောင်ရွက်တွန့်ရောဂါဒဏ်ခံနိုင်ရည်ရှိပြီး ဒေသမျိုးကဲ့သို့ ခေါင်းစိမ်းကာလုံးဝန်းသည့် ပုံသဏ္ဌာန်ရှိသောမျိုးများဖြစ်ကြောင်း သိရသည်။

စိုက်ပျိုးရေးသုတေသနဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးနိုင်ကြည်ဝင်းက တောင်သူများ၏ အခက်အခဲ ပြဿနာများကိုအခြေခံကာ တောင်သူများ လိုအပ်သည့် မျိုးသစ်များရရှိရေး အတွက် မျိုးမွေးမြူရွေးချယ်ခြင်း အစီအစဉ်များနှင့် သုတေသနလုပ်ငန်း များကို အစဉ်တစိုက် လုပ်ဆောင်သွား မည်ဖြစ်ကြောင်း၊ ဟင်းသီးဟင်းရွက် သစ်သီးဝလံဌာနစု တာဝန်ခံ ဒေါ်သန်းသန်းနုက ယခုပြသသည့် မျိုးလိုင်းများသည် ခရမ်းချဉ်အဝါရောင်ရွက်တွန့်ရောဂါ ဒဏ်ခံနိုင်သော မျိုးများ ရရှိရန်ရည်ရွယ်၍ အဆင့်မြင့် မော်လီကျူလာနည်းပညာများကို အသုံးပြုပြီး ရရှိလာသည့် မျိုးလိုင်းများဖြစ်ကြောင်း၊ ဒေသရေမြေရာသီဥတုနှင့် သင့်တော်သည့်မျိုးများအား တောင်သူများလိုအပ်ချက်နှင့်အညီ ဖြည့်ဆည်းပေးသွားမည် ဖြစ်ကြောင်းနှင့် တောင်သူများက မေးမြန်းသည်များကို ပြန်လည်ဖြေကြားပေးခဲ့သည်။

ထို့အပြင် စိုက်ပျိုးရေးသုတေသန ဦးစီးဌာနနှင့် ကမ္ဘာ့ဟင်းသီးဟင်းရွက် ဗဟိုဌာနတို့၏ ပူးပေါင်းမှု အစီအစဉ်အရ အရည်အသွေးကောင်း ခရမ်းချဉ်မျိုးလိုင်းများရရှိအောင် ဆောင်ရွက်သည့် သုတေသနလုပ်ငန်းများနှင့် ပတ်သက်၍ ဆွေးနွေးပွဲတစ်ရပ်ကို လူငယ်စိုက်ပျိုးရေးသုတေသီများအသင်း(YARSA)၏ လှုပ်ရှားမှုတစ်ရပ်အဖြစ် ဆောင်ရွက်ခဲ့ရာ ခရမ်းချဉ်မျိုးစပ် မွေးမြူရေးပညာရှင် Dr. Perter Hanson မှ (Tomato breeding at World Vegetable Center)ခေါင်းစဉ်ဖြင့် ဆွေးနွေးရာ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ စိုက်ပျိုးရေးတက္ကသိုလ်နှင့် မျိုးစေ့ကုမ္ပဏီတို့မှလည်း တက်ရောက်ဆွေးနွေးခဲ့ကြသည်။ ထို့နောက် နေပြည်တော်အတွင်းရှိ ကျေးရွာများ၊ အပူပိုင်းဒေသများဖြစ်သည့် ကျောက်ပန်းတောင်း၊ ညောင်ဦး အစရှိသည့်ဒေသများမှ ခရမ်းချဉ်စိုက် တောင်သူများဆီသို့ Dr. Perter Hanson နှင့်အတူစိုက်ပျိုးရေး သုတေသနပညာရှင်များပါဝင်သည့် အဖွဲ့က သွားရောက်၍ ခရမ်းချဉ်စိုက်ပျိုးမှုအခြေအနေနှင့် ပတ်သက်ပြီး တောင်သူများတွေ့ကြုံနေရသည့် အခက်အခဲ ပြဿနာများ၊ အားသာချက်၊ အားနည်းချက်များကို လေ့လာမေးမြန်း ဆွေးနွေးခြင်းများ ပြုလုပ်ခဲ့ကြောင်း သိရသည်။

**မင်းမင်းလတ် (မန်းတက္ကသိုလ်)**

# မြိုင်မြို့နယ်၌ နွေစပါးစိုက်နည်းစနစ်လေးမျိုးဖြင့် လက်တွေ့စိုက်ပျိုးပြသ



**မြိုင် မတ် ၁၄**

မြိုင်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနမှ ဒေသခံတောင်သူများ၏ နွေစပါးစိုက်ပျိုးထုတ်လုပ်မှုတွင် တစ်ဧကအထွက်နှုန်း တိုးတက်မြင့်မားပြီးတောင်သူတစ်ဦးချင်း ဝင်ငွေတိုးတက် ရရှိစေရေးအတွက် နွေစပါး စိုက်ပျိုးနည်းလေးမျိုးဖြင့် လက်တွေ့စိုက်ပျိုးပြသခဲ့သည်။

ထိုသို့ လက်တွေ့စိုက်ပျိုးပြသခြင်းကို မြိုင်မြို့နယ် ဆူဝင်းကျေးရွာအုပ်စု ဝက်ဖိုးကျေးရွာတောင်သူ ဦးမြသန်း၏ လယ်မြေ၌မတ် ၁၁ ရက်က ပြုလုပ်ရာ နွေစပါးမနောသုခစပါးမျိုးဖြင့် ရေ၊ မြေအခြေအနေပေါ်မူတည်၍ တစ်မျိုးလျှင် ၀ ဒသမ ၅၀ ဧကစီဖြင့် $T_1$-BMP နည်းစနစ်၊ $T_2$-SRI၊ $T_3$ sedder ဖြင့်အစေ့ချစိုက်နည်းစနစ်၊ $T_4$ Broadcasting တောင်သူနည်းကြဲပက်စိုက်စနစ်တို့ဖြင့် လက်တွေ့ပြသကြသည်။

အဆိုပါပြပွဲတွင် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနဦးစီးမှူး ဦးကျော်ဌေးက စိုက်ပျိုးရေရရှိမှုအရ ဆည်ရေသောက်ဧရိယာ၊ မြေအောက်ရေဧရိယာ၊ ဆည်ငယ်၊ ကန်ငယ် ဧရိယာများတွင် ယခုလက်တွေ့ပြသသည့် စိုက်နည်းစနစ်လေးမျိုး အနက်သင့်လျော်သည့် စိုက်ပျိုးနည်းစနစ်ဖြင့် ပြောင်းလဲကျင့်သုံးစိုက်ပျိုးကြခြင်းဖြင့် တစ်ဧကစပါးအထွက်နှုန်းမြင့်မား တိုးတက်၍ တောင်သူများ ဝင်ငွေတိုးတက်ရရှိရေးအတွက် လက်တွေ့စိုက်ပျိုးပြသရခြင်းဖြစ်ကြောင်းရှင်းလင်း ပြောကြားခဲ့သည်။

**ဖေထွဏ်းဇော်(ရေစကြို)**

# ရေရှည်တည်တံ့၍ ဘေးဥပဒ်ကင်းစေသည့် စိုက်ပျိုးရေး ကဏ္ဍဆောင်ရွက်ရန်ပညာပေး

**မကွေး မတ် ၁၄**

စိုက်ပျိုးရေးဦးစီးဌာန (ရုံးချုပ်)ဌာနခွဲအသီးသီးမှ ပညာရှင်များအဖွဲ့သည် ရေရှည်တည်တံ့၍ ဘေးဥပဒ်ကင်းစေသည့် စိုက်ပျိုးရေးကဏ္ဍဖော်ဆောင်နိုင်ရန်အတွက် ပညာပေးလက်တွေ့သရုပ်ပြခြင်းသင်တန်းကို မကွေးတိုင်းဒေသကြီး မြို့သစ်မြို့နယ် မြေပြင်သာကျေးရွာအုပ်စု သန်းကုန်းကျေးရွာတွင် မတ် ၁၂ရက်က ပြုလုပ်ခဲ့သည်။

အဆိုပါသင်တန်းသို့ ကျေးရွာခြောက်ရွာမှ တောင်သူ ၄၄ ဦး ၊ စိုက်ပျိုးရေးဝန်ထမ်း ၂၂ ဦးတက်ရောက်ခဲ့ပြီး မြေဆီလွှာပညာရှင် ဒေါ်လဲ့လဲ့ထွေး ၊ အပင်ဥယျာဉ်ဇီဝပညာရှင် ဒေါက်တာ ဝဏ္ဏထွန်း ၊ ဇီဝမြေသြဇာပညာရှင် ဒေါက်တာခင်ဇာကျော်၊ ဘက်စုံသီးနှံကာကွယ်ရေးပညာရှင် ဒေါ်ဆိုင်းရော်တို့က စိုက်ပျိုးရေးကဏ္ဍအလိုက် ဆွေးနွေးပညာပေးခြင်းနှင့် သရုပ်ပြသင်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့သည်။

စိုက်ပျိုးရေးကဏ္ဍတွင် သီးနှံအထွက်နှုန်းတိုးတက်စေရေးနှင့် သီးနှံထုတ်ကုန်များ အကျိုးအမြတ်များများ ရရှိစေရေး အဓိကဖြင့် ဈေးကွက်အမီတင်ပို့ ရောင်းချနိုင်ရေးအတွက် ခေတ်မီနည်းလမ်းမျိုးစုံဖြင့် ဆောင်ရွက်လျက်ရှိကြောင်း ၊ သဘာဝပတ်ဝန်းကျင်အားထိခိုက်မှုမရှိဘဲ သက်ရှိသတ္တဝါများနှင့် စားသုံးသူများဘေးအန္တရာယ်ကင်းစေရန်အတွက် အရေးကြီးသော လုပ်ငန်းစဉ်တစ်ရပ်အဖြစ် ကာကွယ်ထိန်းသိမ်းရန် လိုအပ်နေကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးမှူး ဦးဇော်လင်းက ပြောသည်။

**ဇေယျတု(မကွေး)**

# သီးနှံထုတ်လုပ်မှု နည်းပညာသင်တန်းပေး

**မြစ်ကြီးနား မတ် ၁၄**

ကချင်ပြည်နယ် အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ ကြီးမှူးဖွင့်လှစ်သည့် တန်းဖိုးမြှင့်စားသောက်ကုန်ဆန်၊ ပဲ၊ ပြောင်း၊ ဂျုံ သီးနှံထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်ပွဲကို မြစ်ကြီးနားမြို့ ရန်ကြီးအောင်ရပ်ကွက် ရက်ကန်းနှင့်အသက်မွေးပညာ သင်တန်းကျောင်းခန်းမ၌ မတ် ၁၃ ရက်က ကျင်းပသည်။

သင်တန်းဖွင့်ပွဲတွင် ပြည်နယ်အသေးစား စက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ပြည်နယ်မှူး ဦးအောင်မောင်းကပြည်တွင်းဖြစ်စံချိန်မီ အရည်အသွေးကောင်းမွန်သော စားသောက်ကုန်များထွက်ပေါ်လာစေရန် ပြည်သူလူထုမှ သန့်ရှင်း၍ ကျန်းမာရေးနှင့် ညီညွတ်စွာ စားသောက်နိုင်စေရန် သွင်းကုန်အစားထိုးစားသောက်ကုန်များ တစ်ပိုင်တစ်နိုင်ထုတ်လုပ်နိုင်ပြီး မိသားစုဝင်ငွေရရှိကာ အလုပ်အကိုင်အခွင့်အလမ်းများရရှိစေပြီး ပြည်ပသွားရောက်အလုပ်လုပ်ကိုင်မှု လျော့နည်းပပျောက်သွားစေရန်အတွက် ရည်ရွယ်ဖွင့်လှစ်ပေးရခြင်းဖြစ်ကြောင်း ပြောကြားသည်။

အဆိုပါသင်တန်းတွင် သင်တန်းသား သင်တန်းသူ ၂၀ တို့အား ကွတ်ကီးကိတ် အမျိုးမျိုး၊ တောင်ကြီးပဲကြော်၊ ငါးမုန့်အမျိုးမျိုးနှင့် ကျန်းမာရေးနှင့် ညီညွတ်သော အစားအသောက် ထုတ်လုပ်မှု ထုပ်ပိုးမှုနည်းပညာများကို မတ် ၁၈ ရက် အထိသင်ကြားပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**မင်းရာဇာ(မြစ်ကြီးနား)**

# ဇရပ်ကြီး- သံဘို- ရုံးစည်ကြီးလမ်းပိုင်း ရေကျော်တည်ဆောက်

**တောင်သာ မတ် ၁၄**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တိုင်းဒေသကြီးအစိုးရအဖွဲ့ ရန်ပုံငွေကျပ်သန်း ၂၀ ဖြင့်ဆောင်ရွက်နေသည့် ဇရပ်ကြီး-သံဘို-ရုံးစည်ကြီး လမ်းပိုင်း ရေကျော်ပေ (၁၀၀ × ၂၀) ဆောင်ရွက်နေမှုကို မတ် ၁၃ ရက်က ကွင်းဆင်းစစ်ဆေးခဲ့သည်။

အဆိုပါ လမ်းပိုင်းရေကျော် တည်ဆောက်ရာသို့ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးစိန်ဝင်း၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဝေလင်းထွန်းနှင့် မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဦးစီးမှူး ဦးအောင်ကြည်မြင့်တို့က ကွင်းဆင်းစစ်ဆေးကြပြီး တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်နှင့် တာဝန်ရှိသူတို့က သတ်မှတ်စံချိန်အတိုင်း ဆောင်ရွက်ရန် တာဝန်ရှိသူများကို မှာကြားခဲ့သည်။ ဇရပ်ကြီး-သံဘို- ရုံးစည်ကြီး လမ်းပိုင်းပေ (၁၀၀× ၂၀) ရေကျော်ပြီးစီးပါက ကျေးရွာအတွက်များစွာ အဆင်ပြေမည်ဖြစ်ကြောင်း သိရသည်။

**ကျော်မျိုးနိုင်(တောင်သာ)**



# (၉၁)ကြိမ်မြောက် မဟာဒုက်ဆွမ်းဆန်စိမ်း လောင်းလှူမည်

**ပဲခူး မတ် ၁၄** - ပဲခူးတိုင်းဒေသကြီး လက်ပံတန်းမြို့ကျက်သရေဆောင် မဟာဒုက်ဆွမ်းဆန်စိမ်း ဝေယျာဝစ္စအသင်းကြီး၏ (၉၁)ကြိမ်မြောက် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကြီးအား ဧပြီ ၇ ရက်ညနေ ၄ နာရီ၌ ကျောင်းပေါင်း ၁၄၆ ကျောင်း သံဃာတော်အပါး ၁၀၀၀ ကျော်နှင့် သီလရှင်စာသင်တိုက်များအား အသင်းတည်ရှိရာ မဏ္ဍပ်တွင်ပဒေသာပင်များအား မဲနှိုက်၍ လှူဒါန်းပွဲ ကျင်းပမည်ဖြစ်သည်။

အဆိုပါလှူဒါန်းမှုအား ဌာနဆိုင်ရာများ၊ ရပ်ကွက်လမ်းများ၊ လုပ်ငန်းရှင်များမှ ပေးပို့လှူဒါန်းသည့် ပဒေသာပင်များအား မဲနှိုက်လှူဒါန်းခြင်းဖြစ်ပြီး သံဃာတော်များကြွရောက်သည့် လမ်းတစ်လျှောက်တွင်လည်း မဏ္ဍပ်များဆောက်လုပ်ပြီးစားသောက်ကုန်များပါ လှူဒါန်းမည်ဖြစ်ကာ လှူဒါန်းပွဲမတိုင်မီ နိုင်ငံကျော်ဓမ္မကထိက ဆရာတော်များဖြင့် ဓမ္မသဘင်ကျင်းပသွားမည်ဖြစ်သည်။ ပါဝင်လှူဒါန်းလိုသည့် အလှူရှင်များအနေဖြင့် ဖုန်း ၀၉-၅၃၇၂၀၂၇ သို့ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ (၀၅၃)

# ငါးလုပ်ငန်းနှင့်ပတ်သက်သည့် ဥပဒေများ၊ ပြစ်မှုပြစ်ဒဏ်များနားလည်စေရန် အသိပညာပေးလုပ်ငန်းများဆောင်ရွက်ရန်လို

**ကော့သောင်း မတ် ၁၄**

ကော့သောင်းဒေသအတွင်း ကမ်းနီး၊ ကမ်းဝေးငါးဖမ်းလုပ်ငန်းလုပ်ကိုင်သူများ မိမိတို့၏လုပ်ငန်းလိုင်စင်အရသတ်မှတ်ဧရိယာအတွင်း စည်းကမ်းတကျလုပ်ကိုင်ကြရေး၊ တားမြစ်ထားသည့်လုပ်ငန်းသုံးပစ္စည်းများအသုံးမပြုကြရေး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသခံအခြေခံ ရေလုပ်သားများဘဝပြေလည်စေရေး အစီအမံများချမှတ်ဆောင်ရွက်လျက်ရှိကြောင်းကို တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ လဲ့လဲ့မော်က ငါးလုပ်ငန်းရှင်များ၊ လျှပ်စစ်ဓာတ်အား ဖြန့်ဖြူးရေးလုပ်ငန်းရှင်များနှင့် မတ် ၁၂ ရက်က အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၌ တွေ့ဆုံစဉ် ပြောကြားခဲ့သည်။

ပင်လယ်ပြင်သည် ကျယ်ဝန်းသည့်အတွက် တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် ပြည်ပမှ တရားမဝင် ငါးဖမ်းလုပ်ကိုင်မှုများအားကြပ်မတ်ထိန်းသိမ်းရာတွင်အခက်အခဲများစွာရှိသဖြင့် ဒေသခံလုပ်ငန်းရှင်များအနေဖြင့် တာဝန်ရှိအဖွဲ့အစည်းများဖြင့်အချိန်နှင့် တစ်ပြေးညီ သတင်းအချက်အလက်များပေးပို့ကာ ဝိုင်းဝန်းပူးပေါင်းပါဝင်စေလိုကြောင်း ၊ ငါးလုပ်ငန်းနှင့်ပတ်သက်သည့်တားမြစ်ချက်များ၊ကန့်သတ်ချက်များ ၊ ဥပဒေများပြစ်မှုပြစ်ဒဏ်များ မသိနားမလည်သဖြင့် ဆုံးရှုံးနစ်နာမှုများမဖြစ်ပေါ်စေရေးဒေသခံရေလုပ်သားများအလွှာအထိ အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်ကြစေလိုကြောင်း၊ ရေရှည်တွင် နိုင်ငံတော်၏ ပင်လယ် ငါးသယံဇာတမျိုးတုံးမပျောက်ကွယ်ရေးရည်ရွယ်ကာ လုပ်ကိုင်နိုင်သည့် လုပ်ငန်းရှင်များအနေဖြင့် ငါးပုစွန်မွေးမြူခြင်း၊ ငါးလေလံဈေးကွက်အသေးစားဖော်ဆောင်နိုင်မည့် နည်းလမ်းများ၊ ကုန်ချောထုတ်လုပ်သည့်လုပ်ငန်းများဖော်ဆောင် ရင်းနှီးမြှုပ်နှံ လုပ်ကိုင်ကြစေလိုကြောင်း မှာကြားသည်။

ဆက်လက်၍ ဝန်ကြီးချုပ်က ကော့သောင်းမြို့သည် နယ်စပ်မြို့ဖြစ်၍ မဟာဗျူဟာအရ လုံခြုံရေးအရေးကြီးသဖြင့် ညအချိန် မြို့ရွာတည်ငြိမ်လုံခြုံအေးချမ်းရေး၊ မြို့တွင်းလမ်းမီးများ ပြတ်တောက်မှု မဖြစ်ပေါ်စေရေး ၊ ဓာတ်အားသုံးစွဲသူ ပြည်သူများအဆင်ပြေစေရန်၊ လျှပ်စစ်မီးပြတ်တောက်မှုဖြစ်စဉ်များ နည်းပါးစေရေးဆောင်ရွက်ပေးကြရန်၊ မြို့ရွာအတွင်း ပြည်သူများ လျှပ်စစ်အန္တရာယ်မဖြစ်ပေါ်ရေး လုပ်ငန်းအစီအမံများချကာ ပြည်သူများသို့ အသိပညာပေးခြင်းများဆောင်ရွက်ကြရေး မှာကြားသည်။

ယင်းနောက် မြို့တွင်းယာဉ်မတော်တဆဖြစ်စဉ်များကြောင်း မြို့ခံပြည်သူများအသက်ဆုံးရှုံးမှုများ၊ ကိုယ်လက်အင်္ဂါချို့တဲ့ရသည့် ဖြစ်စဉ်များမဖြစ်ပေါ်ရေး ဆိုင်ကယ်စီးဦးထုပ်ဆောင်းကာမောင်းနှင်ကြရန်၊ တာဝန်ရှိအဖွဲ့အစည်းများအနေဖြင့် အသိပညာ ပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ကြရေး၊ လိုင်စင်မဲ့မော်တော်ယာဉ်များကြပ်မတ် ထိန်းသိမ်းမှုလုပ်ငန်းများ အဓိကထားဆောင်ရွက်ကြရေး မှာကြားခဲ့ကြောင်း သိရသည်။

**ကျော်စိုး (ကော့သောင်း)**




မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့

**Myanmar International Consulting Engineers Group(MICEG)**

**ဗဟိုကော်မတီဝင်ရွေးချယ်တင်မြှောက်ပွဲနှင့်အသင်းသားစုံညီနှစ်ပတ်လည်ညီလာခံ(၂၀၁၆)**

**တက်ရောက်ရန်ဖိတ်ကြားခြင်း**

**အစီအစဉ်**

**ကျင်းပမည့်ရက်** - ၈-၄-၂၀၁၇ ရက်(စနေနေ့)
**ကျင်းပမည့်အချိန်** - နံနက် ၁၀ နာရီ၊ ဗဟိုကော်မတီအစည်းအဝေး
မွန်းလွဲ ၁နာရီ၊ အသင်းသားစုံညီနှစ်ပတ်လည်ညီလာခံ
**ကျင်းပမည့်နေရာ** - မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းအဆောက်အအုံ
လှိုင်တက္ကသိုလ်များနယ်မြေ၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။

- ၈-၄-၂၀၁၇ရက် အထိ အသင်းဝင်ပြီးသူ MICEG အဖွဲ့ဝင်အားလုံးအသင်းသားစုံညီနှစ်ပတ်လည် ညီလာခံသို့တက်ရောက်ခွင့်ရှိပါသည်။
- ၈-၄-၂၀၁၇ရက်တွင် အဖွဲ့ဝင်သက်တမ်း အနည်းဆုံး(၆)လ ပြည့်ပြီးသူများ ဆန္ဒမဲပေးပိုင်ခွင့်ရှိပါသည်။
- ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံလိုသူများအနေဖြင့် ၈-၄-၂၀၁၇ရက်တွင် အဖွဲ့ဝင်သက်တမ်း အနည်းဆုံး(၁)နှစ်ပြည့်ပြီး၊ မြန်မာနိုင်ငံ အင်ဂျင်နီယာကောင်စီမှ အသိအမှတ်ပြု PE လက်မှတ်ရရှိပြီးသူများဖြစ်ရမည်။
- ဗဟိုကော်မတီဝင်အဖြစ် ရွေးချယ်ခံလိုသူများသည် ၁၅-၃-၂၀၁၇ရက်မှစတင်၍ အဆိုပြုလျှောက်လွှာများအား MICEG ရုံးအဖွဲ့သို့ လာရောက် ၍ ထုတ်ယူနိုင်ပါကြောင်း၊ သို့မဟုတ် www.miceg.com မှ download ရယူနိုင်ပါကြောင်း အသိပေးအပ်ပါသည်။
- အသင်းသားစုံညီနှစ်ပတ်လည်ညီလာခံသို့ တက်ရောက်နိုင်မှု၊ ဆန္ဒမဲပေးလိုမှုနှင့် ရွေးချယ်ခံလိုမှုတို့အား အောက်ပါဖုန်းနံပါတ်များနှင့် Email လိပ်စာများသို့ ၂၄-၃-၂၀၁၇ရက် နောက်ဆုံးထား၍ အကြောင်းပြန်ကြားပေးပါရန် မေတ္တာရပ်ခံ အပ်ပါသည်။

**MICEG ရုံးအဖွဲ့-**
**Tel: 09-456614356, 09-773539369**
**Mail:miceg.mes@gmail.com,info@miceg.com**



**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း**
**အငယ်တန်းအင်ဂျင်နီယာ(၂)များ ခန့်ထားရေးအတွက်**
**ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်အား**

**ပြင်ဆင်ကြေညာခြင်း**

၁၀-၃-၂၀၁၇ရက်ထုတ် ကြေးမုံသတင်းစာနှင့် ၁၁-၃-၂၀၁၇ ရက်ထုတ် မြန်မာ့အလင်းသတင်းစာပါ အငယ်တန်းအင်ဂျင်နီယာ(၂) ရေးဖြေစာမေးပွဲ ကျင်းပမည့်ရက်အား အောက်ပါအတိုင်း ပြင်ဆင်လိုက်သည်-

**စာမေးပွဲကျင်းမည့်ရက်**- ၂၅-၃-၂၀၁၇ရက် (စနေနေ့) (အစား)
၂၆-၃-၂၀၁၇ရက် (တနင်္ဂနွေနေ့)

**မှတ်ချက်** ။ စာမေးပွဲကျင်းပမည့် အချိန်ပြောင်းလဲမှု မရှိပါ။



**အိတ်ပိတ်တင်ဒါ (Close Tender) ခေါ်ယူခြင်း**

ရန်ကုန်တိုင်းဒေသကြီး၊ မှော်ဘီမြို့နယ်၊ လိပ္ပတ်ကျေးရွာ၊ အမှတ်(၄)လမ်းမအနီး၊ Myanmar Distillery Co.,Ltd မှ လုံခြုံရေးဝန်ထမ်းများငှားရမ်းလိုပါသဖြင့် အိတ်ပိတ်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

**နေ့/ည လုံခြုံရေးဝန်ထမ်းဦးရေ (၃၁)ဦး**

၁။ တင်ဒါပေးသွင်းမှုကို ယခုကြော်ငြာပါသည့်ရက်မှစ၍ ၂၀-၃-၂၀၁၇ ရက်နောက်ဆုံးထား၍ရုံးချိန်အတွင်း လာရောက်တင်သွင်းနိုင်ပါသည်။
၂။ တင်ဒါတွင် တင်ဒါဝင်ရောက်သူ၏ လိပ်စာနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်ပြည့်စုံစွာဖော်ပြရန်။
ကုမ္ပဏီ/စက်ရုံမှ တင်ဒါခေါ်ယူမည့် ရက်အား (၂)ရက်ကြိုတင် အကြောင်းကြားပါမည်။

**ဆက်သွယ်ရန်ဖုန်း-၀၉-၂၅၀၂၅၉၀၆၄၊ ၀၉-၇၉၂၉၉၃၆၈၁၊ ၀၉-၄၅၀၀၅၂၄၄၀**



**ကျေးဇူးဆပ်ပါမည်**

ကျွန်တော် ထက်အောင် ၁၀/သဖရ(နိုင်)၁၄၄၉၆၈၏ PSC & RB လက်မှတ်မှာ ပျောက်ဆုံးသွားပါသဖြင့် ခရီးသွားရင်းတွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉-၄၂၀၀၈၉၀၅၄**



**ပျောက်ဆုံးကြောင်း**

ကျွန်မ မချိုယုမွန် ၉/လဝန(နိုင်)၂၁၅၆၇၆၏ ပတ်စ်ပို့အမှတ်(မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း-၀၉- ၉၆၃၁၃၇၄၄၀**



**လူပျောက်ကြော်ငြာ**

သန်လျင်မြို့၊ အောင်ချမ်းသာရပ်ကွက်၊ မြရတနာအိမ်ရာ၊ ဗဟိုလမ်းမနေ ဦးကျော်မြင့်-ဒေါ်အုန်းဝေတို့၏သမီး မဝေမာမြင့် ၁၂/သလန(နိုင်)၁၀၅၈၄၆သည် ၂၆-၂-၂၀၁၇ ရက်တွင် သင်တန်းသွားရာမှ ပျောက်ဆုံးနေပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်နှင့် သွေးဆောင်ဖြားယောင်းခေါ်ဆောင်ထားသူများအား တရားဥပဒေနှင့်အညီ အရေးယူသွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**ဆက်သွယ်ရန်-**
**ဦးကျော်မြင့်-ဒေါ်အုန်းဝေ**
**ဖုန်း-၀၉-၅၀၄၈၀၂၉**
**၀၉-၉၆၈၃၈၀၀၇၂**





BLUE DIAMOND CEMENT
ဘလူးဒိုင်းမွန်း ဘိလပ်မြေ

BLUE DIAMOND CEMENT
STRENGTH FOREVER




ဘလူးဒိုင်းမွန်းဘိလပ်မြေကို ကိုရီးယားမှ
ထိပ်တန်းအင်ဂျင်နီယာများနှင့် ကျွမ်းကျင်ပညာရှင်များ၏ လမ်းညွှန်မှုဖြင့်
မြန်မာပြည်တွင် ဝုတ်ယူဝင်ကြွားစွာ ထုတ်လုပ်ပါသည်။

WWW.BLUEDIAMONDCEMENT.COM | 09-777-777-688 | WWW.FACEBOOK.COM/BLUEDIAMONDCEMENT

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ (၂၀၁၄-၁၅/၂၀၁၅-၁၆) ပညာသင်နှစ်တွင် (၂)နှစ်ဆက်တိုက် အောင်ချက်အကောင်းဆုံးကျောင်း
ပညာမြင်းမိုရ် ကိုယ်ပိုင်အထက်တန်းကျောင်း၏ စည်းကမ်း၊ ပညာ၊ အစဉ်အလာကို စုံစမ်းပြီးမှ အပ်နှံပါ...

PNMM

ပညာရေးဝန်ကြီးဌာန၏
ခွင့်ပြုချက်အမှတ် ကက-၁၃/၁၀/၂၂
ပညာမြင်းမိုရ်
ကိုယ်ပိုင်အထက်တန်းကျောင်း နှင့် အဆင့်မြင့်ဘော်ဒါ
၅တန်းမှ ၁၀တန်းအထိ

- ကျူရှင်ထပ်တက်ရန်မလိုသော တစ်နေရာတည်းတွင်ပြီးပြည့်စုံသည့်ကျောင်း...
- စိတ်ကြိုက်အပ်နှံနိုင်သော အမျိုးအစားများ...
  နေ့ကျောင်း / ဘော်ဒါ / တဝက်ဘော်ဒါ
- ကိုယ်ပိုင်အထက်တန်းကျောင်းအား လစဉ်ကြေးဖြင့် လက်ခံပေးပါသည်...
- လူဦးရေကန့်သတ်ထားပါသဖြင့် ကြိုတင်အပ်နှံမှ စိတ်ချရပါလိမ့်မည်...

၉/၁၀
တန်းခွဲ(၁)များ
မတ်လ(၂၂)ရက် (ဗုဒ္ဓဟူးနေ့)
စမည်.....

၅/၆/၇/၈
တန်းများ
မေလ (၄)ရက်
(ကြာသပတေးနေ့)
စမည်.....

၂၀၁၇-၁၈
ပညာသင်နှစ်
အတွက် ကြိုတင်
လက်ခံပြီ
တနင်္ဂနွေနေ့ ဖွင့်သည်။

ကျောင်းကားကြို/ပို့ ရှိသည်...

အမှတ်(၃၈/၄၀)၊ သီရိဂုဏ်အိမ်ရာ၊ ဝေဇယန္တာလမ်း၊ သဃ်န်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။
၀၉ ၂၅၉၂၅၈၄၀၇၊ ၀၉ ၉၆၅၈၀၀၉၆၁၊ ၀၉ ၄၄၅၃၄၀၀၈၇၊ ၀၉ ၇၃၀၀၄၇၂၀၊ ၀၇ ၈၅၆၂၈၃၀

မြန်မာကျော်ရင်းနီးမြှုပ်နှံမှုအဖွဲ့ကုမ္ပဏီလီမိတက် (ရုံးချုပ်)
နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက်
အဆင့်မြင့် (Marketing Director & Consultant) များအလိုရှိသည်။

တက္ကသိုလ်တစ်ခုခုမှ ဘွဲ့ရ (သို့) Ph.D ဘွဲ့ရအောင်မြင်ပြီးသူဖြစ်ရမည်။ ရှေ့နေ၊ အင်ဂျင်နီယာ၊ ဆရာဝန်၊ တက္ကသိုလ်မှ ကျောင်းဆရာ၊ ဆရာမများ၊ စီးပွားရေးပညာရှင်များ၊ အနုပညာရှင်များ (ဂျာနယ်၊ ဝတ္ထု၊ ဆောင်းပါး)များ၏ အယ်ဒီတာများ၊ သတင်းမီဒီယာ (သတင်းထောက်များ) ကို ဦးစားပေးမည်။ လုပ်ငန်းလုပ်ရာတွင် သွက်လက်ချက်ချာမှုရှိရမည်။ ဈေးကွက်ကို ချဲ့ထွင်ထိုးဖောက်နိုင်စွမ်းရှိရမည်။ ပတ်ဝန်းကျင်နှင့် လိုက်လျောညီထွေစွာနေထိုင်တတ်ပြီး ဆက်ဆံရေးအထူးကောင်းမွန်သူ၊ အသိုင်းအဝိုင်းကျယ်ပြန့်စွာရှိသူ ဖြစ်ရမည်။ လက်ရှိမြန်မာနိုင်ငံမှာဖြစ်ခဲ့သော နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအခြေအနေများကို နားလည်သူဖြစ်ရမည်။ လူထုဈေးကွက်အကြောင်း သိရှိရမည်။ အဖွဲ့အစည်းများကို ကိုယ်တိုင်ဖွဲ့စည်းတည်ဆောက်တတ်ရမည်။ ဈေးကွက်စည်းရုံးရေးနှင့် ထိုးဖောက်ရေးကို အဓိကအောင်မြင်စွာ စွမ်းဆောင်နိုင်စွမ်းရှိသူဖြစ်ရမည်။ အများပြည်သူဖွံ့ဖြိုးတိုးတက်ရေးနှင့် အခြေခံဝင်ငွေရရှိရေးအတွက် စိတ်ပါဝင်စားသူများကို ဦးစားပေးပါမည်။ ပြည်နယ်၊ တိုင်းဒေသရှိ စိတ်ပါဝင်စားသူများလည်း လျှောက်ထားနိုင်ပါသည်။ မိမိနေရာ မိမိဒေသတို့တွင် တာဝန်ထမ်းဆောင်နိုင်ပါသည်။ ပြည်နယ်နှင့်တိုင်းဒေသရှိ ဒေသခံပြည်သူများအား ဦးစားပေးခန့်အပ်ပါမည်။ အလုပ်လျှောက်ထားသူများအတွက် တိုင်းနှင့်ပြည်နယ်များတွင် လာရောက်အင်တာဗျူးပေးပါမည်။ ရန်ကုန်တွင် ရုံးတက်စရာမလိုပါ။

လစဉ်ဝင်ငွေ (အခြေခံလစာ+Bonus) (၆၀၀၀၀၀ မှ ၃၀၀၀၀၀၀) အထိ ကြိုးစားမှုအပေါ်မူတည်၍ ရရှိမည်။

စိတ်ပါဝင်စားသူများသည် CV Form (၁) စုံ၊ နိုင်ငံသားစိစစ်ရေးကတ်မိတ္တူ၊ ပညာအရည်အချင်းအထောက်အထားမိတ္တူနှင့် အိမ်ထောင်စုဇယားမိတ္တူ၊ (၃) လအတွင်းရိုက်ကူးထားသော ပတ်စ်ပို့စ်ဆိုဒ်ဓာတ်ပုံ (၂) ပုံ၊ အလုပ်သမားမှတ်ပုံတင်မိတ္တူတို့နှင့်အတူ ကြော်ငြာပါသည့်နေ့မှစ၍ အောက်ပါလိပ်စာအတိုင်း လာရောက်လျှောက်ထားနိုင်ပါသည်။

အမှတ် (၉၈)၊ အောက်ဗဟိုလမ်းနှင့် မာလာမြိုင် (၇) လမ်းထောင့်၊ လှိုင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း-၀၉-၇၃၂၃၁၀၄၃၊ ၀၉-၂၅၀၇၇၄၉၀၈၊ ၀၉-၇၉၉၉၄၁၃၂၁။

ပထမဦးဆုံးမြန်မာနိုင်ငံမီးသတ်ဦးစီးဌာန၏ အရည်အသွေးပြည့်မီကြောင်းထောက်ခံချက်ရရှိထားသည့်

Since 2001
နေရာတိုင်းဆောင်ထား
- အရောက်ပို့
- တပ်ဆင်
- ရှင်းပြ

Rain Flower




ကြည့်မြင်တိုင်
ဖုန်း -၀၉-၇၃၁၀၀၈၉၀
-၀၉-၇၃၁၀၀၈၉၁
-၀၉-၄၅၁၇၃၀၀၀၅
-၀၉-၄၅၁၇၃၀၀၀၆
မြောက်ဥက္ကလာပ
ဖုန်း -၀၉-၇၃၁၅၄၆၇၀
-၀၉-၄၅၁၇၃၀၀၀၈
၉-မိုင်၊ ပြည်လမ်း
ဖုန်း -၀၉-၄၃၀၄၉၃၅၆
ပေါက်တော၊ အင်းစိန်
ဖုန်း -၀၁-၆၄၃၇၅၈
-၀၉-၇၃၁၂၆၀၅၇
-၀၉-၃၁၄၇၁၆၅၄
-၀၉-၄၅၁၇၃၀၀၀၂
နေပြည်တော်
ဖုန်း -၀၉-၄၉၂၀၈၈၈၀
-၀၉-၃၁၁၃၆၂၆၁
မန္တလေး
ဖုန်း -၀၉-၄၂၁၀၈၈၄၂၂
-၀၉-၆၅၀၀၄၁၃

iStock® ကုန်ပစ္စည်းထိန်း ကွန်ပျူတာစနစ်



- ကုန်ရောင်း/ကုန်ဝယ်
- ကုန်လက်ကျန်
- အကြွေး
- ငွေစာရင်း/အရှုံးအမြတ်

CaféPOS® စားသောက်ဆိုင်သုံး ကွန်ပျူတာစနစ်

- Table Reservation
- Menu Ordering
- Billing
- Kitchen Monitoring
- Reporting



www.galaxy.com.mm

HotelPro® ဟိုတယ်လုပ်ငန်းသုံးကွန်ပျူတာစနစ်



- Guest Info
- Room Status
- Reservation
- Check In/Out
- City Ledger

Galaxy Software
Galaxy Software Co., Ltd.
Nay Pyi Taw : 09-257333214, 09-974432762
Yangon (HO) : 09-254151516, 09-420909100
Pathein : 09-455042499, 09-455042500
Mandalay : 09-440067577, 09-978030881
Taunggyi : 09-444200771, 09-444200772

# လက်ရှိချန်ပီယံ ရတနာပုံအသင်း နိုင်ပွဲဆက်

**သတင်း-ညီမြတ်သော်တာ၊ ဓာတ်ပုံ-စိုးညွန့်**


ရတနာပုံနှင့် ဟံသာဝတီအသင်း ယှဉ်ပြိုင်နေစဉ်

**ရန်ကုန်  မတ်  ၁၄**

၂၀၁၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲပွဲစဉ် (၉) လက်ကျန်ပွဲဖြစ်သည့် ရတနာပုံနှင့် ဟံသာဝတီအသင်းတို့ ယနေ့ညနေပိုင်းက မန္တလာသီရိကွင်း၌ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းက သုံးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။

လက်ရှိချန်ပီယံ ရတနာပုံအသင်းသည် ဟံသာဝတီအသင်း ကို အကြိတ်အနယ်ကစားပြီး အပြန်အလှန်သွင်းဂိုးများဖြင့် အနိုင်ရကာ ဒုတိယနေရာ၌ ဆက်လက်ရပ်တည်နိုင်ခဲ့သည်။ ရလဒ်များဆိုးရွားနေသည့် ဟံသာဝတီအသင်း၏ ရုန်းကန်မှုကြောင့် ရတနာပုံအသင်း အိမ်ကွင်းတွင် ရုန်းကန်ခဲ့ရသော်လည်း သုံးပွဲဆက်နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။ ရတနာပုံအသင်းသည် ယခုပွဲအနိုင်ရလဒ်ကြောင့် ထိပ်ဆုံးမှ ရန်ကုန်နှင့် လေးမှတ်အကွာတွင် ရှိနေဆဲဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၅* ❖

---

**၂၀၁၉ အာရှဖလားပြိုင်ပွဲအတွက်**

# မြန်မာ့လက်ရွေးစင်အသင်း စတင်လေ့ကျင့်


မြန်မာ့လက်ရွေးစင်အသင်း လေ့ကျင့်နေစဉ်

**သတင်း-ရဲရင့်ရှိုင်း၊ ဓာတ်ပုံ-ဖိုးသော်ဇင်**

**ရန်ကုန်  မတ်  ၁၄**

၂၀၁၉ အာရှဖလားပြိုင်ပွဲအတွက် ဖွဲ့စည်းလိုက်သည့် မြန်မာ့လက်ရွေးစင်အသင်းသည် ယနေ့ ညနေပိုင်းမှစ၍ လေ့ကျင့်မှုများပြုလုပ်ခဲ့သည်။

မြန်မာ့လက်ရွေးစင်အသင်း၏ ပထမဆုံး လေ့ကျင့်ခန်းအစီအစဉ်တွင် ကစားသမားစုံလင်ခြင်းမရှိဘဲ ကလပ်အသင်းပွဲစဉ်များရှိနေသောကြောင့် ၁၇ ဦးသာ လေ့ကျင့်နိုင်ခဲ့သည်။ မြန်မာ့လက်ရွေးစင်အသင်းကို ကစားသမား ၂၆ ဦးဖြင့် ဖွဲ့စည်းထားပြီး ရတနာပုံအသင်းမှ အောင်သူ၊ မျိုးကိုထွန်း၊ သက်နိုင်၊ သိန်းသန်းဝင်း၊ စည်သူအောင်နှင့် ရန်အောင်လင်း(ဂိုး)၊ မကွေးအသင်းမှ ကျော်ဇင်လွင်၊ ရှမ်းယူနိုက်တက် လူငယ်အသင်းမှ ဘုန်းသစ္စာမင်း၊ ဟံသာဝတီအသင်းမှ မောင်မောင်လွင်တို့မှာ လာရောက်လေ့ကျင့်နိုင်ခြင်းမရှိသေးပေ။ မြန်မာ့လက်ရွေးစင် အသင်းကို အုပ်ချုပ်သူအဖြစ် ဦးသန်းတိုးအောင်၊ နည်းပြချုပ် ဂတ်ဖရိုင်းဒရစ်(ဂျာမနီ)၊ လက်ထောက်နည်းပြများအဖြစ် ဦးကြည်လွင်နှင့် ဦးဇော်ဝင်းထွန်း၊ ဂိုးနည်းပြအဖြစ် ဦးအောင်ကျော်ကျော်၊ ကြံ့ခိုင်ရေးနည်းပြအဖြစ် ပိုပေါ့စကီး (မက်ဆီဒိုးနီးယား) တို့က တာဝန်ယူဆောင်ရွက်မည်ဖြစ်သည်။ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်သည် မြန်မာ့လက်ရွေးစင်အသင်းအတွက် ကြံ့ခိုင်ရေးနည်းပြသစ်အဖြစ် ပိုပေါ့စကီးကို တစ်နှစ်စာချုပ်ဖြင့် ခန့်အပ်ခဲ့ပြီး ၂၀၁၈ ခုနှစ် မတ်လအထိ စာချုပ်ခဲ့ခြင်းဖြစ်သည်။

မြန်မာ့လက်ရွေးစင်အသင်းသည် အာရှဖလားခြေစစ်ပွဲအဖြစ် မတ် ၂၈ ရက်တွင် အိန္ဒိယလက်ရွေးစင်အသင်းနှင့် အိမ်ကွင်းပွဲစဉ်ကစားရမည်ဖြစ်သည်။ မြန်မာ့လက်ရွေးစင်အသင်းသည် ယင်းပွဲအတွက် ကြိုတင်ပြင်ဆင်သည့်အနေဖြင့် မတ် ၂၁ ရက်တွင် အင်ဒိုနီးရှားနိုင်ငံ၌ အင်ဒိုနီးရှားလက်ရွေးစင်အသင်းနှင့်ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

---

## ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် စက်မှုဝန်ကြီးဌာန၏ တစ်နှစ်တာဆောင်ရွက်ချက်များ မတ် ၁၆ ရက် သတင်းစာတွင် ပါရှိမည်

ပြည်ထောင်စုရာထူးဝန်အဖွဲ့နှင့် စက်မှုဝန်ကြီးဌာန၏ တစ်နှစ်တာ ဆောင်ရွက်ချက်များ မတ် ၁၆ ရက် သတင်းစာတွင် ဖော်ပြပါရှိပါမည်။

(မြန်မာ့အလင်း)

---

## အမေရိကန်လေယာဉ်တင်သင်္ဘော ဝင်ရောက်မှု မြောက်ကိုရီးယားကို လှုပ်လှုပ်ရှားရှားဖြစ်စေခဲ့



စာ » ၁၀

MPT
ရှေ့သို့လှမ်းချီ မြန်မာပြည်

ဆင်းကတ်မှတ်ပုံတင်ခြင်းများကို ဤနေရာများတွင် ဆောင်ရွက်ပေးနေပါပြီ။

MPT လက်လီအရောင်းဆိုင်များ
MPT အိတ်ချိန်းရုံးများ
MPT အမှတ်တံဆိပ်အရောင်းဆိုင်များ
သမဝါယမဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
ကမ္ဘောဇဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
ဧရာဝတီဘဏ် (သတ်မှတ်ဘဏ်ခွဲများ)
MPT နယ်လှည့်ရှိုးပွဲများ
ရန်ကုန်၊ မန္တလေး၊ နေပြည်တော်ရှိ တက္ကသိုလ်များ
နိုင်ငံတစ်ဝှမ်းရှိ စာတိုက်များ
Bestone ဖုန်းဆိုင်များ

အသေးစိတ်သိရှိလိုပါက www.mpt.com.mm/mm/sim-registration-mm/ တွင်ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ

မြန်မာ့အလင်း
ဗုဒ္ဓဟူး၊ မတ် ၁၅၊ ၂၀၁၇

ပြည်သူက တစ်ခဲနက်ရွေးချယ်တင်မြှောက်ခဲ့သော ပြည်သူ့အစိုးရသစ်၏ သက်တမ်းတစ်နှစ်ပြည့်မြောက်ခဲ့ပြီဖြစ်သည်။ တစ်နှစ်တာကာလအတွင်း နိုင်ငံ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးနယ်ပယ်အသီးသီးတွင် ဖွံ့ဖြိုးတိုးတက်မှုရရှိစေရန် ပြုပြင်ပြောင်းလဲမှုများပြုလုပ်ကာ နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများကို အားကြိုးမာန်တက်ဆောင်ရွက်ခဲ့သည့် ပြည်သူ့အစိုးရ၏ ပြည်သူ့အတွက် ကြိုးပမ်းဆောင်ရွက်မှုများမှာ အားလုံးကောင်းမွန်အောင်မြင်ပါသည်ဟူ၍ မဆိုနိုင်သေးသည့်တိုင် သိသာထင်ရှားစွာမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ မမြင်တွေ့နိုင်သည့် အောင်မြင်မှုများ၊ စိန်ခေါ်မှုများနှင့် ရှန်းကန်နေရဆဲလုပ်ငန်းစဉ်များဟူ၍ တွေ့ရမည်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ ပထမတစ်နှစ်တာကာလအတွင်း ပြည်သူများအတွက် ကြိုးပမ်းဆောင်ရွက်မှုများကို ဝန်ကြီးဌာနများ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအလိုက် မှတ်တမ်းပြုတင်ပြအပ်ပါကြောင်း။



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း

## စာရင်းပညာရှင်များ၊ စာရင်းကျွမ်းကျင်သူများ စွမ်းဆောင်ရည်ပြည့်ဝစွာ ပိုမိုပေါ်ထွက်လာရေး၊ စာရင်းပညာခေတ်မီဖွံ့ဖြိုးရေးနှင့် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၏ တစ်နှစ်တာ

● တွေ့ဆုံမေးမြန်း - သူရဇော်(သတင်းစဉ်)၊ ဓာတ်ပုံ - ကျော်ဇင်ထိုက်(သတင်းစဉ်)၊ စာရင်းစစ်ချုပ်ရုံး

နိုင်ငံတော်အစိုးရသစ်၏ အစိုးရသက်တမ်း တစ်နှစ်တာကာလအတွင်း ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံး၏ ဆောင်ရွက်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူများသိရှိနိုင်ရန်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်းအား သွားရောက်တွေ့ဆုံမေးမြန်းခဲ့ပါသည် -

**မေး ။ အစိုးရသစ်လက်ထက်မှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးရဲ့ ဆောင်ရွက်မှုတွေကို သိလိုပါတယ်ခင်ဗျာ။**

ဖြေ ။ ပြည်သူ့စီမံခန့်ခွဲမှုကောင်းတယ်ဆိုရင်ပြည်သူတွေအနေနဲ့ အင်မတန်အကျိုး ရှိပါတယ်။ ပြည်သူ့ဘဏ္ဍာ စီမံခန့်ခွဲမှုအတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်း စစ်ရုံးများက အဓိက ပါဝင်ပတ်သက်ပါတယ်။ ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံးများရဲ့ ဆောင်ရွက်ချက်ကောင်းရင် ပြည်သူ့ဘဏ္ဍာစီမံခန့်ခွဲမှုကောင်းမှာ ဖြစ်တဲ့အတွက် ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံးများရဲ့ အခန်းကဏ္ဍကိုလည်း ပြည်သူများက ကောင်းစွာသဘောပေါက် လာမှာဖြစ်ပါတယ်။ နိုင်ငံတကာမှာဆိုရင်လည်း စာရင်းစစ်အနေနဲ့ စိန်ခေါ်မှုတွေ ရှိနေတယ်။

### မျှော်မှန်းချက်များ ပိုမိုမြင့်မားလာ

**မေး ။ အဲဒီစိန်ခေါ်မှုတွေကို ပြောပြပေးပါဦးခင်ဗျာ။**

ဖြေ ။ စိန်ခေါ်မှုရှိရတဲ့အကြောင်းကလည်း ပထမအချက်အနေနဲ့က တိုင်းပြည်တိုင်းမှာ ဥပဒေတွေ၊ နည်းဥပဒေတွေက တစ်နေ့တခြား များပြားလာပါတယ်။ ဒုတိယအချက်က တိုင်းပြည်တိုင်းလိုလိုမှာ စီးပွားရေး၊ လူမှုရေး၊ နိုင်ငံရေးပြုပြင် ပြောင်းလဲမှုတွေဟာ အမြဲတမ်းရှိနေပါတယ်။ တတိယအချက်အနေနဲ့ နိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍစာရင်းစစ်တွေအပေါ်မှာ အများပြည်သူတွေရဲ့ မျှော်မှန်းချက်တွေက ပိုမိုမြင့်မားလာပါတယ်။

ဒါကြောင့်မို့ ကမ္ဘာ့နိုင်ငံသားများအနေနဲ့ ကျွန်တော်တို့မှာ စိန်ခေါ်မှုရှိပါတယ်။ စိန်ခေါ်မှုအရ တိုးတက်မှုရရှိလာအောင် စာရင်းစစ်များအနေနဲ့ အချက် (၇)ချက်ကနေ ကြိုးစားနေပါတယ်။ ကြိုးစားတယ်ဆိုတာက ရှိရင်းစွဲတွေရှိပါတယ်။ ဒါတွေကို တိုးတက်အောင် လုပ်ရပါတယ်။ အချက် (၇) ချက်ထဲမှာ ပထမဦးဆုံးအချက်ကတော့ နည်းပညာပိုင်းဆိုင်ရာကျွမ်းကျင်မှုနဲ့ ကျင့်ဝတ်သိက္ခာပိုင်းဆိုင်ရာ မြင့်မားမှု (Technical skills and Ethics Quotient) နဲ့ ပတ်သက်တဲ့ ကိစ္စရပ်တွေပါ။ ဒါကတော့ အဓိကပါ။ နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနဲ့ပတ်သက်လို့လည်း လုပ်ဆောင်တာတွေရှိပါတယ်။

ဒုတိယအနေနဲ့ တိုးတက်ဖို့လိုတဲ့ကိစ္စက Creative Quotient တီထွင်ဖန်တီးနိုင်မှု၊ တတိယအနေနဲ့ Intelligent Quotient ဉာဏ်ပညာနဲ့ ဉာဏ်ရည်ထက်မြက်မှု၊ စတုတ္ထအနေနဲ့ Emotional Quotient စိတ်ခံစားမှုဆိုင်ရာ တည်ငြိမ်မှု၊ ပဉ္စမအနေနဲ့ Digital Quotient သတင်းအချက်အလက် နည်းပညာဆိုင်ရာ ကျွမ်းကျင်မှု၊ ဆဋ္ဌမအနေနဲ့ Experience Quotient အတွေ့အကြုံရှိမှု၊ နောက်ဆုံးအနေနဲ့ Vision Quotient ရှေ့မြော်မြင်တဲ့ အမြင်ရှိမှုတွေက နိုင်ငံပိုင်ကဏ္ဍနဲ့ ပုဂ္ဂလိကကဏ္ဍမှာ စာရင်းစစ် တစ်ယောက်အဖြစ် လုပ်မယ်ဆိုရင် မိမိကိုယ်ကိုတိုးတက်အောင် ဒီအချက် (၇)ချက်ကို အခြေခံထားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါ တယ်။ သို့သော် ဒါနဲ့တင်မလုံလောက်ပါဘူး။

> “နောက်ဆုံးအနေနဲ့ Vision Quotient ရှေ့မြော်မြင်တဲ့ အမြင်ရှိမှုတွေက နိုင်ငံပိုင်ကဏ္ဍနဲ့ပုဂ္ဂလိကကဏ္ဍမှာ စာရင်းစစ်တစ်ယောက်အဖြစ် လုပ်မယ်ဆိုရင် မိမိ ကိုယ်ကိုတိုးတက်အောင် ဒီအချက် (၇) ချက်ကို အခြေခံထားပြီး ဆောင်ရွက်ရမှာ ဖြစ်ပါတယ်။ သို့သော် ဒါနဲ့တင်မလုံလောက်ပါဘူး။”

ကမ္ဘာမှာ ခုနကပြောခဲ့တဲ့ ပြောင်းလဲမှုတွေကြောင့် ကျန်တာတွေလည်း အရေးပါ အရာရောက်လာပါတယ်။ ကျွန်တော်တို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ လုပ်ကိုင်ဆောင်ရွက်တဲ့အခါမှာ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေနဲ့ မြန်မာနိုင်ငံ စာရင်းကောင်စီဥပဒေအရ လုပ်ကိုင်ဆောင်ရွက်နေပါတယ်။

### ထိန်းကျောင်းကြပ်မတ်

**မေး။ ပြည်ထောင်စုစာရင်းစစ်ချုပ် ဥပဒေကို ပြင်ဆင်ဆောင်ရွက်မှုကိုလည်း ရှင်းပြပေးစေလိုပါတယ်။**

ဖြေ ။ ပြည်သူ့ဘဏ္ဍာ လေလွင့်ပြုန်းတီးမှု၊ ယိုဖိတ်မှု၊ ပျက်စီးမှု၊ နစ်နာဆုံးရှုံးမှု၊ အလွဲသုံးစားပြုမှုတွေကို စစ်ဆေးပြီး ထိန်းကျောင်းကြပ်မတ်နိုင်ဖို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့ ဒေသစာရင်းစစ်ရုံးတွေရဲ့ အခန်းကဏ္ဍဟာ ပိုမိုအရေးကြီးလာပါတယ်။ ဒါကြောင့်မို့ စစ်ဆေးရေးလုပ်ငန်းတွေ ဆောင်ရွက်ရာမှာ ပြည်သူတွေရဲ့ ပူးပေါင်းဆောင်ရွက်မှုရယူပြီး ပြည်သူ့ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်ဖို့ လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်မှုတွေကို ထိရောက်စွာ စစ်ဆေးနိုင်ဖို့အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေပါ ပြဋ္ဌာန်းချက်တွေကို ပြင်ဆင်ဖို့ လိုအပ်လာတာကြောင့် ပြည်ထောင်စုစာရင်း စစ်ချုပ်ဥပဒေကို ပြင်ဆင်ဖို့သက်ဆိုင်ရာကို တင်ပြထားပါတယ်။

အချပ်ပို (ခ) သို့



စာရင်းစစ်လုပ်ငန်းများဆောင်ရွက်နေစဉ်



စာရင်းနှင့် စာရင်းစစ်ကဏ္ဍ တိုးတက်မြင့်မားလာစေရန် စာရင်းကိုင်သင်တန်းများ ဖွင့်လှစ်ပို့ချနေစဉ်

အချပ်ပို(က)မှ

နောက်ပြီး နိုင်ငံတကာပြောင်းလဲမှုတွေနဲ့အညီ ကိုက်ညီအောင် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကိုလည်း ပြင်ဆင်ဖို့အတွက် ပြည်ထောင်စုရှေ့နေချုပ်ရုံးထံသို့ သဘောထားမှတ်ချက်ပေးဖို့ ၂၀၁၇ ခုနှစ် ဖေဖော်ဝါရီလ ၁၀ ရက်နေ့မှာ တင်ပြထားပါတယ်။

မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေပါ ဘာသာရပ်ဆိုင်ရာ အသုံးအနှုန်း၊ အခေါ်အဝေါ်တွေကို နိုင်ငံတကာစာရင်းကိုင်များအသင်းချုပ် (IFAC) ရဲ့ အသုံးအနှုန်းတွေနဲ့ ကိုက်ညီစေရေး၊ စာရင်းလုပ်ငန်းအမျိုးအစားတွေ ပိုမိုပြည့်စုံစေရေး၊ စာရင်းပညာဆိုင်ရာ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ ပိုမိုတိုးတက်စေရေး၊ မြန်မာနိုင်ငံစာရင်းကောင်စီရဲ့ လုပ်ငန်းတာဝန်တွေကို သက်ဆိုင်ရာကော်မတီများသို့ ခွဲဝေအပ်နှင်းနိုင်ရေး၊ ကိုယ်ပိုင်စာရင်းကိုင်သင်တန်းကျောင်းမှ သင်တန်းဆရာများ မှတ်ပုံတင်ရေး၊ အခြားသော တည်ဆဲဥပဒေများနဲ့ လိုက်လျောညီထွေဖြစ်စေရေး စတဲ့အချက်တွေ ပိုမိုပြည့်စုံစွာ ပါဝင်လာစေဖို့အတွက် မြန်မာနိုင်ငံစာရင်းကောင်စီဥပဒေကို ပြန်လည်ပြင်ဆင်ဖို့ ပြည်ထောင်စုရှေ့နေချုပ်ရုံးကို ၁၀-၂-၂၀၁၇ ရက်နေ့က သဘောထားမှတ်ချက်ပေးဖို့ တောင်းခံထားပါတယ်။

နောက် ပြင်ဆင်ချက်တစ်ခုအနေနဲ့ ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှုအက်ဥပဒေ (The Public Accountants Default Act 1850) ကိုလည်း ရုပ်သိမ်းဖို့ ပြည်ထောင်စုအစိုးရအဖွဲ့ကို ၂၃-၂-၂၀၁၇ ရက်နေ့က တင်ပြထားပါတယ်။

ပြည်သူ့စာရင်းကိုင်များပျက်ကွက်မှု အက်ဥပဒေဟာလည်း ကုမ္ပဏီဥပဒေမပေါ်ပေါက်မီကာလက အများပြည်သူနစ်နာမှုမရှိစေဖို့ လုပ်ငန်းတွေကို ယုံကြည်အပ်နှံထားခြင်းခံရတဲ့ စီမံခန့်ခွဲအုပ်ချုပ်လုပ်ကိုင်နေသူ စာရင်းတာဝန်ခံပုဂ္ဂိုလ်များထံမှ အာမခံပစ္စည်းများတောင်းယူခြင်း၊ သူတို့လုပ်ကိုင်မှုအပေါ် အချိန်ကာလအားလျော်စွာ စည်းမျဉ်းဥပဒေများ ထုတ်ပြန်ပြီး အရေးယူဆောင်ရွက်နိုင်ဖို့ စီမံထားတဲ့ ရှေးအကျဆုံး အစီအမံတစ်ခုဖြစ်ပါတယ်။ အခု ကုမ္ပဏီဥပဒေ၊ ယုံကြည်အပ်နှံမှုဥပဒေ စတာတွေကို ပြဋ္ဌာန်းထားပြီးဖြစ်တဲ့အပြင် အများပြည်သူအတွက် တာဝန်ခံမှု၊ တာဝန်ယူမှုများလည်း ကုမ္ပဏီဥပဒေမှာ ပါရှိပြီးဖြစ်တာကြောင့် လက်ရှိအခြေအနေမှာ အသုံးပြုဖို့ မလိုအပ်တော့တာမို့ ပြန်လည်ရုပ်သိမ်းဖို့ ပြည်ထောင်စုအစိုးရအဖွဲ့သို့ ၂၃.၂.၂၀၁၇ ရက်နေ့က တင်ပြထားပါတယ်။

**မြန်မာနိုင်ငံမှာ အစိုးရငွေစာရင်းထားနည်းကို ငွေသားစီးဆင်းမှု အခြေခံနဲ့ပဲ စာရင်းပြုစုနေပါတယ်။ ငွေသားစီးဆင်းမှုအခြေခံကနေပြီး စေ့ရောက်မှုအခြေခံ (Accrual Basis) ကို ပြောင်းဖို့ လိုပါတယ်။ Accrual Basis မှာ အဆင့်အမျိုးမျိုးရှိပြီး နောက်ဆုံးအဆင့် IPSAS ကို ကျင့်သုံးလိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့ ဘိုးဘွားပိုင်အမွေအနှစ်တွေ၊ ပိုင်ဆိုင်မှုတွေ၊ ဒြပ်မဲ့ပိုင်ဆိုင်မှုတွေ၊ နောက်ပြီး Infrastructure လို့ခေါ်တဲ့ လမ်း၊ တံတားတွေရဲ့ ပိုင်ဆိုင်မှု (Assets) တန်ဖိုးတွေဟာ ရှင်းတမ်းထဲမှာ အကုန်ပါသွားမှာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ ပကတိအခြေအနေကို ပိုပြီးပေါ်လွင်စေနိုင်ပါတယ်။**

## နိုင်ငံတကာစာရင်းစံများ

ပြောင်းလဲမှုအနေနဲ့ ပြောရမယ်ဆိုရင် ပုဂ္ဂလိကကဏ္ဍမှာ နိုင်ငံတကာစာရင်းစံတွေ ကျင့်သုံးဖို့အတွက် ဂျာမန်အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးအဖွဲ့နဲ့ ပူးပေါင်းပြီး ပထမဦးဆုံးက ဘဏ်လောကမှာ နိုင်ငံတကာစာရင်းစံများ ကျင့်သုံးဖို့အတွက် အကောင်အထည်ဖော်နေပါတယ်။

အကောင်အထည်ဖော်ရင်း လေ့လာမှုတွေကိုလည်း လုပ်နေပါတယ်။ နောက်ဆုံးအဆင့်မှာ အစမ်းဘဏ် (Pilot Bank) သုံးခု ရွေးချယ်ပြီး အဲဒီမှာ နိုင်ငံတကာစာရင်းစံများ လိုက်နာကျင့်သုံးဖို့ ကြိုးပမ်းဆောင်ရွက်နေပါတယ်။ သို့သော်

**အချပ်ပို(ဂ)သို့**



ဝန်ထမ်းများအား စွမ်းဆောင်ရည်မြှင့်တင်ရန် ကွန်ပျူတာအခြေခံ သင်ကြားပို့ချနေစဉ်

# နိုင်ငံတော်အစိုးရ၏ ပြည်သူ့အတွက် ပထမ(၁)နှစ်တာ



စာမျက်နှာ (ခ)မှ
အစမ်းဘဏ် သုံးခုအပြင် ကျန်တဲ့ဘဏ်လောက ဘဏ္ဍာရေး အဖွဲ့အစည်းတွေ အကုန်လုံးက လိုက်နာဖို့ ဖြစ်ပါတယ်။ နောက်ပြီး ပုဂ္ဂလိကကဏ္ဍမှာ နိုင်ငံတကာစာရင်းစံတွေ ကျင့်သုံးမှုနဲ့ ပတ်သက်ပြီး ကျွန်တော်တို့ စာရင်းစစ်ချုပ်ရုံးကလည်း ရက် (၁၀၀)စီမံချက်ထဲမှာ ဒုတိယလုပ်ငန်းစဉ်အဖြစ် လေ့လာမှုတွေ လုပ်ခဲ့ပါတယ်။

လေ့လာမှုအရလည်း ၆၀ ရာခိုင်နှုန်း လိုက်နာဆောင်ရွက်နေတဲ့အတွက် ကျေနပ်စရာကောင်းတဲ့ အနေအထားရှိပါတယ်။ နိုင်ငံပိုင်ကဏ္ဍမှာ စာရင်းစစ်တွေရှိမှုနဲ့ ပတ်သက်လို့ ကျွန်တော်တို့လည်း Lima Declaration၊ Mexico Declaration တို့အရ ကျွန်တော်တို့ Financial Audit၊ Compliance Audit နဲ့ Performance Audit တွေလည်း လုပ်ပါတယ်။ Performance Audit လုပ်တာနဲ့ ပတ်သက်လို့က အင်မတန်နှစ်လိုဖွယ်ကောင်းတဲ့ အသုံးအနှုန်းက Value for Money Audit လို့ခေါ်တဲ့ သုံးစွဲတဲ့ငွေကြေးဟာ တန်ရာတန်ကြေးရမရ စစ်ဆေးခြင်းပဲ ဖြစ်ပါတယ်။

ပြည်သူက ပြည်သူရဲ့အခွန်အကောက်နဲ့သုံးစွဲတဲ့ အစိုးရဌာနတွေရဲ့သုံးစွဲငွေတွေဟာ တကယ့်ကိုတန်ဖိုးရှိရဲ့လားဆိုတဲ့ စစ်ဆေးမှု ရှုထောင့်အခြေခံအားဖြင့် Lima Declaration၊ Mexico Declaration တွေအရ လွတ်လွတ်လပ်လပ် (Independent) စစ်ဆေးတာဖြစ်ပါတယ်။

**မေး ။ လွတ်လွတ်လပ်လပ်ဆိုတာ ဘယ်လိုမျိုးကို ဆိုလိုတာပါလဲ။**


လက်မှတ်ရပြည်သူ့စာရင်းကိုင်နှင့် ဒီပလိုမာစာရင်းကိုင် အောင်လက်မှတ်နှင့် ဆုချီးမြှင့်ခြင်းအခမ်းအနားကျင်းပစဉ်


ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် နော်ဝေနိုင်ငံစာရင်းစစ်ချုပ်ရုံးတို့ ပူးပေါင်း၍ **Production Sharing Contract** ဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကျင်းပစဉ်

ဖြေ ။ ကျွန်တော်တို့ရဲ့ စာရင်းစစ်လုပ်ငန်းမှာ လွတ်လွတ်လပ်လပ်ဆိုတာ ပယောဂကင်းတာမျိုး၊ ဘက်လိုက်မှုကင်းတာမျိုး၊ ဓမ္မဓိဋ္ဌာန်ကျတာမျိုး ဖြစ်ဖို့အတွက် Independent ရှိရမှာဖြစ်ပါတယ်။ Independent ဖြစ်အောင် ကျွန်တော်တို့မှာ ညွှန်ကြားချက်တွေအရ လုပ်ကိုင်ဆောင်ရွက်ရပါတယ်။ ဒီနိုင်ငံပိုင်ကဏ္ဍမှာ အကြီးအကျယ်ပြောင်းလဲမှုတစ်ခုအနေနဲ့က နိုင်ငံတကာ နိုင်ငံပိုင်ကဏ္ဍ စာရင်းစံ(IPSAS) ကျင့်သုံးဖို့ရာ ဖြစ်ပါတယ်။

### ငွေသားစီးဆင်းမှု အခြေခံ

အခြေခံအနေနဲ့ မြန်မာနိုင်ငံမှာ အစိုးရငွေစာရင်းထားနည်းကို ငွေသားစီးဆင်းမှုအခြေခံနဲ့ပဲ စာရင်းပြုစုနေပါတယ်။ ငွေသားစီးဆင်းမှု အခြေခံကနေပြီး စေ့ရောက်မှုအခြေခံ (Accrual Basis) ကို ပြောင်းဖို့လိုပါတယ်။ Accrual Basis မှာ အဆင့်အမျိုးမျိုးရှိပြီး နောက်ဆုံးအဆင့် IPSAS ကို ကျင့်သုံးလိုက်လို့ရှိရင် ကျွန်တော်တို့ရဲ့ ဘိုးဘွားပိုင်အမွေအနှစ်တွေ၊ ပိုင်ဆိုင်မှုတွေ၊ ဒြပ်မဲ့ပိုင်ဆိုင်မှုတွေ၊ နောက်ပြီး Infrastructure လို့ခေါ်တဲ့ လမ်း၊ တံတားတွေရဲ့ပိုင်ဆိုင်မှု (Assets) တန်ဖိုးတွေဟာ ရှင်းတမ်းထဲမှာ အကုန်ပါသွားမှာဖြစ်တဲ့အတွက် တိုင်းပြည်ရဲ့ ပကတိအခြေအနေကို ပိုပြီးပေါ်လွင်စေနိုင်ပါတယ်။

နောက်ပြီး တိုင်းပြည်မှာရှိတဲ့ ဌာနတွေအသီးသီးကနေပြီး ပင်စင်အတွက် ပေးရန်တာဝန်ရှိတဲ့ အချက်တွေကိုလည်း ဖော်ထုတ်နိုင်တဲ့အတွက် ပိုပြီးတော့ ပြီးပြည့်စုံသွားပါတယ်။ ဆိုလိုတာကတော့ အကြီးအကျယ်ပြောင်းလဲမှု တစ်ခုအနေနဲ့ IPSAS ကျင့်သုံးဖို့ပါ။

### လမ်းကြောင်းပေါ်

**မေး ။ IPSAS ကျင့်သုံးဖို့ ဘယ်လိုဆောင်ရွက်နေတယ်ဆိုတာကို ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ IPSAS ကို အပြီးတိုင်ကျင့်သုံးနိုင်ဖို့ ၄၊ ၅ နှစ်နဲ့ မပြီးဘူးဆိုတာကို တာဝန်ထမ်းဆောင်ရင်း ကျွန်တော် နားလည်လာပါတယ်။ သို့သော်လည်း ကျွန်တော်တို့တာဝန် ပြီးဆုံးသွားတဲ့အချိန်မှာ လမ်းကြောင်းပေါ်ရောက်နေရင် ကျေနပ်ပါပြီ။

ဘာကြောင့်လဲဆိုတော့ ဒီအပိုင်းမှာလည်း သက်ဆိုင်ရာဝန်ကြီးဌာနတွေကနေပြီး စာရင်းတောင်းလိုက်တဲ့အခါ အများကြီးပဲ တန်ဖိုးမဖော်ပြနိုင်တာတွေ၊ လက်ငင်းရရန်ပိုင်ခွင့် မပါတာတွေ တွေ့ရပါတယ်။ ပြီးပြည့်စုံတာ၊ ကျေနပ်လောက်ဖွယ်ရှိတာက ၈ ရာခိုင်နှုန်းသာသာပဲ ရှိပါတယ်။

အဲဒီတော့ ရှေ့မှာဆက်လုပ်ရမယ့် လုပ်ငန်းတွေအနေနဲ့ အများကြီးရှိတယ်ဆိုတာကို လက်တွေ့ကနေပြီး ကျွန်တော် သဘောပေါက်လာပါတယ်။ ဒီ IPSAS လမ်းပြမြေပုံနဲ့ ပတ်သက်လို့ ဘယ်လိုလုပ်ရမယ်ဆိုတာကိုလည်း ကျွန်တော့်ခေါင်းထဲမှာ ရှိပါတယ်။

IPSAS ဆောင်ရွက်ဖို့အတွက်က အတော်ကို အလုပ်မများ နေပါတယ်။ လက်ရှိ ကျွန်တော်တို့မှာ စာရင်းကောက်ထားတဲ့ တွေ့ရှိချက်တွေလောက်ပဲရှိတဲ့အတွက် အချိန်ပေးရဦးမှာ ဖြစ်ပါတယ်။

### ချိန်ဆဆောင်ရွက်

**မေး ။ ဘာလို့ အချိန်စောင့်နေရတာပါလဲ ခင်ဗျာ။**

ဖြေ ။ အချိန်စောင့်နေတယ်ဆိုတာက တိုင်းပြည်အနေနဲ့ ငွေကြေးသုံးစွဲဖို့အတွက်ကို ငွေကြေးရရှိမှုအပေါ်မှာ ချိန်ဆပြီး ကျွန်တော်တို့ ဆောင်ရွက်နေပါတယ်။ နောက် အတတ်ပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုနဲ့ ကိုယ်ကျင့်သိက္ခာပိုင်းဆိုင်ရာ အနေနဲ့က Financial Audit, Compliance Audit, Performance Audit အပြင် Environmental Audit, IT Audit, Public Debt Management Audit တွေနဲ့ပါ စစ်ဆေးကြရမှာ ဖြစ်ပါတယ်။

ဒီလိုတွေ ဆောင်ရွက်ဖို့အတွက် နိုင်ငံတကာက World Bank, ADB တို့ကနေပြီး အကူအညီတွေရှိပါတယ်။ နောက်ပြီး နိုင်ငံတကာအဖွဲ့အစည်းတွေကလည်း ကျွန်တော်တို့နဲ့ ပူးပေါင်းဆောင်ရွက်ဖို့အတွက် ရှိနေပါတယ်။ တစ်နည်းအားဖြင့် ပုဂ္ဂလိကကဏ္ဍမှာ ACCA, ICAEW ဆိုတဲ့ Chartered Accountant အဖွဲ့တွေ ၊ နောက်ပြီး Management Accountant ပေါ့။ CIMA ဆိုတဲ့ Chartered Institute of Management Accountant ရှိပါတယ်။ ဒါတွေနဲ့လည်း နားလည်မှုစာချွန်လွှာတွေ ရေးထိုးထားတာရှိပါတယ်။

### ထုတ်လုပ်မှုခွဲဝေသဘောတူစာချုပ်

**မေး ။ လူ့စွမ်းအားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတကာနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ ကျွန်တော်တို့ လူ့စွမ်းအားအရင်းအမြစ်တွေ ဖွံ့ဖြိုးမှုအတွက် ၂၀၁၆ ခုနှစ် အောက်တိုဘာလမှာ နော်ဝေနဲ့ နားလည်မှုစာချွန်လွှာ ရေးထိုးထားပါတယ်။ နားလည်မှု

စာမျက်နှာ (ဃ)သို့


စာရင်းအင်းဆိုင်ရာ လူ့စွမ်းအားအရင်းအမြစ်များကို မွေးထုတ်ပေးသည့် သင်တန်းကျောင်း



ဘဏ်များတွင် နိုင်ငံတကာစာရင်းစံ ပြောင်းလဲကျင့်သုံးရေး အလုပ်ရုံဆွေးနွေးပွဲ ၂၀၁၆ ၌ တက်ရောက်သူများ စုပေါင်းဓာတ်ပုံရိုက်စဉ်

**စာမျက်နှာ (ဂ)မှ**

စာချွန်လွှာမှာ ရေနံနဲ့ စွမ်းအင်ကဏ္ဍတွေမှာ စာရင်းစစ်ဆေးခြင်းဖြစ်တဲ့ Performance Audit ကို တိုးချဲ့လုပ်ကိုင်ဖို့အတွက်ဖြစ်ပါ တယ်။ နောက်ပြီး ရေနံနဲ့စွမ်းအင်ကဏ္ဍကရတဲ့ အကျိုးအမြတ်တွေ ခွဲဝေဖို့အတွက် ထုတ်လုပ်မှုခွဲဝေသဘောတူစာချုပ် (Production Sharing Contract)နဲ့ ပတ်သက်တဲ့ Workshop တွေ ကျင်းပခဲ့ပါတယ်။

**မေး။ တခြားဆောင်ရွက်နေတာတွေကိုလည်း ရှင်းပြပေးပါဦး။**

ဖြေ ။ ကျွန်တော်တို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ဖွင့်လှစ်ထားတဲ့ နေပြည်တော်သင်တန်းကျောင်းမှာ အခြားဝန်ကြီးဌာနအဖွဲ့အစည်းတွေက ဝန်ထမ်းတွေအတွက် အခြေခံ၊ အလယ်အလတ်နဲ့ အဆင့်မြင့်စာရင်းပညာသင်တန်းတွေအပြင် စာရင်းစစ်တွေအတွက် ရာထူးအဆင့်အလိုက် ကျွမ်းကျင်မှုသင်တန်း၊ စာရင်းစစ်အရာရှိများနဲ့ လက်ထောက်ညွှန်ကြားရေးမှူးမွမ်းမံသင်တန်းဆိုပြီး သင်တန်းတွေကို ဖွင့်လှစ်ထားပါတယ်။

**ဒီပလိုမာစာရင်းကိုင်သင်တန်း**

ဒါ့အပြင် နေပြည်တော်သင်တန်းကျောင်းမှာ ဒီပလိုမာစာရင်းကိုင်သင်တန်း ပထမနှစ်နဲ့ ဒုတိယနှစ်သင်တန်းတွေ၊ ရန်ကုန်သင်တန်းကျောင်းမှာ လက်မှတ်ရပြည်သူ့စာရင်းကိုင်သင်တန်းနဲ့ ဒီပလိုမာစာရင်းကိုင်သင်တန်းတွေကို ဖွင့်လှစ်ထားပါတယ်။ ဒါ့အပြင် အခြေခံ၊ အလယ်အလတ်နဲ့ အဆင့်မြင့်စာရင်းကိုင်သင်တန်းတွေကို ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးမှာ ဖွင့်လှစ်သင်ကြားပေးတဲ့အပြင် လျှပ်စစ်နဲ့ စွမ်းအင်ဝန်ကြီးဌာနနဲ့ မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့မှာလည်း သင်တန်းတွေ ဖွင့်လှစ်ခွင့်ပြုခဲ့ပြီး ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးက ကြီးကြပ်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

**မေး ။ စာရင်းစစ်တွေကို သတင်းအချက်အလက် နည်းပညာဆိုင်ရာ သင်ကြားပေးမှုတွေကိုလည်း ရှင်းပြပေးပါခင်ဗျာ။**

ဖြေ ။ စာရင်းစစ်တွေကို သတင်းအချက်အလက်နဲ့ နည်းပညာဆိုင်ရာ Information Technology အတွက် ပြည်ထောင်စုစာရင်စစ်ချုပ်ရုံး၊ နေပြည်တော်မှာ ကွန်ပျူတာသင်တန်းနဲ့ အင်္ဂလိပ်စာသင်တန်းတွေကို ဖွင့်လှစ်ပေးနေပါတယ်။ နောက် Mini Data Center ဆိုပြီးဖွင့်ဖို့လည်း စီစဉ်နေပါတယ်။

**စာရင်းစစ်၊ စာရင်းကိုင်လောကပြပွဲ**

နောက်ပြီး စာရင်းစစ်လောကသားတွေအတွက် ပြောင်းလဲမှုအနေနဲ့ မှတ်ယူရင်လည်း မှတ်ယူလို့ရတဲ့ စာရင်းစစ်၊ စာရင်းကိုင်လောကပြပွဲကို ကျင်းပနိုင်ခဲ့ပါတယ်။ အဲဒါတွေကို ကျွန်တော်တို့ ၂၀၁၆ ခုနှစ် ဇူလိုင်လမှာ ရန်ကုန်မြို့ မြို့မကျောင်းလမ်းက အမျိုးသားကဇာတ်ရုံမှာ အကြီးအကျယ်လုပ်ခဲ့ပါတယ်။ OAG၊ MAC၊ MICPA၊ IT (Information Technology) နဲ့ ပတ်သက်တဲ့ Software Firm တွေ၊ ပြင်ပ Audit Firm တွေက ပြခန်းပေါင်း ၄၈ ခန်း ပါဝင်ခင်းကျင်းပြသခဲ့ကြပါတယ်။ ပြည်သူလူထုကလည်း နေ့စဉ် တစ်သောင်းကျော် တက်ရောက်အားပေးကြပါတယ်။ Conference တွေမှာ မတ်တတ်ရပ်ပြီး တက်ရောက်ပါဝင်ရတဲ့အထိ အောင်မြင်မှုရရှိခဲ့ပါတယ်။

Conference အနေနဲ့ နိုင်ငံတကာစာရင်းစံ (IFRS)နဲ့ ပတ်သက်တဲ့ကိစ္စ၊ ပြည်သူ့စာရင်းကဏ္ဍ၊ စာရင်းစံတွေနဲ့ ပတ်သက်တဲ့ကိစ္စ၊ ကုမ္ပဏီဆိုင်ရာကိစ္စ၊ ကိုယ်ကျင့်တရားနဲ့ ပတ်သက်တဲ့ စာရင်းစံဟောပြောပွဲ၊ အရင်းအနှီးဈေးကွက်အတွက်လည်း မြန်မာနိုင်ငံလက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်းနဲ့ ဝါဏိဇ္ဇဘွဲ့ရသူများအသင်းများမှ လစဉ် စဉ်ဆက်မပြတ် Seminar တွေ လုပ်ခဲ့ပါတယ်။



ပြည်ထောင်စုစာရင်းစစ်ချုပ်နှင့် တိုင်းဒေသကြီး/ပြည်နယ် စာရင်းစစ်ချုပ်များ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကျင်းပစဉ်



ပြည်ထောင်စုစာရင်းစစ်ချုပ် ဦးမော်သန်း အာရပ်စော်ဘွားများပြည်ထောင်စု၊ အဘူဒါဘီမြို့တွင် အာဆီယံစာရင်းစစ်ချုပ်ရုံးများ သဘောတူညီချက်ပြင်ဆင်ရေး ညှိနှိုင်းချက်အခမ်းအနားတွင် လက်မှတ်ရေးထိုးနေစဉ်

**ဆန်းစစ်မှုပြု**

**မေး ။ ဟုတ်ကဲ့ပါခင်ဗျာ၊ ဒီလိုဆောင်ရွက်မှုတွေအပြင် တခြားဘာတွေကိုလည်း ဆောင်ရွက်ခဲ့ပါသလဲခင်ဗျာ။**

ဖြေ ။ ဥရောပသမဂ္ဂအဖွဲ့ (EU) ရဲ့ဘဏ္ဍာငွေကြေးထောက်ပံ့မှုအစီအစဉ်အရ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်ကစလို့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးကို ယူရို ၂ ဒသမ ၆၅ သန်း ထောက်ပံ့ဖို့ စာရင်းစစ်စံ၊ စာရင်းစစ်အစီရင်ခံစာတွေ တင်ပြမှု၊ စစ်ဆေးခြင်းအပေါ် လိုက်နာဆောင်ရွက်မှုနဲ့ လွတ်လပ်မှုစတဲ့ စံတွေနဲ့ ဆန်းစစ်မှုပြုခဲ့ပါတယ်။ အဲဒီ စံသတ်မှတ်ချက်တွေ ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

မြန်မာနိုင်ငံရဲ့ စာရင်းနဲ့ စာရင်းစစ်နယ်ပယ်တွေမှာ နိုင်ငံတကာစံများ၊ ကျင့်ဝတ်များနဲ့ အညီ လိုက်နာကျင့်သုံးမှု စိစစ်သုံးသပ်ချက်အစီရင်ခံစာ (ROSC-A&A) ကို ကမ္ဘာ့ဘဏ်က ထုတ်ပြန်ချက်မှာ ဖော်ပြပါရှိတဲ့ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနဲ့သက်ဆိုင်တဲ့ ရုံးဝန်ထမ်းများရဲ့ စစ်ဆေးရေးစွမ်းဆောင်ရည်မြှင့်တင်ရေးအတွက် ဌာနတွင်းသင်တန်းတွေဖွင့်လှစ်ပြီး ဖွံ့ဖြိုးမှု မိတ်ဖက်အဖွဲ့အစည်းတွေနဲ့ ညှိနှိုင်းဆောင်ရွက်တာတွေ ပြုလုပ်သွားပါမယ်။

မြန်မာနိုင်ငံမှာ အရည်အချင်းပြည့်မီတဲ့ စာရင်းပညာရှင်တွေ ပိုမိုတိုးမြှင့်မွေးထုတ်ပေးနိုင်ဖို့ နိုင်ငံခြားမှ စာရင်းပညာဆိုင်ရာ လက်မှတ်နဲ့ ဘွဲ့ရရှိထားတဲ့ မြန်မာနိုင်ငံသားတွေကို အရည်အချင်းစစ် စာမေးပွဲတွေကျင်းပပေးခဲ့ရာမှာ ၂၀၁၅ ခုနှစ်ကစလို့ အခုအထိ အောင်မြင်သူ ၂၈ ဦးရှိခဲ့ပြီး သူတို့ကို လက်မှတ်ရပြည်သူ့စာရင်းကိုင်တွေအဖြစ် အသိအမှတ်ပြုပေးခဲ့ပါတယ်။

**စွမ်းရည်မြင့်မား**

ပြည်ထောင်စုစာရင်းစစ်ချုပ်ဟာ မြန်မာနိုင်ငံလက်မှတ်ရပြည်သူ့စာရင်းကိုင်များအသင်း (MICPA) ရဲ့နာယကဖြစ်ပါတယ်။ အသင်းကို အမျိုးသားအဆင့် စာရင်းပညာဆိုင်ရာ အဖွဲ့အစည်းဖြစ်လာအောင်နဲ့ အာဆီယံစာရင်းကိုင်အသင်းချုပ် (AFA) မှာ ပဓာနအသင်းဝင်ဖြစ်လာအောင် ဆောင်ရွက်နိုင်ခဲ့ပါတယ်။ နိုင်ငံတကာအဖွဲ့အစည်းတွေနဲ့ ပူးပေါင်းပြီး အသင်းသားတွေရဲ့စွမ်းရည်မြင့်မားရေးအတွက် ဆွေးနွေးပွဲ၊ အလုပ်ရုံဆွေးနွေးပွဲတွေလည်း စဉ်ဆက်မပြတ် ကျင်းပပေးနေပါတယ်။ နိုင်ငံတကာစာရင်းကိုင်များအသင်းချုပ် (IFAC)သို့ အဖွဲ့ဝင်အဖြစ်ဝင်ရောက်ပြီးပါက IFAC မှ ထုတ်ပြန်တဲ့ ခေတ်မီ IFRS တွေကို မြန်မာ့စီးပွားရေးလုပ်ငန်းတွေက လိုက်နာကျင့်သုံးလာစေဖို့ မြန်မာနိုင်ငံစာရင်းကောင်စီက လိုအပ်တဲ့ အမိန့်ကြော်ငြာစာတွေ ထုတ်ပြန်သွားမှာ ဖြစ်ပါတယ်။

**မေး ။ လာမည့်နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးအနေနဲ့ ဘာတွေကို အဓိကထား ဆောင်ရွက်သွားမယ်လို့ ရည်ရွယ်ထားပါသလဲ ခင်ဗျာ။**

ဖြေ ။ စစ်ဆေးမှုအပိုင်းမှာ ဘဏ္ဍာရေးစာရင်းစစ်ခြင်း၊ စည်းမျဉ်းလိုက်နာမှုစစ်ဆေးခြင်းတွေကို အလေးပေးနေရာကနေ ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှာ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်ပါမယ်။ ဌာနအဖွဲ့အစည်းတွေရဲ့ ဥပဒေ၊ ညွှန်ကြားချက်တွေကို ကနဦးဆန်း စစ်လေ့လာပြီးမှ စည်းမျဉ်းလိုက်နာမှု စစ်ဆေးခြင်းကို ပီပြင်အောင်ဆောင်ရွက်တာ၊ အဲဒီကနေ လုပ်ငန်းဆောင်ရွက်မှုစစ်ဆေးခြင်းကို တိုးမြှင့်ဆောင်ရွက်တာတွေ ပြုလုပ်သွားပါမယ်။

**ပြုစုပျိုးထောင်**

ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေကြမ်း (၂၀၁၇) ကို မကြာမီသတ်မှတ်ပြဋ္ဌာန်းလာတဲ့အခါ ပြဋ္ဌာန်းချက်တွေအရ ပေးအပ်လာတဲ့ တာဝန်တွေကို ကျေပွန်အောင်ထမ်းရွက်နိုင်ဖို့ စစ်ဆေးရေးဝန်ထမ်းတွေကို ဖွဲ့စည်းပုံအပြည့်ခန့်ထားဖို့ လိုအပ်ပြီး အဲဒီဝန်ထမ်းတွေကိုလည်း လုပ်ငန်းစွမ်းဆောင်ရည် တိုးမြှင့်လာအောင် ပြုစုပျိုးထောင်သွားပါမယ်။

ပုဂ္ဂလိကကဏ္ဍမှာ နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (IFRS) ကို လိုက်နာပြီး အဲဒီစံနဲ့အညီ အစီရင်ခံတာကို ဘဏ်(၃)ခုမှာ စမ်းသပ်ဆောင်ရွက်ခြင်း၊ ကုမ္ပဏီနဲ့ ငွေကြေးအဖွဲ့အစည်းတွေကို နမူနာကောက်ဆန်းစစ်လေ့လာခြင်းများအရ IFRS ကို ၆၀% လိုက်နာဆောင်ရွက်တာကို တွေ့ရပြီး ဒီထက်မက လိုက်နာဆောင်ရွက်လာအောင် ကြိုးပမ်းသွားမှာပါ။

**ကျင့်ဝတ်သိက္ခာ**

အလားတူပဲ နိုင်ငံပိုင်ကဏ္ဍမှာ နိုင်ငံတကာဆိုင်ရာ နိုင်ငံပိုင်စာရင်းစံများ (IPSAS) နဲ့အညီ အစိုးရငွေစာရင်းထားနည်းကို Cash Basis မှ Accrual Basis သို့ ကူးပြောင်းရေးနိုင်ဖို့ ဌာန အဖွဲ့အစည်းတွေရဲ့လက်ရှိဘဏ္ဍာရေးရှင်းတမ်းများ အခြေအနေရယူခြင်း၊ တန်ဖိုးသတ်မှတ်ခြင်း၊ နိုင်ငံတကာစံနဲ့ အညီ စာရင်းခေါင်းစဉ် သင်္ကေတအမျိုးအစား ခွဲခြားသတ်မှတ်ခြင်း၊ ဝန်ထမ်းတွေကို လေ့ကျင့်ပညာပေးခြင်း၊ IPSAS နဲ့အညီ စာရင်းရေးသွင်းခြင်းနဲ့ Accrual Basis ဖြင့် နှစ်စဉ်ပြန်လည်သုံးသပ်ခြင်းဆိုတဲ့ လုပ်ငန်းစဉ်(၅)ရပ် ချမှတ်ပြီး စတင်ဆောင်ရွက်လျက်ရှိပါ တယ်။ ၂၀၁၆-၂၀၁၇ဘဏ္ဍာရေးနှစ်မှာ ဌာနအဖွဲ့အစည်းတွေရဲ့လက်ရှိဘဏ္ဍာရေးရှင်းတမ်း အခြေအနေတွေကို တောင်းယူစိစစ်လျက်ရှိပါတယ်။ နောက်ဘဏ္ဍာနှစ်မှာလည်း ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။

စာရင်းပညာရှင်များနဲ့ စာရင်းကျွမ်းကျင်သူများ စွမ်းဆောင်ရည်ပြည့်ဝစွာ ပိုမိုပေါ်ထွက်လာရေး၊ စာရင်းပညာခေတ်မီ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ၎င်းတို့အား ကျင့်ဝတ်သိက္ခာစောင့်ထိန်းလာစေရေး လုပ်ငန်းရပ်များကိုလည်း ကြိုးပမ်းဆောင်ရွက်သွားပါမယ်။

ဟုတ်ကဲ့ ကျေးဇူးတင်ပါတယ်ခင်ဗျာ။

# စစ်ကိုင်းတိုင်းဒေသကြီး၏

## တစ်နှစ်တာကာလအတွင်းစိန်ခေါ်မှုများနှင့် ပြုပြင်ပြောင်းလဲရေးဆောင်ရွက်နိုင်ခဲ့မှုများ

● သတင်း - ခင်ရတနာ၊ ဓာတ်ပုံ - မျိုးဝင်းထွန်း

ညီမွိုင်းအုံ့ဆိုင်းနေသည့် နာဂတောင်တန်းများ၊ စိမ်းညို့နေသည့် လွင်ပြင်ဒေသ၊ ပူအိုက်စွတ်စိုတတ်သည့် မြေပြန့်တို့ကိုပေါင်းစပ်ဖွဲ့စည်းထားသည့် အကျယ်ဝန်းဆုံး တိုင်းဒေသကြီးကို ပြသပါဆိုလျှင် စစ်ကိုင်းတိုင်းဒေသကြီးကို ပြရပေလိမ့်မည်။ နာဂ၊ ချင်းနှင့် ဗမာတိုင်းရင်းသားများအတူတကွ ပေါင်းစည်းနေထိုင်ကြသည့် ငြိမ်းချမ်းမှု များစွာ၊ သာယာလှပမှုများစွာနှင့် ဒေသန္တရပသာဒများစွာသည် စစ်ကိုင်းတိုင်းဒေသကြီး၏ ပြယုဂ်များဖြစ်သည်။ နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသတစ်ခု အပါအဝင် ခရိုင်ပေါင်း ၁၀ ခုဖြင့် ဖွဲ့စည်းထားသည့် စစ်ကိုင်းတိုင်းဒေသကြီးတွင် မြို့ကြီး ၁၁ ခုနှင့် ကျေးရွာပေါင်း ၆၀၁၀ ခန့် ရှိသည်။


စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်



သဖန်းဆိပ်ရေလှောင်တမံ

အစိုးရသစ်လက်ထက်တွင် စစ်ကိုင်းတိုင်းဒေသကြီးသည် ပြုပြင်ပြောင်းလဲမှုများစွာဖြင့် ဒေသအတွင်းမှ ပြည်သူများ ဘဝဖွံ့ဖြိုးတိုးတက်စေရေးအတွက် အင်တိုက်အားတိုက် ဆောင်ရွက်ခဲ့သည်ကို မြင်တွေ့ရသည်။ ထို့အတူ သဘာဝတရား၏ စိန်ခေါ်မှုများနှင့် ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ စိန်ခေါ်မှုများစွာကိုလည်း ကြံ့ကြံ့ခံကာ တိုင်းဒေသကြီးအစိုးရနှင့် ပြည်သူများ တစ်စိတ်တစ်ဝမ်းတည်းရှိကြပြီး ဖော်ထုတ်အဖြေရှာခြင်းဖြင့် အောင်မြင်မှုရလဒ်များကို ဆောင်ကြဉ်းနိုင်ခဲ့ခြင်းကိုလည်း ဂုဏ်ယူဖွယ်ရာ မြင်တွေ့ရသည်။

### စိန်ခေါ်မှုများ၏အစ

"ကျွန်တော်တို့အစိုးရအဖွဲ့ စတင်တာဝန်ထမ်းဆောင်စမှာပဲ လေပြင်းတိုက်၊ မိုးသီးကြွေ၊ ရေကြီးရေလျှံစတဲ့ ဘေးအန္တရာယ်တွေနဲ့ ကြုံတွေ့ခဲ့ရပါတယ်၊ လျှောင်လှူပ်တော့လည်း နည်းနည်းပါလိုက်သေးတယ်။ တစ်နိုင်ငံလုံးက သတိထားစောင့်ကြည့်ခဲ့ရတဲ့ မုံရွာမြို့ ကြက်ငှက်တုပ်ကွေးရောဂါ ဖြစ်ပွားမှုကိုလည်း စည်းရုံးစွမ်းဆောင်မှုတွေနဲ့ အောင်မြင်စွာကျော်ဖြတ်နိုင်ခဲ့ပါတယ်"ဟု စစ်ကိုင်းတိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာ မြင့်နိုင်က ဆိုသည်။

### မကြုံစဖူး ဝက်သက်ရောဂါ

နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့နယ် ထန်ခေါ်လာမားကျေးရွာတွင် ၂၀၁၆ ဇူလိုင်လ၌ ဝက်သက်ရောဂါဖြစ်ပွားခဲ့ရာ ကလေး၊ လူကြီး ၆၂ ဦး သေဆုံးမှု ဖြစ်စဉ်ဖြစ်ပွားခဲ့သည်။ တိုင်းဒေသကြီးအစိုးရအနေဖြင့် ရောဂါဖြစ်ပွားနေကြောင်း သိလျှင်သိချင်း လူမှုရေးဝန်ကြီး၊ တိုင်းပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ တာဝန်ရှိသူများဖြစ်ပွားရာနေရာသို့ သွားရောက်၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်နိုင်ခဲ့သည်ကို မြင်တွေ့ရသည်။

နာဂဒေသအတွင်း ပုံမှန်ကာကွယ်ဆေးထိုးမှု လွှမ်းခြုံမှုကာလ နည်းပါးခြင်းကြောင့် ဖြစ်ပွားခဲ့ရသဖြင့် လဟယ်မြို့နယ်တွင် ကျေးရွာ ၇၆ ရွာ၊ နန်းယွန်းမြို့နယ်တွင် ကျေးရွာ ငါးရွာကို ဝက်သက်ကာကွယ်ဆေးထိုးပေးခဲ့သည့်အပြင် နာဂဒေသတွင် ဝက်သက်-ဂျိုက်သိုးကာကွယ်ဆေးအစုလိုက် ထိုးနှံခြင်း လွှမ်းခြုံနိုင်ရန်အတွက် တိုင်းပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်း ၅၆ ဦး သွားရောက်တာဝန်ထမ်းဆောင်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

### သဘာဝဘေး ကြိုတင်ကာကွယ်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သဘာဝဘေးအန္တရာယ်လျော့ပါးစေရေးအတွက် တိုင်းဒေသကြီးသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ အစည်းအဝေးပြုလုပ်၍ သဘာဝဘေး ဖြစ်ပွားလာပါက အရေးပေါ် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ကြိုတင်ဆောင်ရွက်ထားကြောင်း သိရသည်။ သဘာဝဘေးအသိပညာပေးလုပ်ငန်းများကို ခရိုင်၊ မြို့နယ်၊ ရပ်ကွက်နှင့် ကျေးရွာများအထိ ပညာပေးနိုင်ရေး ဆောင်ရွက်နေပြီး သဘာဝဘေးဖြစ်ပွားသည့် နေရာများတွင် ကယ်ဆယ်ရေးပစ္စည်းများ ထောက်ပံ့နိုင်ရေးအတွက် ကယ်ဆယ်ရေးပစ္စည်းများကို တိုင်းဒေသကြီး၊ ခရိုင်ရုံးများတွင် အဆင်သင့် သိုလှောင်ထားပြီးဖြစ်ကြောင်း သိရသည်။

### ငွေကျပ် ၆၁၇ သိန်းကျော်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆ ခုနှစ်တွင် ချင်းတွင်းမြစ်နှင့် ရောဝတီမြစ်ရေဝင်ရောက်မှုကြောင့် မြို့နယ် ၁၉ မြို့နယ်တွင် ရေဝင်ရောက်မှုဖြစ်ပွားခဲ့ပြီး ရပ်ကွက် ၄၄ ရပ်ကွက်၊ ကျေးရွာ ၄၀၁ ရွာတို့ ရေဘေးသင့်ခဲ့ရသည်။ ရေဘေးသင့်ပြည်သူများအား ရေဘေးလွတ်ရာသို့ တိုင်းဒေသကြီးအစိုးရအဖွဲ့က ဦးဆောင်၍ ရွှေ့ပြောင်းပေးခဲ့ပြီး ရေဘေးသင့်ပြည်သူများအတွက် ဆန်၊ဆီ၊ ရေသန့်နှင့် ငွေကျပ် ၂၅ ဒသမ ၄၆ သိန်းကို ထောက်ပံ့ပေးခဲ့သည့်အပြင် တိုင်းဒေသကြီး ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဦးစီးဌာနမှ ငွေကျပ် ၆၁၇ သိန်းကျော် ထောက်ပံ့နိုင်ခဲ့ကြောင်း သိရသည်။

ထို့ပြင် လေပြင်းတိုက်ခတ်မှုကြောင့် လူနေအိမ်များ ပြိုကျခဲ့ပြီး ပျက်စီးဆုံးရှုံးခဲ့ရာ ပြိုကျအိမ် ၈၃၆ လုံး၊ အမိုးလန်ပျက်စီးအိမ် ၁၁၉၇၇ လုံးနှင့် သေဆုံးသူတစ်ဦးတို့ ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်တွင်လည်း အမျိုးသားသဘာဝဘေး စီမံခန့်ခွဲမှုကော်မတီမှ ထောက်ပံ့ငွေ ၁၅ ဒသမ ၈၀၃ သန်းနှင့် တိုင်းဒေသကြီး အစိုးရအဖွဲ့မှ သွပ် ၆၄၅၈၅ ချပ်ကို ထောက်ပံ့ပေးနိုင်ခဲ့သည်။

"သဘာဝဘေးအန္တရာယ်ဖြစ်ပွားမှုတွေကို လေ့လာကြည့်မယ်ဆိုရင် သဘာဝတရားကြောင့် မလွှဲမရှောင်သာ ဖြစ်ပွားရသလို လူတို့ရဲ့ ဆင်ခြင်မှုကင်းမဲ့မှုတွေကြောင့်လည်း ဖြစ်ပွားရတာကို တွေ့ရမှာဖြစ်ပါတယ်။ ရေကြီးရေလျှံမှုတွေကို လေ့လာကြည့်မယ်ဆိုရင် ရေဝပ်ဧရိယာကေ မြောက်မြားစွာကို ခွင့်ပြုချက်မဲ့ ငါးမွေးကန်တွေအဖြစ် တရားမဝင်ဆောင်ရွက်ထားတာကြောင့်ဖြစ်တယ်ဆိုတာကို တွေ့ရမှာ ဖြစ်ပါတယ်"ဟု ရေကြီးရေလျှံမှုဖြစ်စဉ်များနှင့်ပတ်သက်၍ ဝန်ကြီးချုပ်က ပြောကြားသည်။

### ရေဝပ်ဧရိယာတွေပပျောက်

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ရေကြီးရေလျှံမှု ဖြစ်ပွားခဲ့ရခြင်း အကြောင်းရင်းတစ်ခုဖြစ်သည့် ရေဝပ်ဧရိယာများပေါ်တွင် တရားမဝင်ငါးကန်များ တူးဖော်ခဲ့မှုများကို စိစစ်ခဲ့ရာ



လယ်ယာမြေများအပေါ်တွင် ခွင့်ပြုချက်မရှိဘဲ ငါးကန်အသုံးပြုသူ ခုနစ်ဦး၊ ကွင်းလေးကွင်း၊ ဦးပိုင် ၁၈ ခု၊ ကန် ၁၇ ကန်၊ လယ်ဧရိယာ ၁၆ ဒသမ ၆၆ ဧကနှင့် ယာမြေ ၁၅ ဒသမ ၇၀ ဧက စုစုပေါင်း လယ်ယာမြေ ၃၂ ဒသမ ၃၆ ဧကအတွက် တရားရုံးတွင် တရားစွဲနိုင်ခဲ့သည်။

### တရားဥပဒေစိုးမိုးရေး

စစ်ကိုင်းတိုင်းဒေသကြီး အစိုးရသက်တမ်းတစ်နှစ်တာအတွင်း နယ်မြေတည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးနိုင်ရေးအတွက် လှည့်ကင်း၊ ဝပ်ကင်းများ ဆောင်ရွက်ခြင်း၊ မှုခင်းကျဆင်းရေး၊ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း ပညာပေးဆွေးနွေးခြင်းနှင့် မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေး လှည့်လည်ပညာပေးဆွေးနွေးခြင်း၊ ချင်းတွင်းမြစ်တွင်းသွား ရေယာဉ်များ တိမ်းမှောက်မှုမဖြစ်ပွားစေရန် ပုဂ္ဂလိကပိုင် ရေယာဉ်များအား စစ်ဆေးကြပ်မတ်ခြင်း၊

**အချပ်ပို (စ) သို့**



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးနှင့် လွှတ်တော်အဆောက်အအုံ

အချပ်ပို(င)မှ

မြန်မာ-အိန္ဒိယ နယ်စပ်ထိစပ် နေသည့် တမူးမြို့နယ်၊ လေရှီးမြို့နယ်၊ လဟယ်မြို့နယ်တို့ရှိ လမ်းကြောင်းများပေါ်တွင် နိုင်ငံခြားသားများ တရားမဝင်ဝင်ရောက်မှုမရှိစေရေးတို့ကို ဆောင်ရွက်လျက်ရှိသည်။

မလေးရှားနိုင်ငံရှိ ထိန်းသိမ်းရေးစခန်း ၁၁ ခုတွင် ဖမ်းဆီးထိန်းသိမ်းခံရသည့် မြန်မာနိုင်ငံသို့ပြန်မည့် စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ နေထိုင်သူ ၂၇၀ တို့ကို ခေါ်ယူပေးခဲ့ပြီး မိသားစုနှင့် ပြန်လည်ပေါင်းစည်းစေခဲ့သည်။

တရားမဝင်သစ်ခုတ်ယူမှုများကိုလည်း ဖမ်းဆီးဖော်ထုတ်ခဲ့ပြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်အတွင်း တရားမဝင်သစ် ၆၆၁၈ ဒသမ ၅၈၆၈ တန် ဖမ်းဆီးရမိခဲ့သည်။ ယင်းတို့ကို သာသနိကအဆောက်အအုံများ၊ စာသင်ကျောင်း၊ ဆေးရုံ၊ ဆေးပေးခန်း၊ တံတားများနှင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအတွက် ရောင်းချပေးခဲ့သည်။

**သတ္တုတူးဖော်မှု ပွင့်လင်းမြင်သာ**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း သတ္တုတူးဖော်ခြင်းလုပ်ငန်းများကို စနစ်တကျစီမံဆောင်ရွက်လျက်ရှိပြီး တရားမဝင်သတ္တုတူးဖော်ခြင်းလုပ်ငန်းများ ဖော်ထုတ်ဖမ်းဆီးအရေးယူခြင်းနှင့်ပတ်သက်၍ တစ်နှစ်တာကာလအတွင်း တရားမဝင်ရွှေမျှော ၂၃ ခုမှ ပိုင်ရှင်မဲ့စက်နှင့် ဆက်စပ်ပစ္စည်းများကို ဖမ်းဆီးရမိခဲ့ပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်ခြင်းမရှိသည့် ကုမ္ပဏီ ၁၄ ခုအား အရေးယူဆောင်ရွက်ခဲ့ကြောင်း ဝန်ကြီးဌာနမှ သိရှိရသည်။

သတ္တုတူးဖော်ရေးကုမ္ပဏီများ၏ လုပ်ကွက်များအတွင်း EIA/SIA နှင့်အညီ ဆောင်ရွက်ခြင်း ရှိ၊ မရှိကိုလည်း စောင့်ကြည့်ကြီးကြပ်နေပြီး ဆားလင်းကြီးမြို့နယ်အတွင်းရှိ မြန်မာ-ဝမ်ပေါင်ကုမ္ပဏီ ကြေးနီစီမံကိန်းကိစ္စများအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီး၊ စည်ပင်သာယာရေးဝန်ကြီး၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ခရိုင်၊ မြို့နယ်အုပ်ချုပ်ရေးဆိုင်ရာအဖွဲ့အစည်းများက မြေပြင်ကွင်းဆင်းစစ်ဆေးကာ ဒေသခံပြည်သူများ၏ လိုအပ်ချက်များကို ထိတွေ့ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

စပယ်တောင်နှင့် ကြေးစင်တောင် ကြေးနီသတ္တုတွင်းတူးဖော်ထုတ်လုပ်ရေးလုပ်ငန်း၊ လက်ပံတောင်းတောင် ကြေးနီတူးဖော်ရေးလုပ်ငန်းများနှင့်ပတ်သက်၍ ဒေသဖွံ့ဖြိုးရေး(CSD)လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရေးအတွက် (JIT) (Joint Implentation Team) ဖွဲ့စည်းအကောင်အထည်ဖော်ဆောင်ရွက်ရေး လစဉ်ပုံမှန်အစည်းအဝေးပြုလုပ်ဆောင်ရွက်ကာ စွန့်ပစ်မြေစာပုံများအောက်ရောက်ရှိသော လယ်ယာမြေများနှင့် စီမံကိန်းကြောင့် မြေသိမ်းခံတောင်သူများနှင့်ပတ်သက်၍ ညှိနှိုင်းဆွေးနွေးလျက်ရှိသည်။

**ရေယာဉ်တိမ်းမှောက်မှုများ ပြန်လည်ကုစား**

ချင်းတွင်းမြစ်အတွင်း ပြေးဆွဲနေသည့် အမြန်ယာဉ်တိမ်းမှောက်နစ်မြုပ်သွားရခြင်း ဖြစ်စဉ်များကိုလည်း ဒေသခံများနှင့် တိုင်းဒေသကြီးအစိုးရအဖွဲ့တို့က ပူးပေါင်းကာ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြပြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကိစ္စရပ်များအတွက် ပြည်ထောင်စုအစိုးရအဖွဲ့၏ လမ်းညွှန်မှု၊ ကူညီပံ့ပိုးမှုများနှင့် တိုင်းဒေသကြီးအတွင်းရှိ ဌာနဆိုင်ရာ၊ အဖွဲ့အစည်းများမှ ကျွမ်းကျင်ဝန်ထမ်းများ၊ စေတနာရှင်ပြည်သူလူထုအားဖြင့် ပူးပေါင်းပါဝင်မှုများကြောင့် ပုံမှန်အခြေအနေကို အမြန်ဆုံးပြန်လည်ရောက်ရှိလာခဲ့ပြီဖြစ်သည်။

**လုပ်ငန်းအကောင်အထည်ဖော်မှု ၉၉ ဒသမ ၉ ရာခိုင်နှုန်း**

စစ်ကိုင်းတိုင်းဒေသကြီးတွင် ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်အတွင်း ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ အကောင်အထည်ဖော်နိုင်မှုအခြေအနေကို လေ့လာကြည့်ရာ တိုင်းဒေသကြီးဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းပေါင်း ၁၇၃၉ ခုမှ

**အချပ်ပို(ဆ)သို့**

**မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီ စဉ်ဆက်မပြတ် မြို့ပြစနစ် ပေါ်ထွန်းလာစေရေးနှင့် လူနေမှုဘဝ မြင့်မားစေရေးအတွက် ဝန်ထမ်းအိမ်ရာ ၆၈၇ ခန်း၊ နန္ဒဝန်တန်ဖိုးမျှအိမ်ရာအခန်း ၈၈၀ အပါအဝင် ပြည်သူ့အငှားအိမ်ရာအခန်း ၂၄၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူ့အိမ်ရာချထားပေးမှုတွင် ဝင်ငွေနည်းနှင့် အလယ်အလတ်ပြည်သူ ၅၀ ရာခိုင်နှုန်း၊ အခြေချ နိုင်ငံ့ဝန်ထမ်း ၂၅ ရာခိုင်နှုန်း၊ အခြေချအငြိမ်းစားဝန်ထမ်း ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ရွေးချယ်ရေးအဖွဲ့မှ စနစ်တကျမဲနှိုက်ရွေးချယ်ပေးလျက်ရှိ**



စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ စီစဉ်ကြီးကြပ်မှုဖြင့် တည်ဆောက်နေသော နန္ဒဝန်အိမ်ရာစီမံကိန်း

အချပ်ပို(စ)မှ

ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်းပေါင်း ၁၆၂၂ ခု၊ ဆောင်ရွက်ဆဲလုပ်ငန်းပေါင်း ၁၁၇ ခုတို့ဖြစ်ပြီး ပြည်ထောင်စုဘတ်ဂျက်ဖြင့် ဆောင်ရွက်သည့် လုပ်ငန်းပေါင်း ၉၂ ခု၊ မဆောင်ရွက်နိုင်သည့် လုပ်ငန်းပေါင်းနှစ်ခုတို့ရှိရာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်း ၂၀၁၆-၂၀၁၇ဘဏ္ဍာနှစ် ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းစီမံကိန်း စုစုပေါင်း ၃၄၉၅ ခုမှ ဆောင်ရွက်ပြီးစီးသည့် လုပ်ငန်း ၉၃ ဒသမ ၉ ရာခိုင်နှုန်းနှင့် ဆောင်ရွက်ဆဲလုပ်ငန်း ခြောက်ရာခိုင်နှုန်းတို့ဖြစ်ပြီး မဆောင်ရွက်နိုင်သည့်လုပ်ငန်းမှာ ရာခိုင်နှုန်းအားဖြင့် ၀ ဒသမ ၁ ရာခိုင်နှုန်းသာ ရှိခဲ့သည်။

၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ဘဏ္ဍာငွေမှ တင်ဒါခေါ်ယူခြင်းကြောင့် ပိုလျှံငွေ ၄၂၈၄ ဒသမ ၉၄၃၅ သန်း ချွေတာနိုင်ခဲ့ပြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများ ပိုမိုဆောင်ရွက်နိုင်ခဲ့သည်။ ထို့ပြင် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ် စီမံကိန်းရည်မှန်းရန် အဆိုပြုချက်မှာ စုစုပေါင်းထုတ်လုပ်မှုနှင့် ဝန်ဆောင်မှုတန်ဖိုးကျပ် ၇၈၉၈၇၉ ဒသမ ၅သန်းရရှိလာရန်၊ တိုးတက်မှုနှုန်း ၈ ဒသမ ၂ ရာခိုင်နှုန်း ရရှိရန်နှင့် ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွက် နိုင်ငံပိုင်အခန်း ရင်းနှီးမြှုပ်နှံမှုတွင် တိုင်းဒေသကြီးအစိုးရရန်ပုံငွေဖြင့် ၁၀၃ ဒသမ ၀၈၉ ကျပ်ဘီလီယံ ရည်မှန်းထားကြောင်း သိရှိရသည်။



တိုင်းဒေသကြီးဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင် မုံရွာမြို့ရှိ လျှပ်စစ်ဓာတ်အားခွဲရုံ၌ ကြည့်ရှုစစ်ဆေးစဉ်

**လမ်းပန်းဆက်သွယ်ရေးမြှင့်တင်နိုင်ခဲ့**

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ လမ်းများကို နိုင်ငံတကာအဆင့်မီ လမ်းမကြီးများအဖြစ် ပေါ်ပေါက်လာစေရေး၊ ကုန်စည်စီးဆင်းမှုမြန်ဆန်ချောမွေ့စေရေး၊ ဒေသခံပြည်သူများအလုပ်အကိုင်အခွင့်အလမ်းများ ပေါ်ပေါက်လာရေးတို့အတွက် လမ်းနှင့်တံတားများကို တည်ဆောက်ရခြင်းဖြစ်ပြီး အာရှဖွံ့ဖြိုးရေးဘဏ်နှင့်ကမ္ဘာ့ဘဏ်တို့၏ ချေးငွေများဖြင့် လမ်းများအဆင့်မြှင့်တင်ခြင်း၊ နိုင်ငံတကာနှင့် ဆက်သွယ်သည့် လမ်းများ၊ ပြည်ထောင်စုလမ်းများကို ဖောက်လုပ်ပြုပြင်လျက်ရှိကြောင်း သိရသည်။

မြေလမ်း၊ အမာခံလမ်း၊ ကျောက်လမ်း၊ ကွန်ကရစ်လမ်းစသည်ဖြင့် ဖောက်လုပ်ခဲ့ရာ ကွန်ကရစ်(AC)လမ်း ၄၉မိုင် ၄ဖာလုံ၊ ကွန်ကရစ်လမ်းခင်းခြင်း ၄၄ မိုင်၊ ကတ္တရာလမ်းခင်းခြင်း ၁၄၂ မိုင် ၁ ဒသမ ၅၅ ဖာလုံ၊ ကျောက်လမ်းခင်းခြင်း ၁၀၈ မိုင် ၀ ဒသမ ၃ ဖာလုံ၊ အမာခံလမ်းခင်းခြင်း ၁၀၁ မိုင် ၁ ဒသမ ၉ ဖာလုံ၊ မြေသားလမ်းခင်းခြင်း ၉၈ မိုင် ၁ ဒသမ ၃၄ ဖာလုံ၊ စုစုပေါင်းလမ်းမိုင် ၅၄၃ မိုင် ၂ ဒသမ ၇ ဖာလုံနှင့် ချင်းတွင်းမြစ်ကူးတံတား(ခန္တီး၊ ဟုမ္မလင်း၊ ကလေးဝ)၊ မူးမြစ်ကူး သမရိုးတံတား (ဝက်လက်)၊ ယွင်းသွင်တံတား(ကနီ) အပါအဝင် ပေ ၁၈၀ အထက်တံတားနှစ်စင်းနှင့် ပေ ၁၈၀ အောက်တံတား ၇၅၄ စင်းတို့ကို ဆောင်ရွက်နိုင်ခဲ့ကြောင်း တိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

**ပြည်သူ့အိမ်ရာများဖော်ထုတ်**

မြို့ပြနှင့်ကျေးလက် ဟန်ချက်ညီညီစဉ်ဆက်မပြတ် မြို့ပြစနစ် ပေါ်ထွန်းလာစေရေးနှင့် လူနေမှုဘဝမြင့်မားစေရေးအတွက် ဝန်ထမ်းအိမ်ရာ ၆၈၇ ခန်း၊ နန္ဒဝန်တန်ဖိုးမျှ အိမ်ရာအခန်း ၈၈၀ အပါအဝင် ပြည်သူ့အငှားအိမ်ရာအခန်း ၂၄၀ တို့ကို ဆောင်ရွက်နိုင်ခဲ့ပြီး ပြည်သူ့အိမ်ရာချထားပေးမှုတွင် ဝင်ငွေနည်းနှင့် အလယ်အလတ် ပြည်သူ ၅၀ ရာခိုင်နှုန်း၊ အခြေချနိုင်ငံ့ဝန်ထမ်း ၂၅ ရာခိုင်နှုန်း၊ အခြေချအငြိမ်းစားဝန်ထမ်း ၂၅ ရာခိုင်နှုန်းကို သတ်မှတ်ရွေးချယ်ရေးအဖွဲ့မှ စနစ်တကျ မဲနှိုက်ရွေးချယ်ပေးလျက်ရှိကြောင်း သိရသည်။



နာဂဒေသတွင် ဝက်သက်ကာကွယ်ဆေးထိုးပေးနေစဉ်

**အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှု လျှော့ချရေးတို့တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လျက်ရှိသော လျှပ်စစ်မီး အပြည့်အဝအသုံးချနိုင်ရေးကို စီမံချက်ချမှတ်၍ ဆောင်ရွက်နေပြီး ၃၃/၁၁ ကေဗွီ၊ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်း ခြောက်ခု၊ ဓာတ်အားခွဲရုံ အင်အားတိုးချဲ့ခြင်းလုပ်ငန်း ကိုးခု၊ ကျေးရွာလျှပ်စစ်မီးလင်းရေး ၂၃၉ ရွာ ရရှိခဲ့**

**လျှပ်စစ်ဓာတ်အားတိုးမြှင့်ပေးဝေ**

အစိုးရသစ်၏ တစ်နှစ်တာကာလအတွင်း တိုင်းဒေသကြီးအတွင်းရှိ ပြည်သူများ၏ လူနေမှုဘဝမြှင့်တင်ရေး၊ ဆင်းရဲမှုလျှော့ချရေးတို့တွင် အစိတ်အပိုင်းတစ်ခုအဖြစ် ပါဝင်လျက်ရှိသော လျှပ်စစ်မီးအပြည့်အဝအသုံးချနိုင်ရေးကို စီမံချက်ချမှတ်၍ ဆောင်ရွက်နေပြီး ၃၃/၁၁ကေဗွီ၊ ၆၆/၁၁ ကေဗွီ ဓာတ်အားခွဲရုံ တည်ဆောက်ခြင်းလုပ်ငန်းခြောက်ခု၊ ဓာတ်အားခွဲရုံ အင်အားတိုးချဲ့ခြင်းလုပ်ငန်းကိုးခု၊ ကျေးရွာလျှပ်စစ်မီးလင်းရေး ၂၃၉ ရွာရရှိခဲ့ကြောင်းတိုင်းဒေသကြီးအစိုးရအဖွဲ့မှ သိရှိရသည်။

စစ်ကိုင်းတိုင်းဒေသကြီး ခန္တီးမြို့အနောက်မြောက်ဘက် ၂၂ မိုင်တွင် ဟုန်းညိုချောင်းအား ရေအားလျှပ်စစ်ထုတ်လုပ်နိုင်ရေးအတွက် ရေအားလျှပ်စစ် အကောင်အထည်ဖော်ရေးဦးစီးဌာနမှ စူးစမ်းတိုင်းတာခဲ့ရာ လျှပ်စစ်ဓာတ်အား ၂ ဒသမ ၄ မဂ္ဂါဝပ် ထွက်ရှိမည်ဖြစ်သောကြောင့် ဟုန်းညိုချောင်း အသေးစားရေအားလျှပ်စစ်စီမံကိန်းကို တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဆောင်ရွက်ရန် ပြင်ဆင်လျက်ရှိသည်။

**ရေသန့်စင်စက်ရုံတည်ဆောက်**

၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပြည်သူများသောက်သုံးရေဖူလုံစွာရရှိစေရေးအတွက် ပေ ၂၀၀အောက် တွင်းတိမ် အဝီစိတွင်းများ၊ ပေ ၂၀၀ အထက်တွင်းနက် အဝီစိတွင်းများ၊ လက်တူးတွင်း(ရေတွင်း)များ တူးဖော်ပေးခဲ့ပြီး မိုးရေသိုလှောင်ရန်မြေသားရေကန်များနှင့် တောင်ကျရေများမှ စိမ့်စမ်းရေများ သွယ်တန်းပေးခြင်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ မုံရွာမြို့၌လည်း ချင်းတွင်းမြစ်ရေတင် ရေသန့်စင်စက်ရုံတည်ဆောက်၍ ရေပေးဝေနိုင်ရန်အတွက် လုပ်ငန်းဆောင်ရွက်လျက်ရှိသည်။

**လယ်ယာမြေတွေ စနစ်ကျအောင်စီစဉ်**

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့သည် တစ်နှစ်တာအတွင်း စနစ်တကျလယ်ယာမြေများ ဖော်ထုတ်ခြင်းကို

**အချပ်ပို(ဇ)သို့**



ချင်းတွင်းတံတား(ကလေးဝ) တည်ဆောက်ပြီးစီးမှုကို တွေ့ရစဉ်

**အချပ်ပို(ဆ)မှ**

လုပ်ဆောင်ခဲ့ပြီး စစ်ကိုင်းမြို့နယ်၊ ပုလဲမြို့နယ်နှင့် ကသာမြို့နယ်တို့တွင် ဧက ၁၀၀ ခန့်စီ၊ ကန့်ဘလူမြို့နယ်တွင် ဧက ၂၀၀တို့အတွက် တိုင်းဒေသကြီးအစိုးရအဖွဲ့မှ စုစုပေါင်း ရန်ပုံငွေကျပ်သန်း ၂၅၁သန်းကျော် ကုန်ကျခဲ့ကြောင်း သိရသည်။

သမဝါယမချေးငွေဖြင့် စစ်ကိုင်းမြို့နယ် ဆင်တပ်ကျေးရွာ၊ မြောင်မြို့နယ် တွင်းကြီးကျေးရွာတို့တွင်လည်း လယ်ယာမြေများ ဖော်ထုတ်ပေးလျက်ရှိသည်။ လယ်မဲ့ယာမဲ့ လယ်ယာမြေ ဖော်ထုတ်ရေးကဏ္ဍတွင် ရေဦးမြို့နယ်၊ ကသာမြို့နယ်နှင့် ဖောင်းပြင်မြို့နယ်တို့တွင် ဧက ၂၀၀ စီနှင့် ဟုမ္မလင်းမြို့နယ်တွင် ၃၇၅ ဧက တို့ကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရန်ပုံငွေမှ ကျပ်သန်း ၅၀၀ အကုန်အကျခံကာ ဖော်ထုတ်ပေးခဲ့သည်။

တိုင်းဒေသကြီးလယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရမှုများ ပြန်လည်စိစစ်ရေးကော်မတီမှလည်း ဗဟိုလယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှုကော်မတီမှ ပေးပို့တိုင်ကြားမှု၊ စုစုပေါင်းတိုင်ကြားမှုနှင့် တိုက်ရိုက်တိုင်ကြားမှုတို့မှ ၁၂၂၈ စောင်အနက် ၇၉၆ စောင်ကို ဖြေရှင်းပေးနိုင်ခဲ့ကြောင်း သိရသည်။

**အထိမ်းအမှတ်ပွဲများကြောင့် ဒေသခံများပျော်ရွှင်**

၂၀၁၇ ခုနှစ် (၆၉)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနားကို မုံရွာမြို့ ကန်သာယာကျောက်တိုင်ကွင်းတွင် လွတ်လပ်ရေးအလံတင်အခမ်းအနားများအပါအဝင် ပျော်ပွဲရွှင်ပွဲများကို ကျင်းပခဲ့သည်။ နှစ်(၇၀)မြောက် ပြည်ထောင်စုနေ့ အခမ်းအနားကိုလည်း မုံရွာမြို့ ပြည်သူ့အားကစားကွင်း၌ စစ်ကြောင်းကြီးလေးကြောင်းဖြင့် ချီတက်ပြီး အင်အားနှစ်သောင်းကျော်ဖြင့် စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့သည့် အပြင်ပြခန်းများ ဖွင့်လှစ်ခြင်း၊ ပြည်ထောင်စုနေ့အထိမ်းအမှတ်စာစီစာကုံးနှင့် ကဗျာများပန်းချီပြိုင်ပွဲများကို ကျင်းပပေးခဲ့သည်။

နာဂရိုးရာနှစ်သစ်ကူးပွဲတော်ကို ဇန်နဝါရီ ၁၅ ရက်က နာဂကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ လဟယ်မြို့တွင် ကျင်းပခဲ့ပြီး နိုင်ငံတော်သမ္မတ ဦးထင်ကျော်တက်ရောက်၍ နာဂဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် အလှူငွေနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့သည်။ (၆၉)နှစ်မြောက် ချင်းအမျိုးသားနေ့ အခမ်းအနားကိုလည်း ကလေးမြို့၌ ဖေဖော်ဝါရီ ၂၀ရက်က ကျင်းပခဲ့ရာ ပျော်ပွဲရွှင်ပွဲများ၊ အားကစားပြိုင်ပွဲများကို ဒေသခံများ ပျော်ရွှင်စွာ ဆင်နွှဲခဲ့ကြသည်။

**အားသွန်ဆောင်ရွက်**

"ပြောင်းလဲချိန်တန်ပြီလို့ ကြွေးကြော်ပြီး ပြည်သူတစ်ရပ်လုံးကဝန်းရံကာ တင်မြှောက်ပေးလိုက်တဲ့ အစိုးရတစ်ရပ်အနေနဲ့ နိုင်ငံတော်ကိုဘက်စုံတိုးတက်အောင် ပြုပြင်ပြောင်းလဲဖို့ Vision, Mission, Plan တွေ ရှိထားပါတယ်။ သို့သော်လည်း တကယ့် လက်တွေ့ပြုပြင်ပြောင်းလဲရာမှာ ပကတိတွေ့ကြုံရတဲ့အခြေအနေတွေအပေါ်မှာ အကောင်းဆုံးဖြစ်အောင် ဝေဖန်သုံးသပ်ပြီး အများစုဆန္ဒနဲ့ ကိုက်ညီအောင် ကြိုးပမ်းဆောင်ရွက်ရတာတွေ ပြုပြင်ပြောင်းလဲရတာတွေရှိပါတယ်"ဟု တိုင်းဒေသကြီး ဝန်ကြီးချုပ် ဒေါက်တာမြင့်နိုင်က ဆောင်ရွက်ခဲ့ရသည့် တစ်နှစ်တာအတွေ့အကြုံများအပေါ်မှတ်ချက်ပြုသည်။



ရွှေဘိုမြို့နယ် ပေါက်တုံကျေးရွာ တွင်းနက်ရေလျှံတွင်း တူးဖော်ပြီးစီးမှုကို တွေ့ရစဉ်




ကလေးမြို့ရှိ သူနာပြုနှင့် သားဖွားသင်တန်းကျောင်းကို တွေ့ရစဉ်

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့အနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်ခြင်း၊ တင်ဒါပိုလျှံငွေများဖြင့် လုပ်ငန်းများဆောင်ရွက်ခြင်းများတွင် နိုင်ငံတော်၏ ပြုပြင်ပြောင်းလဲလာသည့် နိုင်ငံရေးစနစ်နှင့်အညီ ပွင့်လင်းမြင်သာစွာ ဆောင်ရွက်လျက်ရှိပြီး ပြည်သူလူထု၏ တိုင်ကြားစာများနှင့် တိုင်းဒေသကြီး လယ်ယာမြေနှင့် အခြားမြေများ သိမ်းဆည်းခံရခြင်းများ ပြန်လည်စိစစ်ရာတွင် သီးခြားရုံးအဖွဲ့များ ဖွဲ့စည်း၍ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ မြန်မြန်ဆန်ဆန်နှင့် မှန်မှန်ကန်ကန် စနစ်တကျ ဖြေရှင်းဆောင်ရွက်လျက်ရှိပြီး ပြုပြင်ပြောင်းလဲမှုများ ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိနေပါကြောင်း။